


www.burmeseclassic.com
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- ★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်မှုခိုင်မာရေး
- ★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပြဋ္ဌာန်းနိုင်ရေး
- ★ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- ★ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- ★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ★ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- ★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC

ဆုအဥ္ဇလီ၏

# ရာဇ

www.burmeseclassic.com

အဖုံးဒီဇိုင်း - L လင်း
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြဲ-၀၃၈၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း။
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ - ဒေါ်ရွှေ (မြဲ - ၀၂၀၇၉)
သုခပုံနှိပ်တိုက်
အမှတ်(၁၄၀)၊ ၄၅-လမ်း(အထက်)၊
ဗိုလ်တထောင်။
အတွင်းဖလင် - ဦးထွန်းဆိုင်
စာအုပ်ချုပ် - ကိုသန်းငွေ
ပုံနှိပ်ခြင်း - ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀ ကျပ်

ဆုအာဥ္ဇလီ
ရာဇ / ဆုအာဥ္ဇလီ ။ -. ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၄
၂၅၆ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) ရာဇ

## အခန်း (၁)

"မိုးမမကတော့ အမည်နဲ့လိုက်တယ်ကွ၊ မာနက မိုးထိနေတာပဲ"

"မင်းမိုးမမက မာန မိုးထိတယ် ဟုတ်လား၊ သွားစမ်းပါ၊ သူ့မာနက ဘယ်လောက်များ မိုးထိနိုင်မှာလဲ၊ ငါ တွေ့ဖူးတဲ့ မိန်းမလောက်တော့ မိုးထိနိုင်မယ် မထင်ပါဘူး"

ယောကျ်ားလေးတွေ စုမိတော့ ပြောဖြစ်တာက မိန်းကလေးတွေအကြောင်း။ မိန်းမတွေလို စုပြီး အတင်းပြောတာလို့ အမည်မတပ်။ ဆွေးနွေးတိုင်ပင်သည်ဆိုသည့် စကားအလှနှင့် ဘီယာဝိုင်းမှာ အတူထိုင်ရင်း မိန်းကလေးတွေအကြောင်း ရောက်သွား၏။

မိန်းမမာနအကြောင်း အခြေအတင် ပြောကြသူက လကျ်ာနှင့်ဆန္ဒ။ ရာဇက သူတို့ပြောသမျှ ငြိမ်သက်စွာ နားထောင်ရင်း ဘီယာကို မျှင်းသောက်နေ၏။

လကျ်ာက မိုးမမကို အသည်းအသန်လိုက်နေပေမယ့် မိုးမမက လကျ်ာကို တစ်ချက်ပင် လှည့်မကြည့်။ ဘယ်လိုချွေချွေ၊ ကြွေကျမှာ

www.burmeseclassic.com



ခြင်းမရှိ။ ဒါကိုပဲ လက်ျာက ခံစားချက်အပြည့်နှင့် ရင်ဖွင့်ပွဲလုပ်ရာက မိုးမမအကြောင်း ရောက်သွားခြင်းဖြစ်သည်။

ဒီပွဲမှာ ရာဇက သူနဲ့မဆိုင်သလို လက်ျာကို ဘေးကနေ ပွဲကြည့် ပရိသတ်လုပ်နေပေမယ့် ဆန္ဒကမရ။ အစကတည်းက မဟုတ်မခံစိတ် ဆိုတော့ လက်ျာက မိုးမမကို စကားကြီးစကားကျယ်တွေ ပြောပြီး ဘုထော်ငြူအစွမ်းတင်နေတာကို ကြားထဲက နှ:ခါးနေသူ။

မိုးမမ မာနကြီးတယ်ဆိုတာ မှန်ပေမယ့် လက်ျာကို မေတ္တာမရှိ တာလည်း ဖါသည်။ ကိုယ်က မချစ်နိုင်၊ မကြိုက်နိုင်သည့် လူကို ပြတ်သားတာ ဘာမှမဆန်း။

ဆန်းတာက ယောကျ်ားသဘာ၀။

လိုချင်တာ မရတော့ မိန်းမကို မကောင်းကြောင်း ပြောကြ သည်။ မာနကြီးကြောင်း စကြသည်။

"မင်းတွေ့ဖူးတဲ့ မိန်းမက ဘယ်သူလဲ၊ မိုးမမထက် မာနကြီး ရအောင် သူက ဘာမို့လဲ"

"ဘုရင်မ မို့လို့ပေါ့ကွ"

"ဘာ"

"သူ့နာမည်က ဘုရင်မ"

လက်ျာ ပါးစပ်ပိတ်သွားသလို ရာဇ တစ်ခါမှ မကြားဖူးသည့် နာမည်ဖြစ်နေ၍ သူ့အကြည့်တွေက ဆန္ဒထံ ဖျတ်ခနဲ ရောက်သွား သည်။

"သူက ဘာလဲ"

လက်ျာက မေးခြင်းဖြစ်သည်။





ဆန္ဒက ခပ်မှဲမှဲပြုံးရင်း လက်ျာကို ကြည့်သည့် မျက်နှာက မခိုးမခန့်။

"လောကကြီးတစ်ခုလုံး သူ့ကိုယ်သူကလွဲပြီး ဘယ်ယောကျ်ား ကိုမှ အထင်မကြီးတဲ့ မိန်းမ၊ ခံစားတတ်တဲ့ နှလုံးသားမပါတဲ့ မိန်းမ၊ အချစ် အကြောင်း လုံး၀ စိတ်မ၀င်စားတဲ့ မိန်းမ"

"ဘုရင်မဆိုတဲ့ မိန်းမကို အရူးအမူး ချစ်နေကြတဲ့ ယောကျ်ား တွေရဲ့ မျက်ရည်ကိုမှ သူက ခြေဆေးနေတာ"

"မင်းဟာ မွန်းလှချည်လား"

"မွန်းတာ မဟုတ်ဘူးကွ၊ တကယ်ပြောနေတာ၊ အဲဒီမိန်းမမှာ ချစ်တတ်တဲ့ နှလုံးသား မရှိဘူး၊ အဲဒါ… ယုံ"

"ငါတော့ မယုံဘူး"

"မင်းက ဘာကို မယုံတာလဲ လက်ျာ"

"အဲဒီမိန်းမမှာ အချစ်မရှိဘူးဆိုတာ"

"အေး… မင်းပြောသလို လူတိုင်းမှာ အချစ်ရှိရင် ရှိနိုင်မယ်၊ ဘုရင်မဆိုတဲ့ မိန်းမသီမှာတော့ အချစ်မရှိတာ လုံး၀သေချာတယ်"

ဆန္ဒက လက်ျာကို နည်းနည်းမှ အလျှော့မပေး။ လက်ျာနှင့် အပြိုင်အဆိုင် ငြင်းသည်။

"အဲဒီမိန်းမ အချစ်ကို မတွေ့သေးလို့ နေမှာပေါ့ကွ"

လက်ျာမျက်နှာ တင်းသွားကာ ဆန္ဒကို စူးစိုက်ကြည့်သည်။ ဆန္ဒကလည်း လက်ျာအကြည့်ကို ဂရုမစိုက်။

"အချစ်ကို မတွေ့သေးတာ မဟုတ်ဘူးကွ၊ ချစ်ကို မချစ်တတ် တာ၊ အဲဒါ ငါ့ကိုယ်တွေ့"



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ ဆန္ဒက အတိအကျ။ လက်ျာ ဘာမှမပြောနိုင်ဘဲ ဆန္ဒမျက်နှာကို ကြည့်သည်။

"ဘာလဲ… မင်းလည်း ဘုရင်မကို ချစ်ဖူးတာပဲလား"

"နိုး"

"မင်းပြောတော့ ကိုယ်တွေ့ဆို"

"Right ငါ ဘုရင်မကို ကြိုက်… လိုက်တယ်၊ မင်းပြောသလို ချစ်လို့မဟုတ်၊ အချစ်မရှိပါဘူးဆိုတဲ့ အပြောနဲ့ ယောကျ်ားတွေရဲ့ မာနကို ရိုက်ချိုးတဲ့နေရာမှာ နာမည်ကြီးလို့ စိတ်ဝင်စားလို့"

"ဇာတ်သိမ်းမှာ မင်း ဘာဖြစ်သွားလဲ"

"ကြားတဲ့စကား မှန်ပါသည်ပေါ့၊ ငါ တကယ်ပြောတာ လက်ျာ၊ ဘုရင်မဆိုတဲ့မိန်းမမှာ အချစ်မရှိဘူးကွ၊ တကယ် သွေးအေးတာ"

ဆန္ဒအပြောက မလျော့။

ဘုရင်မဆိုသည့် မိန်းမ ဘယ်လိုရှိမှန်းမသိ။ ဆန္ဒမျက်လုံးတွေ၊ စကားသံတွေထဲ ဘုရင်မဆိုသည့် မိန်းမအပေါ် အထင်ကြီးခြင်းတွေ ပြည့်သိပ်နေတာကိုက ရာဇနားထဲမှာရော၊ မျက်လုံးထဲမှာပါ ကန့်လန့်ကြီး ဖြစ်နေ၏။

ရာဇဆိုတာ ဘယ်မိန်းမကိုမှ အထင်ကြီးတတ်သူ မဟုတ်။ မိန်းမမှန်သမျှ သူ့အတွက် အပျင်းပြေ ဆော့ကစားစရာလောက်သာ သဘောထားသူ။ ဒါကို သိရက်နဲ့ ရာဇရှေ့မှာ မိန်းမတစ်ယောက်အကြောင်း အံ့သြချီးမွမ်းပြနေတာကိုက ရာဇရဲ့ ယောကျ်ားမာနကို လာဆွသလို ဖြစ်နေသည်။

"သိပ်လည်း အပြောကြီးမနေစမ်းပါနဲ့ ဆန္ဒရ၊ မင်းပြောတဲ့





ဘုရင်မဆိုတာ ငါတို့သူငယ်ချင်း ရာဇနဲ့တွေ့ရင် ပျာသွားမှာပါ"

"ဘယ့်နှယ်လဲ… ရာဇ၊ ငါပြောတာ ဟုတ်တယ်မဟုတ်လား"

တစ်ချိန်လုံး ငြိမ်နေသော ရာဇကို သူတို့စကားဝိုင်းထဲ ပါလာအောင် ဆွဲသွင်းသူက လက်ျာ။

"ငါပြောတာ မယုံရင် မင်းတို့ ကြိုက်သလိုလုပ်"

ဆန္ဒကလည်း အာမခံချက်ပြင်းသည်။

"ရာဇက နိုင်ခဲ့ရင်ရော"

လက်ျာကလည်း အလျှော့မပေး။

"မင်းတို့နိုင်းတာ ဘာဖြစ်ဖြစ် ငါလုပ်မယ်"

"အေး… မင်းတို့ ရှုံးခဲ့ရင်"

"ရာဇဘာဝမှာ အရှုံးမရှိဘဲ"

ဒီတစ်ခါ ဝင်ပြောသူက ရာဇကိုယ်တိုင်။

ဘုရင်မဆိုတာ ရာဇမသိ။

မြင်လည်း မမြင်ဖူး။

ဆန္ဒအပြောနဲ့တင် မခံချင်စိတ်ဖြင့် မထင်မှတ်ဘဲ အလောင်းအစားတစ်ခု ဖြစ်သွားရခြင်း ဖြစ်သည်။

"ရှုံးခဲ့ရင်… ဟောဒီမှာ"

ရာဇက သူ့လက်မှာ ပတ်ထားသည့် ရွှေအစစ်မှာ စိန်ပွင့်တွေ စီခြယ်ထားသည့် နာရီကို စားပွဲပေါ်ချလိုက်၏။

"ငါလည်း ဟောဒါပေးမယ်"

လက်ျာက သူ့စိန်လက်စွပ်ကို ချွတ်ပြီး ရာဇနာရီဘေးမှာ ချသည်။



www.burmeseclassic.com

www.burmeseclassic.com



“အိုခေ… စိန်လိုက်”

မရည်ရွယ်ဘဲ ပွဲလေးတစ်ပွဲ ဖြစ်သွားသည်။

ထိုပြဿနာကို စခဲ့သူက ဆန္ဒ၊ သူ့သူငယ်ချင်းသုံးယောက်စလုံး ကျောင်းပြီးကာစ လူငယ်လေးတွေ၊ ပိုက်ဆံချမ်းသာတာရော၊ ခပ်ဆိုးဆိုး၊ ခပ်ပေပေ နေကြသည့်နေရာမှာရော အတွဲညီကြသူတွေအဖြစ် ကျောင်းမှာ နာမည်ကြီး လူသိများခဲ့ကြသည်များ ဖြစ်သည်။

အထူးသဖြင့် ရာဇက သူတို့သုံးယောက်ထဲတွင် အချောဆုံး၊ ကင်းဘွဲ့ရထားသူ၊ ရုပ်ချောပေမယ့် ပုံစံက ထောင့်မကျိုး၊ ဂျစ်ကန်ကန်၊ မာကျောကျော ကျွတ်ဆတ်နေတာကိုပဲ စတိုင်လ်တစ်မျိုးအဖြစ် ကြံဖန် နာမည်ကြီး လူသိများ စိတ်ဝင်စားစရာ ဖြစ်ရသေးသည်။

နောက်တစ်ခု ရာဇသားမှာ မိန်းမလှလေးတွေ ဝိုင်းဝိုင်းလည်ကြရသည့် အကြောင်းက ရာဇပိုင်ဆိုင်သည့် ရာဇကျောထောက်နောက်ခံ အသိုင်းအဝိုင်း။

ရာဇနာမည်နှင့် ကုမ္ပဏီတွေအများကြီး၊ မြန်မာနိုင်ငံမှာသာမက နိုင်ငံရပ်ခြားမှာ ပါရှိသည့် ရာဇအဖေက ဘဏ်သူဌေး။ ရာဇမှာ အမေ မရှိ။ သူဌေးကြီး ဦးနေဇ၏ တစ်ဦးတည်းသောသား။

ရာဇဘဝမှာ မဖြစ်နိုင်တာ ဘာမှမရှိ။

လိုတရ ပြည့်စုံပါရစေဆိုသည့်ဆုက ရာဇအတွက် ဖန်တီးထားသလိုလို။ ရာဇဘဝမှာ လိုချင်တာ၊ ဖြစ်ချင်တာ အားလုံးရခဲ့သည်။

ကျောင်းပြီးသွားပေမယ့် ရာဇမှာ ဘာတာဝန်မှ မရှိ။ လွတ်လပ်ပေါ့ပါးစွာ ပျော်သလိုနေသည့် ဖခင်ကြီးမှာ လုပ်ငန်းပေါင်းများစွာ ရှိသည့် ဘာကိုမှ စိတ်မဝင်စား။





လူငယ်ဘဝ အချိန်တွေကို တစ်သက်လုံး လုပ်ငန်းရမည့် လုပ်ငန်းစုတွေထဲ မမြှုပ်နှံလိုသေးတာလည်း ပါသည်။ ရာဇကို ဒယ်ဒီကိုယ်တိုင် အခုချိန်ထိ လူကြီးတစ်ယောက်လို မမြင်။ ကလေးတစ်ယောက်လို အလိုလိုက်ကောင်းတုန်း။

ဒယ့်ဒီအစ်ကို ဦးကြီးဒေဝဆိုလျှင် ရာဇကို တုန်နေအောင် ချစ်သူ။ သူကိုယ်တိုင် လူပျိုကြီးဆိုတော့ ပိုဆိုးသည်။ ရာဇကို ပိုအလိုလိုက်သည်။ အမိမဲ့သားလေးဆိုပြီး ဘယ်သူကမှ ရာဇကို စကားသံမာမာနှင့်ပင် မပြော။

လုပ်ငန်းပိုင်းမှာလည်း ဦးကြီးဒေဝက မြန်မာနိုင်ငံမှာနေပြီး ကုမ္ပဏီလုပ်ငန်းတွေကို ဒယ်ဒီ စီစဉ်ညွှန်ကြားသည့်အတိုင်း လုပ်ကိုင်ဆောင်ရွက်သည်။ ဒယ်ဒီကတော့ နိုင်ငံခြားမှာ အနေများပြီး ဟိုနဲ့ဒီကို အိမ်ဦးနဲ့ကြမ်းပြင် ကူးနေသူ။

အမေဆိုတာ ရာဇဘဝမှာ ဘာမှန်းမသိပေမယ့် ဦးကြီးနဲ့အဖေက ဖူးဖူးမှုတ် အလိုလိုက်ထားတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်။ ပျော်သလိုနေသည်။ မိန်းမလှလေးတွေ ထည်လဲတွဲပြီး ငွေကို ရေလိုသုံးသည်။ ဖြုန်းသည်။

ရာဇကို ဘယ်လိုလူမှ လာကျောလို့မရ။

ပြဿနာလာရှာလို့ကတော့ ရာဇ လက်တုံ့ပြန်မှုက ပြင်းထန်သည်။ လက်ယဉ်သည်။ လူငယ်သဘာဝ ရန်ပွဲလေးတွေ ရှိတာကလွဲလို့ ရာဇမှာ တခြား ဘာပြဿနာမှမရှိ။

မကောင်းမှု ဒုစရိုက် ဘာတစ်ခုမလုပ်။ ရာဇဆိုးတာက သူငယ်တစ်ယောက်ရဲ့ လွတ်လပ်မှု စည်းဆောင်ထဲမှာဆိုတော့ ဦးကြီးဒေဝရော



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီကပါ ဘာမှမပြော။ ခပ်ပြုံးပြုံး ခွင့်လွှတ်အလိုလိုက်ကြသူချည်း။

ဒီနေ့တော့ သူငယ်ချင်းသုံးယောက် အတူဆုံဖြစ်ရာက ဘီယာဝိုင်းမှာ ဘုရင်မဆိုသည့် မိန်းကလေးတစ်ယောက်အကြောင်း စကားစပ်မိရာက မျှော်လင့်ဘဲ လောင်းကစားလေး လုပ်ဖြစ်သွားခြင်း ဖြစ်သည်။

တကယ့်လက်တွေမှာ ရာဇကိုယ်တိုင် မိန်းမလှလေးတွေနှင့် တစ်နေ့တစ်မျိုး မရိုးအောင်တွဲနေသူ။ သူ့နားမှာ ပုံသဏ္ဍာန်အမျိုးမျိုးနှင့် မိန်းမလှလေးတွေ အများကြီးရှိနေတဲ့ကြားက ဘုရင်မဆိုသည့် မိန်းကလေးကို သူက စလိုက်ဖို့ ဖြစ်လာရခြင်းဖြစ်သည်။

ဆန္ဒကတော့ ဘုရင်မဆိုသည့် မိန်းကလေးကို သိပ်အထင်ကြီးပြနေသည်။ တကယ်လက်တွေ့မှာ ရာဇနားမှာ ရှိနေတဲ့ မိန်းမတွေအားလုံး ဘာတစ်ခုမှ အထင်ကြီးစရာ မရှိ။

ရာဇဆိုတာနဲ့ အကြောင်းအမျိုးမျိုးရှာပြီး ရင်းနှီးပတ်သက်ဖို့ ကြိုးစားကြရာက ရာဇနှင့် ငြိလာကြခြင်း ဖြစ်သည်။ အားလုံး ရာဇလက်ခုပ်ထဲက ရေတွေချည်း။

ဘယ်သူကမှ ရာဇမျက်နှာ မညိုးမခံ။ ရာဇက ရှင်ဆိုရှင်၊ သေဆိုသေမည့်သူတွေ အများကြီး။ ရာဇကိုယ်တိုင်ကလည်း ဘယ်သူ့အတွက်နဲ့မှ စိတ်ရှုပ်မခံ။ သူ့အပေါ် နည်းနည်းကျွံလာတာနဲ့ ထိုတစ်ယောက်ကို ချက်ချင်း အဆက်အသွယ် ဖြတ်ပစ်သည်။

နောက်ထပ် ဘယ်လိုပုံစံနဲ့မှ အပတ်သက်မခံတော့။

ရာဇကိုယ်တိုင် ဟင်ဆို လှည့်မကြည့်တတ်သူမျိုး။ ပူတာဆူတာ လုံးဝ မကြိုက်။ လက်မခံ။ ရာဇ ပြောသလိုနေ၊ ရာဇ ထားသလိုသွား။ ရာဇချမှတ်ထားသည့် စည်းဘောင်ထက် ကျော်လာလို့ကတော့ ဆောရီး





ဆိုတာ ရာဇ နောက်ဆုံးစကား။

မိန်းကလေးတွေ ထည်လဲတွဲပေမယ့် ရာဇက စည်းရှိသူ။ ဘယ်တော့မှ တစ်ဖက်သားကို သူ့ကြောင့် မနစ်နာစေရ။ ဒီအတွက် သူ့ကိုယ်သူ ရာဇ လိပ်ပြာသန့်သည်။

တစ်နေ့တစ်နေ့ မိန်းမလှလေးတွေနဲ့ တွဲရသွားရလာရတာ ငြီးငွေ့လာလျှင်တော့ ရာဇက ဘယ်သူ့ကိုမှ အတွေ့မခံ။ ဖုန်းကို ပိတ်ထားပြီး သူ့ဘာသာတစ်ယောက်တည်း သီးသန့်ငြိမ်နေတတ်ပြန်သည်။ ဒယ့်ဒီရှိသည့်နေရာ လိုက်သွားသည်။

မရောက်ဖူးသည့် နိုင်ငံအနှံ့ သွားလာလည်ပတ်သည်။ ရာဇမရောက်ဖူးသည့် နိုင်ငံ သိပ်မရှိ။ ဒယ်ဒီနှင့် အနောက်ဥရောပခရီးစဉ် အစုံရောက်သည်။ လည်ပတ်လို့ဝမှ အိမ်ပြန်ဖို့ သတိရသူ။

အခုလည်း ရာဇကိုယ်တိုင် မြန်မာနိုင်ငံကို ပြန်ရောက်တာ ရက်ပိုင်းပဲ ရှိသေးသည်။ ချစ်သူရည်းစားတွေအားလုံး အဆက်ဖြတ်ထားသဖြင့် ရာဇတစ်ယောက်တည်း လွတ်လပ်နေသည့်အချိန်။

ပြီးတော့ ရာဇ ပတ်ဝန်းကျင်၊ ရာဇ အသိုင်းအဝိုင်းထဲက အပြောင်းအလဲတွေနှင့် ကင်းကွာနေသူအဖြစ် ဘုရင်မဆိုသည့် အမည်ကို အခုမှ စကြားဖူးခြင်းဖြစ်သည်။

"ဟိတ်ကောင်… ရာဇ၊ မိန်းမတစ်ယောက်မှာ အချစ်မရှိဘူးဆိုတာ ဖြစ်နိုင်လား"

"ဘာလို့ မဖြစ်နိုင်ရမှာလဲကွ၊ ဘုရင်မကို မင်းတို့တွေ့ရင် ငါပြောတာ မှန်လှချည်လား ဖြစ်သွားမယ်"

လက်ျာအမေးကို ရာဇကိုယ်စား ဆန္ဒက ဝင်ပြောခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးကိုယ်ထဲမှာ ဘီယာတော်တော်များများ ရောက်နေပြီးဆိုတော့ ထုံးစံအတိုင်း လက်ျာနှင့် ဆန္ဒက ငြင်းကြခုန်ကြတာ အလုပ်တစ်လုပ်။

"မင်းကို မေးတာမဟုတ်ဘူး ဆန္ဒ၊ ငါမေးတာ ရာဇကို၊ မင်း ဝင်မပါနဲ့"

"ဘယ်လိုလဲ ရာဇ၊ ဒီလောကကြီးမှာ အချစ်မရှိတဲ့လူ ရှိတယ် ရှိတယ်ဆိုတာ မင်း ယုံလား"

"နိုး"

"လုံးဝမယုံဘူး၊ လုံးဝ လက်မခံဘူး"

"ရှိုး"

လက်ျာက ရာဇအဖြေကို သဘောကျစွာ ခေါင်းကို မော့ပြီး ရှိုးခနဲ တစ်ချက် လေချွန်လိုက်၏။ ပြီးမှ…

"ငါကလည်း ရာဇသဘောနဲ့ တစ်ထပ်တည်းပဲ ဆန္ဒ၊ လူဆိုရင် သွေးနဲ့သားနဲ့ တည်ဆောက်ထားတဲ့ သတ္တဝါတွေ၊ လူတိုင်းမှာ ချစ်တယ်၊ မုန်းတတ်၊ ခံစားတတ်တဲ့နှလုံးသား ရှိကိုရှိရမယ်"

"အချစ်မဟုတ်ပါဘူးလို့ ပြောနေတဲ့လူတွေဟာ မချစ်တတ်လို့ မဟုတ်ဘူးကွ၊ သူတို့စိတ်ကြိုက် မတွေ့သေးလို့၊ ဒါမှမဟုတ် သူတို့ ရင်ထဲက အချစ်တွေကို လူသိမခံနိုင်လို့ အချစ်မရှိသလိုလို ဟန်လုပ် နေကြတာ"

"လူဆိုရင် ချစ်တတ်တယ်၊ မုန်းတတ်တယ်… ဒါပဲ၊ ဟုတ် တယ် မဟုတ်လား ရာဇ"

"ဒါပဲပေါ့"

လက်ျာအမေးကို ရာဇ ထောက်ခံလိုက်တော့ ဆန္ဒမျက်နှာကို





လက်ျာက 'မင်း ဘာပြောဦးမလဲ'ဆိုသည့် အကြည့်ဖြင့် ခပ်စောင်း စောင်း ကြည့်သည်။

"ငါ မင်းငြ နဲ့ ဖြိုင်မငြင်းတော့ဘူး လက်ျာ၊ ဘုရင်မဆိုတာ ဘယ်လို မိန်းကလေးလဲဆိုတာ မင်းတို့ အရင်သွားကြည့်လိုက်ဦး၊ ပြီးမှ မင်းတို့ လက်ခံတာ လက်မခံတာ၊ ဖြစ်နိုင်တာ မဖြစ်နိုင်တာ ဆက်ပြော"

"အခု သွားကြည့်မယ်ကွာ၊ ဘယ်မှာလဲ… မင်း ဘုရင်မ လိပ်စာပြော"

"ပြောမှာပါ၊ ဘုရင်မ လိပ်စာရော၊ ဖုန်းရော အားလုံးသေချာမှတ် သွား"

လက်ျာက ဆန္ဒပြောသမျှ သူ့ဖုန်းထဲ ထည့်သိမ်းနေပေမယ့် ရာဇက သူတို့ စကားဝိုင်းထဲ ဘာတစ်ခုမှ ဝင်မပြော။

ဘုရင်မဆိုသည့် မိန်းကလေးအကြောင်း သူ့ခေါင်းထဲရောက် နေ၏။ ရာဇဘဝမှာ ဘယ်မိန်းကလေးအကြောင်းကိုမှ ခေါင်းအလေးခံ ပြီး တွေးနေတတ်သူမျိုးမဟုတ်။

ပိုဆိုးတာက ရာဇနဲ့ ဘာမှမဆိုင်တဲ့ မိန်းမတစ်ယောက်အကြောင်း။ သူသိသမျှ ရာဇ ဝန်းကျင်အသိုင်းအဝိုင်းမှာ မိန်းကလေးတိုင်း ချစ်တတ် ကြသည်။ ခံစားတတ်ကြသည်။ လူပီသအောင် လူသားတစ်ယောက် ခံစားရမည့် ခံစားချက်အားလုံး အတူတူရှိနေကြတာခြင်း တူပါလျက် ဘုရင်မဆိုသည့် မိန်းကလေးကြမှ…။

အချစ်ကို ခံစားတတ်သည့် နှလုံးသားမရှိပါဘူးဆိုတာ ရာဇနား ထဲမှာ ဆန်းနေသည်။ ထူးခြားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မဆိုတာ ဘယ်လို မိန်းကလေးလဲ။

ပထမဆုံး ဘုရင်မဆိုသည့် မိန်းကလေးအကြောင်း ရာဇ အသိတရားထဲ အချိန်ပေး၍ ထည့်စဉ်းစားမိခြင်း ဖြစ်သည်။

"နေစမ်းပါဦး၊ မင်းပြောတဲ့ ဘုရင်မက ဘာလုပ်တာလဲ"

"ဒီနေရာမှာတော့ မင်း ညံ့သွားပြီ ရာဇ၊ ဘုရင်မဆိုတာ တခြားသူ မဟုတ်ဘူးကွ၊ မင်းတို့ ကုမ္ပဏီနဲ့အပြိုင် နာမည်ကြီးနေတဲ့ ကွင်းကုမ္ပဏီပိုင်ရှင်ပဲ"

"ကုမ္ပဏီပိုင်ရှင်"

ရာဇမျက်ခုံးတို့ တွန့်သွားသည်။

"ကုမ္ပဏီပိုင်ရှင်ဆိုလို့ ဘုရင်မကို အဘွားကြီး ထင်နေရင် မင်းမှားသွားမယ်နော် ရာဇ၊ ဘုရင်မက တို့နဲ့ရွယ်တူပဲ"

ဆန္ဒက ရာဇအတွေးကို လှမ်းမြင်သလို ပြောလာတော့ ရာဇ သက်ပြင်းရှိုက်လိုက်သည်။ ဘုရင်မ ကုမ္ပဏီက ရာဇတို့နဲ့အပြိုင် နာမည်ကြီးသည့် ကုမ္ပဏီ။ ဒါပေမဲ့ ပိုင်ရှင်က ဒယ်ဒီလို ယောကျ်ားသားကြီးကြီးမားမား မဟုတ်။

ရာဇတို့နဲ့ သက်တူရွယ်တူ မိန်းကလေးဆိုတော့ နည်းနည်းတော့ မခံချင်စိတ် ဖြစ်သွားသည်။ တကယ်ဆို ရာဇကိုယ်တိုင်လည်း ကုမ္ပဏီပိုင်ရှင်တစ်ယောက် ဖြစ်နေနိုင်သားပဲ။ ခက်တာက ရာဇကိုယ်တိုင် အလုပ်လုပ်ဖို့ စိတ်မဝင်စားသေး။ အခုတော့ သူနဲ့ သက်တူရွယ်တူ မိန်းကလေးတစ်ယောက်က ကုမ္ပဏီကြီးတစ်ခုလုံးကို အုပ်ချုပ်နေသည်ဆိုတော့ စိတ်ထဲ သိပ်မကြည်လင်။

"မင်းဘုရင်မက လှရောလှရဲ့လား ဆန္ဒ"





"တွေ့ကြည့်လေ၊ သူလှသလား၊ မလှဘူးလားဆိုတာ မင်းတို့ကိုယ်တိုင် သိသွားမှာ"

လက်ျာအမေးကို ဆန္ဒက မဖြေ။

"အရုပ်ဆိုးဆိုး မိန်းကလေးဆိုတော့ ရာဇနဲ့ မဖြစ်ဘူးနော် ဆန္ဒ"

"တွေ့ကြည့်လေ၊ သူ လှသလား၊ မလှဘူးလားဆိုတာ မင်းတို့ကိုယ်တိုင် သိသွားမှာ"

"ကိုယ်တိုင် သွားကြည့်လို့ ပြောပြီးပြီ"

ဆန္ဒကလည်း လေသံကိုမလျှော့။

လက်ျာက ဆန္ဒအဖြေကို သဘောမကျသလို မျက်မှောင်ကျုံ့လျက် ဆန္ဒကို မကြည့်သလို ကြည့်သည်။

"ဘာဖြစ်ဖြစ်ပါ၊ မင်းဘုရင်မကြီးကို ငါ့သူငယ်ချင်း ရာဇနဲ့ တွေ့ရင် ပြားပြားဝပ်သွားစေရမယ်"

"စောင့်ကြည့်ကြသေးတာပေါ့"

"မင်းဟာ အပိုင်ကြီးပါလား"

လက်ျာက မခံချင်။ အပိုင်သေချာပြောနေသည့် ဆန္ဒမျက်နှာက ကျိန်းသေပေါက် သူနိုင်မည့် မျက်နှာမျိုးနှင့်။

"တစ်ခုတော့ ငါ ပြောလိုက်မယ်"

"ဘာလဲ"

"ဘုရင်မဆိုတဲ့ မိန်းမကို ဘယ်တော့မှ မချစ်မိစေနဲ့"

ရာဇအကြည့်က ဖျတ်ခနဲ ဆန္ဒထံ ရောက်သွားသည်။ အခုချိန်ထိ ရာဇဘဝမှာ ဘယ်လိုမိန်းကလေးကိုမှ မချစ်ဖူး။ ဒါကို သိရက်နဲ့ ဆန္ဒက ထူးထူးခြားခြား ဘုရင်မဆိုသည့် မိန်းကလေးကို မချစ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



မှာနေခြင်းက ရာဇအတွက် ရယ်စရာဖြစ်နေ၏။

ထိုအတွေးမျိုး လက်ျာကိုယ်တိုင်လည်း တွေးမိပုံနှင့် ဆန္ဒစကား အဆုံးမှာ ထရယ်သည်။

"မင်းစကားက ပြောင်းပြန်ဖြစ်နေပြီ ဆန္ဒ၊ ရာဇအကြောင်း မင်းလည်း သိသားနဲ့၊ ဒီကောင်ကမှ သံမဏိနှလုံးသားနဲ့ လူကွ"

"ရာဇအချစ်ကို မရလို့ သေရပါတော့မယ်ဆိုတာတောင် ဘာ ခံစားချက်မှ မရှိသလို လှည့်မကြည့်ဘဲနေနိုင်တာ ရာဇတစ်ယောက်ပဲ ရှိတယ်"

"စိတ်ချ၊ မင်းဘုရင်မကို ရာဇက ချစ်ဖို့ နေနေသာသာ စိတ် တောင်ဝင်စားမှာ မဟုတ်ဘူး"

"တစ်ခုပဲ မင်း ဆုတောင်းထား ဆန္ဒ၊ အဲဒါက မင်းသိပ်အထင် ကြီးနေတဲ့ ဘုရင်မကိုယ်တိုင်က ရာဇကို အသည်းအသန် ချစ်မလာ ပါစေနဲ့ဆိုတာ"

လက်ျာက ဆန္ဒကို ရာဇဘက်က ယုံကြည်စိတ်ချစွာ ပြောရင်း တည်ကြည်ခန့်ညားသော ဥပမိရုပ်နှင့် ယောက်ျားပီသစွာ ချောမော လွန်းသည့် ရာဇကို အထင်ကြီးစွာ လှမ်းကြည့်သည်။

ပြီးမှ လက်ျာစကားကို တစ်ခွန်းချင်း ပြောသည်။

"အချစ်မရှိပါဘူးဆိုတဲ့လူက တခြားသူ မဟုတ်ဘူးကွ၊ အဲဒါ… ရာဇကိုယ်တိုင်"

■



## အခန်း (၂)

ဟန်းဖုန်းက တီးလုံးသံကြားနေရပေမယ့် တော်တော်နှင့် မဖွင့်။ Display ပေါ်က နံပါတ်ကို ကြည့်လိုက်တော့ ရာဇသိတဲ့ နံပါတ် မဟုတ်။ ဒီအတိုင်း ပေပြီး ပစ်ထားပေမယ့် တစ်ဖက်က ဇွဲမလျှော့။

ဆက်ကာဆက်ကာ ဆင့်ခေါ်နေပုံက ရာဇ ဖုန်းမကိုင်မချင်း ဇွဲမလျှော့ဟု ဆိုနေသလိုလို။

"ဟဲလို"

"ရာဇ… မီကိုပါ"

စိတ်မပါစွာ လေးလေးကန်ကန် ဖုန်းထူးလိုက်ချိန်မှာ တစ်ဖက်က ကြားရသည့် ချိုချိုအီအီ ခပ်ချွဲချွဲ အသံပိုင်ရှင်ကို ကြားလိုက်ရသည်နှင့် ဆက်ထဲကဖုန်းကို ချက်ချင်းပိတ်ပစ်လိုက်၏။

မီကိုဆိုသည့် ကလေးမကို ရာဇအာရုံထဲက ထုတ်ပစ်ထားသည် မှာ ကြာပြီ။ မီကိုဘက်က ရာဇကို ဘယ်လိုတောင်းပန် အောက်ကျို့ ပေမယ့် ရာဇက လှည့်မကြည့်။ ရာဇကို သူ့ပိုင်ပစ္စည်းတစ်ခုလို ဟိုဟာ လုပ်နဲ့၊ ဒီဟာမလုပ်နဲ့ဆိုတာမျိုး လာလုပ်ကတည်းက ရာဇဘက်က ဒိုးခနဲ ဖြတ်ချပစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုနည်းကိုပဲသုံးသုံး ပြန်လက်မခံတော့။ ဒါကို သိလို့ မီကိုကလည်း ရာဇကို တခြားဖုန်းနံပါတ်အသစ်နှင့် ပတ်သက်ဖို့ ကြိုးစားခြင်း ဖြစ်သည်။ ရာဇ အာရုံထဲ ဘာမှမရှိ။

လောလောဆယ် ရာဇ စိတ်ဝင်စားနေတာက ဘုရင်မ။ နာမည်က လှသလို ဘဝက လှသည်။ ရုပ်လှမလှတော့ မသိရသေး။ ဆန္ဒက ဘုရင်မအလှကို ထုတ်ဖော်မပြောဘဲ လျှို့ဝှက်ထားပုံကိုက တစ်မျိုး စိတ်ဝင်စားစရာ ဖြစ်နေ၏။

ဒါပေမဲ့ ဘုရင်မ၏ လှခြင်း မလှခြင်းအပေါ်မှာ ရာဇ သိပ်တော့ စိတ်မဝင်စား။ လက်တွေ့ဘဝကို စိတ်ကူးယဉ်ထက် ဆန်းကြယ်မှုတွေ အများကြီးနှင့် ဖွဲ့စည်းတည်ဆောက်ထားပုံက ရာဇ ကိုယ်တွေ့။

ချမ်းသာပြည့်စုံသူတိုင်း ရုပ်ရည်ချောမော လှပကြသူတွေချည်း မဟုတ်၊ တချို့ ကျိုကျိုတက် ချမ်းသာပေမယ့် သာမန်၊ ရုပ်ရည်မျိုး လောက်သာ ရှိကြသူတွေလည်း ရှိသည်။ တချို့ကြပြန်တော့ နတ်သမီးလေးတစ်ပါးလို အလှတွေ စုဝေးလို့။

ရာဇက လှတာရော၊ မလှတာရော တွဲသည်။ သူစိတ်ဝင်စား သည့် အတိုင်းအတာတစ်ခုပေါ်မှာ အကန့်အသတ်ထားသူ ဖြစ်သည် အတိုင်း ငြီးငွေ့လာတာနှင့် ဇာတ်လမ်းအားလုံး တစ်ခန်းရပ်သွားသည်

အချစ်ဆိုတာ ရာဇဘဝထဲကို အခုချိန်ထိ ရောက်မလာသေး ရောက်မလာသေး၍ အချစ်အကြောင်းကို ရာဇ စိတ်မဝင်စား။ ရာ စိတ်ဝင်စားသည်က ဂေးဂီတ။ ရာဇမှာ ဂီတပစ္စည်း အပြည့်အစုံရှိသ ကိုယ်တိုင် စတူဒီယိုတစ်ခုလည်း ရှိသည်။

ဝါသနာပါပေမယ့် သီချင်းကို အပျော်တမ်းပဲ ဆိုသည်။ စီး





မထုတ်။ စိတ်ပါဝင်စားသည့် အချိန်တွေမှာ ကိုယ်တိုင် သီချင်းရေးသည်။ အခုလည်း စတူဒီယိုထဲ ရာဇ ရောက်နေသည်။

ဒီအခန်းလေးထဲကို သူ မရောက်တာ ကြာပြီဆိုပေမယ့် ဖုန်တစ်စက်မှ မရှိအောင် ဦးကြီးဒေဝက ဂရုတစိုက် စောင့်ရှောက်ထားသည်။ အားလုံး သူထားခဲ့သည့် အနေအထားအတိုင်း ဘာတစ်ခုမှ မပြောင်း။ ဂစ်တာကို ကောက်ကိုင်ပြီး သံစဉ်တချို့ တီးခတ်ကြည့်သည်။

အာရုံက ဂစ်တာထဲ မရောက်။

ဖျတ်ခနဲ ဘုရင်မဆိုသည့် မိန်းကလေးအကြောင်း ရောက်သွားသည်။ ဘုရင်မက ဒီမှာမရှိ။ အလုပ်ကိစ္စနှင့် နိုင်ငံခြားရောက်နေသည်။ ဘုရင်မဆိုတာ ဘယ်လို မိန်းကလေးလဲလို့ သိချင်ပေမယ့် ချက်ချင်း သိခွင့်မရ။

ဘုရင်မ ပြန်လာမည့်ရက်ကို ရာဇတို့ဘက်က ပြန်စောင့်နေရသည်ကိုက ရာဇဘဝမှာ တစ်ခါမှ မလုပ်ဖူးသည့် အလုပ်တစ်ခု ဖြစ်နေ၏။

ဂစ်တာကို လက်ထဲက ပြန်ချပြီး အခန်းထဲက ထွက်ခဲ့သည်။ ကားဟွန်းသံနှင့်အတူ ခြံထဲလိမ့်ဝင်လာသည့် ဦးကြီးဒေဝကိုယ်တိုင် မောင်းလာသည့် လင်ခရုဆာ ကားဖြူကြီးကို အပေါ်ထပ် သူ့အခန်းက ရာဇ လှမ်းမြင်လိုက်၏။

လူချောတစ်ယောက်ပေမယ့် ဦးကြီးဒေဝက အိမ်ထောင်မပြု။ အသက်ငါးဆယ်ကျော်ဆိုပေမယ့် ဦးကြီးဒေဝကို စိတ်ဝင်စားသူတွေက အခုချိန်ထိ ဦးကြီးဒေဝနားမှာ တရစ်ဝဲဝဲ။ ထူးခြားတာက ဦးကြီးဒေဝက



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့ကိုမှ စိတ်မဝင်စား။

အိမ်ထောင်ပြုဖို့လည်း မစဉ်းစား။

တစ်ကိုယ်တည်း လူပျိုကြီးဘဝနှင့် ပျော်ရွှင်နေသူ။ ဦးကြီးဇေဝ ဘာလို့ အိမ်ထောင်မပြုတာလဲဆိုတာ ရာဇ တစ်ခါမှ မမေးဖူးသလို စိတ်လည်း မဝင်စားခဲ့ဘူးပေါ့။

ဒီနေ့မှ ထူးထူးခြားခြား ဦးကြီးဇေဝဘဝကို စိတ်ဝင်စားမိခြင်း ဖြစ်သည်။ ဒါကလည်း တခြားကြောင့်မဟုတ်။ ဘုရင်မဆိုသည့် မိန်းကလေးက စခဲ့သည့် ဇာတ်လမ်းကြောင့် ဖြစ်သည်။

ဆန္ဒပြောတာက ဘုရင်မဆိုတဲ့ မိန်းမမှာ ဘာခံစားချက်မှမရှိ။ နှလုံးသားဗလာနဲ့ အချစ်မရှိသူလို့ ဆိုထားသည်။

ဖြစ်နိုင် မဖြစ်နိုင် လောင်းကြေးထပ်ထားပေမယ့် ရာဇကိုယ်တိုင်လည်း အချစ်ရှိသူ မဟုတ်။ ဘယ်လို မိန်းကလေးကိုမှလည်း မချစ်ဘူး။

စိတ်ထဲ နည်းနည်းတော့ ထူးဆန်းနေ၏။

အချစ်မရှိတဲ့မိန်းမနဲ့ မချစ်တတ်တဲ့ ယောကျ်ား တွေ့ကြရင် ဘာတွေဘယ်လို ဖြစ်လာမလဲ။

"အဟွန်း"

ကိုယ့်အတွေးနှင့်ကိုယ် သဘောမကျသလို ရာဇ တစ်ချက်ပြုံးလိုက်သည်။ သူ့အဖြစ်က ရယ်စရာကောင်းသည်။ ကိုယ်ကိုယ်တိုင် မချစ်ဘဲနဲ့ အချစ်မရှိတဲ့ မိန်းမတစ်ယောက်ကို ချစ်တတ်အောင် သင်ပေးရမယ်ဆိုတာ ဖြစ်နိုင်ပါ့မလား။

"တူ... တူ... တူ"

အပေါ်ထပ် သူ့အခန်းထဲက ဖုန်းမြည်လာ၍ ကောက်ကိုင်လိုက်





သည်။

"ရာဇ... အောက်ထပ် ခဏဆင်းခဲ့ပါဦးကွ"

"ကိစ္စရှိလို့လား ဦးကြီး"

"အေး"

"ကျွန်တော် အခုဆင်းလာခဲ့မယ်"

ရာဇလက်ထဲက ဖုန်းကို ချပြီး အောက်ထပ်ဆင်းခဲ့သည်။ ဧည့်ခန်းမှာ ဦးကြီးဇေဝ ဖုန်းပြောနေရာက သူ့ကို မြင်တော့ လက်လှမ်းပြသည်။

ခဏစောင့်ဦးဆိုသည့် သဘော။

ဧည့်ခန်းက ဆိုဖာတစ်ခုမှာ ဝင်ထိုင်လိုက်တော့ ဦးကြီးက သူ့ဖုန်းကို ပိတ်သိမ်းပြီး ရာဇနား လျှောက်လာရင်း သူ့လက်ကနာရီကို တစ်ချက် ငုံ့ကြည့်သည်။

"မင်း အပြင်သွားစရာရှိလား ရာဇ"

"မရှိဘူး ဦးကြီး"

"ဒါဖြင့် ငါနဲ့ ခဏလိုက်ခဲ့စမ်းကွာ၊ ကိစ္စတစ်ခု အရေးကြီးလို့"

"ဦးကြီးကိစ္စက ဘာလဲ"

"ဟိုရောက်တော့ သိမှာပေါ့ကွ၊ သွား... အဝတ်လဲ၊ ငါ ာစောင့်နေမယ်"

"အဝတ်မလဲဘဲ ဒီအတိုင်း လိုက်လို့မရဘူးလား"

ဦးကြီးဇေဝက ရာဇကို တစ်ချက် လှမ်းကြည့်သည်။ အရုပ်ခြောက် ...းပါး မြင့်သည်။ အရပ်မြင့်သလောက် ရာဇ ခန္ဓာကိုယ်က အဆီ ...မရအောင် အချိုးအစားကျကျ၊ လှလှပပ၊ အသားက အဖြူလွန်ပြီး ...နုရောင်သမ်းနေ၏။ မျက်ခုံးထူထူ၊ နှာတံပေါ်ပေါ်၊ မျက်ဝန်းနက်တွေ

www.burmeseclassic.com



အရောင်တဖျတ်ဖျတ် စူးရှလင်းလက်လျက်။

လေးကိုင်းသဏ္ဌာန် ပန်းသွေးရောင် နှုတ်ခမ်းအစုံတင်းတင်းစေ့နေသလို ပါးရိုးနှင့် နှုတ်ခမ်းတစ်ဝိုက်မှာ စိမ်းမြရောင်သမ်းနေပုံက ငေးနေချင်စရာ။

ရေချိုးပြီးစအသွင် ရေစိုဆံပင်တွေက ကျယ်ပြန့်သော နဖူးပြင်ပေါ် ခပ်ဖွဲဖွဲဖြာကျလျက်၊ ဆောင်းဘီရှည် အဖြူ တီရှပ်ဖြူကို ဝတ်ထားပုံက အရောင်တစ်မျိုးဖြာကျကာ ထင်ရှားစွာ လင်းလက်နေ၏။

"အိုကေ... ဒီအတိုင်းပဲ သွားမယ်"

"ဘယ်ကိုလဲဆိုတာ ကျွန်တော့်ကို မပြောသေးဘူးနော် ဦးကြီး"

"စိတ်ချစမ်းပါ၊ မင်း စိတ်ညစ်အောင် ငါ ဘယ်တုန်းက လုပ်ဖူးလို့လဲ"

"ရော့... ကားသော့၊ ဟိုရောက်ရင် မင်း ပျော်စေရမယ်"

ဦးကြီးဒေဝ ပစ်ပေးသော ကားသော့ကို ကျွမ်းကျင်စွာ ဖမ်းယူရင်း တူဝရီးနှစ်ယောက် ကားပေါ်ရောက်သွားသည်။

"ဘယ်ကို မောင်းရမှာလဲ ဦးကြီး"

"ငါ လမ်းညွှန်မယ်ကွာ၊ ဒီကနေ့ တည့်တည့်သာသွား"

မည်းနက်သော လမ်းအတိုင်း ရာဇကားက ဝေါခနဲ ပြေးထွက်သည်။ ဦးကြီးဒေဝက လမ်းညွှန်မည်ဆိုပြီး ဘာတစ်ခွန်းမှ စကားမဆက်။ ဖုန်းတစ်လုံးနဲ့ တစ်လမ်းလုံး အလုပ်ရှုပ်တာ ကြည့်ပြီး ရာဇ ပြုံးလိုက်သည်။

"ဘယ်ဘက်ကို ချိုး"

"ကျိုး"

ဖုန်းပြောရင်းက သွားရမည့်နေရာကို ဦးကြီးက နှုတ်လမ်းညွှန်တာ





နှင့် ရာဇက ကားကို အရှိန်မလျှော့ဘဲ ဝေါခနဲ ဆွဲကွေ့ပစ်သည်။ တူဝရီးနှစ်ယောက် အတူသွားနေပေမယ့် စကားပြောချိန်မရ။ တစ်ချိန်လုံး ဦးကြီးဒေဝဖုန်းက ထထမြည်နေတာနဲ့ပဲ အချိန်ကုန်နေသည်။

တချို့ဖုန်းက အလုပ်ကိစ္စ။

တချို့ဖုန်းကြပြန်တော့ ဘာညာသာရကာ။

အကြောင်းအရာ စုံနေပေမယ့် ဦးကြီးဒေဝမျက်နှာက အပြုံးမပျက်။ အားလုံးကို အလိုက်အထိုက် ရယ်ရယ်မောမော ဟာသလေးတွေနှောပြီး ပြောနေသည်။ ယဉ်ယဉ်ကျေးကျေး ရောနေသည်။ နွေးနွေးထွေးထွေး ဖြတ်ချသည်။

စိတ်ပါပါ၊ မပါပါ ဒီလိုအလုပ်တွေကို ဦးကြီးဒေဝ လုပ်နေကြ။ ရာဇကတော့ ဦးကြီးဒေဝနဲ့ ဆန့်ကျင်ဘက်။ လုံးဝတခြားစီ။ ရည်းစားတွေ အများကြီးထားသည်။ မိန်းကလေးနှင့် တွဲသွားတဲ့လာဆိုပေမယ့် စိတ်ပါမှ စကားပြောသည်။

စိတ်မပါလို့ကတော့ တေမိမင်းက အဘပြန်ခေါ်ရလောက်သည် အထိ အင်းမလှုပ်၊ အဲမလှုပ်။ ဒီကြားထဲ ရာဇကို စိတ်အနှောင့်အယှက် ဖြစ်စရာ တစ်ခုခုကြုံလာလို့ကတော့ သူနဲ့အတူ ပါလာသည့် မိန်းကလေးကို တွေ့သည့်နေရာမှာ ကားရပ်ပြီး ချထားခဲ့ဖို့လည်း ဝန်မလေး။

ဒီနည်းနဲ့ အဆက်ပြတ်သွားသည့် မိန်းကလေးတွေ အများကြီး။

"ဟိုရှေ့ဘက်က ခြံကို ကျော်ပြီးရင် ဘယ်ဘက်ကို ချိုးလိုက်၊ အိုခေ... ကားကို ရပ်လိုက်တော့"

ရောင်စုံကားတွေ ပြန့်ကျဲနေသည့်နေရာ၊ မြူးမြူးကြွကြွ တေးဂီတ တို့၏ အလယ်မှာ သူ့ကားကို နေရာရှာပြီး ရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လာ… ငါနဲ့ လိုက်ခဲ့"

ဦးကြီးဒေဝက ရာဇရှေ့က ဦးဆောင်လျှောက်သွားပုံက စတိုင်ကျကျ။ ရာဇ သူ့နောက်က လိုက်ခဲ့သည်။ ခြံဝန်းက အကျယ်ကြီး။ ရေကူးကန်၊ မြက်ခင်းစိမ်းစိမ်း၊ နီယွန်မီးရောင်စုံတွေ ကြားမှာ ခမ်းနားလှပသော သုံးထပ်တိုက်မြင့်ကြီးက နန်းတော်တမျှ။

"ဘယ်လိုလဲ လူပျိုကြီး၊ နောက်ကျလှချည်လားဗျာ"

"နေကောင်းတယ်နော်"

"ကောင်းပါတယ်ဗျာ"

ဦးကြီးဒေဝမိတ်ဆွေတွေက အများကြီး၊ ဟိုလူနှုတ်ဆက်၊ ဒီလူနှုတ်ဆက်နှင့် ဦးကြီးဒေဝတို့ အသိုင်းအဝိုင်းထဲ အခုမှ ရောက်ဖူးသော ရာဇအတွက် အားလုံးအစိမ်းသက်သက် ဖြစ်နေပေမယ့် ဦးကြီးက ရာဇကို တစ်ချိန်လုံး ပွဲထုတ်မိတ်ဆက်ပေးနေတာကို နားမလည်။

အားလုံးကို အလိုက်အထိုက် ပြုံးရယ်နှုတ်ဆက်နေရပေမယ့် ရာဇ သိသူတစ်ယောက်မှ မရှိ။

"ကဲ… ဒီတစ်ခါတော့ မင်းကို အရေးကြီးဆုံး ပုဂ္ဂိုလ်နဲ့ မိတ်ဆက်ပေးမယ်၊ ဖြစ်နိုင်ရင် ငါရော မင်းအဖေပါ အဲဒီကလေးမကို သမီးတော်ချင်တယ်"

"ဒီလောက်ဆို မင်း နားလည်တယ်နော် ရာဇ"

ရာဇ အင်းအဲမလှုပ်။

ခပ်သဲ့သဲ့ပြုံးပြီး ဦးကြီးဒေဝမျက်နှာကို လှမ်းကြည့်သည်။

"ဒါဆို နောက်ထပ် စီးပွားရေးလုပ်ငန်းသစ် တိုးချဲ့ခြင်းပေါ့… ဟုတ်လား ဦးကြီး"





"ပေါင်းစည်းခြင်းဆိုကတည်းကိုက အကျိုးအမြတ်က သူ့ဘာသာရှိပြီးသားကွ ရာဇ၊ မင်းလည်း ခေတ်လူငယ်လေးပဲ၊ ဒီနေရာမှာ ခေါင်းကောင်းဖို့ပဲ လိုတယ်"

"ဟော… ဟိုမှာ လာနေပြီ"

အဖြူရောင်ဝတ်စုံခြင်း တူနေပေမယ့် အပြင်အဆင်ဒီဇိုင်းတွေက တွေ့။ ကော်ပတ်ရုပ်လေးတစ်ရုပ်လို လှပစွာ ပြင်ဆင်ခြယ်မှုန်းထားပေမယ့် ထိုအလှအပမှာ ဘာအာရုံမှ မရှိတာက တော်တော်ဆိုးသည်။

"အန်ကယ်တို့ အခုမှ လာတာလား"

"ဆိုပါတော့ကွယ်"

"ကေရီထိပ်ထား… တဲ့၊ သမီးလေး… ဒါ အန်ကယ့်တူ ရာဇ"

မျက်ဝန်းအကြည့်ချင်း ဆုံသွားပေမယ့် ဘာမှမထူးခြား။ အေးစက်မှာ သူခေါင်းညိတ်ပြီး လက်ကမ်းတော့ ကေရီထိပ်ထား လက်ပျော့ပျောင်း နွေးနွေးလေးက ရာဇလက်ထဲ အလိုက်သင့်ပါလာ၏။

"တွေ့ရတာ ဝမ်းသာပါတယ် ကေရီ"

"ကေရီလည်း ဝမ်းသာပါတယ် ရာဇ"

"ကဲ… သမီးတို့ချင်း စကားပြောကြဦး၊ အန်ကယ် ဟိုဘက်ဝိုင်း သွားလိုက်ဦးမယ်"

ဦးကြီးဒေဝက ရာဇတို့ကို လှပစွာ လမ်းခွဲရှောင်ထွက်သွားတာကြည့်ပြီး ရာဇ ပြုံးလိုက်သည်။ ဒီလိုပဲ လူကြီးတွေက သူတို့ဖြစ်ချင်တာ လုပ်ချင်တာတွေ သူတို့နည်း သူတို့ဟန်နဲ့ ပြောကြသလို ရာဇတို့ကလည်း ကိုယ့်အယူအဆနဲ့ကိုယ်။ ကိုယ်မှန်သည်ထင်လျှင် ဘာကိုမှ သိပ်ဂရုမစိုက်တတ်ကြ။



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ထဲသွားမလား ရာဇ"

"ဒီနေရာလေးပဲ ကောင်းပါတယ်၊ ကိုယ့်ကို သီးသန့်စည့်ခံနေစရာမလိုဘူး၊ ကေရီ သွားစရာရှိတာ သွားပါ"

"ဘာဖြစ်လို့လဲ ရာဇ၊ ယူ့နားမှာ ကေရီရှိတာ မကြိုက်လို့လား"

"ဘယ်လိုထင်လဲ"

လှပစွာ ပြုံးသွားသော နှုတ်ခမ်းမှာ ပန်းနုရောင်ဆိုးဆေးတို့ လက်ခနဲ ဖြာသွားသည်။ ပြီးတော့ ရာဇမျက်နှာကို စေ့စေ့ကြည့်ပြီး…

"ယူ နာမည်ကြီးတဲ့အထဲမှာ မိန်းကလေးတွေကို ဂရုမစိုက်တတ်တာ ထိပ်ဆုံးကလို့ ကေရီ ကြားဖူးသားပဲ"

"ထင်လို့ပါဗျာ"

"အဟင်း… ဟင်း… ဟင်း"

"ယူ့ကို ကေရီ သဘောကျပါတယ်၊ ကေရီကလည်း ယူ့လို ဘာကိုမှ ဂရုမစိုက်တတ်ဘူး"

"စိတ်တူနှာမ်တူ လာတွေ့နေတာပေါ့… ဟုတ်လား"

"ခစ်… ခစ်"

ရိုက်မစစ်အဲ သူ့ကိုယ်သူ ဖော်ရောင်လုပ်နေသည့် ကောင်မလေးကို ကြည့်ပြီး ရာဇ ပြုံးလိုက်သည်။ အနီးကပ်ကြည့်မှ ငယ်ရွယ်နုနယ်သော မျက်နှာလေးကို သတိထားဖြစ်သည်။

"မင်းအသက် ဘယ်လောက်ရှိပြီလဲ"

"မှန်းကြည့်"

"အလွန်ဆုံးရှိမှ ဆယ့်ခွန်၊ ဆယ့်ရှစ်ပေါ့"

"ယူမှန်းတာ တော်သားပဲ ရာဇ"





"ကိုယ်က မင်းထက် အသက်ကြီးတယ်၊ ရာဇလို့ မခေါ်နဲ့"

"ကိုယ့်ကိုကိုယ် ခေါ်စေချင်တာဆိုရင်တော့ ဆောရီး၊ ကေရီက တစ်ဦးတည်းသော သမီး၊ ဘာအစ်ကိုမှ မရှိဘူး၊ ဘယ်လိုလူကိုမှလည်း ကိုကိုလို့ မခေါ်နိုင်ဘူး"

ရာဇမျက်ခုံးတွေ တွန့်ခနဲ ဖြစ်သွားသည်။

သူ့ရှေ့က ကောင်မလေးက ရာဇကို ဂျစ်ကန်ကန်အကြည့်တွေနဲ့ စိန်ခေါ်သလို မထိတရိ ကြည့်နေတာကို သဘောကျသွား၏။

ကေရီထိပ်ထားက ရာဇလိုပဲ ကိုယ်ဖြစ်ချင်တာ တစ်ခုကလွဲပြီး လူတွေအကြောင်း၊ လောကကြီးအကြောင်း ဘာတစ်ခုမှ စိတ်မဝင်စားတဲ့ ကလေးမလေးပါလား။ ရှင်းရှင်းပြောရလျှင် ရာဇနှင့် ပုံစံတူ နောက်တစ်ယောက် ထပ်တွေ့ရခြင်းဖြစ်သည်။

တခြားလူတွေ ရာဇအပေါ် ဘယ်လိုမြင်၊ ဘယ်လိုတွေးကြသလဲ၊ ရာဇမသိပေမယ့် ရာဇမျက်စိရှေ့က ကောင်မလေးကိုတော့ ရာဇ သဘောမကျပါ။ အိမ်ထောင်ဘက်အဖြစ် ထည့်စဉ်းစားဖို့ဆိုတာ ရာဇစိတ်ကူးထဲမှာပင် မရှိ။

ဦးကြီးဒေဝနှင့် ဒယ်ဒီက ရာဇကို ကေရီထိပ်ထားနှင့် သဘောတူကြတာ အံ့သြစရာမရှိ။ စီးပွားရေးအတွေးအမြင်၊ ကိန်းဂဏန်းပေါင်းစည်းမှု၊ အရှုံးအမြတ် စာရင်းဇယားတွေကြား ရာဇတို့က မြေစာပင်။ တကယ့် လက်တွေ့မှာ လူငယ်တွေ စိတ်ဆန္ဒက ဘာတစ်ခုမှ အသုံးမဝင်။ အားလုံးသူတို့လူကြီးတွေ စိတ်တိုင်းကျဖြစ်ဖို့ အံဝင်ခွင်ကျဖြစ်ဖို့ပဲ အရေးကြီးသည်။ ထိုအစဉ်အလာအတိုင်း တခြားသူတွေ စီးမျောနိုင်ပေမယ့် ထိုလူတွေထဲ ရာဇမပါ။



www.burmeseclassic.com

www.burmeseclassic.com



ဘူမျက်စိတွေက ကေရီထိပ်ထားကို ရာဇ စိုက်ကြည့်လိုက်သည်။ ဘူမသေသည်း ရာဇကို အကြည့်မလွှဲဘဲ ခပ်တည်တည် ပြန်ကြည့်နေ ပုံက ခပ်မိုက်မိုက်။

"ကိုယ်ကလည်း မင်းဆီက ကိုကိုလို့ ခေါ်သံကို မကြားချင်ပါ ဘူး ကေရီ"

"သင့်ခ်ယူး"

ကေရီထိပ်ထားက ရာဇမျက်နှာကို ကြည့်ပြီး ခပ်ပြုံးပြုံး ကျေးဇူး တင်စကားဆိုပုံက ခပ်ရင့်ရင့်။ သူတို့နားကို ဦးကြီးဒေဝနှင့်ရွယ်တူ လူကြီးတစ်ယောက် ရောက်လာ၏။

"ဒါ... တွေ့နော်တော့ ရာဇပဲ ကိုမိုးမြင့်စံ၊ ရာဇ... ဒါ ကေရီ ထိပ်ထား ဒယ်ဒီ ဦးမိုးမြင့်စံ"

"အန်ကယ်လည်း ဝမ်းသာပါတယ် ရာဇ၊ နာမည်ကြားဖူးနေတာ တော့ ကြာပြီ၊ လူကိုတော့ အခုမှပဲ တွေ့ဖူးတယ်"

"ကိုဒေဝတူက လူချောပဲဗျာ"

"ခင်ဗျား သမီး ကေရီထိပ်ထားလေးကလည်း အချောအလှလေး ပါဗျာ"

"ကိုင်း... ဒါဆိုလည်း ခင်ဗျားတို့နဲ့ကျုပ် ပေါင်းစည်းခြင်း ကိစ္စကို သဘောတူလိုက်ယုံပေါ့ဗျာ"

"အဟား... ဟား... ဟား"

ရယ်သံတွေ ဆူညံသွားချိန်မှာ ကေရီထိပ်ထားက ရာဇမျက်နှာကို လှမ်းကြည့်သည်။ ရာဇက ဘယ်သူကိုမှ မကြည့်။ နှုတ်ခမ်းတွေကို ပြုံးထားပေမယ့် ထိုအပြုံးရဲ့ အဓိပ္ပာယ်က ဆန့်ကျင်ဘက်အသွင်ကို





ဆောင်နေတာ သူပဲ သိသည်။

ခဏနေတော့ လူကြီးတွေက ရာဇတို့ကို နှုတ်ဆက်ပြီး ထွက်သွား သည်။

"ကိုယ်လည်း ပြန်မှပဲ၊ ဂွတ်နိုက် ကေရီ"

"ဂွတ်နိုက်"

ဦးကြီးဒေဝကို မစောင့်ဘဲ ရာဇတစ်ယောက်တည်း ကားရှိရာ ပြန်လျှောက်လာခဲ့သည်။ ဒီလိုအဖြစ်မျိုးတွေက ရာဇအတွက် ရိုးအီနေပြီမို့ သိပ်တော့မထူးဆန်း။ တချို့ပွဲတွေမှာ ရာဇ သိသိနှင့် လိုက်သွားရတာ မျိုး ရှိသလို တချို့တချို့ပွဲတွေမှာတော့ ရာဇ မသိလိုက်တာတွေလည်း ရှိသည်။

နှစ်ဦးနှစ်ဖက် အပြန်အလှန် ရွေးမရွေးကြ၊ သမက်ရွေးကြသည့် ပွဲမှာ အဆင်ပြေသွားကြတာတွေလည်း ရှိသလို အဆင်မပြေကြတာတွေ လည်း ရှိသည်။

ရာဇ အတွေ့အကြုံအရတော့ အခုချိန်ထိ ရာဇ စိတ်ကြိုက် မိန်းကလေး ရှာမတွေ့သေး။ တွေ့သမျှ မြင်သမျှ မိန်းကလေးအားလုံး ရာဇ စိတ်တိုင်းကျတာ ဘာတစ်ခုမှမရှိ။ ဦးကြီးဒေဝနှင့် ဒယ်ဒီတို့ ချော်လင့်ထားသလို ချွေးမကောင်းရဖို့မှာ ရာဇ အတွက် ဝေးနေသေး သည်။

ရပ်ထားသည့်ကားပေါ် တက်ထိုင်ပြီး ဦးကြီးဒေဝအလာကို စောင့် နေခိုက်မှာ ရာဇ မြင်ကွင်းထဲကို လှပသော ပုံရိပ်တစ်ခု ဝင်လာ၏။

မိန်းမလှလေးတစ်ယောက်။

ရာဇ ရှိနေသည့်ကားနှင့် တစ်ကားကျော်နေရာက ဆင်းလျှောက်



www.burmeseclassic.com

www.burmeseclassic.com



အလှ လူတစ်ယောက်က ထိုမိန်းကလေးရှိရာ အပြေးရောက်လာပြီး သူမသွားမည့် လမ်းရှေ့မှာ ပိတ်ရပ်သည်။

"ကိုယ် တောင်းပန်ပါတယ် ကလေးရယ်၊ အားလုံး ကိုယ့်အမှားတွေပါ၊ ကိုယ့်ကို ခွင့်လွှတ်ပါ၊ နောက်ကို ကလေးစိတ်ဆိုးစေမဲ့ အပြုအမူမှန်သမျှ ကိုယ် ဘာတစ်ခုမှ မလုပ်တော့ပါဘူး"

မိန်းမတစ်ယောက်ကို ဒူးဖက်တော့မတတ် တောင်းပန်နေသည့် ယောက်ျားတစ်ယောက်ကို ရာဇ ဘဝမှာ ပထမဆုံးမြင်ဖူးခြင်း ဖြစ်သည်။ အလင်းက ခပ်မှုန်မှုန်ဆိုပေမယ့် မြင်ကွင်းက ရှင်းနေသည်။

"ကိုယ့်ကို ခွင့်လွှတ်ပါ ကလေးရယ်"

"ရှင် ပြန်တော့"

အမျိုးသမီးအသံက အေးစက်စက်။

မျက်နှာကို သေချာမမြင်ရပေမယ့် ဆားတိုက်အနေအထားမှာ ရာဇ မြင်တွေ့နေရသည့် အလှကောင်းကြောင်းကတော့ လှပစွာ သွင်ဆစ်ထားသည့် ပန်းချီကားတစ်ခုနှယ်။

သေးကျဉ်းသော ခါးနှင့် ပိုင်းခြားထားသော နယ်နိမိတ်အားလုံး သူ့နေရာနှင့်သူ့ ဝင့်ကြွားစွာ လှပအသက်ဝင်လျက်။ တွေ့မြင်ရသူကို ဘဝင်ဆူချင်စရာ။

အထူးခြားဆုံးက လှပကျော့ရှင်းသော လည်တိုင်မှာ ထင်နေသော အသည်းပုံ စိန်ပြာလော့ကတ်က မီးရောင်မှာ ဖျတ်ခနဲ လင်းလက်သွားခြင်း ဖြစ်သည်။

"ကလေး"

နောက်ကလူက သူ့ရှေ့မှ လှပကျော့ရှင်းစွာ ဖြတ်သန်းသွားသော





ပုံရိပ်ကို ဖျတ်ခနဲ ဖမ်းဆွဲလိုက်ချိန်မှာပဲ...

"ဖြန်း"

"ဟာ"

"ကျွန်မအသားကို ထိကိုင်ဖို့ ကြိုးစားတာကိုက ရှင့်အမှားပဲ၊ အခုချိန်ကစပြီး ရှင့်မျက်နှာကို နောက်ဘယ်တော့မှ မမြင်ချင်ဘူး"

"ကလေး"

ဝင့်ကြွားသော သဏ္ဌာန်က နောက် ပစ်ချက်လှည့်မကြည့်။ ဖျတ်ဖျတ်လူး ဝေဒနာတွေနှင့် ကျန်ခဲ့သည့်လူက အနားရှိကားကို ခြေပစ်လက်ပစ် မှီကိုင်ရင်း မျက်နှာကို လက်ဖဝါးနှင့်အုပ်ကာ အကြာကြီး ငြိမ်နေ၏။

သူ့ပါးကို အရိုက်ခံလိုက်ရလို့ အသားနာသွားတာလား။ ဒါမှမဟုတ် တစ်ဖက်မိန်းကလေးကို ခခယယ တောင်းပန်အသနားခံပါလျက်နဲ့ တစ်ဖက်က ဂရုမစိုက်။ စိမ်းကားရက်စက်စွာ အစာနာကာင်းကင်း လက်တုံ့ပြန်ခံလိုက်ရလို့ အသည်းနာသွားခြင်းလား။

ရာဇ ကြည့်နေဆဲမှာပင် ထို ဦးက ရာဇကို ကျောခိုင်းပြီး အမှောင်ဖုံးရာအက်သို့ တိတ်ဆိတ်စွာ ကျောခိုင်းသွားတာ မြင်လိုက်ရ၏။

ဒီလူ ဘယ်သူလဲ။ ရာဇ မသိ။

ဒါပေမဲ့ မိန်းမတစ်ယောက်ကို ချစ်စိတ်တစ်ခုတည်းနှင့် ယောက်ျားတန်မဲ့ လက်မြှောက်အရှုံးပေးလိုက်တာတော့ တိတ်ဆိတ်လွန်လွန်းသည်ဟု ထင်သည်။

ယောက်ျားတစ်ယောက် မာန။

ယောက်ျားတစ်ယောက်ရဲ့ ဂုဏ်သိက္ခာတွေအားလုံး ဘာမဟုတ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



မိန်းမတစ်ယောက် ခြေဖဝါးအောက်မှာ နင်းခြေခံလိုက်ရတာကြည့်ပြီး ရာဇရင်ထဲ တင်းခနဲ ဖြစ်သွားသည်။

ကိုယ်နဲ့ ဘာမှမဆိုင်ပေမယ့် စောစောက မိန်းမကို ရာဇစိတ်ထဲ တင်းခနဲ ဖြစ်သွားသည်။

စောစောက ပြဿနာဖြစ်သွားသည့် နေရာမှာ ကျကျန်ခဲ့သော ပန္နည်းလေးတစ်ခု။ ကားပေါ်ကဆင်းပြီး ရာဇ သွားကြည့်တော့ မိန့ ရင်ထိုးလေးတစ်ခု။

သူကောက်ယူပြီး ဆောင်းဘီအိတ်ထဲ ထိုးထည့်ထားလိုက်သည်။

■



## အခန်း (၃)

"ဒီတစ်ယောက်လည်း မင်း သားက သဘောမကျပြန်ဘူး နေဇ"

"သား သဘောကျမဲ့သူက ဘယ်သူများလဲ အစ်ကိုကြီးရ၊ သူတွဲနေတဲ့ ကောင်မလေးတွေထဲက တစ်ယောက်ယောက်များလား"

"သိချင်ရင် မင်း သားကို မင်းဘာသာပဲ မေးကြည့်တော့ နေဇ၊ ငါဖုန်းချလိုက်ပြီ"

တစ်ဖက်က ဖုန်းချသွားသံကို နားထောင်ပြီး ဦးနေဇ ပြုံးလိုက်သည်။ ဦးလေး လူပျိုကြီးက သူ့တူ ရာဇသဘောကို ဘယ်တုန်းကမှ မကျော်။ အားလုံး ရာဇသဘောအတိုင်းသာ ဖြစ်စေခဲ့သည်မှာ ရာဇ ဒီအသက်၊ ဒီအရွယ်ရောက်လာတဲ့ အထိ။ သူ့တူကို ဦးဇေဝက ချစ်သည့် အလိုလိုက်သည့်နေရာမှာ ဦးနေဇထက် ပိုသည်။



www.burmeseclassic.com

www.burmeseclassic.com



ရာဇကလည်း ဒါတွေကို သိသည်။ အဖေရော ဦးကြီးပါ အလိုလိုက်ထား၍ အားလုံး သူ့သဘောကျဖြစ်ရမှဆိုတာမျိုး။ ဘယ်သူ့တွေ ဘာပြောပြော ဂရုမစိုက်တတ်သည့်လူ ဖြစ်သွား၏။

သားနှားမှာ ဦးနေဇက အချိန်ပြည့် မနေနိုင်။ ကျန်သည့် အလိုလိုက်ထား၍ အားလုံး ရာဇကို တာဝန်ယူရသူက ဦးဒေဝ။ ရာဇအကြောင်းကို အဖေဖြစ်သူ ဦးနေဇထက် ပိုသိသည်။ ရာဇစိတ်ကို ဦးဒေဝ ပိုနားလည်သည်။

အားလုံး ရာဇသဘောအတိုင်း အလိုလိုက် အကြိုက်ဆောင်ထားသည်ဆိုပေမယ့် ရာဇက ဆိုးရွား ရမ်းကားသူတွေထဲ မပါ။ လူငယ်သဘာဝ ဒေါသကြီးတတ်တာ၊ လက်တုံ့ပြန်တတ်တာမျိုးလောက်ကတော့ ဦးနေဇတို့အတွက် အေးဆေးဟု ဆိုရမည်။

ရာဇမှာ တခြား ဘာပြဿနာမှ မရှိ။

ရည်းစားများသည်။ အတွဲထားသည်ဆိုပေမယ့် ရာဇကိုယ်တိုင်က သူ့ကိုယ်သူ တန်ဖိုးထားသူဆိုတော့ မိန်းကလေးတွေ[illegible]က ဘယ်လိုလိုက်လျှောမှုတွေပေးပေး ရာဇက ခပ်အေးအေး ရှေ့ရှောင်သွားသည့်နေရာမှာ နာမည်ကြီးသည်။ သူ့အပေါ် ပြဿနာရှာမည့်သူမျိုးနှင့်တွေ့လို့ကတော့ နောက်ထပ် ဘယ်တော့မှ မပတ်သက်တော့။

တီခနဲ ဖြတ်ချပစ်သည့်နေရာမှာ ဘာခံစားချက်မှ မရှိ။ ရာဇအမေဆုံးပြီးကတည်းက ဦးနေဇက နောက်အိမ်ထောင် မပြုတော့။ ဦးဒေဝကလည်း လူပျိုကြီး၊ များပြားလှသော အမွေအနှစ်ကို ဆက်ခံမည့် မျိုးဆက်သစ်က မရှိတော့။

ထိုတာဝန်အားလုံးကို တာဝန်ယူနိုင်မည့်သူက ရာဇတစ်ယောက်





တည်း။ ဖြစ်နိုင်ရင် ဦးဒေဝရော ဦးနေဇပါ ရာဇကို အမြန်ဆုံး အိမ်ထောင်ပြုစေချင်ကြသည်။ ချစ်သူရည်းစားတွေ မှိုလိုပေါက်အောင် ထားနေတုန်းကလည်း တစ်ချက်မတား။

ဘယ်သူနဲ့ပဲ လက်ထပ် လက်ထပ် ဦးနေဇအတွက် ဘာပြဿနာမှ မရှိ။

ရာဇ သဘောကျမည့် မိန်းကလေးကို ဦးနေဇတို့ဘက်က လိုက်သဘောကျပေးရုံ။ အရေးကြီးတာက ဦးနေဇတို့အတွက် အမွေဆက်ခံမည့် အနာဂတ်ရဲ့ မျိုးဆက်သစ် ရရှိရန်သာ အဓိက။ မြေးတွေ၊ မြစ်တွေ တစ်လှေကြီးနဲ့ ပျော်ပျော်နေဖို့ ဆုံးဖြတ်ထားခဲ့တာ အခုမှ မဟုတ်။

ဦးနေဇကို သားတစ်ယောက်နှင့် ဇနီးဖြစ်သူ ထားသွားကတည်းက ထိုအတွေးမျိုး ရခဲ့သည်။ အကယ်၍သာ ရာဇမှာ ညီတစ်ယောက်ရှိရင် အနာဂတ်မျိုးဆက်အတွက် သိပ်မပူရ။ အခုတော့ ရာဇအတွက် တစ်ခုခုဖြစ်မှာ အမြဲစိုးရိမ်နေရသည်။

ရာဇ အိမ်ထောင်မြန်မြန်ပြု၊ သားသမီးတွေ မြန်မြန်ရမှ ထိုစိုးရိမ်စိတ်တွေ ရပ်တန့်နိုင်မည်။ သားကလည်း အခုထိ ဘယ်မိန်းကလေးကိုမှ သဘောမကျ။ စိတ်ကြိုက်မတွေ့နိုင်သေး။

အချိန်တွေ ရှိပါသေးသည်ဆိုပေမယ့် ဦးနေဇမှာက ကျန်းမာရေးက ရှိသေးသည်။ ဒါကို ဘယ်သူ့ကိုမှ ဖွင့်မပြောသေး။ အားလုံး ဦးနေဇကို စိုးရိမ်ပြီး ပျာယာခတ်ကုန်တာက လွဲလို့ ဘာမှမလုပ်တတ်တာလည်း မဟုတ်။

အတွေးနှင့် ဦးနေဇ သားဖြစ်သူဖုန်းကို ဆက်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို"

"သား… ဒယ်ဒီပါကွ၊ ကောရီလေးကို သား သဘောမကျဘူးဆို"

"နောက်ထပ် ဒယ်ဒီ ရွေးပေးထားတာတွေကိုလည်း သားကြိုက်မှာ မဟုတ်ဘူး၊ သားချစ်တဲ့သူကို သားဘာသာပဲ ရှာချင်တယ်"

"အခု သားနားမှာ ရှိနေတဲ့ ကလေးမလေးတွေကရော သားချစ်သူတွေပဲ မဟုတ်လား"

"အဲဒါတွေက ဆော်ဒါတွေပါ၊ သား တကယ်ချစ်တဲ့သူ တွေ့ရင် ဒယ်ဒီ့ကို ပြောမှာပါ"

"သားချစ်တဲ့သူက ဘယ်တော့မှ တွေ့မှာလဲကွ၊ တော်ကြာ သားဦးလေးလို ကဂျိုတရောင်ကျပြီး လူပျိုကြီး ဖြစ်သွားလို့ မဖြစ်ဘူးနော်"

ဒယ်ဒီ့ထံမှ စိုးရိမ်ကြီးစွာ ထွက်လာသော စကားသံကို နားထောင်ပြီး ရာဇ ပြုံးလိုက်သည်။

"သား အိမ်ထောင်ပြုမှာပါ ဒယ်ဒီ"

"ဒါဆိုလည်း ဒယ်ဒီ့ချွေးမလောင်းကို မြန်မြန်ရှာကွ၊ ဒါမှ အနာဂတ်အတွက် ဦးနေဇရဲ့ မျိုးဆက်သစ်လေးတွေ အမြန်ရမှာ"

"ဒယ်ဒီဆန္ဒအတိုင်း ဖြစ်မှာပါ"

"ဒါမှ ဒယ်ဒီ့သား"

"အကြာကြီးတော့ အချိန်မဆွဲနဲ့နော် သား၊ ဒယ်ဒီက မြေးချီချင်လှပြီ၊ ဝွတ်နိုက်"

"ဝွတ်နိုက် ဒယ်ဒီ"





လက်ထဲက ဖုန်းကိုချပြီး ရာဇ ပြုံးလိုက်သည်။ သူတို့ သားအဖကြားထဲက ပြဿနာက ဒါပဲဖြစ်သည်။ ဒယ်ဒီက နေဇ မျိုးဆက်ပြတ်သွားမှာကို သိပ်ကြောက်သည်။ နောက်ထပ် ဆက်ခံမည့် မျိုးဆက်သစ်လေးတွေကို သူပိုင်ဆိုင်သော ကိန်းဂဏန်းတွေ တိုးမြင့်လာတာနှင့် အပြိုင်လိုချင်သည်။

ဒယ်ဒီက သူ့အတွေးနှင့်သူ၊ တစ်ချက်ခုတ် နှစ်ချက်ပြတ်။ အရာရာတိုင်းကို စီစဉ်တကျ ရေးဆွဲနိုင်သည့်နေရာမှာ ဒယ်ဒီကို လိုက်မီသူမရှိ။ ရာဇစိတ်ကို သိ၍ တိုက်တွန်းသတိပေးဝေမဲ့ ဖိအားတော့မပေး။ အားလုံး ရာဇ စိတ်ကြိုက် လွှတ်ပေးထားသည်။

ညအိပ်ရာဝင်ခါနီး ရေချိုးခန်းဝင်တော့မည့်အချိန်မှာ ရာဇ ဖုန်းက အသံမြည်လာ၏။ ကြည့်လိုက်တော့ လက်ျာဖုန်း။

"ပြော… လက်ျာ"

"ဘုရင်မ ပြန်ရောက်နေပြီကွ"

"ဘုရင်မ"

"အေး"

ရာဇ မေ့နေသော အကြောင်းအရာအဖြစ် ဘုရင်မက ရာဇ အာရုံထဲ ဖျတ်ခနဲ ရောက်လာ၏။ ဆန္ဒနှင့် လက်ျာ၊ ပြီးတော့ ဘုရင်မနှင့် ရာဇ၊ နောက်တော့ လောင်းကြေးထပ်ထားသည့်ကိစ္စ။

"မင်းဘက်က ဘာတွေစီစဉ်ထားပြီလဲ ရာဇ"

"ဘာကိုလဲ"

"ဘုရင်မကို ဖိုက်ဖို့လေ"

ရာဇ မျက်ခုံးတွန့်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတစ်ယောက်ကို ယောကျ်ားတစ်ယောက်က အသား လွှတ်ကြီး လိုက်ဖိုက်ရမယ်ဆိုတော့ သိပ်တော့ အဓိပ္ပာယ်မရှိ။ ပြီးတော့ ဘုရင်မဆိုတာ ဖြူသလား၊ မည်းသလားဆိုတာလည်း မသိဘဲနဲ့၊ ဆန္ဒ စိန်ခေါ်လို့ မခံချင်ဖြစ်ပြီး မမျှော်လင့်ဘဲ လောင်းကြေးထပ်သည် အထိ ဖြစ်သွားရတာကို ပြန်တွေးကြည့်တော့ ရာဇ ကိုယ့်လုပ်ရပ် ကိုယ်သဘောမကျ။

ဒါပေမဲ့ ကိစ္စတွေအားလုံးက လွန်ခဲ့ပြီ။

အခုချိန်က ငြင်း၍မရ။

ရာဇ အဖြေစကားအဆုံးမှာ လက်ျာက သဘောကျစွာ အော်ရယ် သည်။

"ဘာပဲဖြစ်ဖြစ်လေ၊ မင်း ရင်ဆိုင်ပတ်သက်ရမှာက ဘုရင့်မပဲ မင်း မဖိုက်ရင် သူက မင်းကိုဖိုက်မှာပဲ၊ သိတယ် မဟုတ်လား၊ ဒီပွဲက သူသေ ကိုယ်သေပွဲ"

"နောက်ဆုံးတော့ မိန်းမဟာ မိန်းမပါပဲကွာ၊ ဒီပွဲမှာ မင်းနိုင်မယ် ဆိုတာ ငါ လုံးဝယုံတယ်"

ရာဇ ဘာမှမပြော။

လက်ျာပြောသမျှကိုပဲ ငြိမ်နားထောင်ရင်း ဘုရင်မအကြောင်း စဉ်းစားနေ၏။ အခုချိန်ထိ ဘုရင်မကို ရာဇ မမြင်ဖူး၊ သိလည်း မသိ၊ လက်ျာဘက်က တက်ကြွစွာ ဆက်ပြောနေ၏။

"မင်း ဘုရင်မကို ငါတွေ့ပြီးပြီ ရာဇ"

"ဘယ်မှာလဲ"

"ဓာတ်ပုံထဲမှာ"





"ဘုရင်မနဲ့ ပတ်သက်တဲ့ ကိုယ်ရေးအချက်အလက်တွေအားလုံး မင်းအတွက် ငါကိုယ်တိုင်ရှာပြီး စုထားတာ အခုပဲ ငါမေးလ်ပို့လိုက်မယ်"

"အိုခေ"

"နေဦး ရာဇ၊ မင်းကို အရေးကြီးတဲ့စကား ပြောဖို့ မေ့သွားတယ်"

"ဘာလဲ"

"ဓာတ်ပုံထဲက ဘုရင်မက သိပ်တော့မလှဘူးကွ၊ မင်း စိတ်ညစ် မှာစိုးလို့ ငါကြိုသတင်းပေးထားတာ"

"ဥစ္စာနိုက်"

လက်ျာက သူပြောချင်တာ ပြောပြီး ဖုန်းချသွား၏။ သိပ်မကြာ လိုက် ရာဇ ကွန်ပျူတာထဲ လက်ျာပို့လိုက်သော မေးလ်က ဘုရင်မနှင့် ပတ်သက်သည့် အချက်အလက်တွေ အားလုံး ဓာတ်ပုံနှင့်အတူ ရောက် လာ၏။

လက်ျာပြောသည့်အတိုင်း ဓာတ်ပုံထဲက ဘုရင်မက သိပ်မလှ။ ဓာတ်ပုံက ခပ်ဝါးဝါးဖြစ်နေရသည့်အထဲမှာ ဘုရင်မပုံက ဘေးတိုက် ဖြစ်နေတာက ပိုဆိုးသည်။ အသက်က ရာဇထက် သုံးနှစ်ပိုကြီးနေ တာ တွေ့ရတော့ ရာဇနှုတ်ဖျားမှာ မထိတရိ အပြုံးတစ်ချက် လက်ခံနဲ့ ဖြစ်သွား၏။

ဘုရင်မ၏ တခြားကိုယ်ရေးကိုယ်တာတွေကို ဆက်မကြည့်ဘဲ နေရာက လှည့်ထွက်ခဲ့သည်။ ဒီပွဲမှာ ရာဇမှ မနိုင်ရင် ဘယ်သူနိုင်မလဲ။

ရှိုးခန်း တစ်ချက်လေးချွန်ပြီး ရေနွေးနွေးထဲမှာ ရာဇ တစ်ကိုယ်လုံး အကြာကြီး နှစ်စိမ်ပစ်သည်။ တစ်ပြိုင်နက်တည်းမှာ ဘုရင်မဆိုသည့် အလွန်မာနကြီးသော အချစ်မရှိပါဆိုသော မိန်းမတစ်ယောက်အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ရာဇ ခေါင်းထဲက ပျောက်သွားသည်။

ရာဇဆိုသည့် လူချောလေးတစ်ယောက်၊ ပြီးတော့ ငွေကြေးဥစ္စာ ဓနအင်အားကလည်း မိန်းမတိုင်း ကျလောက်သည့်အတိုင်းအတာထက် မြင့်သူ၊ ရာဇလို အိမ်မက်မင်းသားကိုမှ ဘုရင်မ မကြွေလျှင် ဒီဘဝမှာ တခြားကြွေစရာမရှိ။

ဓာတ်ပုံထဲမှာ ရာဇ မြင်လိုက်ရသည့် ဘုရင်မဓာတ်ပုံကို ရာဇ မျက်ဝန်းထဲမှာ မြင်ယောင်ရင်း ကိုယ့်ကိုကိုယ် အထင်ကြီးစွာ၊ ပြီးတော့ ပြုံဘက်အပေါ်မှာ အထင်မြင်သေးစွာ အသံထွက်သည်အထိ သဘောကျစွာ ခပ်တိုးတိုးရယ်ပစ်သည်။

ဘုရင်မ…

ဒီတစ်ခါလည်း ခင်ဗျား မိဖုရားဖြစ်ခွင့် ကြုံရမှာမဟုတ်ဘူးဗျ။

ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားကို ကျွန်တော်ကိုယ်တိုင် ဘာတစ်ခုမှ ခံစားလို့မရလို့ပဲ။

မိဖုရားဖြစ်ခွင့် မရမယ့်အတူတူ ခင်ဗျားဆက်လုပ်သင့်တာက ဘုရင်မပဲ။

ကိုယ့်အတွေးကိုယ် သဘောကျစွာ ရာဇ ပြုံးလိုက်သည်။ ရာဇ အနားမှာ ဓာတ်ပုံထဲက ဘုရင်မထက် အဆပေါင်း ရာထောင်မကအောင် ချောတဲ့ လှတဲ့သူတွေချည်း စုဝေးနေကြောင်း ဓာတ်ပုံထဲက မှုန်မွှားမွှား ဘုရင်မကို ကြည့်ပြီး ရာဇ စိတ်ထဲက ပြောလိုက်၏။

ရာဇ အရင် ဘုရင်မဓာတ်ပုံကို ကြိုမြင်ထားသည့် လက်ျာက ဒါကြောင့်လည်း ဘုရင်မဆိုသည့် မိန်းမကို ရာဇကသာလျှင် အနိုင်ရမည်ဟု ရဲဝံ့တက်ကြွနေခြင်းဟု အခုမှ ရာဇ သဘောပေါက်စွာ ပခုံး





နှစ်ဖက်ကို တွန့်လိုက်သည်။

ဆန္ဒဆိုသည့်ကောင်က ဘုရင်မကို သိပ်အထင်ကြီးပြနေပေမယ့် ရာဇ အာရုံထဲမှာ ဘုရင်မပုံက ခပ်ဝါးဝါး၊ စိတ်ဝင်စားမှု နှုန်းလည်း လျော့သွား၏။ တစ်ခုပဲ စဉ်းစားစရာရှိသည်။ ဘုရင်မဆိုသည့်မိန်းမ ရာဇကို ခိုက်သွားအောင် ဘယ်လိုခပ်မိုက်မိုက်နည်းကို သုံးရမလဲဆိုတာ နည်းနည်းတော့ စဉ်းစားရမည်။

ရာဇဘဝမှာ မိန်းမတစ်ယောက် သူ့ရင်ခွင်ထဲ ပစ်ကျလာအောင် လုပ်ဖို့ စဉ်းစားရတာ ဒါပထမဆုံးအကြိမ်။ ရည်းစားတွေ အများကြီး ထားဖူးပေမယ့် ဘယ်မိန်းကလေးကိုမှ အသည်းအသန် မလိုက်ဖူးသလို အသည်းကြွေအောင် ခိုက်ရမည့်သူလည်း အခုချိန်ထိ မရှိ။

ဒါပေမဲ့ ဘုရင်မဆိုသည့် မိန်းမကိုတော့ ရာဇ နိုင်ကိုနိုင်ရမှ ဖြစ်မည်။ ဒါကိုတော့ ရာဇ မမေ့။ ရာဇ တစ်ကိုယ်လုံး မွှေးပွတာဘက် ကြီးပတ်ပြီး ရေချိုးခန်းထဲက ထွက်အလာမှာ ရာဇ ဖုန်းမှ ဖုန်းထဲကို မက်ဆေ့(ချ်)တစ်စောင် ဝင်လာ၏။

ပေးပို့သူကို ကြည့်လိုက်တော့ လက်ျာ။

ရာဇ

မနက်ဖြန်မှာ ထရေးဒါးမှာ ဘုရင်မရဲ့ ပွဲရှိတယ်၊ အောင်မြင်ပါစေ။

လက်ျာ

ရာဇက စိတ်ကူးယုံ ရှိသေးတာ။ လက်ျာက သူ့အရင် ခပ်သွက်သွက် လှုပ်ရှားနေတာကြည့်ပြီး သဘောကျစွာ ပြုံးလိုက်၏။ ဆန္ဒ



www.burmeseclassic.com

www.burmeseclassic.com



အပြောကြီးတာပြနေတာကို လက်ခုလိုပဲ ရာဇ ကိုယ်တိုင်လည်း သဘော မကျတာမို့ ဘုရင်မနဲ့ပတ်သက်သည့် အနိုင်အရှုံးကိစ္စကို ခပ်မြန်မြန် အဆုံးသတ်မှ ဖြစ်တော့မည်ဟု ဆုံးဖြတ်လိုက်၏။

■



## အခန်း (၄)

ညှော်ခန်းထဲ လှမ်းဝင်လိုက်သည်နှင့် ဖုန်းတစ်လုံးနှင့် အလုပ်ရှုပ်နေသော အန်ကယ် ဦးဒေဝကို ကျောခိုင်းအနေအထားနှင့် ဖုန်းပြောနေတာ တွေ့လိုက်ရ၏။ ဖြောင့်စင်းတောင့်တင်းသော ခန္ဓာကိုယ်က အချိုးအစားကျကျ၊ အရပ်မြင့်မြင့်မားမား ယောက်ျားပီသစွာ ချောမောခန့်ညားသော အန်ကယ့်လို လူတစ်ယောက်က အခုချိန်ထိ အိမ်ထောင်မပြုဘဲ တစ်ကိုယ်တည်း လူပျိုကြီးလုပ်နေတာကို ဘာကြောင့်ဟု ရာဇလည်း သိ။

စိတ်မဝင်စား၍ မေးလည်း မမေးကြည့်ခဲ့ဖူး။ ရာဇ သိတတ်စအရွယ်ကတည်းက အန်ကယ် ဦးဒေဝ အခုလိုပုံစံနှင့် ရယ်ရယ်မောမော၊ သွက်လက်ဖျတ်လတ်သော နေထိုင်မှုတွေနှင့် စတိုင်ကျကျ၊ အမြဲသသပ်ခန့်ညားနေတတ်ပုံက ရာဇ စိတ်မှာ စွဲထင်နေသော အန်ကယ့်ပုံရိပ်ဖြစ်သည်။

လူချော၊ လူခန့် အန်ကယ့်အနားမှာ အခုချိန်ထိ အန်ကယ့်အချစ်ကို လိုချင်နေကြသူတွေ အများကြီးရှိပါလျက် အိမ်ထောင်မပြုတာကို ရာဇ နားမလည်။



www.burmeseclassic.com

www.burmeseclassic.com



အန်ကယ့်လို လူတစ်ယောက်ကသာ ကမ်းလှမ်းမည်ဆိုလျှင် ခေါင်းညိတ်လက်ခံမည်သူတွေ အများကြီးရှိပါလျက် မိန်းမကိစ္စကို လုံးဝ စိတ်မဝင်စားသော လူတစ်ယောက်အဖြစ် အန်ကယ့်ကို ရာဇတို့ အသိုင်းအဝိုင်းက လူထူးလူဆန်းတစ်ယောက်အဖြစ် သိထား၏။

ဒါ့အပြင် အန်ကယ့်ကို လူတိုင်းက လေးစားကြသည်။ အထင်ကြီးကြရသည့် အကြောင်းအရင်းတွေထဲမှာ အန်ကယ်ဦးဇေဝက လုပ်ငန်းပိုင်းမှာ တိကျပြတ်သားသည်။ စဉ်းစားဆုံးဖြတ်ရဲသည်။ ကျွမ်းကျင်မှု အပြည့်နှင့် စေတနာထားသည်။

စိတ်သဘောထားကောင်းပေမယ့် လူ့ရေးအပိုင်းမှာ အခုချိန်ထိ ဘာပြဿနာမှ မရှိ။ အရှုပ်အရှင်း ကင်းသည်။ ဘယ်မိန်းမနှင့်မျှမရော။ အနေအထိုင် အပြောအဆိုကအစ စည်းကမ်းကြီးသည်။ အန်ကယ့်ပုံစံက တော့ လုံးဝ မပြောင်းလဲ။

အခုလည်း ဘယ်သူနဲ့ ဖုန်းပြောနေသည် မသိ။ ပြုံးနေသော အန်ကယ့်မျက်နှာကို ကြည့်နေခိုက်မှာ အန်ကယ်က ရာဇကို မြင်သွား၏။

ရာဇကို လက်တစ်ဖက်မြှောက်ပြီး နှုတ်ဆက်ပေမယ့် ဖုန်းက အပြောမပျက်။

"စိတ်ချပါဗျာ၊ ကျွန်တော် လာဖြစ်အောင် လာမှာပါ၊ ဒီပွဲက ဦးချန့်ထွန်းပွဲဆိုတာ ကျွန်တော် မမေ့ပါဘူးဗျာ"

"အိုခေ… အိုခေ၊ ညကြမှ ကျွန်တော်တို့ ဆုံကြတာပေါ့… ဟုတ်လား"

လက်ထဲက ဖုန်းကို ပိတ်ပြီး အန်ကယ်က ရာဇနား လျှောက် လာ၏။





"မင်း ရောက်လာတာနဲ့ အတော်ပဲ ရာဇ၊ ညကြရင် ပွဲတစ်ပွဲ တက်စရာ ရှိတယ်၊ ငါနဲ့လိုက်ဖို့ မင်းကိုယ်မင်း အသင့်ပြင်ထားလိုက်"

"ရှစ်နာရီ၊ ကိုးနာရီခွဲလောက်ကြရင် မင်းနဲ့ငါ အတူသွားကြ တာပေါ့"

ထုံးစံအတိုင်း အန်ကယ်ဇေဝက ရာဇကို သူနဲ့အတူ လိုက်ဖို့ ခေါ်သည်။ ဒီလိုအထာတွေ ရိုးနေပြီဆိုတော့ ရာဇ စိတ်မဝင်စား။ ဒီလိုပုံစံနဲ့ နောက်ထပ်မိန်းကလေးတစ်ယောက်ရှေ့မှာ ရာဇကို ပွဲထုတ် ဦးမှာပဲဆိုတာ တွေးကြည့်စရာမလိုဘဲ သိထား၍ အန်ကယ့်မျက်နှာကို တစ်ချက် လှမ်းကြည့်၏။

"အန်ကယ်တစ်ယောက်တည်း သွားလို့မရဘူးလား၊ ဒီည ကျွန်တော့်မှာ တခြားကိစ္စလေးတွေ ရှိသေးတယ်"

"အရေးကြီးလား"

"အဲလိုပဲ ပြောရမယ်ထင်တယ်၊ အန်ကယ့်နောက်ကို ကျွန်တော် လိုက်နိုင်တာတော့ လုံးဝသေချာတယ်"

"ဒါဆိုလည်း နောက်တစ်ခေါက်ပေါ့၊ မင်း သွားစရာရှိတာ သွားပါ၊ သိပ်တော့ ညဉ့်နက်အောင် မနေနဲ့"

"ဟုတ်ကဲ့"

တူဝရီးနှစ်ယောက်တည်း ထမင်းစားခန်းမှာ မျက်နှာချင်းဆိုင် ဆိုင်ပြီး ဒေါ်သိန်း ပြင်ဆင်ပေးသော မနက်စာကို စားကြသည်။ အိမ်မှာ နှစ်ယောက်တည်းရှိ၍ မနက်စာကို အတူစားဖြစ်အောင် စီစဉ် ထားသည်။

မနက်စာ စားချိန်မှာ အန်ကယ့်ဖုန်း ခဏခဏ အသံထမြည်၍



www.burmeseclassic.com

www.burmeseclassic.com



ရာဇက စိတ်မရှည်သလောက် အန်ကယ်က စိတ်ရှည်လက်ရှည် ဖုန်းလက်ခံပြောပေးနေတာကို အသံတိတ် နှုတ်ဆိတ်ပြီး ထမင်းစားခန်းထဲက ထွက်ခဲ့သည်။

ဒီနေ့ ရာဇမှာ ဘုရင်မနဲ့ ပတ်သက်ပြီး လုပ်စရာ စီစဉ်စရာတွေ ရှိသည်။ အနည်းဆုံးဘုရင်မက ရာဇကို စိတ်ဝင်စားလာအောင် အမှတ်ထင်ထင် ဖြစ်သွားအောင် လုပ်ရမည့် နည်းလမ်းတစ်ခုခုကို သုံးရမည်။

အခုချိန်ထိတော့ ရာဇ ခေါင်းထဲမှာ ဘာအကြံဉာဏ်မှတော့ မရှိသေး။ အိမ်မှာလည်း မနေချင်တာနှင့် ရာဇ ကားဖြင့် လက်ျာဆီ ထွက်ခဲ့သည်။ ကားမောင်းရင်း ဘောင်းဘီအိတ်ထဲ ပိုက်ဆံအိတ်ကို ဆွဲအထုတ်မှာ ခပ်မာမာအရာတစ်ခုကို စမ်းမိ၍ ထုတ်ကြည့်လိုက်တော့ အသည်းပုံ စိန်ပြာရင်ထိုးလေးတစ်ခု။

ရာဇ စိတ်ထဲ ဟိုနေ့က သူမြင်တွေ့လိုက်ရသော မြင်ကွင်းတစ်ခုကို ဖျတ်ခနဲ ပြန်သတိရသွား၏။ စိန်ပြာလည်ဆွဲနှင့် လှပသော အမျိုးသမီး။ ပြီးတော့ သူမကို ခယတောင်းပန်နေသည့် ယောက်ျား တစ်ယောက်ကို ရက်ရက်စက်စက် ပါးရိုက်လိုက်သည့် ပုံရိပ်။

ရာဇ လက်ထဲက စိန်ပြာရင်ထိုးမှာ ထိုအမျိုးသမီး၏ ရင်ထိုး ဖြစ်ကြောင်း သူမလည်မှာ ဆွဲထားသည့် စိန်ပြာအသည်းပုံလော့ကတ်က သက်သေခံနေ၏။ ရာဇ လက်ထဲက စိန်ပြာရင်ထိုးကို ကားဒက်ရှ်ဘုတ်ပေါ် တင်ထားလိုက်စဉ်မှာပင် ဆန္ဒဖုန်း ဝင်လာ၏။

"ဘယ်လိုလဲ ရာဇ၊ ပေးထားတဲ့ အချိန်က နှစ်လတည်းနော်"

"သတိမေ့တတ်တဲ့ လူထဲမှာ ငါမပါဘူး ဆန္ဒ"

"ဟုတ်ပြီ၊ ဘုရင်မ နားကို မင်း ဘယ်အချိန်ရောက်မလဲဆိုတာ





ငါ သိချင်လို့"

"သိချင်ရင် စောင့်ကြည့်ကွာ၊ ဒါပဲ မဟုတ်လား"

"အိုခေ"

ရာဇ ဖုန်းချလိုက်သည်။

တစ်ပြိုင်နက် သူ့အတွေးအာရုံထဲကို ဘုရင်မ ရောက်လာ၏။ ဒီနေ့တော့ မဖြစ်ဖြစ်သည့် နည်းနှင့် ဘုရင်မကို တွေ့ဖို့ ဆုံးဖြတ်ထားသည်။

"တူ... တူ... တူ"

တစ်ပြိုင်နက်တည်း စဉ်းစားနေတုန်း ဖုန်းက တစ်ခါထပ်မြည်သာ၏။ နံပါတ်ကို ကြည့်လိုက်တော့ ရာဇ တစ်ခါမှ မမြင်ဖူးသည့် ပါတ်သစ်။

ဘယ်သူများပါလိမ့်။ တွေးရင်း တစ်ခါတလေ ဒီလိုပဲ ဖုန်းမှား ဘတ်တာမျိုးလည်းရှိ၍ ဖုန်းထူးလိုက်၏။

"ဟဲလို"

"ရာဇလား... တို့ပါ ကေရီ"

ချိုသာနွဲ့သော အသံတိုးတိုးလေးကို နားထောင်ပြီး ရာဇ မျက်ခုံး တစ်ဖက် ပင့်ခနဲ ဖြစ်သွား၏။

"ပြော... ကေရီ၊ ကိုယ် ဘာကူညီရမလဲ"

"ကေရီကို ထရေးဒါးမှာ အခု လာခေါ်ပေးနိုင်မလား ရာဇ"

"အကြောင်းပြချက်က ဘာလဲ ကေရီ"

"အကြမ်းဖျင်း ပြောရရင် ကစားပွဲတစ်ပွဲ ပြီးသွားတဲ့ အထိမ်း အမှတ်ပေါ့၊ ဒီလောက်ဆို ဖြစ်ပြီမလား ရာဇ"



www.burmeseclassic.com

www.burmeseclassic.com



ရာဇ သဘောထားက ရှင်းသလို ဧကရီကလည်း ပွင့်လင်းသည် ဆိုတော့ ရာဇဘက်က အိုကေပေါ့။

"ကိုယ် ဆယ့်ငါးမိနစ်အတွင်း ရောက်မယ် ဧကရီ"

"အိုခေ... သင့်ခ်ယူး"

ကားကို ရောက်သည့်နေရာက ဝေါခနဲ ဆွဲကွေ့လိုက်တော့ ရာဇ အာရုံထဲ ဧကရီပုံရိပ်က ထင်းခနဲဝင်လာသည်။ တကယ်တော့ ဧကရီနှင့် သူ့ကြားမှာ ဘယ်လိုရင်းနှီးပတ်သက်မှုမျှ မရှိ။

လူကြီးချင်း သဘောတူထားသည်ဆိုပေမယ့် နှစ်ယောက်စလုံး က ထိုကိစ္စကို စိတ်မဝင်စား။ ဒီကြားထဲ ဧကရီကစပြီး ရာဇကို လာပတ်သက်ခြင်း ဖြစ်သည်။

ရာဇဖုန်းနံပါတ် ဘယ်လိုရထားလဲဟု ဧကရီကို မမေးတော့ပါ။ ဧကရီထိပ်ထားလို မိန်းကလေးက သူဖြစ်ချင်တာ ဖြစ်အောင်လုပ်မည့် သူတွေထဲက တစ်ယောက်ဆိုတာ ရာဇ နားလည်သဘောပေါက်ထား သည်။

ဧကရီထိပ်ထားဆိုသည့် ကလေးမကေ ရာဇနှင့် ပုံစံတူ၊ ဘယ် နေရာမှ အချိုးမကျ၊ ရာဇကိုယ်တိုင်ကလည်း သူစိတ်မပါသည့်အလုပ်ဆို ဘယ်တော့မှ မလုပ်။ ဒီနေ့ ထရေးဒါးမှာ ဘုရင်မပွဲ ရှိသည်။

ဧကရီထိပ်ထား သူ့ကို လှမ်းခေါ်သည့် နေရာက ဘုရင်မရှိနေ သည့် ထရေးဒါးဆိုတော့ အိုကေ။ ကားကို ဟိုတယ်ရှေ့ရောက်တော့ ဧကရီဖုန်းက ထပ်ဝင်လာ၏။

"ပြော... ဧကရီ"

"သုံးမိနစ်ပဲစောင့်"





"ဟာ... ဘာလဲ"

"သူငယ်ချင်းတစ်ယောက်နဲ့ တွေ့နေလို့"

"ဟာ... ဟိုတ်... နေဦး"

ရာဇ လှမ်းအော်ပေမယ့် ဧကရီက ဖုန်းပိတ်ပစ်၍ ရာဇ ဘာမှ ပြန်ပြောခွင့်မရလိုက်ဘဲ အောင့်သီးအောင့်သက် ဖြစ်ကျန်ခဲ့သည်။

ဧကရီထိပ်ထားဆိုသည့် ကလေးမနှင့် ရာဇ ဆက်ဆံရေးက အစကတည်းက ယဉ်သကိုးဆိုတာမျိုး၊ ဒေါသဖြစ်ဖြစ်နှင့် ကားကို ဘရိတ်ဆောင့်အအုပ်မှာ နောက်ကကားက ရာဇကားကို ဝင်ဆောင့် သည်။

"ကျွီး"

"ကျွီး"

"ဒုန်း"

"ဟာ... သွားပြီ"

အမှားက ရာဇဆိုပေမယ့် နောက်ကကားမှာလည်း တာဝန်ရှိ သည်။

"ဘယ်လိုလဲဗျ၊ ကားကို ဘာဖြစ်လို့ လမ်းပေါ်မှာ ရုတ်တရက် ဘရိတ်ဆောင့်အုပ်ရတာလဲ"

နောက်ကားပေါ်က လူက ဆင်းလာပြီး ရာဇကို ရန်စကား ပြောတော့ ရာဇ ခပ်ပေပေမျက်နှာပေးနှင့် ဒရိုင်ဘာနှင့်တူသည့် လူကို ရှုမစိုက်သလို ပြန်ကြည့်လိုက်သည်။

"ကျွန်တော့်ကိုချည်း အပြစ်တင်မနေနဲ့၊ ခင်ဗျားကိုယ်တိုင်လည်း ကားမောင်းတာ သတိရှိရမှာပေါ့ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် ကျွန်တော့်ကား ထိသွားတာ ခင်ဗျားကြောင့်ပဲ၊ ခင်ဗျားတာဝန်ယူဗျာ"

ရာဇ ဘာမှမပြောဘဲ သူ့ကားပေါ်က ဆင်းလိုက်သည်။ ပြီးတော့ ကားနှစ်စီးလုံး ထိသွားတာကို သေချာကြည့်သည်။ ရာဇကားထိသွားတာကို သေချာကြည့်သည်။ ရာဇ ကားထိသွားတာက ဘာတစ်ခုမှ မပြောလောက်ပေမယ့် မီးလုံးကွဲသွား၏။

"ဘာဖြစ်နေကြတာလဲ ဦးလေး"

"ဟာ… မမလေး"

ကြည်လင်ချိုမြသော အသံ။

မွှေးရနံ့ ချိုအီသော ကိုယ်သင်းရနံ့နှင့်အပြိုင် မိုးပေါ်က ကျလာသည့် နတ်သမီးတစ်ပါးလို ရာဇတို့နား ရောက်လာသည့် မိန်းမလှလေးတစ်ယောက် ရောက်လာ၍ ရာဇ အကြည့်တွေက မိန်းမလှလေး ရှိရာ ရောက်သွား၏။

"ဟို… ကျွန်တော့်ကားနဲ့ ဒီက အစ်ကိုကား ဝင်တိုက်မိလို့ပါ မမလေး"

ဒရိုင်ဘာက မိန်းမလှလေးကို ပျာပျာသလဲ ရှင်းပြရင်း အနားမှာ မားမတ်ခန့်ညားစွာ ရှိနေသည့် ရာဇ ဘက်ကို လက်ညှိုးညွှန်ပြသည့်အတွက် မိန်းမလှလေးအကြည့်က ရာဇထံ ဖျတ်ခနဲ ရောက်လာသည်။

လှလိုက်သည့် မျက်လုံးတွေ။

ရာဇ နှလုံးသားကိုပါ သိမ်းကျုံးညှို့ငင်သွားသလား ထင်ရအောင် မြရောင်တောက်နေသည့် မျက်လုံးတွေက ရွှန်းလဲ့ကြည်စင်စွာ မျက်ဝန်းအစုံကို စိုက်ကြည့်သည်။





"အခုကိစ္စ ယူ့ဘက်က ဘယ်လိုထင်လဲ"

"နှစ်ဘက်စလုံးမှာ တာဝန်ရှိတယ်လို့ ထင်တယ်"

ရာဇ အဖြေစကားကို သူမ ခဏငြိမ်ပြီး နားထောင်သည်။ ပြီးမှ…

"ဒါဆိုလည်း ကိုယ့်တာဝန် ကိုယ်ယူကြယုံပေါ့"

"ဦးအေး… ကျွန်မတို့ သွားကြမယ်"

ဘယ်သူ့ကိုမှ မကြည့်။

အလွန်တင့်တယ်လှပသော ခြေလှမ်းများဖြင့် သူမ ဒရိုင်ဘာ ဖွင့်ပေးသည့် ကားပေါ် လှမ်းတက်သွားပုံက တကယ့် တော်ဝင်မင်းသမီး တစ်ပါးလို လှပတင့်တယ်မှုအပေါင်းကို သရုပ်ဖော်ဆောင်းလျက်။

ရာဇကားကို ညင်သာစွာ ဖြတ်ကျော်သွားခိုက်မှာ ရာဇ ငေးခနဲ ကြည့်ဖြစ်သွားတာ ဘာကြောင့်လဲ။ ရာဇ ဘဝမှာ မိန်းမတစ်ယောက်ရဲ့ အလှအပကို တခမ်းတနား ငေးမောခံစားရလောက်အောင် ဘယ်လိုမိန်းမမှ ရာဇကို မဆွဲဆောင်နိုင်ခဲ့သမျှ ညှို့ယူဖမ်းစားခံလိုက်ရတယ်ဆိုတာ ဒါမျိုးလား။

လှတာကတော့ ဆံစကနေ ခြေဖျားအထိ ထိုင်ငေးနေချင်စရာ ခုငေးနေသော အလှအပတွေက အသက်ရှူမှားစေသည်အထိ ဆုတောင်းကောင်းသော အလှပိုင်ရှင်။

"ဟော့… ယူ၊ ဧကရီ ရောက်လာတာ အချိန်အတိအကျပါနော်"

ရာဇ ဘာမှမပြောရသေးခင် ဧကရီထိပ်ထားက ခပ်ပြုံးပြုံး အမူအရာနှင့် ရာဇ ကားတံခါးကိုဖွင့်ပြီး သူမဘာသာ ဝင်ထိုင်လိုက်သည်။ ရာဇ ကားမောင်းသူနေရာကို ဝင်ထိုင်ပြီး မောင်းအထွက်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကေရီထိပ်ထားထံမှ ဖုန်းမြည်သံကို ကြားရသည်။

ချိုလွင်စွာ ရယ်မောလိုက်သံက မကြာခဏ။ အနားမှ ရာဇ ရှိနေတာကို မေ့နေသလားမသိ။ အခုချိန်ထိ ဘယ်ကိုသွားမယ်ဆိုတာ မပြော။ ရာဇက သူ့ကားကို ကေရီထိပ်ထားအိမ်ကိုပဲ ဦးတည်လိုက်၏။

"ဟိတ်… ယူ၊ ဒါက ဘယ်ကိုသွားနေတာလဲ"

"အိမ်ကို"

"အိမ်ကိုဆိုတာ ယူ့အိမ်ကိုလား၊ ကေရီအိမ်ကိုလား ရာဇ"

"မင်းကို ကိုယ့်အိမ် အလည်ခေါ်ဖို့အထိ တစ်ခါမှ မစဉ်းစားဖူးသေးဘူး ကေရီထိပ်ထား"

"ယူခေါ်လည်း ကေရီက ငြင်းရမှာပဲ ရာဇ၊ အခု ကေရီအိမ်ကို ကေရီ မပြန်ချင်ဘူး၊ ကားကို ရှေ့နားမှ ရပ်လိုက်ပါ"

"ဆောရီးပဲ ကေရီ၊ ကိုယ်က ကိစ္စတိုင်းကို အလွယ်တကူ လက်မခံသလို အလွယ်တကူ မဆုံးဖြတ်သေးဘူး"

"ယူက ဘာကိုဆိုလိုတာလဲ ရာဇ"

"မင်းကို ကိုယ့်ကားနဲ့ အိမ်အထိ လိုက်ပို့ပေးမယ်လို့ ပြောတာ"

"ကေရီ အိမ်ကိုမပြန်ချင်ဘူးလို့ ယူ့ကို ပြောနေတယ် မဟုတ်လား"

ကေရီထိပ်ထား အသံက ဒေါသနှင့်မာနေသလို မျက်နှာပေါ်က မထိတရီအပြုံးတို့လည်း ကွယ်ပျောက်သွား၏။ တစ်သက်လုံး သူမဖြစ်ချင်ရာ ဖြစ်ခွင့်ရလာခဲ့သည့် ကလေးမ။ ရာဇနှင့်ကျမှ သူမဖြစ်ချင်တာ ဖြစ်ခွင့်မရလိုက်တာကိုပဲ ဒေါသမုန်တိုင်းထန်နေပုံကို ကြည့်ပြီး ရာဇ ပြုံးလိုက်သည်။





"ဒါဆို ဘာလို့ ကိုယ့်ကားကို ခေါ်သေးလဲ"

"အဲဒါနဲ့ ဘာဆိုင်လို့လဲ"

"သိပ်ဆိုင်တာပေါ့၊ မင်းကို ကိုယ့်ကားပေါ် တက်သွားတာ လူတိုင်းမြင်တယ်၊ ပြီးမှ မင်းက မင်းအိမ်ကို မရောက်ဘဲ တခြားကို ပျောက်သွားရင် လူတွေက ကိုယ့်ကို ဘာပြောမလဲ"

ကေရီထိပ်ထား မဖြေ။

ရာဇ မျက်နှာကိုသာ မကျေမနပ် စိုက်ကြည့်ရင်း နှုတ်ခမ်းကို တင်းတင်းစေ့သည်။

"ဆိုလိုတာက ကေရီကြောင့် ရှင့်ရဲ့ ဂုဏ်သိက္ခာ အထိအခိုက် ခံနိုင်ဘူးပေါ့"

ရာဇ ဘာမှမပြောဘဲ ပခုံးတစ်ချက် တွန့်လိုက်၏။

"ကောင်းပြီလေ၊ ကေရီက ရှင့် ကားပေါ်ရောက်နေမှတော့ ရှင့် သဘောအတိုင်း ဖြစ်ရမှာပေါ့၊ နောက်တစ်ခါ ကေရီအလှည့်ကြုံလာရင် ရှင် ဘယ်လိုခံစားသွားရမလဲဆိုတာ စောင့်ကြည့်ရဦးမယ်"

ကေရီကို ရာဇ ဘာမှမပြော။

သူမ ပြောသည့်စကားတွေကိုလည်း ဂရုမစိုက်။ ကေရီကို သူမ အိမ်အထိ လိုက်ပို့ပြီးမှ ပြန်ခဲ့သည်။ အသွားအပြန် အချိန်က ဘာမှ လုပ်ပေမယ့် ရာဇ အချိန်တွေကို အတော်အပွန်းခံလိုက်သည်။

အရှုံးထဲက အမြတ်ဟု ဆိုရမည်လားမသိ။

ရာဇဘဝမှာ ပထမဆုံး စိတ်ဝင်စားမိသည့် မိန်းမလှလေး တစ်ယောက်နှင့် အမှတ်မထင်ဆုံဖို့ ဖြစ်လာတာကို သဘောကျသလို တစ်ချက် ပြုံးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်း ဘယ်သူလဲ မိန်းမလှလေးရယ်၊ ထရေးဒါးမှာ ရှိနေသည့် ဘုရင့်မပွဲကို ရာဇ ရောက်သွားပေမဲ့ ဘုရင်မကို မတွေ့လိုက်ရ။ ဘုရင်မ ပြန်သွားပြီးမှ ရာဇ ရောက်သွားခြင်းဖြစ်သည့်အတွက် ဘုရင်မဆိုတာ ဘယ်လိုမိန်းကလေးလဲဆိုတာ သိခွင့်မရလိုက်။

ရင်းနှီးသည့် ညစာစားပွဲကို ရာဇ အသွားမှာ သူ ရုတ်တရက် မှတ်ထားလိုက်သည့် ကားနံပါတ်တစ်ခုကို တွေ့လိုက်ရ၍ ရာဇ ကားကို ထိုကားဘေးမှာ နေရာယူရပ်တန့်လိုက်သည်။

ထိုကားပိုင်ရှင်က တခြားသူမဟုတ်။

ရာဇ နှင့် နေ့ခင်းက ပြဿနာဖြစ်ခဲ့သည့် မိန်းမလှဆိုတာဖြစ်သည်။ ရာဇ စိတ်ထဲ အလိုလို ပေါ့ပါးသွားသည်။ ဘာပဲဖြစ်ဖြစ် သူမနှင့် နောက်တစ်ကြိမ် ဆုံခွင့်ရတာကို ရာဇဘက်မှာ ရှိနေသည်။

ဧည့်ခံပွဲက လူရင်းတွေချည်း ဖိတ်သည့်ပွဲမို့ အားလုံးအခုတော့ ရယ်ရယ်မောမော၊ အစားအသောက် အစီအစဉ်က ဘူဖေးစနစ်မို့ ကိုယ် ကြိုက်နှစ်သက်ရာ ကိုယ်ယူစားယုံ။ အားလုံး အေးအေးဆေးဆေး။

ရာဇက သူ တွေ့ချင်မြင်ချင်သည့် မျက်နှာလှလှလေးကို လိုက် ရှာပေမယ့် အလွယ်နှင့်ရှာမတွေ့။ ဒီပွဲကို သူမ မလာလို့များလားလို့ သံသယတွေး တွေးမိသလို တစ်ဖက်ကလည်း အသေအချာ အတိအကျ မှတ်ထားသည့်ကား ရှိနေ၍ သူမ ဒီပွဲကို ရောက်နေမှာပါဟု ယုံကြည်နေပြန်သည်။

ဒါဖြင့် သူမ ဘယ်မှာရောက်နေမှာလဲ။ လူတွေကြားထဲမှာ ကူမြေ မပျက် ရှာနေပေမယ့် ရှာနေတဲ့သူကို မတွေ့။ မျှော်ဘဲနဲ့ တွေ့ရသူက ကေရီထိပ်ထား။





"ဘယ်လိုလဲ ရာဇ၊ ဒီပွဲထဲက လူတစ်ယောက်ကို လိုက်ရှာနေ တာဆိုရင် ကေရီ ရှင့်ကို ကူညီနိုင်ပါတယ်နော်"

"ကဲ… ပြော၊ ကေရီ ရှင့်ကို ကူညီပေးရမယ့်လူက ယောက်ျား လား၊ မိန်းမလား"

ကေရီအသံက မထိတရိ။

မျက်နှာမှာ ခပ်မှောင်မှောင် အပြုံးရိပ်ကို တင်ထားပုံက ရာဇ ဒီပွဲကို ရောက်ကတည်းက မြင်တွေ့ထားပုံမျိုး။ ရာဇ လှုပ်ရှားမှုတိုင်း အသေး စိတ်သိနေသည်ဆိုကတည်းက ကေရီ ရာဇကို ဘယ်လောက် လိုက်ကြည့်ထားသည်ဆိုတာ အဖြေက ရှင်းနေ၏။

"ဘယ်အချိန်ကတည်းက မင်း ကိုယ့်ကို စိတ်ဝင်စားတတ် သွားတာလဲ ကေရီထိပ်ထား"

ရာဇ အမေးစကားအဆုံးမှာ ကေရီထိပ်ထားက သိမ့်ခနဲ ရယ် သည်။

"အင်း… ပြောရမယ်ဆိုရင်တော့ ရှင့်ကားနဲ့ ကေရီအိမ်ကို လိုက်ပို့ပေးကတည်းက ဆိုပါတော့၊ ကေရီထိပ်ထားကို ဘယ်သူမှ ရှင့်လို အနိုင်မယူခဲ့ဖူးဘူး ရာဇ"

"အားလုံးက ကေရီမျက်နှာညိုမှာကို ကြောက်ကြတဲ့ သူတွေ ချည်းပဲ"

ပြောပြီး ကေရီက ချစ်စရာကောင်းအောင် ရယ်သည်။ ကေရီ ထိပ်ထားဆိုတာ သူဌေးကြီး ဦးမိုးမြင့်စံရဲ့ တစ်ဦးတည်းသော သမီး၊ အမွေအနှစ်များစွာနှင့်အတူ ကုမ္ပဏီပေါင်းများစွာကို ဆက်ခံ အုပ်ချုပ် ရမည့် သူဌေးမလေး။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုမိန်းကမလေးမျိုးကို မျက်နှာညိုမှာကို မလိုလားကြသည့် အစ်ကိုကာလသားတွေကို အပြစ်တင်၍မဖြစ်။ သူတို့ လောကမှာ လှေမျော လှေနဲ့လိုက်၊ ငွေမျော ငွေနဲ့လိုက်၊ ဂုဏ်မျောခြင်း၊ ငွေခြင်းထပ်မှ မြတ်ကြသည်ဆိုတဲ့ လူတွေချည်းဆိုတော့ ရာဇ တစ်ချက်ပြုံးလိုက်သည်။

"ရှင့် ဘယ်သူ့ကို ရှာနေတာလဲ ရာဇ"

"ကိုယ့် အသိတစ်ယောက်ပါ"

"ဇေကရီ"

"သြော်… ဖြိုး"

ဖြိုးဆိုသည့်လူ ဇေကရီနား ရောက်လာတုန်း သူတို့နားက ရာဇ ထွက်ခဲ့သည်။ လိုတရပြည့်စုံနေသည့် ဘဝမှာ ဇေကရီအတွက် ဒူးထောက်ခစားနေသည့် ယောကျ်ားတွေကအစ ဇေကရီအတွက် အပျင်းပြေ ဆော့ကစားစရာ ကစားနည်းတစ်ခု ဖြစ်နေသည်။

ဒါကလည်း ဇေကရီဆိုသည့် မိန်းကလေးတစ်ယောက်ကို ချစ်လွန်း၍ မြတ်နိုးကိုးကွယ်ချင်လွန်း၍ မဟုတ်၊ ဇေကရီပိုင်ဆိုင်သမျှ ချမ်းသာကြွယ်ဝမှုကို လိုချင်မက်မောကြ၍ဆိုတာ ဇေကရီ သိသလို အားလုံးလည်း သိကြသည်။

ဒါကြောင့်လည်း ဇေကရီက ဘယ်ယောကျ်ား၏ အချစ်ကိုမှ တန်ဖိုးမထား၊ အားလုံးကို ရယ်စရာ ပြက်လုံးတစ်ခုလို သဘောထားသူ။

"ဟော"

ရိပ်ခနဲ မြင်လိုက်ရသည့် မြင်ကွင်းကြောင့် ရာဇ ခြေလှမ်းတွေ ထိုနေရာကို ခပ်သွက်သွက် ရောက်သွား၏။ နက်ပြာရင့်ရောင် ခပ်





ပျော့ပျော့ပေါ်မှာ ငွေနှင်းမှုံစတွေ ကျဲချထားသည့် တစ်ဆက်တည်း ဂါဝန်ရှည်နှင့် သူမနားမှာ တခြားယောကျ်ားဖော်တစ်ယောက် ရှိနေ၏။

ရာဇ အကဲခတ်လိုက်တော့ ထိုလူကချည်း တစ်ဖက်ကို စကားဦးဆောင်ပြောနေသော်လည်း သူမက အေးစက်စက်။ တိတ်ဆိတ်ငြိမ်သက်စွာ နားထောင်နေယုံမှတစ်ပါး စကားတစ်ခွန်းမဆိုတာကို သတိထားမိသည်။

"ကျွန်မကို ခွင့်ပြုပါဦး ကိုနေဝင်း၊ နောက်တော့ ဆုံကြသေးတာပေါ့ရှင်"

"ဗွတ်နိုက်"

"ဗွတ်နိုက်ပါဗျာ၊ ကားနားအထိ ကွင်းကို ကိုယ်လိုက်ပို့ပါရစေလား"

"အခုလိုပြောတာ သင့်ခ်ယူပါ၊ ကျွန်မ တစ်ယောက်တည်းပဲ သွားပါရစေရှင့်၊ ခွင့်ပြုပါဦး"

ကွင်းဆိုသည့် မိန်းမလှလေးကို လိုက်ပို့ချင်နေသည့်လူ ဘာမှ တောက်နိုင်ဘဲ ဒီအတိုင်းရပ်ကျန်ခဲ့တာကို ကြည့်ပြီး ရာဇ ကျေနပ်စွာ ပြုံးလိုက်သည်။

နာမည်က ကွင်းဆိုပါလား။

မည့်သည့်အဖော်မှ မပါဘဲ လှပတင့်တယ်စွာ ဝင့်ဝင့်ထည်ထည်လေး လျှောက်သွားသည့် သူမနောက်ကို တည်ငြိမ်စွာ ရာဇ လိုက်သွားသည့်အဖြစ်ကို မည်သူမျှ မရိပ်မိလိုက်ကြချေ။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"ကားမီးသီးက အသစ်လဲလိုက်ပြီပဲ"

ကားသော့ကို အဖွင့်မှာ ဘုရင်မနောက်ပါးဆီမှ နီးကပ်စွာ ကြားလိုက်ရသည့် ယောက်ျားတစ်ယောက်၏ အသံကြောင့် ဘုရင်မ နောက်ဖျတ်ခနဲ လှည့်အကြည့်မှာ ရှည်လျားစွာ မြင့်မိုးနေသည့် အရပ်နှင့်လိုက်ဖက်သည့် ခန္ဓာကိုယ်ထွားကြိုင်းမှုကို ပထမဆုံး သတိထားလိုက်မိသည်။

ဒါ နေ့လယ်ခင်းတုန်းက ဘုရင်မရဲ့ကားနဲ့ ပြဿနာဖြစ်ခဲ့တဲ့လူဆိုတာ သိလိုက်ပေမယ့် ဒီလိုပုံစံမျိုးနဲ့ လာရောတာကို စိတ်မဝင်စား။ ခေါင်းကို ချာခနဲ ပြန်လှည့်ပြီး ကားသော့ကိုဖွင့်၍ ကားပေါ်တက်လိုက်တော့ ဘုရင်မကားတံခါးကို တစ်ဖက်လူက ပိတ်မရအောင် ဆွဲထားတာနဲ့ ကြုံသည်။

"ရှင် ဒါဘာလုပ်တာလဲ၊ ကျွန်မတံခါးကို အခုလွှတ်ပါ"





ဘုရင်မအသံက အေးစက်သလို မျက်နှာလှလှပေါ်က တည်ငြိမ်မှုက ထန်သည်။

"ကိုယ်မေးတာ အဖြေရသေးဘူး ကွင်း"

ကွင်းဆိုပါလား။

"ရှင် ကျွန်မနာမည်ကို ဘယ်လိုသိလဲ"

"ဒီလိုပဲ သိတယ်ဆိုပါတော့ဗျာ"

ဘုရင်မအသံက မကျေမနပ်ပေမယ့် တစ်ဖက်လူရဲ့ အသံကတော့ ဘုရင်မနဲ့ ဆန့်ကျင်ဘက် ကျေကျေနပ်နပ် ဖြေဆိုသံဖြစ်၍ ကွင်းရင်ထဲက ဒေါသကို မျိုသိပ်လိုက်တသည်။

"ဒီမှာ ရှင်နဲ့မဆိုင်တဲ့ကိစ္စကို ဆိုင်သလိုလာမေးနေတာ ကျွန်မကြိုက်ဘူး၊ နောက် ဘယ်တော့မှ ကျွန်မနဲ့ ပတ်သက်ဖို့ မကြိုးစားပါနဲ့"

"ဝေါ"

"ဟာ... ဟိတ်"

စကားအဆုံးမှာ ဝေါခနဲ မောင်းထွက်သွားသည့်ကားကြောင့် ဆွဲကိုင်ထားသည့် ကားတံခါးကို အမြန်လွှတ်ရယုံသာမက ကိုယ်ကိုထိခိုက်မိစေရန် နောက်ကိုပင် အမြန်ဆုံး ခုန်လိုက်ရသည့်အဖြစ်ကသင်မှတ်မထားသည့် အနေအထား။

ခဏတော့ ကြောင်နေပြီးမှ သူ့ကားပေါ်တက်ပြီး ကွင်းကားနောက်ကို အရှိန်ပြင်းပြင်း မောင်းပြီး လိုက်ခဲ့သည်။

ရာဇ ဘဝမှာ လူတစ်ယောက်ကို မတူမတန်သလို အပြောအဆိုအမူအယာနှင့် အဆက်ဆံခံလိုက်ရတာ ဒါပထမဆုံးမို့ ရာဇ စိတ်ထဲမှာ ကွင်းဆိုသည့် မိန်းမလှကို ပိုစိတ်ဝင်စားသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းဟာ ဘယ်လိုမိန်းကလေးမျိုးလဲ ကွင်း၊ မင်းကိုယ်မင်း သိပ်လှတဲ့သူဆိုပြီး ယောကျ်ားတွေကို အထင်မြင်သေး နှိမ့်ချစော်ကား ချင်နေတာလား။

မင်း အခု တွေ့နေရတဲ့သူက တခြားယောကျ်ားမဟုတ်ဘူး ကွင်း။ ရာဇဆိုတဲ့ ယောကျ်ား။

ပြီးတော့ မင်းကို မြင်မြင်ချင်း စိတ်ဝင်စားသွားတဲ့ ယောကျ်ားတစ်ယောက်။ ရာဇဘဝမှာ ဘယ်မိန်းမကိုမှ အခုလိုအနေအထားနဲ့ အသည်းအသန် လိုက်တာမျိုး လုံးဝမရှိ၊ ကွင်းနဲ့ကြတော့ အလိုလိုနေရင်း ရာဇရင်တွေ ခုန်နေသည်။ စိတ်ဝင်စားနေသည်။

ကွင်း ဘယ်မှာနေတာလဲ။

ဘာလုပ်တာလဲ။

ဘာဖြစ်လို့ ဒီလောက်မာနကြီးတာလဲဆိုတာ ရာဇ သိချင်သည်။ ဒါက ရာဇဘက်က ခံစားချက်ဖြစ်ပေမယ့် ဘုရင်မကတော့ သူမကားနောက်မှာ ပါလာသည့် ရာဇကားကိုကြည့်ကာ လျှပ်တစ်ပြက်၊ အကြံထုတ်ကာ သူမကားလေးကို မောင်ရိပ်အကွယ်တစ်ခုမှ ထိုးရပ်ပြီး မီးအမှောင်ချထားလိုက်သည်။

ရာဇက ဒါကိုမသိ။

ဘုရင်မကားကို အရှိန်ပြင်းပြင်း ဖြတ်ကျော်မောင်းနှင်သွားတာကို ကြည့်ပြီး အမှောင်ရိပ်ထဲက မထိတရီ ပြုံးလိုက်သူက ကွင်း ခေါ် ဘုရင်မ။

ဒီလိုအဖြစ်မျိုး၊ ဒီလိုအနေအထားမျိုးဆိုတာက ဘုရင်မအတွက် ရိုးနေပါပြီ။ ဘာမှမထူးဆန်းသည့် အနေအထားတစ်ခုအဖြစ် အေးဆေးစွာ





ရှောင်ဖယ်ဖို့ နည်းလမ်းများစွာ ဘုရင်မမှာ ရှိနေသည့်အတွက် မမှု။

အခြေအနေ စိတ်ချရမှ ဘုရင်မ သူမကားလေးကို အမှောင်ရိပ်ထဲက ဝေါခနဲ မောင်းထွက်လိုက်သည်။ သေချာသွားတာ တစ်ခုကနောက် ဘယ်တော့မှ ဒီကားကို ဘုရင်မ မသုံးတော့ဟု ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

အိပ်ရာထဲမှာ လူးလိမ့်နေပေမယ့် ရာဇ ဘယ်လိုမှ အိပ်မပျော်။ ဒီတစ်ချီ ရာဇ ခံလိုက်ရပုံလေးက လှလှလေးလုံးဝမထင်မှတ်မထားသည့် အနေအထားနှင့် လှည့်စားခံလိုက်ရခြင်း ဖြစ်သည်။

ကွင်း… ။

မင်း တော်တယ်။

ရာဇလို လူတစ်ယောက်ကို အနိုင်နဲ့ပိုင်းသွားပုံလေးက လှသည်။ ရာဇ ကိုယ်တိုင် ကိုယ့်ကိုကိုယ် မျက်ခြေပြတ်လို့ အဖြတ်ခံလိုက်ရမှန်းသေသိ။

ကွင်းရယ်။

လှပသော မျက်နှာလေးပေါ်က အေးစက်စက် အကြည့်။ အထက်စီးဆန်ဆန် တင်းမာခက်ထန်ဟန် မျက်နှာထားလေးက အစ။ ရာဇ စိတ်ထဲ တစ်ခုချင်း စွဲငြိနှစ်ဝင်သွားစေသည့် မိန်းကလေးတစ်ယောက်။

ရာဇ နှလုံးသားကို ထူးခြားဆန်းကြယ်မှုအပေါင်းဖြင့် ညှို့ငင်ဖြားယောင်းသွားပုံက လုံးဝထင်မှတ်မထားသည့် အနေအထားနှင့် ဖြစ်သည်။

ဒီတစ်ခါတော့ ကိုယ့် ညံ့လို့ခံလိုက်ရတာပဲ ကွင်း။ သည့်အချိန်မှာ အနိကယ်ဆေ၀ ကုမ္ပဏီကို ထွက်သွားပြီဖြစ်သည်။ ကွန်ပျူတာမှာ



www.burmeseclassic.com

www.burmeseclassic.com



ဆန္ဒအီးမေးလ် ရောက်နေပေမယ့် အာရုံက ထိုနေရာမှာ မရှိသဖြင့် ဖွင့်မကြည့်ဘဲ ဒီအတိုင်းထားလိုက်သည်။ အခုချိန် ရာဇ အာရုံကို ဖမ်းစားထားသူက ကွင်းဆိုသည့် မိန်းမလှလေးတစ်ယောက်တည်း၊ အချစ်ကို အယုံအကြည်မရှိဘဲ ရာဇဆိုတဲ့ ကိုယ့်နှလုံးသားထဲကို မင်း ဘယ်လိုပုံစံနဲ့ ဝင်လာတာလဲ ကွင်း။

တစ်နေ့လုံး ဘယ်မှမသွားဘဲ ကွင်းပုံကို ကင်းဘတ်တစ်ခုပေါ်မှာ စတင် ပုံစံလောင်းပြီး ဆွဲသည်။ ထမင်းစားချိန် ကျော်လွန်လာသည်အထိ အခန်းထဲက ရာဇ ထွက်မလာတော့ ဒေါ်စာဥက အခန်းတံခါး လာခေါက်သည်။

"ဒေါက်… ဒေါက်"

"မောင်ရာဇ… လူလေး၊ ထမင်းစားချိန် လွန်နေပြီကွဲ့၊ နေမှ ကောင်းရဲ့လား၊ ဒေါ်ဥ ဘာလုပ်ပေးရမလဲ"

"ရပြီ ဒေါ်ဥ၊ ကျွန်တော် တစ်ယောက်တည်း နေချင်တယ်"

အခန်းအပြင်ဘက်က ဒေါ်ဥ အသံတိတ်သွားပြီး အကြာကြီး ငြိမ်သွားသည်။ ပြီးမှ ခပ်ဖွဖွ ခြေသံကို ကြားလိုက်ရသည်။ စိတ်ပူနေတဲ့ လူတွေကိုလည်း အပြစ်တင်လို့မဖြစ်။

ရာဇဆိုတာ ဒီလိုအခန်းအောင်းပြီး ငြိမ်နေတတ်သူမျိုး မဟုတ်တော့ အားလုံး စိတ်ထဲမှာ အထူးအဆန်း ဖြစ်နေသည်။ ရာဇက ကိုယ့်အာရုံနဲ့ကိုယ်ဆိုတော့ အချစ်နတ်ဖမ်းစားခံရသူတို့၏ ထုံးစံအတိုင်း ကိုယ့်ဘာသာကိုယ် ဘာဖြစ်လို့ဖြစ်မှန်းမသိ။

အချိန်တွေ ကုန်သွားတာကိုလည်း မသိ။ အိမ်ရှိလူတွေ အပေါ်ထပ် တက်လာလိုက်၊ အောက်ထပ် ပြန်ဆင်းသွားလိုက် ဗျာများနေကြ





တာလည်း မသိ။ သူ့ဖုန်းကို စက်ပိတ်ထား၍ ဆက်မရသလို အခန်း ထဲက ဖုန်းကို လုံးဝမကိုင်။

နောက်ဆုံး အန်ကယ်ဒေဝ ရာဇအခန်းရှေ့ရောက်လာပြီး တံခါး ခိုင်းမှ ရာဇက သူ့ပန်းချီကားကို မမြင်အောင်ဝှက်ပြီး အန်ကယ်ဒေဝကို တံခါးဖွင့်ပေးသည်။

"နေကောင်းရဲ့လား ရာဇ"

ထိုအမေးကို အန်ကယ်က ရိုးရိုးမေးခြင်းမဟုတ်၊ ရာဇတစ်ကိုယ် ဆုံး အထက်အောက် စေ့စပ်သေချာစွာကြည့်ပြီးမှ သေချာမေးခြင်း ဖြစ်သည့်အတွက် ရာဇ ပြုံးလိုက်သည်။

"ကျွန်တော့်ပုံစံက လူမမာ ရုပ်နဲ့ တူနေလို့လား၊ အန်ကယ်ရဲ့"

"လူကတော့ မတူဘူးကွ"

အန်ကယ်ဒေဝက စကားကို ထိုနေရာမှာ ရပ်ထားပြီး ရာဇမျက်လုံး ထဲကို စိုက်ကြည့်သည်။ ပြီးမှ…

"မင်းစိတ်တွေ နေလို့ကောင်းရဲ့လား ရာဇ"

အန်ကယ်ဒေဝ စကားသံအဆုံးမှာ ရာဇ နှစ်ခြိုက်စွာ ပြုံးလိုက်သည်။ အန်ကယ်ဒေဝကို ရာဇ ချစ်သည်။ သဘောကျသည်။ အားကျ အတု ယူစရာတွေ အများကြီးထဲမှာ လူတစ်ယောက်ရဲ့ အခြေအနေကို လျှပ် တစ်ပြက်အတွင်း အမှန်ကန်ဆုံး အကဲခတ်နိုင်တာကို ရာဇ သဘောကျ သည်။

"အန်ကယ် ဘာဖြစ်လို့ ကျွန်တော့်ကို အဲဒီလိုမေးတာလဲ"

"ဒီမှာ မင်းကားထဲက တွေ့ခဲ့ရတဲ့ပစ္စည်း…"

အန်ကယ်ဒေဝလက်ထဲ ပါလာတာက စိန့်ပြာအသည်းပုံရင်ထိုး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေ၍ ရာဇ လှမ်းယူလိုက်သည်။

"ကောင်မလေးက ဘယ်ကလဲ"

"ကျွန်တော်လည်း မသိဘူး အန်ကယ်၊ အခုလောလောဆယ် ပြောတာနော်"

ပြောပြီး ရာဇ ခပ်သဲ့သဲ့ရယ်လိုက်တော့ အန်ကယ်ဒေဝက ခေါင်း တဆတ်ဆတ် ညိတ်သည်။

"သေချာတဲ့နေ့ပြော၊ အခု မင်းလုပ်ရမှာက ရေချိုးပြီး ထမင်းစားခန်းထဲကို ဆင်းခဲ့… ဒါပဲ"

အန်ကယ်ဒေဝ ထွက်သွားမှ ရာဇ လက်ထဲက ရင်ထိုးလေးကို စားပွဲပေါ်တင်လိုက်သည်။ ရင်ထိုးပိုင်ရှင်ရဲ့ မျက်နှာကို တိကျရေရာစွာ မမြင်ဘူး၊ မတွေ့ဖူးလိုက်ပေမယ့် မိန်းမချောတစ်ယောက်ဆိုတာကိုတော့ သိလိုက်သည်။

ပန့်သည်းက အဖိုးတန်ပန့်သည်းဆိုတော့ မိန်းမသားသဘာဝ နှမြောမှာ သေချာသည်။ လောလောဆယ် သူ့ဘက်က မဖြစ်မနေလုပ်ဖို့ တာဝန်တစ်ခု သူ့မှာရှိနေသည်။

နောက်ရက် သတင်းစာမှာ ကြော်ငြာတစ်ခု ပါလာသည်။

**ညှို့ခံပွဲတွင် အသည်းပုံစိန်ရင်ထိုးတစ်ခု ကောက်ရထားသည်။ ပိုင်ရှင်ကိုယ်တိုင် ပန့်သည်းအမျိုးအမည် အတိအကျ ပြော၍ လာယူ နိုင်သည်။**





ကြော်ငြာအောက်မှာ ဆက်သွယ်ရန် ဖုန်းနံပါတ်တစ်ခု ရေးထားသည်မှလွဲ၍ နာမည်ပင်မပါ။ ထိုကြော်ငြာကိုကြည့်ပြီး အခန်းထဲမှာ ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်ရင်း အချိန်အကြာကြီး စဉ်းစားမိသူက ဘုရင်မ။

နေ့စွဲအတိအကျ ထည့်ထားသဖြင့် သူမ စိန်ပြာရင်ထိုးပျောက်သွားသည့်နေ့နှင့် တစ်နေ့တည်းဆိုတာ ဘုရင်မ သိသည်၊ ဘယ်နေရာမှာ ဘယ်လိုပုံစံနှင့် ကျပျောက်ခဲ့မှန်း မသိပေမယ့် ထိုနေ့က စိန်ပြာအသည်းပုံရင်ထိုးကို ညှို့ခံပွဲတစ်ခုမှာ သုံးခဲ့သည်။ ပြီးတော့ ပျောက်သွားသည်။

ပိုင်ရှင်ကိုယ်တိုင် ပန့်သည်းအမျိုးအမည် ပြော၍ လာယူနိုင်မည်ဆိုပေမယ့် ဘုရင်မကိုယ်တိုင်ကြတော့ ထိုကြော်ငြာရှင်ဆီ မသွားချင်၊ ဆက်နေတာက ပန့်သည်းရဲ့တန်ဖိုးက မသေးသလို ထိုရင်ထိုးက ဘုရင်မ မာမီ၏ အမွေပန့်သည်းလေး ဖြစ်နေသည်။

ဘုရင်မမှာ မိဘနှစ်ပါးစလုံး မရှိ။

ဒါကြောင့်လည်း မာမီ့ရင်ထိုးလေးကို မာမီ့ကိုယ်စား ဘုရင်မ သုံးသားနှင့် အနီးကပ်ဆုံးနေရာမှာ အမြတ်တနိုး တန်ဖိုးထားပြီး ဆောင်ပေးထားခဲ့သည်။

ဖြစ်ချင်တော့ ညှို့ခံပွဲတစ်ခုကို အသွားမှာ ပျောက်သွားသည်။ ခုကောက်ရထားသူက ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပြီး လာယူဖို့ ကြော်ငြာနေသည်။

ဘုရင်မကိုယ်စား တခြားလူကို လွှတ်ယူနိုင်း၍ မဖြစ်၊ မာမီ ပန့်သည်းလေးကို ပြန်လိုချင်လျှင် တစ်ဖက်လူအပေါ် လေးစားသောအား



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ဘုရင်မကိုယ်တိုင် သွားယူမှ ဖြစ်မည်။

ရင်ထိုးလေးပေါ်က အမှတ်အသားကို အတိအကျ ပြောနိုင်မည့်သူသာ စိန်ပြာရင်ထိုးပိုင်ရှင် ဘုရင်မတစ်ယောက်ပဲ ရှိသည်။

ကြော်ငြာပါ ဖုန်းနံပါတ်အတိုင်း တစ်ဖက်က ဖုန်းကို ဘုရင်မ လှမ်းခေါ်လိုက်သည်။ ဖုန်းက တော်တော်နှင့် ကိုင်မည့်သူ မရှိ။ ဘုရင်မလက်ထဲက ဖုန်းကို ချတော့မည်အပြုမှာ ဖုန်းထူးသံကြားလိုက်ရသည်။

"ဟဲလို"

ဖုန်းထူးသူက ယောကျ်ားတစ်ယောက်။

"အသည်းပုံစိန်ရင်ထိုးတစ်ခုကို ကောက်ရထားတဲ့သူနဲ့ စကားပြောချင်လို့ပါရှင့်"

"ပြောပါ"

"ရှင်က ရင်ထိုးကောက်ရထားတဲ့သူလား"

"ဟုတ်ပါတယ်"

"ကျွန်မက ရင်ထိုးပိုင်ရှင်ပါ"

"သြော်"

တစ်ဖက်က ယောကျ်ားသံက ခဏတော့ တိတ်သွားသည်။

"အခု ကျွန်တော် ဘာလုပ်ပေးရမလဲ"

"ကျွန်မ ရင်ထိုးလေးကို ပြန်လိုချင်ပါတယ်"

"ကျွန်တော့်နာမည် ရာဇပါ"

"ဟုတ်ကဲ့... ရာဇ၊ ကျွန်မနာမည် ဘုရင်မပါ"

"ဗျာ..."





အံ့သြလွန်း၍ ထိုင်ရာက ဝုန်းခနဲထလိုက်မိသူက ရာဇ။ စိန်ပြာရင်ထိုးလေးကို ကောက်ရထားခဲ့သလို ရင်ထိုးပိုင်ရှင်ကို ခပ်လှမ်းလှမ်းမှ သဲမကွဲမြင်ဖူးလိုက်ပေမယ့် ထိုမိန်းကလေးမှာ ရာဇ လိုက်ရှာနေသည့် ဘုရင်မကိုယ်တိုင် ဖြစ်နေလိမ့်မည် မထင်ခဲ့။ ကံတရားက တိုက်ဆိုင်ချင်တော့ ရာဇ ကောက်ရထားသည့် ရင်ထိုးပိုင်ရှင်က ဘုရင်မကိုယ်တိုင် ဖြစ်နေသည်။

"ရှင့်ကို ကျွန်မ ဘယ်နေရာမှာ တွေ့နိုင်မလဲ"

"ဘုရင်မ ကြိုက်တဲ့နေရာ ပြောပါ၊ ကျွန်တော် လာခဲ့မယ်"

"ဟုတ်ပြီ၊ ဆီဒိုးနားဆိုရင်ရော"

"လာခဲ့မယ်၊ အချိန်နဲ့ ဝတ်လာရမည့် အရောင်ကို ပြော"

"အစိမ်း"

"တစ်ခုတော့ ပြောစရာရှိတယ်"

"ပြောပါ"

"ရင်ထိုးမှာ ပါတဲ့ ရတနာအမျိုးအစား၊ အရေအတွက်ကို အတိအကျ ပြောနိုင်မှ ဖြစ်မှာနော်"

"ယူ ကျေနပ်တဲ့အထိ ကိုယ့်ကို ကြိုက်သလို စစ်ဆေးနိုင်ပါတယ်"

"အိုကေ"

"သင့်ခ်ယူး"

တစ်ဖက်က ဖုန်းချသွားတော့ ရာဇ ချက်ချင်း ကွန်ပျူတာကို ဖွင့်ပြီး ဘုရင်မနှင့် ပတ်သက်ပြီး ဆန်းပို့ထားသည့် အချက်အလက်တွေကို ပြန်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မက ဆယ်တန်းအထိ မြန်မာနိုင်ငံမှာ နေပြီး နိုင်ငံခြားကို ထွက်သွားသည်။ မိဘမျိုးရိုးက ပညာတတ်လူချမ်းသာမျိုးရိုး၊ အဖေရော မမေပါ တစ်ဦးတည်းသော သားနှင့်သမီးဖြစ်သလို ဘုရင်မကိုယ်တိုင်က လည်း တခြားညီအစ်ကို၊ မောင်နှမ မရှိ။ တစ်ဦးတည်းသောသမီး ဖြစ်သည်။ နိုင်ငံခြားက ပြန်လာပြီး မိဘလုပ်ငန်းပိုင် ကုမ္ပဏီကို ဘုရင်မက လွှဲပြောင်းအုပ်ချုပ်သည်။

ပို၍ အောင်မြင်ကျော်ကြား လူသိများခဲ့သလို တခြားကုမ္ပဏီခွဲတွေ ထပ်ဖွင့်သည်။ အခုချိန်ထိ ဘုရင်မမှာ ရည်းစားမရှိ။ မိဘ သဘောတူ ထားသူ မရှိ။

အရေးကြီးဆုံးအချက်တစ်ခုက ဘုရင်မကိုယ်တိုင် ဘယ်ယောကျ်ား ကိုမှ အထင်မကြီး၊ ယောကျ်ားအားလုံးကို မုန်းတီးနေခြင်း၊ ဘုရင်မ အချစ်ကို မရ၍ အသည်းကွဲကြသူတွေ စာရင်းကိုလည်း ရေးပို့ထား သည်။

ဒါကိုတော့ ရာဇ သိပ်စိတ်မဝင်စား။

လှပသည့် မိန်းကလေးတစ်ယောက်ကို ယောကျ်ားတိုင်း ချစ်ခွင့် ကြိုက်ခွင့်ရှိသည်။ မိန်းကလေးဘက်က ပြန်မချစ်နိုင်တာကို အပြစ် ဆိုခွင့်မရှိ။ ချစ်ခြင်းမေတ္တာဆိုတာ လုပ်ယူလို့မရသည့်အရာထဲက တစ်ခု။ ဒါကိုတော့ ရာဇ နားလည်လက်ခံသည်။

အချစ်ဆိုတာ… ကိုယ်တိုင်က မသိလိုက်ခင် သူ့အလိုလို နှလုံးသားထဲမှာ နေရာယူထားတတ်တာမျိုး၊ ဥပမာ ရာဇကိုပဲ ကြည့်၊ ရည်းစားတွေ မှိုလိုပေါက်နေပေမယ့် ဘယ်သူ့ကိုမှ မချစ်၊ နှလုံးသား ထဲကကို ဘာတစ်ခုမှ ခံစားချက်မလာ။





ဒါဖြင့် ဘာဖြစ်လို့ ချစ်သူရည်းစားတွေ အများကြီးထားခဲ့ရ တာလဲဟု မေးစရာရှိသည်။ ပျော်ချင်လို့ဟုဖြေလျှင် ရာဇနှင့် ပုံစံတူသူ တွေဆိုတော့ ဘာပြဿနာမှ မရှိ။

ပုံသဏ္ဍာန်အမျိုးမျိုးနှင့် တွဲပြီး၊ ပုံသဏ္ဍာန်အမျိုးမျိုးနှင့် ကွဲသွား ကြသူတွေ အများကြီး၊ တချို့ကြတော့ သူငယ်ချင်းမိတ်ဆွေ ဖြစ်သွား သည်။ တချို့ကျတော့ လုံးဝပြန်လှည့်မကြည့်။ သေချာတာ တစ်ခု ကတော့ အခုချိန်ထိ ရာဇ အသည်းမကွဲဘူးခြင်း ဖြစ်သည်။

အခုတော့ ရာဇနှလုံးသားကို လှုပ်ရှားသက်ဝင်စေသည့် မိန်းမ သားလေးတစ်ယောက် တွေ့ထားသည်။ ထိုသူက ကွင်း။ ရာဇနှင့် ပုံစံချင်း တူသည်။ စရိုက်ချင်း ဆင်သည်။ ကွင်းက ရာဇလိုပဲ သူ နှံ့သည်ဟုထင်လျှင် ဘယ်သူ့ကိုမှ ဂရုမစိုက်။ မာနကြီးတာကအစ ရာဇနှင့်ထပ်တူ။

ကွင်းအကြောင်းက မတွေးပဲ ရာဇခေါင်းထဲ အလိုလို ရောက် လာသည့်အကြောင်း ဖြစ်သည်။ ဒါကိုက ရာဇဘဝရဲ့ ထူးခြားဆန်း ကြယ်မှုအစစ်။

အချစ်ဆိုတာ ဒါလား။

ပထမဆုံးအကြိမ်အဖြစ် အချစ်နှင့် နီးကပ်စွာ တွေ့ဖူးသော နှလုံး သားအကြောင်းတွေးကာ ရာဇနှုတ်ခမ်းအစုံ ပြုံးသွားသည်။ ကွင်းဆို သည့် မိန်းကလေးကို သူချစ်မိပြီ။

အတွေးနှင့် ရာဇရင်ထဲ ထူးဆန်းစွာ နွေးထွေးလှုပ်ခတ်သွားပုံကို သဘောကျစွာ ရာဇခပ်တိုးတိုး ရယ်လိုက်သည်။

■

www.burmeseclassic.com

## အခန်း (၆)

ရာဇ သူ့ကိုယ်သူ မှန်ထဲကြည့်လိုက်သည်။

မှန်ထဲတွင် ရှိနေသော ချောမောခန့်ညားသည့် လူတစ်ယောက်က ရာဇမျက်နှာချောချောကို တည်ငြိမ်လေးနက်စွာ ပြန်ကြည့်နေ၍ သူ တစ်ချက် ပြုံးလိုက်သည်။

ချစ်သူရည်းစားများစွာ ထားဖူးသော်လည်း ဘယ်တုန်းကမှ ရာဇ စိတ်တွေ ဒီနေ့လောက် မလှုပ်ရှား။ ထူးခြားဆန်းကြယ်စွာပင် ရာဇနှင့် ဘာမှမဆိုင်သည့် သူစိမ်းမိန်းမတစ်ယောက်နှင့် တွေ့ဆုံရမည့် အရေး မှာတော့ ရာဇ ရင်ခုန်စိတ်လှုပ်ရှားနေခြင်းကို ဝန်ခံချင်သည်။

ဒါကလည်း အချစ်ရေးမှာ နာမည်ကြီးလွန်းသည့် ကွင်းဆိုသည့် မိန်းမချော၊ မိန်းမလှတစ်ယောက်လည်း ဖြစ်နိုင်သည်။ ဘုရင်မဆိုတာ နာမည်တစ်လုံးနဲ့ ရဲရဲတောက် ထင်ရှားတောက်ပနေသော အချစ်နတ် သမီးတစ်ပါး။

ဘယ်တုန်းကမှ မှန်ရှေ့ကို အချိန်ကြာကြာ မရပ်တတ်သည့် ရာဇက ဒီနေ့တော့ မှန်ရှေ့မှာ အတော် အချိန်ကုန်သွားသည်။





ရာဇကို တွေ့တွေ့ချင်း ဘုရင်မ စိတ်ထဲမှာ ထင်ထင်ရှားရှား ထူးခြားစွာ သတိထားမိစေချင်တာလည်း ပါသည်။

ဘုရင်မစိတ်ထဲမှာ မြင်မြင်ချင်း ရာဇဆိုတာ ဘယ်ယောကျ်ားနဲ့ တူသော ခံစားချက်ရသမျိုးကို ပေးချင်၍ ဤမျှ အချိန်ယူနေခြင်း ဖြစ်သည်။

အားလုံး ရာဇစိတ်တိုင်းကျဖြစ်ပြီဆိုမှ သူကောက်ရထားသော အသည်းပုံ စိန်ပြာရင်ထိုး ထည့်ထားသည့် စက္ကူအိတ်ကိုယူပြီး ထွက် ခဲ့သည်။ ရာဇကား ဦးတည်ရာက ဘုရင်မနှင့်သူ ချိန်းဆိုထားသည့် ဟိုတယ်ဆီသို့။

ရာဇ ဟိုတယ်ထဲ ဝင်ခဲ့ရင်း အစိမ်းရောင်ဝတ်ထားမည့် ဘုရင်မ ကို မျက်လုံးဝေ့ဝဲ၍ တည်ငြိမ်စွာ ရှာကြည့်သည်။ သို့သော် အစိမ်းရောင် ဝတ်စုံ ဝတ်လာပါမည်ဟု ဆိုလာသည့် ဘုရင်မကို အရိပ်အယောင်မျှပင် မတွေ့။

ရာဇစိတ်ထဲ တစ်မျိုး ဖြစ်သွားသည်။

ဒါက ဘာအထာလဲ။

လက်ကနာရီကို တစ်ချက် ငုံ့ကြည့်လိုက်သည်။ ချိန်းထားသည့် အချိန်အတိအကျ ရောက်မလာဘူးဆိုတော့ ဘုရင်မဆိုတဲ့ မိန်းမဟာ အချိန်ကို တန်ဖိုးမထားတဲ့သူလား။

ကိုယ်ပေးထားတဲ့ ကတိစကားကို အလေးမထားတတ်သူလား။ ရာဇက ပစ္စည်းကို ပြန်ပေးမည့်သူ။ ဘုရင်မက သူမပစ္စည်းကို ပြန်ယူ မည့်သူ။ ဘာပဲဖြစ်ဖြစ် သူမက အရင်ကြိုရောက်နေသင့်တာမျိုး။

အခုတော့ ပစ္စည်းပေးရမည့်သူက ပစ္စည်းပိုင်ရှင်အလာကို ပြန်



www.burmeseclassic.com

www.burmeseclassic.com



စောင့်နေရတာကိုမျိုး ရာဇ ကိုယ်တိုင်သိပ်စိတ်မဝင်စား။

နေရာက ချက်ချင်းပြန်လှည့်ထွက်သွားရမည်လား၊ ဒါမှမဟုတ် ဘုရင်မ ရောက်အလာကိုပဲ ဒီနေရာက ထိုင်စောင့်ရမည်လား၊ ဝေခွဲဆုံးဖြတ်ရခက်နေချိန်မှာ အစိမ်းရောင်အရိပ်တစ်ခု ရာဇ အနားက နူးညံ့သိမ်မွေ့စွာ ဖြတ်သန်းသွား၍ သူဒေးခနဲ ကြည့်ဖြစ်သွားသည်။

"ကွင်း"

သူမအမည်ကို ရာဇ စိတ်ထဲက ခပ်တိုးတိုး ရေရွတ်လိုက်မိပေမယ့် သူမက မကြားပါ။ စားပွဲတစ်လုံးမှာ ဣန္ဒြေရရစွာ ဝင်ထိုင်လိုက်ပုံကအစ လှပနူးညံ့သိမ်မွေ့ခြင်းများစွာဖြင့် လှချင်တိုင်းလှနေပုံက ချစ်စရာ။

တိုက်ဆိုင်မှုအပေါင်းကို သောင်းသောင်းဖျဖျ လိုက်လှဲစွာ ကြိုဆိုမည့်သူက ရာဇ။ သူ စိတ်ဝင်တစား အမြတ်တနိုး စွဲလမ်းတမ်းတနေမိသူက အချစ်ကို လုံးဝ စိတ်မဝင်စားပါ၊ လုံးဝ မခံစားတတ်ပါဆိုသည့် ဘုရင်မကိုယ်တိုင်ဖြစ်နေတာကိုပဲ အံ့သြစိတ်ဖြင့် ဝမ်းသာပျော်ရွှင်သွားသည်။

လက်စသတ်တော့ ရာဇ သိထားတဲ့ ကွင်းဆိုတာ ဆန္ဒအမြဲပြောပြောနေတဲ့ ဘုရင်မကိုယ်တိုင်ဖြစ်နေတာ ဖူးစာဆိုရင် ထိုဖူးစာရှင်က ရာဇအတွက် ဖူးစာရေးနတ် ဖန်တီးပေးသည့် ဖူးစာရှင်အဖြစ် မြတ်နိုးနှစ်သိမ့်စွာ ကျေကျေနပ်နပ် လက်ခံပါသည်။

ဘုရင်မကို အပြစ်ကင်းစွာ နူးညံ့သိမ်မွေ့သော အလှပိုင်ရှင်တစ်ယောက် ဖြစ်လိမ့်မည်ဟု မထင်ခဲ့။ ရွှေရောင်နုမွတ် ဝင်းစိုနေသည့် သူမ အသားအရည်က မြစိမ်းရောင်ဝတ်စုံအောက်မှာ ထိရက်စရာမရှိအောင် လှနေ၏။ ဆံပင်နက်နက်၊ မျက်လုံးနက်နက်၊ နက်မှောင်တောက်





နှမ်းသည့် မျက်လုံးဝိုင်းဝိုင်းအစုံကို လှပသော ဇင်ရော်တောင် မျက်ခုံးအစုံက အနားသတ်ထား၏။

နှုတ်ခမ်းစင်းစင်းအောက်မှာ ဖန်းသွေးရောင်ဖောင်းကြွလှသည့် နှုတ်ခမ်းအစုံကို ရာဇ ဒေးခနဲ စူးစိုက်ကြည့်လိုက်မိသည်။ ဘုရင်မ ဝတ်ထားတာက မြန်မာဆန်ဆန်အင်္ကျီ၊ ရင်စေ့ ရင်ဖုံးလက်တိုဖြစ်ပြီး လုံချည်က အင်္ကျီနှင့်ဆင်တူ အသားပျော့ဝတ်စုံ ဖြစ်သည်။

မျက်နှာအလှကို ဘာတစ်ခုမှ ထူးထူးခြားခြား ပြင်ဆင်ထားခြင်းမရှိသလို ဒူးဆစ်အထိ နက်မှောင်ရှည်လျားသည့် ပိုးသားရောင်ဆံပင်များကိုတော့ လှပသော ဖန်စီကလစ်ဖြင့် ရိုးရိုးရှင်းရှင်းညှပ်လျက်အတိုင်းချထားသည်။

လက်ကိုင်အိတ်အနက်၊ လေဒီရှူးဖိနပ် နက်နက်လေးနှင့် ဘုရင်မအသွင်က ရှင်းသန့်ဝင်းနှစ်လျက် သူထင်ထားသလို အလှမာန်ဝင့်ထည်သော မာနရောင်တောက်နေသည့် မိန်းမစားမျိုးမဟုတ်။

ရိုးစင်း၍ အေးချမ်းသော အလှပိုင်ရှင်၊ ဣန္ဒြေရှင်မလေးအဖြစ်မှ တစ်ပါး မာန်မာန၏ အရိပ်အယောင်အဖြစ် ဘာဆိုဘာမှ မရှိ။

စားပွဲထိုးကလေးက ဘုရင်မအနား ရောက်သွားသည်။ သူမထံမှ ကော်ဖီဆိုတာကို ကြားလိုက်ရပြီးနောက် ရာဇ သူမရှေ့မှာ ရပ်လိုက်သည်။

"ဟင်… ရှင်က"

"ကိုယ့်နာမည် ရာဇ"

သူမက ရာဇ မျက်နှာကို တစ်ချက်မော့ကြည့်ပြီး တည်ငြိမ်စွာ ခေါင်းညိတ်ရင်း သူမ မျက်နှာက ချက်ချင်းအေးစက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်ပါ"

"ကျွန်မက ဘုရင်မပါ"

ရာဇ သူမနှင့်မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။ သေချာ အနီးကပ်ကြည့်မှ ဘုရင်မမျက်နှာလေးက ငယ်ရွယ်နုပျိုမှုကို အထင်း သား မြင်လိုက်ရသည်။

"ပထမဆုံး ကျွန်မပြောချင်တာက အခု ရှင်ကောက်ရတဲ့ပစ္စည်း ကို ထုတ်မပြခင် ကျွန်မ အခုယူလာတဲ့ ပစ္စည်းမျိုးနဲ့ ဆင်တူ ဟုတ် မဟုတ် တစ်ချက် ကြည့်ပေးပါ"

ရာဇ ဘာမှမပြောရသေးခင် ဘုရင်မက သူမ လက်ကိုင်အိတ် အနက်ထဲမှ နက်ပြာရောင် ရတနာဘူးလေးတစ်ခုကို ရာဇရှေ့မှာ ဖွင့်ပြ သည်။

ထူးခြားသည်က ဘုရင်မ၏ ပန်းသွေးရောင်နုဖတ်နေသော ရှည် သွယ်လှပသည့် လက်များဖြစ်သည်။

လက်သည်းအရှည် ချန်ထားခြင်းမရှိသလို မည်သည့် လက်သည်း ဆိုးဆေးကိုမှလည်း အသုံးပြုထားခြင်း မရှိသည့်ကြားမှ လက်အလှ ဌေးခနဲ ကြည့်ဖြစ်သွားသည်။

လှလိုက်တဲ့ လက်ကလေးတွေပါလား။

"ဒီမှာ... ဒါလေးကို တစ်ချက် ကြည့်ပေးပါ"

ရတနာဘူးရှိရာကို ရာဇ တစ်ချက် လှမ်းအကြည့်မှာ အရောင် တဖျတ်ဖျတ်လက်နေသည့် အသည်းပုံ စိန်ပြာဆွဲသီးတပ်ထားသည့် စိန်ကရောင်းကြိုးတစ်ခုကို လှပစွာ တွေ့လိုက်ရသည်။

"ရှင် ကောက်ရခဲ့တဲ့ ရင်ထိုးနဲ့ ပုံစံချင်း တူပါတယ်နော်"

"တူပါတယ်"

"စိန်ရင်ထိုးနဲ့ စိန်ဆွဲသီးမှာ ရှိနေတဲ့ စိန်အရေအတွက်ကို ကျွန်မ အတိအကျ ပြောပါ့မယ်၊ ပြီးတော့ စိန်ရင်ထိုးရဲ့ နောက်ဘက်မှာ သရဖူအမှတ်တံဆိပ်နဲ့ ကွင်းနာမည် ရှိပါတယ်"

"ရှင် အခုပဲ စစ်ကြည့်ပေးပါ"

ဘုရင်မက စိန်လုံးရေ အတိအကျ၊ စိန်ရတီအတိအကျ ပြောရုံ ကော ရာဇ စိန်ရင်ထိုးနောက်ဘက်ကိုပါ အကြည့်ခိုင်းသဖြင့် ကြည့် လိုက်ရာ သူမပြောသည့်အတိုင်း အားလုံးမှန်ကန်နေတာကို တွေ့လိုက်ရ သည်။

"ဒီပစ္စည်းက ခင်ဗျားပစ္စည်းအမှန်ပါ၊ ယူနိုင်ပါပြီဗျာ"

"သင်္ချိုင်းယူး... ရာဇ"

"ရှင်က ဒီပစ္စည်းကို ကျွန်မပစ္စည်းဆိုပြီး ဒီအတိုင်းပြန်ပေးပေ ယ့် ကျွန်မက ဒီအတိုင်းပြန်မယူနိုင်ပါဘူး"

"ရှင့်ကို ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ ကျွန်မပေးတဲ့ ဟောဒီပစ္စည်း လေးကို အမှတ်တရ လက်ခံပေးစေချင်ပါတယ်"

ဘုရင်မက ရာဇရှေ့ကို နောက်ထပ်ပစ္စည်းတစ်ခု ချပေးလာ၍ ကြည့်လိုက်တော့ အလွန်အရည်အသွေး ကောင်းသော မြရည်စိုရွှန်း နေသည့် ယောကျ်ားဝတ် ကျောက်စိမ်းလက်စွပ်တစ်ကွင်း။

ဘုရင်မမျက်နှာကို ရာဇ စိုက်ကြည့်လိုက်သည်။ ဘုရင်မကလည်း ရာဇမျက်နှာကို မရယ်မပြုံး တည်ငြိမ်သော မျက်နှာလေးဖြင့် ကျွန်ုပ် တုံ့ပြန်ကြည့်နေပုံက အရှိန်အဝါတစ်မျိုးဖြင့် လင်းလက်လျက်။

"ခင်ဗျားပေးတဲ့ လက်စွပ်ကို ကျွန်တော် လက်မခံဘူး



www.burmeseclassic.com

www.burmeseclassic.com



ကြီးတဲ့ ကိစ္စတစ်ခု ပေါ်လာလို့ အခုပဲ သွားရမှာဆိုတော့… ဆောရီး"

"ရပါတယ်၊ အရေးကြီးတဲ့ ကိစ္စဖြစ်လာပြီးမှတော့ သွားရမှာပေါ့၊ နောက်တော့ ကျွန်တော်တို့ ပြန်ဆုံကြဦးမှာပဲ"

ဘုရင်မနှင့် ရာဇ အကြည့်ချင်းဆုံသွားသည်။

"ကိုယ့်ကို ကွင်း မှတ်မိပါတယ်နော်"

ဘုရင်မက ရာဇအမေးကို မဖြေ။

"ကျွန်မကို ခွင့်ပြုပါဦး ရာဇ"

"ကောင်းပါပြီ ဗျာ"

ကျသင့်ငွေကို စားပွဲမှာ တင်ခဲ့ပြီး ဘုရင်မက အရင်ရာဇကို နှုတ်ဆက်ကျောခိုင်းသွားပုံက လှလှပပ။ ရာဇလည်း ဆက်ထိုင်စရာ အကြောင်းမရှိတာနှင့် ကိုယ့်ကားရှိရာ ပြန်ခဲ့သည်။

ဟိုတယ်အပြင်ဘက်ကို ရာဇရောက်ချိန်မှာ ဘုရင်မကားလေး… လမ်းပေါ်ရောက်သွားတာ တွေ့လိုက်ရသည်။ ဘုရင်မအမြင်မှာ ရာ… ဆိုသည့် သူမပုံရိပ်ကတော့ ရာဇ နှလုံးသားမှာ ပုံရိပ်တစ်ခုအဖြ… အမြတ်တနိုး စွဲထင်ကျန်ရစ်သည်။

မင်း သိပ်လှတယ် ဘုရင်မ၊ ဘုရင်မအလှက ရာဇ တစ်ကြိ… တစ်ခါမှ မတွေ့ဖူးသော အလှမျိုး။

လက်ျာပေးပို့သော ဘုရင်မဓာတ်ပုံနှင့် အပြင်မှာ သူတွေ့ရသော… ဘုရင်မ အလှချင်းမတူသဖြင့် သူ ချစ်သော၊ မြတ်နိုးသော ကွင်းဆိုသည်… မိန်းမလှလေးကို ဘုရင်မမှန်း မသိခဲ့တာကိုပဲ သဘောကျစွာ ခပ်… ရယ်လိုက်မိသည်။

■



အခန်း (၇)

မျက်ဝန်းကို မှိတ်လိုက်ပေမယ့် အရိပ်တစ်ခုက ရာဇမျက်ဝန်းထဲ… အလိုလို ဝင်ရောက်လာတော့ ခက်သည်။

လှပသည်ဆိုတာထက် နက်ရှိုင်းသိမ်မွေ့သော အလှတရားတို့၏… အဆေး ဖြစ်တည်ရာက ရာဇ နှလုံးသားမှာ ပုံရိပ်အဖြစ် တည်နေ၏။

ဘုရင်မ…

ထိုအမည်ကို ရာဇ နှုတ်များက စူးရှနက်ရှိုင်းသော လေးနက်ခြင်း… ဖွဖွဆိုလိုက်မိ၏။ ရာဇကသာ ဘုရင်မကို မေ့မရနိုင်အောင် သတိရ… ယ့် ဘုရင်မဆိုသည့် သူမကတော့ ရာဇကို သတိပင် ရမည်မထင်။

များပြားလှသော အလုပ်နှင့် တခြားတာဝန်ဝတ္တရားတွေထဲမှာ… အတွေးအာရုံကို ဘယ်လိုမှ လွှမ်းမိုးနိုင်မည် မဟုတ်။

ဒီလောက်လှတဲ့ မိန်းမတစ်ယောက်ဆီမှာ အချစ်မရှိဘူးဆိုတာ… နိုင်ပါ့မလား။ ဒါမှမဟုတ် သူမရဲ့ အလှတရားကြောင့် လောကထဲ… သမျှ ယောကျ်ားနဲ့မှ မတူဘူး၊ မတန်ဘူးလို့ ထင်နေခြင်းပဲလား။



www.burmeseclassic.com

www.burmeseclassic.com



အတွေးနှင့် ရာဇက တစ်ချက်ပြုံးလိုက်သည်။ ရာဇ သတိထား
သလောက်တော့ ဘုရင်မ မျက်နှာမှာ သူမအလှအတွက် မာန်မာန
မတွေ့ရ။ ယုံကြည်စိတ်ချမှု၊ ရဲရင့်ထက်မြက်မှုက ဦးဆောင်လျှ
ကြီးရင့်သော ဣန္ဒြေထဲမှာ နူးညံ့သိမ့်မွေ့မှုက ရောထွေးလျှက်။ ကျ
သရေရှိသော တင့်တယ်ခြင်းဖြင့် လင်းလက်နေပုံကို သတိမပြု
မနေနိုင်အောင် ဆွဲဆောင်မှုအပြည့်ရှိသူ။

မင်းကို ကိုယ်ချစ်မိပြီ ဘုရင်မ။

"အချစ်ကို ဒီလို လွယ်လွယ်နဲ့ပြောလို့ ဘယ်ရမလဲ ရာ
မင်းနဲ့ တွဲခဲ့တဲ့ မိန်းကလေးတိုင်း ဘုရင်မလောက်တော့ လှတာချည်
သူ့ထက် မသာရင်သာ ရှိမယ်၊ လျော့တော့မလျော့ဘူး၊ အဲဒါလုံ
သေချာတယ်"

လကျ်ာစကားကြောင့် ရာဇ ပြုံးလိုက်သည်။ အချစ်ဆိုသ
စကားကို အလွယ်တကူ ယုံကြည်လက်ခံသူတွေထဲမှာ လကျ်ာ မပါ
သလို ရာဇကိုယ်တိုင်လည်း အချစ်ဆိုသည့် စကားကို အယုံအကြ
မရှိသူအဖြစ် ထိပ်ဆုံးက နေရာယူခဲ့သူအဖြစ် လကျ်ာ ငြင်းဆန်ကန့်ကွ
သမျှ ပြုံးပြီး နားထောင်နေခြင်း ဖြစ်သည်။

"အလကား အဓိပ္ပာယ်မရှိတာကွာ၊ မိန်းမတစ်ယောက်ကို နှ
လောက် မြင်ဖူးတာနဲ့ မင်းလိုလူက ချစ်သွားပြီဆိုတာ ဖြစ်နိုင်စ
လား ရာဇ"

"ဖြစ်နိုင်ခဲ့လို့ပဲ ဖြစ်ခဲ့ပြီပဲ လကျ်ာ၊ ငါ မလိမ်ဘူး၊ ဘုရင်မ
ဇာကယ့်ကို ချစ်မိသွားတာ"

လကျ်ာပေါက်ကွဲနေသလောက် ရာဇက အေးစက်တည်ငြိမ်





တာဆိုတော့ လကျ်ာ နည်းနည်းတော့ ဖြုံသွားသည်။

"မင်း တကယ်ပြောနေတာလား ရာဇ"

"ဒါနောက်စရာ ပြောင်စရာမဟုတ်ဘူး လကျ်ာ၊ တကယ်ဖြစ်မှ တကယ်ချစ်မှ ရင်ဘတ်ထဲက လာတဲ့စကား၊ တစ်နေ့ မင်းကိုယ်တိုင် ချစ်တတ်လာမှ ငါ ပြောတဲ့အချစ်ဆိုတာ ဒီလိုပါလားဆိုတာ လက်ခံလာလိမ့်မယ်"

"ငါ့လိုလူလား၊ အချစ်ကို တွေ့မှာ"

လကျ်ာက သူ့ရင်ဘတ်ကို လက်ညှိုးထိုးပြီး ရာဇစကားကို သဘောကျစွာ ရယ်သည်။

"မင်းက ငါပြောတာ မယုံဘူးလား လကျ်ာ"

"ယုံစရာမရှိဘူးပဲ ရာဇ၊ ငါ့ခံယူချက်က မိန်းမတင်ယောက်ကို တစ်ချိန်ချိန်မှာ အသည်းအသန် ဖြစ်ချင်ဖြစ်မယ်၊ နောင်တစ်ချိန်မှာ ပြန်လှည့်ချင်မှ ကြည့်တတ်တာမျိုးကွ၊ တစ်ယောက်တည်း အမြဲ ချစ်နေရာမှာ ပျင်းတယ်"

"အချစ်စစ်နဲ့ မတွေ့သေးလို့ ဒီစကားမျိုး မင်း ပြောနေတာ လကျ်ာ"

"ထားပါ၊ မင်းပြောတဲ့အတိုင်းပဲ ထားလိုက်ပါ၊ အခု ဘုရင်မ ကိစ္စမှာ ဆန္ဒကို မင်း အရှုံးပေးလိုက်ပြီပေါ့… ဟုတ်လား ရာဇ"

"နိုး"

"မင်းပဲ ဘုရင်မကို ချစ်မိပြီဆို"

"အဲဒါက ရင်ဘတ်ကိစ္စ၊ ခံစားချက်ဆိုတာ နှလုံးသားထဲက လာတာ၊ ဆန္ဒကိစ္စနဲ့ ဘာမှမဆိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဆိုလိုတာက"

"ဆန္ဒကို ငါပဲ အနိုင်ရ ရမယ်လို့ ပြောတာ"

"အိုကေ... ရာဇဆိုတာ ဒီလိုပဲဖြစ်နေရာမှာ"

အခုမှ အားတက်လာသလို လကျ်ာပုံစံက ပြန်သွက်လာ၏။

"ဘုရင်မကို ငါ လက်ထပ်မယ်"

"ဟေ..."

အောင်နိုင်သူတစ်ယောက်၏ အပြုံးဖြင့် လကျ်ာက ကျေကျေ နပ်ကြီး ထအော်လိုက်သည့်အတွက် ရာဇ မျက်ခုံးတွန့်လိုက်သည်။

"သူ့ကို လက်ထပ်မှာ ချစ်လို့ကွ၊ ဆန္ဒကို အနိုင်ရဖို့ မဟုတ်ဘူး"

"မင်း ဘာပြောပြော ဝါ ဂရုမစိုက်ဘူး ရာဇ၊ မင်း ဘုရင်မ ချစ်လည်း ငါနိုင်တာပဲ၊ လက်ထပ်မည်ဆိုတာတော့ ပိုတောင် ပေ သေးတယ်၊ မင်းသာ ဘုရင်မကို လက်ထပ်ရင် ဆန္ဒ ရှုံးပြီ"

"ငါ နိုင်ပြီကွ ရာဇ နိုင်ပြီ"

လကျ်ာက ဇွတ်ပြောနေ၍ ရာဇ ဘာမှပြန်မပြောဘဲ ငြိမ်နေလိုက် သည်။ သူ့ရင်ထဲက ခံစားချက် အစစ်အမှန်ကို လကျ်ာသိအောင် ဖွင့်ပြောလိုက်ပေမယ့် သူချစ်သော၊ မြတ်နိုးသော မိန်းမလှလေး၏ အချစ်ကို ပိုင်ဆိုင်ယူနိုင်အောင် သူ့ဘက်က အတော်ကြိုးစားရမှာကို ရာဇ စိတ်ထဲက အလိုလိုသိနေသည်။

ဘုရင်မက သူ တွေ့ဖူးသည့် မိန်းကလေးတွေနှင့် မတူတာ လုံးဝသေချာသည်။ ပြီးတော့ ဘုရင်မနှင့် ရာဇကြားမှာ တိုက်ဆိုင်မှု လေးတွေ ရှိနေတာကလည်း ထူးခြားသည်။

ဘုရင်မကို ဘုရင်မမှန်း မသိခင်ကတည်းက ရာဇ စိတ်ဝင်စားခဲ့





သလို ရင်ခုန်စွဲလမ်းခဲ့သည့် အနေအထားမှာ ရာဇ စိတ်ဝင်စားသော မိန်းကလေးကပဲ ဘုရင်မဖြစ်နေ၍ အံ့သြမယုံနိုင်အောင် ဖြစ်နေပေမယ့် ရာဇ ပျော်သည်။

ဆန္ဒကတစ်ဆင့် သူ ချစ်သော မိန်းမလှလေးအကြောင်း သိထား နိုင်ရ၍လည်း ပိုပြီး ရင်ခုန်လှုပ်ရှားမိသည်။ အချစ်ကို ဘယ်တုန်းကမှ အယုံအကြည်မရှိသော ရာဇကိုယ်တိုင် ဘုရင်မကြောင့် အချစ်ကို ယုံ ကြည်လက်ခံခဲ့ရသလို သူမကိုယ်တိုင်လည်း ရာဇဆိုသည့် သူ့ကြောင့် အချစ်ကို ယုံကြည်ကိုးကွယ်သူဖြစ်စေချင်သည်။

အချစ်ဆိုသည့်အရာကို စိတ်ဝင်စားလာအောင် ရင်ခုန်တတ်လာ အောင် ဘုရင်မကို သူ ဘယ်လို သင်ကြားပေးရမည်နည်း။ ရာဇ နှုတ်ခမ်းမှာ အပြုံးသဲ့သဲ့ နူးညံ့သိမ်မွေ့စွာ ဖြတ်ပြေးသွားသည်။

"မဟုတ်သေးဘူးနော် ရာဇ၊ မင်းအနေအထားနဲ့ သေချာပြန်စဉ်း စားဦး၊ ကိုယ်ပိုင်ကုမ္ပဏီအများကြီး ပိုင်ဆိုင်တဲ့လူက သူများကုမ္ပဏီထဲ ရှယ်ယာမင်းလုပ်ချင်ရအောင် အကြောင်းပြချက်က ဘာလဲ"

"ကျွန်တော် သူနဲ့အတူ အလုပ်တွဲလုပ်ချင်လို့"

အန်ကယ်ဒေဝကို လိမ်ညာ၍ မရ။

လိမ်ညာနေစရာလည်း အကြောင်းမရှိသဖြင့် ရာဇ သူဖြစ်ချင်တာ ကိုပဲ တည့်တည့်ပြောလိုက်တော့ အန်ကယ်ဒေဝ အကြည့်တွေက ရာဇထံ စူးခနဲ ရောက်လာသည်။

"သူဆိုတာ ဘယ်သူလဲ၊ မင်း သူငယ်ချင်းလား"

"နိုး"

"ကျွန်တော့်ချစ်သူ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ၊ သဘောပေါက်ပြီ၊ မင်းတို့ချင်း ချစ်နေကြပြီ ဒီလိုလား"

"ကျွန်တော်က ချစ်နေတာ"

"ဘယ်လို"

"ကျွန်တော် ချစ်နေတာကို သူ မသိဘူး၊ သိလည်း သူက စိတ်ဝင်စားမှာ မဟုတ်ဘူး"

"မင်းထက် ပိုအသည်းမာတယ်ထင်တယ်"

"မာနလည်း ပိုကြီးတယ်ဗျာ"

"စိတ်ဝင်စားစရာပါလား၊ ကြည့်ရတာ မင်းကောင်မလေးက တော်တော်လှတယ် ထင်တယ်၊ ဘယ်အတိုင်းအတာအထိ သူ့နားမှာ နေမယ် စိတ်ကူးထားလဲ ပြော"

"သူ ကျွန်တော့်ကို လက်ထပ်တဲ့အထိ"

အန်ကယ်ဒေဝ မျက်ခုံးအစုံ ဆတ်ခနဲ ပင့်သွားကာ ရာဇ မျက်နှာကို သေချာစွာစိုက်ကြည့်သည်။

"အချစ်စစ်လား"

"ဟုတ်တယ်"

"ကြားရတာ မင်္ဂလာရှိလိုက်တာ၊ နေဇ လိုချင်တဲ့ အနာဂတ်ရဲ့ မျိုးဆက်သစ်ဆိုတာ ဒါပဲ၊ စိတ်ချ မင်းဖြစ်စေချင်တဲ့အတိုင်း အားလုံး ဖြစ်ရမယ်"

"သူ့နာမည်ကိုပဲ ပြော"

"ဘုရင်မ"

"နေစမ်းပါဦး၊ ဒီနာမည် တစ်နေရာမှာ ကြားဖူးပါတယ်၊ ဘယ်သူ့ သမီးလေးပါလိမ့်"





"ဦးမင်းနေ၊ ဒေါ်သီဂီခင်လေးတို့ရဲ့ တစ်ဦးတည်းသော သမီး"

"သြော်… ဦးမင်းနေ သမီးကိုး၊ မင်းနေ ကုမ္ပဏီပိုင်ရှင် နာမည် ဦးပဲကွ၊ ကြိုက်ပြီဟေ့၊ အဲဒီကလေးမလေးအကြောင်း အန်ကယ် ကြားဖူးတယ်၊ တော်လည်းတော်၊ ထက်လည်း ထက်မြက်တယ်ဆိုပဲ"

"မင်းနဲ့ ဟော်တော်တူတယ် ရာဇ၊ စကားပုံကိုက အသွင်တူမှ သူဖြစ်ရမျိုးဆိုတော့ ငါတို့ညီအစ်ကို မင်းအတွက် စိတ်ချရပြီ"

အန်ကယ်ဒေဝက ဘုရင်မနှင့်တကွ သူမ ဆွေစဉ်မျိုးဆက် စာရင်း အားလုံး တသီကြီး စုံစမ်းလာ၍ အန်ကယ်ဒေဝ အဖြစ်သည်းပုံကို တစ်ယောက်တည်း ကြိတ်ပြုံးမိသည်။

"ဘယ်လိုလဲ သား၊ ဒယ်ဒီ မြေးချီရတော့မယ်ဆို"

"သတင်းတွေက မြန်လှချည်လား ဒယ်ဒီရာ၊ ဇာတ်လမ်းက ကောင်း မစရသေးဘူး၊ ဒယ်ဒီက မြေးချီချင်နေပြီလား"

"ဒယ်ဒီ အဖြစ်ချင်ဆုံးဆန္ဒက ဒါပဲလေ၊ ဒီတစ်ခါတော့ ဒယ်ဒီ တ်က လုံးဝ စိတ်ချထားလိုက်တော့မယ်နော်"

ဒယ်ဒီစကားကြောင့် သူ ပြုံးလိုက်သည်။

"ဘုရင်မက မာနကြီးတယ် ဒယ်ဒီ"

"ငါ့သားထက်လား"

"ဟုတ်တယ်"

"ကြိုက်သွားပြီဟေ့၊ နာမည်နဲ့လူ လိုက်တယ်"

"ဒီလိုပဲ ဖြစ်ရမယ်၊ ဒယ်ဒီ့သားကိုယ်တိုင်က ချစ်မှ မချစ်တတ် ဘာ၊ ဒီလောက်တော့ ရှိမှာပေါ့"

အဲဒါ အရင်တုန်းကဆိုတော့ စကားကို ရာဇ ထုတ်မပြောတော့



www.burmeseclassic.com

www.burmeseclassic.com



ပါ။ အခု ရာဇနှလုံးသားက ချစ်တတ်ပြီဆိုတာ ဒယ်ဒီသိရင် ဟားတိုက်ရယ်မှာ သေချာသည်။

ကိုယ့်အချစ်ကို ယုံပါ ဘုရင်မရယ်။

မင်းကို ဘုရင်မဆိုတဲ့ မိန်းကလေးမှန်း မသိခင်ကတည်းက တစ်ယောက်တည်း ကျိတ်ချစ်နေခဲ့မိတဲ့ ကိုယ်ပါ။

မင်းကို ကိုယ်ချစ်တယ် ဘုရင်မ။

"အချိန်ဘယ်လောက်ယူမှာလဲ သား"

"ဗျာ..."

"မင်းတို့နှစ်ယောက် လက်ထပ်ဖို့ကိစ္စကို ပြောနေတာကွ"

ဒယ်ဒီက ရာဇအပေါ်မှာ ယုံကြည်မှုအပြည့်နှင့် ထိုစကားကို ပြောမှန်း ရာဇ သိသည်။ တခြား မိန်းကလေးတွေဆိုရင် ရာဇဘက်က အချိန်အတိအကျ အဖြေပေးနိုင်ခဲ့ပေမယ့် ဘုရင်မနှင့်ကြတော့ ရာဇဘက်က ခပ်လွယ်လွယ်ဖြေဖို့ ခက်သွားတာ ဝန်ခံသည်။

"အချိန်တွေ ရှိပါသေးတယ် ဒယ်ဒီရာ၊ နည်းနည်းတော့ စောင့်ပါဦး"

"သိပ်အကြာကြီး အချိန်ဆွဲမနေနဲ့နော် သား၊ ဦးနေဇ သားဖြစ်ပြီး ဒီလောက် ညံ့နေဖို့မလိုဘူး၊ ဒယ်ဒီပြောတာ သား သဘောပေါက်တယ်နော်"

"ဟုတ်ကဲ့"

"သားဖြစ်ချင်တာအားလုံး ဖြစ်စေရမယ်၊ အဲဒီအတွက် ဘာမှမပူနဲ့၊ ဂွတ်လပ်(ခ်)"

ဒယ်ဒီပြောသည့်အတိုင်း အတိအကျ ဘုရင်မကုမ္ပဏီမှာ ရှယ်ယာအများဆုံးရအောင် ဝယ်ယူလိုက်ပြီး ရာဇကို ဘုရင်မနားရောက်အောင် ပို့ပေးလိုက်သည်။





ရာဇ ဘယ်တုန်းကမှ စိတ်မဝင်စားသည့် အလုပ်ကိစ္စတွေ အစ်ပုံကြီး ရာဇရှေ့ ရောက်လာချိန်မှာ အန်ကယ်ဒေဝက ရာဇ အခက်အခဲကို ချက်ချင်းဖြေရှင်းပေးသည်။

ရာဇကိုယ်တိုင် အလုပ်ထဲကို စိတ်မဝင်စား၍ ဝင်မလုပ်တာဘဲရှိသည်။ ကျန်သည့်အပိုင်းအားလုံး နားလည်ထားပြီးသားဖြစ်၍ အန်ကယ်ဒေဝ အကူအညီဖြင့် ပေါင်းစပ်လိုက်သောအခါ ဘုရင်မပိုင် ကုမ္ပဏီ၏ သွင်းကုန်ထုတ်ကုန်ကိစ္စ၊ အိမ်ပါစပို့ကိစ္စအားလုံး တစ်ထိုင်တည်း နားလည်သဘောပေါက်သွားသည်။ ကိစ္စတွေအားလုံး ရာဇတို့ ကုမ္ပဏီနှင့် အခြေခံသဘောတရားပိုင်းမှာ အတူတူဖြစ်သည့်အတွက် ပြဿနာမရှိ။

တကယ့်လက်တွေ့မှာ ရှိလာသည့် ပြဿနာက ဘုရင်မနှင့်သူ အမြန်ဆုံး ချစ်သူများဖြစ်၍ လက်ထပ်ကြဖို့ အရေးဖြစ်သည်။ ဘုရင်မ အသက်ငယ်ပေမယ့် အလုပ်သိပ်လုပ်သူဖြစ်နေသည့်အပြင် စီးပွားရေး ဗဟုသုတ ကျွမ်းကျင်သူလည်း ဖြစ်နေသည့်အတွက် ချီးကျူးစရာတော့ ကောင်းသည်။

မိန်းမတစ်ယောက်အနေနှင့် သိပ်ပြီး ထက်မြက်လွန်းလာသည့်အခါ သူမလောက်မှ အရည်အချင်းမရှိ ညံ့ဖျင်းအသုံးမကျသော ယောကျ်ားတွေကို တဖြည်းဖြည်း အထင်သေးလာရာက လုံးဝ အထင်မကြီးတော့သူ ဖြစ်လာခြင်းဖြစ်သည်။ သူတို့ ယောကျ်ားတွေကလည်း ယောကျ်ားတွေ၊ မိန်းမတစ်ယောက်လောက် အသုံးမကျသူ၊



www.burmeseclassic.com

www.burmeseclassic.com



အဆင့်အတန်း မရှိသူတွေ အများကြီး။

တချို့ ယောက်ျားတွေဆို ယောက်ျားလို့ပင် မခေါ်ထိုက်အောင် စိတ်ဓာတ်ရေးရာပိုင်းမှာ အောက်တန်းကျသူတွေလည်း ရှိသည်။ ကိုယ်ပိုင်အရည်အချင်းမရှိဘဲနဲ့ မိန်းမဘက်က ပိုင်ဆိုင်သမျှ စီးပွားတွက်တွက်၊ ဦးနှောက်ကြီးကြီး၊ အမြင်ကျယ်ကျယ်နှင့် ဘုရင်မများ ချုပ်ကိုင်နေသည့် စီးပွားဖြစ် ယောက်ျားတွေကလည်း အများကြီးဆိုတော့ ဘုရင်မအနေနှင့် ဘယ်ယောက်ျားကိုမှ အယုံအကြည်မရှိတာ ဘာမှ မဆန်း။

ဆန်းနေတာက ရာဇ။

တစ်ချိန်လုံး ဘုရင်မအကြောင်း အသေးစိတ်သိခွင့်ရအောင် ကြိုးစားသည်။ သူ့အပေါ်မှာ ဘုရင်မကိုယ်တိုင် ရှုံ့ချနိုင်လာစေမည့်အကြောင်းအရာတွေ စဉ်းစားသည်။

မင်းနေကုမ္ပဏီ၏ ရှယ်ယာမင်း(န်)အဖြစ် ဘုရင်မနှင့်သူ တွေ့ဆုံသည့်ပွဲမှာ ဘုရင်မ သူ့ကို ကြည့်လိုက်သည့်အကြည့်ကို သူမမေ့။ စိတ်ထဲမှာ စွဲနေသည်။

သူမအကြည့်က စကားအများကြီး ပြောတာထက် ပိုထိရောက်သည်။

"ဒါ မင်းနေကုမ္ပဏီရဲ့ ရှယ်ယာအများဆုံးပိုင်ရှင် ဦးရာဇပါ"

ဦးထွန်းသစ်က ရာဇကို ဘုရင်မနှင့် မိတ်ဆက်ပေးချိန် သူမက အကြည့်တစ်မျိုးနှင့် သူ့ကို ဖျတ်ခနဲ ကြည့်လိုက်သည်။ ထိုအကြည့်က ဒီလိုလူမျိုးတွေ့ရတာ ရိုးနေပြီဆိုသော အကြည့်။ အထင်မကြီးသော အကြည့်၊ စိတ်မဝင်စားသော အကြည့်ဖြစ်သည်။





"တွေ့ရတာ ဝမ်းသာပါတယ် ရာဇ"

"ကျွန်တော်လည်း ဝမ်းသာပါတယ် ကွင်း"

ဘုရင်မနှင့်သူ လက်ဆွဲနှုတ်ဆက်လိုက်သည်။ နောက် တခြား အလုပ်အကြောင်းတွေ ပြောဆိုဆွေးနွေးကြသည်။ ညှိနှိုင်းတိုင်ပင်ကြသည်။ ဘုရင်မက ရာဇကို သိလည်း မသိ၊ ကြည့်လည်းမကြည့်၊ အလွန်တရာ စိမ်းပြတ်သောအသွင်ဖြင့် ဘယ်တုန်းကမှ မတွေ့ဖူး မြင်ဖူးသူတစ်ယောက်လို နေပုံကလည်း သူမကို တစ်မျိုး စိတ်ဝင်စားဖို့ ဖြစ်သည်။

တစ်ချိန်တည်းမှာပင် ဘုရင်မဆိုသည့် ဘာဖြစ်လို့ဒီလောက် အမည်ကြီးတာလဲ၊ လူစိတ်ဝင်စားတာလဲဆိုတာပါ သဘောပေါက်သွားသည်။

ဒါဘုရင်မရဲ့ ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်စတိုင်မှန်း နားလည်လာ၏။

"ကွင်း"

"ကိုယ့်ကို အလုပ်လုပ်နေတဲ့အချိန်မှာ ဒီလို မခေါ်ပါနဲ့"

"ဆောရီး၊ ကျွန်တော့်ကို ဘုရင်မလို့ ခေါ်စေချင်တာဆိုရင် ပြန်ပြင်ခေါ်ပါ့မယ်"

"ပြော... ဘာကိစ္စလဲ"

"ကွင်းလို့ ဘယ်အချိန်ခေါ်ရမှာလဲ"

နှစ်ယောက် အကြည့်ချင်း ဆုံသွားသည်။

ဘယ်သူမှ အကြည့်ကိုမလွှဲ။ ရာဇမျက်ဝန်းအကြည့်ထဲမှာ နူးညံ့သိမ်မွေ့သော ချစ်ခြင်းတို့ ရှူးရှူးနစ်နစ် ပျော်ဝင်နေပေမယ့် ဘုရင်မအကြည့်တွေက ဘယ်လို ခံစားချက်မှ မပါသော အေးစက်မှုအပြည့်နှင့်



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို တုံ့ပြန်သည်။

"ဖြစ်နိုင်ရင် အဲဒီနာမည်ကို ဘယ်အချိန်မှ မခေါ်စေချင်ဘူး"

"ကွင်း"

"မင်းကို အဲဒီနာမည်ကို မခေါ်ဖို့ ပြောထားတယ် ရာဇ"

"ခင်ဗျားပြောတိုင်း ကျွန်တော် နားထောင်ရမှာလား"

"ရာဇ"

"ပြော"

စူးလက်သော အကြည့်က ဂျစ်ကန်ကန်အသွင် ပြောင်းသွားကာ ရာဇမျက်နှာထံ လက်ခနဲ တောက်ပစွာ ရောက်လာ၏။

"မင်း ဘာဖြစ်ချင်တာလဲ ရာဇ"

"ကျွန်တော်ဖြစ်ချင်တာကို ပြောရမှာလား"

"မင်းမှာ တခြားအလုပ်မရှိဘူးလား"

သူ ဘုရင်မမျက်နှာလေးကို စူးစူးနစ်နစ် စိုက်ကြည့်ပြီး ခပ်သွဲ့သွဲ့ ပြုံးလိုက်သည်။

"ကျွန်တော့်ဘဝအတွက် အရေးကြီးဆုံး အလုပ်ကို လုပ်နေတာ ကွင်းမှ မသိဘဲ"

"မင်း ပြောလို့ပြီးပြီလား"

"မပြီးသေးဘူး"

"ကိုယ့်ကို ဒီထက်ပိုပြီး မနှောင့်ယှက်သင့်ဘူး ထင်တယ်"

"နှောင့်ယှက်တာက ကျွန်တော် မဟုတ်ဘူး၊ ခင်ဗျား"

"မင်း ဘာကိုဆိုလိုတာလဲ"

"သိတာကို မသိသလို ဟန်ဆောင်နေတာမျိုး ကျွန်တော် အမုန်း





ဆုံးပဲ"

"ဟုတ်လား"

"ဒါဆို မင်းဘဝမှာ ကိုယ့်လိုမိန်းမကို အမုန်းဆုံးနေရာမှာ ဆက်ပြီးထားလိုက်"

"ဘုရင်မ"

သူလှမ်းခေါ်ပေမယ့် ဘုရင်မက သူ့ကိုလှည့်မကြည့်။ ခြေလှမ်းကျဲကြီးတွေနှင့် သူမနောက် လိုက်သွားရန် ခြေအလှမ်းမှာ နှိုင်းခြားသားသည့်သည်များ ရောက်လာ၍ သူ့စိတ်ကို လျှော့လိုက်ရသည်။

ခင်ဗျား ဘယ်အထိအောင် ကိုယ့်ကို အသိအမှတ်မပြုဘဲ နေနိုင်မလဲဆိုတာ စောင့်ကြည့်ရဦးမှာပေါ့။

ရာဇခြေလှမ်းတွေက သူမနှင့်ဆန့်ကျင်ဘက်သို့ ဦးတည်လိုက်သည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

"ဒါတွေက ဘယ်လိုဖြစ်တာလဲ ဒေါ်စု"

"ကောင်လေးတစ်ယောက် လာထားသွားတာ ကလေး
ကလေးတို့ရုံးကလို့ ပြောတယ်"

"ရုံးက..."

"ဟုတ်တယ်ကွဲ့၊ နာမည်က ရာဇတဲ့"

"ရာဇ"

ဘုရင်မနှုတ်ဖျားက ရာဇဆိုသည့်အမည် ခပ်တိုးတိုး ခေါ်ဖြ
သွား၏။ ဒီလောက် များပြားသည့်ပန်းတွေ ဘုရင်မ တစ်သက် တစ်ခါ
မှ မတွေ့ဘူး။ သူမကို ပိုးပန်းကြသော ယောကျ်ားများစွာကလည်း
ဒီလို စိတ်ကူးမျိုး မရှိခဲ့ကြတာ သေချာသည်။

အခု ရာဇနှင့်ကျမှ သူမ မကြုံဘူးတာတွေ ကြုံနေရသည်
ပန်းပွင့်ပေါင်းများစွာနှင့် အသည်းပုံလေးများ လှပစွာ ဖော်ကျူးထားသည်





ရဲရဲနီနေသည့် ပန်းပင်လယ်ကိုကြည့်၍ ပထမဆုံး မျက်ခုံးတွန့်မိသည်။

အနုနည်းနှင့် ဘုရင်မကို ချစ်ရေးဆိုသွားသည့် ရာဇလုပ်ပုံက လှသည်။ စိတ်ကူးယဉ်ဆန်သည်။ ဘယ်သူနဲ့မှမတူ ထူးခြားတာ မှန်ပေမယ့် သူ့အပြုအမူတွေက သူမကို စိတ်အနှောင့်အယှက် ဖြစ်စေသည်။

"ဒီမှာ... ကလေးအတွက် စာတစ်စောင်လည်း ပေးသွားသေးတယ်"

ဒေါ်စုလက်ထဲက စာအိတ်ဖြူဖြူလေးကို လှမ်းယူပြီး ဖွင့်လိုက်တော့ သူမနာမည်နှင့် အဖြူရောင်ကတ်ပြားလေးတစ်ခု။

**ကွင်း**

**ပန်းပွင့်ပေါင်း တစ်ထောင့်ငါးရာတိတိ ပါဝင်တဲ့ အချစ်**
**သင်္ကေတဟာ ကျွန်တော့်ရဲ့ နှလုံးသားပါ...**

**ရာဇ**

"နောက် ဘယ်တော့မှ သူ့ကို အိမ်ထဲပေးမဝင်ပါနဲ့ ဒေါ်စု"

"ဘယ်သူ့ကိုလဲ ကလေး"

"ရာဇဆိုတဲ့လူကို"

"ကောင်းပါပြီကွယ်"

လက်ထဲက စာအိတ်ကို နီးရာစားပွဲပေါ် ပစ်တင်ပြီးနေရာ
ချာခနဲ လှည့်ထွက်လာပေမယ့် သေသပ်လှပစွာ ရေးထားသော ရာဇ

www.burmeseclassic.com



လက်ရေးနှင့်စာများက သူမနှင့်အတူ လိုက်ပါလာသည်။

သူမဘဝထဲ အကြိမ်ကြိမ် ဝင်ရောက်လာသည့် အချစ်သဝဏ်လွှာ အချစ်စာမျက်နှာပေါင်း များစွာနည်းတူ ဤအချစ်ခရီးကိုလည်း သူမကပဲ လှပစွာ အဆုံးသတ်ပေးဖို့ ဆုံးဖြတ်လိုက်သည်။

ရာဇ သူမကုမ္ပဏီကို ရှယ်ယာမင်း(န်)တစ်ယောက်အဖြစ် ရောက်လာကတည်းက သူ့ဘက်က မရိုးသားမှုကို ဘုရင်မ နားလည်ခဲ့သည်။ လျှောက်လှမ်းဖြတ်သန်းလာခဲ့ရသည့် ဘဝခရီးမှာ ဒီလိုအဖြစ်တွေ ဒီလို အနေအထားတွေ မကြာခဏ ကြုံတွေ့ခဲ့ဖူးသူအဖြစ် ဘုရင်မအတွက် ဤအဖြစ်အပျက်ပေါ်မှာ ဘာတစ်ခုမှ ခံစားမှုမရှိခဲ့ပါ။

လှတာမြင်ရင် လိုချင်တတ်ကြတာ သဘာဝဆိုတာ သူမ နားလည်သည်။ အထူးသဖြင့် ကြီးပွားထည်ဝါသော စည်းစိမ်ချမ်းသာ ဂုဏ်သတင်းနှင့်အပြိုင် လှပထက်မြက် ငယ်ရွယ်နုနယ်ခြင်းက ယောကျ်ား တိုင်းအတွက် လိုချင်တပ်မက်စရာ ဆုလာဘ်ထူးတစ်ခု ဖြစ်ခဲ့သည်။

ယောကျ်ားတိုင်းက ဘုရင်မအချစ်ကို လိုချင်သည်။ ဘုရင်မ လှပမှုကို မြတ်နိုးသည်။ ချမ်းသာကြွယ်ဝမှုကို အလေးထားသည်။ ကောင်းမြတ်သော ဂုဏ်ဒြပ်တို့စုဝေးနေသည့် မိန်းမလှလေးအနား မှာ ပုံသဏ္ဍာန်မျိုးစုံ၊ အချစ်မျိုးစုံ၊ ခံစားချက်အဖုံဖုံနှင့် ရစ်ဝဲပျံသန်းနေကြသော အသွေးအရောင်စုံ လိပ်ပြာတွေကို ဘယ်လိုခံစားမှုမှမထား။

အတုနှင့်အစစ် ရောထွေးနေသည့် လောကမာယာကြားမှာ ဘဝ နာခဲ့ဖူးသူအဖြစ် အတည်ငြိမ်ဆုံး နေထိုင်လာခဲ့သူက ဘုရင်မ။

နှလုံးသားမရှိသည့်မိန်းမ။

သွေးအေးရက်စက်တတ်သည့် အချစ်မရှိသော မိန်းမရယ်လို့ ဘယ်လိုပဲ ကင်ပွန်းတပ်တပ် ဘုရင်မဆိုသည့် သူမ မတုန်မလှုပ် ကျောက်စစ်ရုပ်လို နေခဲ့သည်။

အခု ကျောက်စစ်ရုပ်ကို ပုတ်နိုးအသက်သွင်းဖို့ ကြိုးစားနေသူတစ် ယောက် သူမ့ရှေ့ ထပ်ရောက်လာပြန်သည်။ အာရုံထဲမှာ အလုပ်ပဲရှိ သည်။ တာဝန်ဝတ္တရားပဲ ရှိသည်။ ဒါ့အပြင် တခြားဘာဆိုဘာမှ ရှိ… ရှိလာခဲ့မည်ဆိုလျှင်တောင် ဘုရင်မကိုယ်တိုင် လက်မခံသူ။

"အဲဒီ အမိုက်တွေကို အလုပ်သမားခေါ်ပြီး တစ်ခါတည်း …င်းပစ်လိုက် ဒေါ်စု"

"ပန်းတွေ နမြောစရာ ကလေးရယ်"

"ကျွန်မပြောတဲ့အတိုင်းသာ လုပ်ပါ၊ ကျွန်မအလုပ်က ပြန် …ရင် အရင်အတိုင်းပဲ မြင်ချင်တယ်"

"နောက်တစ်ခု ထပ်ပြောထားမယ်၊ ဘယ်လိုအကြောင်းနဲ့မှ …ွန်မကို အသိမပေးဘဲနဲ့ ကျွန်မအိမ်ထဲ လူဝင်မခံပါနဲ့"

"ကောင်းပါပြီကွယ်"

ဘုရင်မအမိန့်အတိုင်း ဒေါ်စုက ခြံထဲမှာ လှပခမ်းနားစွာ ချစ်စရာ …ာင်းအောင် ပြင်ဆင်ထားသည့် ပန်းပင်လယ်ကြီးကို အလုပ်သမား …ခေါ်ပြီး ချက်ချင်းရှင်းပစ်သည်။ အချိန်ဘယ်လောက်ယူ၍ အလှဆင် …းသည် မသိရပေမယ့် ရှင်းထုတ်ရတာတော့ အတော်ကြာသည်။

"တူ… တူ"

အသံမြည်လာသော ဖုန်းကို ကောက်ကိုင်လိုက်တော့ ရာဇအသံ … ကြားရသည်။

"ကွင်း"

www.burmeseclassic.com



"ကိုယ်မသိဘဲ ကိုယ့်ခြံထဲဝင်ပြီး နောက်ထပ် အမှိုက်ရှုပ်အောင် မလုပ်နဲ့ ရာဇ"

ရာဇထံမှ စကားသံကို မစောင့်ဘဲ သူမ ပြောချင်တာပြော ဖုန်းကိုပါ စက်ပိတ်ပစ်လိုက်သည်။

ရာဇမှသာ ဘုရင်မထံမှ စကားသံနှင့် အသုံးအနှုန်းကို နားထော ပြီး သဘာကျစွာ ပြုံးလိုက်သည်။ ဒီလောက်လှ ဒီလောက်ချစ်စ ကောင်းတဲ့ နှင်းဆီပန်းအစုအဝေး ပန်းပင်လယ်ကြီးက ဘုရင်မဆို သူမအတွက် အမှိုက်တစ်ခုထက် ပိုမမြင်နိုင်ဘူးတဲ့လား။

ခင်ဗျားတော်တယ် ကွင်း။ ဒါပေမဲ့ ခင်ဗျားထက်ရာဇဆို ကျွန်တော်က ပိုတော်တယ်ဆိုတာ မကြာခင် ခင်ဗျားသိရမှာပါ။

ကိုယ့်အတွေးနှင့်ကိုယ် ရာဇ သဘောကျစွာ ခပ်တိုးတိုး ရ လိုက်သည်။ သူ့စိတ်ထဲ ဘုရင်မကို ပိုချစ်၊ ပိုမြတ်နိုးသွားသည်။

"ကွင်း"

"ဟင်"

"မင်း ဘယ်လို ကိုယ့်နောက်လိုက်လာတာလဲ"

ရာဇအာ့ပ်ကြီးက ဘုရင်မကိုယ်မှာ မိုးနေလောက်အောင် အ အထားက နီးကပ်လွန်း၍ ဘုရင်မမှာ ရာဇကို မေးလည်း ခြေလှမ်းကို နောက်အဆုတ်မှာ ရပ်ထားသည့် ကားဘော်ဒီနှင့် ကြားမှာ သူမကိုယ်လေး ပိတ်မိသလို ဖြစ်သွားရသည်။

"ကွင်းကို ပြောစရာရှိလို့"

"ပြောချင်ရင် မင်းကိုယ်ကို အရင်နောက်ဆုတ်လိုက်ဦး ရာ

"ဒီအတိုင်းပြောတော့ ဘာဖြစ်လို့လဲ"





"မင်းလိုကောင်လေးတစ်ယောက်နဲ့ ငါ့ကို တခြားသူတွေ အထင် လွဲမခံနိုင်လို့ ရှင်းလား"

"ကျွန်တော်ကတော့ အဲဒီလို အထင်ခံရတာ ကြိုက်တယ်"

ရာဇစကားအဆုံးမှာ ဘုရင်မအကြည့်တစ်မျိုးက ဒူးထောက်စွာ သူ့မျက်ဝန်းထဲ တည့်မတ်စွာ ရောက်လာပြီး ခပ်စိမ်းစိမ်း သူ့ကို စိုက်ကြည့်သည်။

"မင်းတို့လို ယောကျ်ားတွေကို လုံးဝ အထင်မကြီးတာ အဲဒါပဲ ရာဇ၊ မိန်းမတစ်ယောက်ရဲ့ အလှအပ၊ ချမ်းသာကြွယ်ဝမှု၊ ဂုဏ်ပကာသန ကိုသာ ရမယ်ဆိုရင် အထင်ခံရလည်း မနည်းဘူးဆိုတာ"

"ခင်ဗျားစကားတွေ သိပ်လွန်လာပြီ"

"မင်းထင်လို့ပါ၊ ဖြစ်နိုင်ရင် ကိုယ်က ယောကျ်ားမာယာ ဘယ် လောက်ရှိမှန်းစရာ ကောင်းတယ်၊ ကြောက်စရာ ကောင်းတယ်ဆိုတာ မိန်းကလေးတွေသိအောင် ဒီထက်မက ပြောပြချင်တာ"

"မင်းလို ယောကျ်ားတွေ ကိုယ့်ဘဝမှာ အများကြီးတွေ့ခဲ့ပြီးပြီ ရာဇ၊ အားလုံး ဒီလိုပုံစံတွေချည်းပဲ"

"ခင်ဗျား ဘာစကားပြောတာလဲ"

"ဗမာစကားလေ၊ ကဲ... ပြော၊ မင်းလိုချင်တာ ဘာလဲ"

"အချစ်"

"အချစ်... ဟုတ်လား"

"ဟင်း... ဟင်း... ဟင်း"

"သိပ်ရယ်ရတဲ့စကားပဲ"

"ခင်ဗျား ကျွန်တော့်ကို မလှောင်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



ချစ်စရာကောင်းအောင် လှပစွာ ရယ်မောလှောင်ပြောင်လိုက်သော ရယ်သံသဲ့သဲ့အောက်မှာ ရာဇ တစ်ကိုယ်လုံး ဖျင်းခနဲ ဖြစ်သွားသည်။

ဒါယောကျ်ားမာနကို လှလှပပ စော်ကားပြနေတာပဲ။ မိန်းမတစ်ယောက်ဆီက ယောကျ်ားတွေကို အထင်သေးရှုချဟန်၊ ရွံရှာမုန်းတီးသော အကြည့်အပြောမျိုး ကြားရမြင်ရတာ ရာဇဘဝမှာ ဒါပထမဆုံးဆိုတာ သေချာသည်။

မိန်းမတွေကို ဘယ်တုန်းကမှ အထင်မကြီးခဲ့သည့် ယောကျ်ားတစ်ယောက်အတွက် ယောကျ်ားတွေကို အထင်မကြီးသည့် မိန်းမနှင့်လာတွေ့ရတော့ ဝဋ်လည်ခြင်းဖြစ်သည်။

"မင်းကို လှောင်သလိုဖြစ်သွားရင် ဆောရီး၊ ကိုယ့်ကိုတွေ့တဲ့ယောကျ်ားတိုင်းက ဒီလိုပဲ၊ အချစ်အကြောင်း ပြောတတ်လွန်းလို့ပါ"

"ယောကျ်ားတိုင်း တကယ်လိုချင်တာက ကိုယ့်အချစ်လည်း မဟုတ်ဘူး၊ ကိုယ့်ကိုလည်း မဟုတ်ဘူး၊ ကိုယ့်နောက်က ကိုယ့်ရဲ့ ကြွယ်ဝချမ်းသာမှု၊ ကိုယ်ပိုင်ဆိုင်တဲ့ ဥစ္စာပစ္စည်းတွေ ဖြစ်နေတယ်"

ဘုရင်မက သူပြောချင်တာပြောပြီး ရာဇမျက်လုံးထဲကို တည့်တည့်စိုက်ကြည့်ကာ ခပ်လှောင်လှောင် ပြုံးသည်။

"ကဲ… မင်း ဘာပြောဦးမှာလဲ"

"ခင်ဗျား တွေ့ဖူးသမျှ ယောကျ်ားတွေနဲ့ ကျွန်တော့်ကို လာမနှိုင်းနဲ့၊ ရာဇဆိုတာ ခင်ဗျားပတ်ဝန်းကျင်မှာ ရှိနေတဲ့ ခပ်ညံ့ညံ့ယောကျ်ားတစ်ယောက် မဟုတ်ဘူး"

"သင့်ခ်ယူး"





"မင်း အခုလို ပြောတဲ့အတွက် ကျေးဇူးပါ၊ အခု ကိုယ့်မှာ တခြားအလုပ်ကိစ္စတစ်ခု ချိန်းထားတာရှိတယ်၊ ခွင့်ပြုပါဦး"

ဘုရင်မက သူ့ကို ခံစားချက်မဲ့သော အကြည့်တစ်မျိုးဖြင့် လှပစွာကြည့်ပြီး အေးစက်စွာ နှုတ်ဆက်သည့်အတွက် ရာဇ သူမထံမှာ အမူအယာကိုကြည့်ပြီး ဘာဆက်လုပ်ရမှန်းမသိ ဖြစ်သွားသည်။ သိပ်လှပြီး သိပ်ထက်မြက်တဲ့ မိန်းမတစ်ယောက်ဆီမှာ ဘာလို့ ဒီလောက်ကြောက်စရာကောင်းတဲ့ စိတ်ခံစားချက်တွေ ရှိနေရတာလဲ။

အမိက တရားခံက ယောကျ်ားမပီသသော ယောကျ်ားတွေက လှပ၍ နုငယ်ပျိုမြစ်မှုတွေနှင့် ချမ်းသာကြွယ်ဝသော ဤမိန်းကလေးကို အထင်မြင်သေးစိတ်နှင့် ရွံမုန်းစိတ်ပျက်စေခြင်းဟု သိလိုက်ရတော့ ဘုရင်မဆိုသည့် သူမကို ဘယ်လိုမှ အပြစ်မြင်လို့မရဘဲ ဖြစ်သွားသည်။ ခြေနှစ်လှမ်းစာ သူ နောက်ဆုတ်ပေးလိုက်တာနှင့် သူမက ရာဇကို တစ်ချက်မကြည့်ဘဲ သူမကားပေါ်တက်ကာ ကျွမ်းကျင်ပိုင်နိုင်စွာ လှလှပလေး မောင်းထွက်သွားသည်။ ရာဇမှာသာ သူနှင့်ဘုရင်မကြားက အလွဲအမှားအတွက် ဘယ်လို ပြင်ဆင်ရမှန်းမသိပဲ နေရာမှာ ရပ်တန့်ငေးမောလျက် ကျန်ရစ်ခဲ့သည်။

ဘာဖြစ်လို့များ မိန်းမထဘီနား ခိုစားချင်သည့် ခပ်ညံ့ညံ့ယောကျ်ားတွေ ဒီလောက် ပေါများနေရတာပါလိမ့်။

စိတ်အလိုကျခြင်းများစွာဖြင့် ရာဇမျက်ခုံးထူတွေ တွန့်ကုတ်လိုက်ချိန်မှာ ရာဇဖုန်းက အသံမြည်လာသည်။ ဖုန်းနံပါတ်ကို ကြည့်လိုက်တော့ ဆန္ဒဖုန်း။

"အေး… ပြော"



www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့ ဘုရင်မ အခြေအနေဘယ်လိုလဲ ရာဇ"

"သိတော့ မင်းက ဘာလုပ်မလို့လဲ"

"ဟား… ဒေါသတွေ စွတ်ကြီးနေပါလား၊ ဒီဇာတ်လမ်းက ငါ စခဲ့တာ မဟုတ်ဘူးနော် ရာဇ၊ လက်ျာကြောင့် မင်းနဲ့ငါ ပွဲဖြစ်သွားတာ"

"အခု မင်းပြောချင်တာဘာလဲ ဆန္ဒ"

စိတ်မရှည်သော ရာဇအသံက ခပ်ပြတ်ပြတ်။

ဖုန်းထဲက ဆန္ဒရယ်သံက ပြေးဝင်လာတော့ ကိုယ့်ဒေါသကို တစ်ချက်လျှော့လိုက်ပြီး သက်ပြင်းကျိတ်ချလိုက်သည်။

"မင်းနဲ့ငါ ဘီယာသောက်ရင်း အေးအေးဆေးဆေး စကားပြော လို့ရရင် ပြောချင်တယ် ရာဇ၊ မင်းဆီ ငါလာခဲ့ရမလား၊ ငါ့ဆီ မင်း လာမလား"

ဆန္ဒအသံထဲမှာ ဒေါသမရှိဘဲ ငြိမ်းချမ်းအေးဆေးနေတော့ သူ တစ်ယောက်တည်း ဒေါသဖြစ်နေသည့်စိတ်ကို ခဝါချလိုက်သည်။

"ငါ မင်းဆီကို လာခဲ့မယ် ဆန္ဒ"

"အိုကေ"

"အမြဲစိမ်းတောမှာ ငါရှိမယ်"

ဖုန်းကိုပိတ်ပြီး ကားပေါ်တက်၍ ခပ်ကြမ်းကြမ်းမောင်းထွက်ခဲ့ ပေမယ့် ရာဇအတွေး၊ ရာဇအာရုံထဲမှာ အရိပ်လိုကပ်ပါလာသူက ဘုရင်မ၊ ဆန္ဒပြောသလို ရာဇချစ်သူဖြစ်လာမည့် မိန်းကလေးလို့ သေချာ သိမထားခဲ့ပါ။

က်တာရားက ဆန်းကြယ်တော့ ရာဇနှင့်ဘုရင်မတို့ကြားမှာ ဖူးစာ





ဆိုတာက ကြံဖန်ပြီး ဖြစ်လာခဲ့သည်။ ကွင်းဆိုသည့် မိန်းမလှလေးကို တွေ့တွေ့ခြင်း ရာဇ ရင်ခုန်စိတ်ဝင်စားခဲ့သည်။ နှစ်သက်သဘောကျ ၍ စွဲလမ်းခဲ့ရာမှ ဒုတိယအကြိမ် ကွင်းဆိုတာ ဘုရင်မမှန်း စိန်ပြာရင်ထိုး ဘာက်ရရင်း ပြန်အဆုံမှာ သူမကို ချစ်နေမိပြီဖြစ်ကြောင်း သူ့ကိုယ်သူ သိခွင့်ရခဲ့သည်။

ဝမ်းနည်းစရာကောင်းတာက သူချစ်သော ကွင်းဆိုသည့် မိန်းကလေး က ဘုရင်မဖြစ်နေသည့်အတွက် အချစ်ရဲ့တန်ဖိုး၊ အချစ်ရဲ့ စွမ်းအား သတ္တိ၊ အချစ်၏ နက်ရှိုင်းမှုအပေါင်းကို ဘာတစ်ခုမှ လက်ခံ ယုံကြည် ခြင်းမရှိသော ခံစားချက်မဲ့၊ နှလုံးသားမဲ့သော မိန်းမလှလေး ဖြစ်သည်။

အချစ်ကို အယုံအကြည်ကင်းမရှိသော ဘုရင်မမှာလည်း အပြစ် ဆိုစရာမရှိ၊ သူမပတ်ဝန်းကျင် အသိုင်းအဝိုင်း၊ သူမကြုံတွေ့လိုက်ရ သည့် လူ့အဖွဲ့အစည်း၊ အချစ်ဆိုသည့်အမည်ကို ခုတုံးလုပ်ပြီး ဘုရင်မ ထံမှ ချမ်းသာကြွယ်ဝမှုကို ပိုင်ဆိုင်သိမ်းပိုက်လိုသည့် ညံ့ဖျင်းအသုံးမကျ သော ယောက်ျားများက သူမခံယူချက်၊ အတွေးအခေါ်တွေကို ခါးသီး ယ်ရာ အတွေ့အကြုံအဖြစ် ပြောင်းလဲပစ်လိုက်ကြောင်း၊ သူမအပြော အဆို၊ အမူအယာများကြောင့် ရာဇ သိလိုက်ရသည်။

ဒီကိစ္စတွေကို မင်းရင်ထဲက ပျောက်သွားအောင် ကိုယ်ကြိုးစား မယ် ကွင်း။ အချစ်စစ်ဆိုတာ မင်း ထင်မြင်ယူဆထားသလို ချမ်းသာ မှု မင်းရဲ့ ပိုင်ဆိုင်မှုတွေ မဟုတ်ဘူးဆိုတာ မင်းကိုယ်တိုင် ခံစားတတ် သာစေရမယ်လို့ ကိုယ် အာမခံတယ်။

အချစ်စစ်ဆိုတာ ဘာလဲ။ မင်းနှလုံးသားနဲ့ မင်းကိုယ်တိုင် ခံစား သာတဲ့အထိ ကိုယ်ရဲ့စစ်မှန်တဲ့ ချစ်ခြင်းမေတ္တာနဲ့ သိစေရမယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့လဲဆိုတော့ မင်းကို ကိုယ်ချစ်လို့ပဲ ဘုရင်မ။

အချစ်မှာ အချစ်ပဲရှိတာကို သူချစ်သော မိန်းကလေးကိုယ်တိုင် ခံစားသိမြင်စေချင်သည့် စိတ်ဆန္ဒတစ်မျိုး ရာဇ နှလုံးသားမှာ ပြင်းထန်စွာ နေရာယူ ပြည့်သိပ်လာသည်။ အမြဲစိမ်းတောမှာ ဆန္ဒက သူ့ကို ကြိုဆိုနေ၏။ သူတို့ထိုင်ပြီး မကြာလိုက်၊ လကျာ်ရောက်လာ၍ ပွဲလေးက လှုစုံသွားသည်။

"မင်းတို့ကို ငါပြောစရာရှိလို့ ခေါ်လိုက်တာ ရာဇ၊ ငါ လက်ထပ်တော့မယ်"

"ဘယ်သူနဲ့လဲ"

ရာဇက မေးခြင်းမဟုတ်ပါ၊ လကျာ်က စိတ်ဝင်စားစွာ မေးခြင်းဖြစ်သည်။ ဆန္ဒမှာ ချစ်သူ သုံးလေးယောက်ရှိသည်။ ဘယ်ရည်းစားက ဆန္ဒအချစ်ဆုံးမှန်းမသိ၊ ဆန္ဒကလည်း မပြော။ သူတို့လည်း မမေး။ အခု ဆန္ဒလက်ထပ်တော့မည်ဆိုမှ လကျာ်က မေးခြင်းဖြစ်သည်။ ဆန္ဒက လကျာ်ကိုကြည့်ပြီး ပြုံးသည်။

"မင်းက ဘယ်သူလို့ထင်လဲ လကျာ်"

"ဟာ... မင်းမှာ ရည်းစားသုံးလေးယောက် ရှိတာ၊ ငါ ဘယ်လို လုပ်သိမှာလဲ"

လကျာ်စကားအဆုံးမှာ ဆန္ဒက ရယ်သည်။ ရာဇက သူတို့ထဲ ဘာတစ်ခုမှ ဝင်မပြောဘဲ ဆန္ဒအဖြေကို ငြိမ်သက်စွာ နားထောင်နေ၏။

"ဘဝဆိုတာ ဒါပဲ လကျာ်၊ မျှော်လင့်တာတွေ ဖြစ်မလာတတ်သလို မမျှော်လင့်တာတွေလည်း ဖြစ်တတ်တာပဲကွ၊ ငါ အခုလက်ထပ်မယ့်သတို့သမီးက ငါ အခုတွဲနေတဲ့ ငါ့ချစ်သူတွေ တစ်ယောက်မှ မဟုတ်ဘူး"

"ငါ့အမေရဲ့ သူငယ်ချင်းသမီးနဲ့ လက်ထပ်မှာ"

"မင်းရည်းစားတွေ သနားပါတယ်"

"သူတို့လည်း ငါ့လိုပဲ တခြားမှာ ချစ်သူတွေ ရှိနေမှာပေါ့ကွ"

"ဒါမျိုးကျ မင်းပဲ အပြောကောင်း၊ မင်းက တခြားတစ်ယောက်နဲ့ လက်ထပ်တော့မှာဆိုတော့ တခြားသူတွေကို မင်းလိုပဲ တွက်ပြီး ဖြေသိမ့်နိုင်မှာပေါ့"

"အဲဒီလို သဘောမျိုးမဟုတ်ပါဘူးကွာ၊ မင်းကလဲ"

"မင်းလက်ထပ်မယ့် ကောင်မလေးကို ချစ်လား"

"ဘာကွ"

လကျာ်အကြည့်တွေက ဆန္ဒထံရောက်သွားသလို ရာဇအကြည့်ကလည်း လကျာ်ထံ ဖျတ်ခနဲ ရောက်သွားသည်။ ဆန္ဒက ဘယ်သူ့မှ မကြည့်ဘဲ စားပွဲကို စိုက်ကြည့်ပြီး မရယ့်ချင်ရယ်ချင် တစ်ချက်ရယ်သည်။

"ချစ်သူတိုင်း မညားနိုင်ဘူးဆိုတာ ငါ့ကိုယ်တွေ့ဖြစ်လာလိမ့်မယ်လို့ ထင်မထားခဲ့ဘူး၊ တစ်နေ့တော့ ငါချစ်တဲ့ မိန်းကလေးတစ်ယောက်ကို ဘဝလက်တွဲဖော်အဖြစ် လက်ထပ်ယူနိုင်လိမ့်မယ်လို့ စိတ်ကူးယဉ်ခဲ့တာ ငါ ဝန်ခံတယ်။ ဒါပေမဲ့ မမျှော်လင့်တာတွေဖြစ်လာတော့ ငါလည်း ဘာမှမတတ်နိုင်ဘူး"

"ကောင်မလေးက ချမ်းသာလား"

"ချမ်းမြမြကုမ္ပဏီပိုင်ရှင်ရဲ့ တစ်ဦးတည်းသော သမီး"

"ဒါကြောင့်ကိုး"

www.burmeseclassic.com



လက်ျာက ဆန္ဒအဖြေကို သဘောပေါက်သွားသလို ခေါင်း တညိတ်ညိတ်လုပ်တော့ ဆန္ဒမျက်နှာ မည်းခနဲဖြစ်သွားတာ မြင်လိုက်ရသည်။

"ဘာလဲ လက်ျာ၊ မင်းက ငါ့ကို ထဘီနားခိုစားတဲ့ကောင်လို့ ပြောချင်တာလား"

"မင်းကို ငါ ဘာမှမပြောဘူးနော် ဆန္ဒ၊ အဲဒါ မင်းဘာသာ ပြောတာ"

လက်ျာပြောတာမှန်နေ၍ ဆန္ဒဘက် ငြိမ်သွားသည်။ ရာဇ အခုချိန်ထိ သူတို့စကားဝိုင်းထဲ မပါသေး။ လက်ျာနှင့်ဆန္ဒပြောသ ငြိမ်နားထောင်ရင်း ဘုရင်မမျက်နှာက သူ့အာရုံထဲ ဖျတ်ခနဲ ရောက် လာ၏။

"ယောကျ်ားတိုင်း တကယ်လိုချင်ကြတာက ကိုယ့်ကိုလည်း မဟုတ်ဘူး၊ ကိုယ့်အချစ်ကိုလည်း မဟုတ်ဘူး၊ သူတို့ တကယ်လိုချ ကြတာ ကိုယ့်နောက်က ကိုယ့်ရဲ့ချမ်းသာကြွယ်ဝမှု၊ ကိုယ်ပိုင်ဆိုင်ရမယ် ဆိုတဲ့ ကိုယ်ပိုင်ဆိုင်တဲ့ စည်းစိမ်ဥစ္စာတွေ ဖြစ်နေတယ်"

ဘုရင်မစကားသံတွေ သူ့နားထဲ ပြန်ကြားလာပြီး ရာဇကိုယ်ကြ ဆတ်ခနဲ ဖြစ်သွားကာ သူ့မျက်စိရှေ့တည့်တည့်မှာ ရှိနေသည့် ဆ မျက်နှာကို ပြန်ကြည့်သည်။

"ကိုယ်မချစ်တဲ့ မိန်းမတစ်ယောက်ကို ဘာဖြစ်လို့ မင်း လက်ထပ်ချင်ရတာလဲ ဆန္ဒ"

ဒီတစ်ခါ ရာဇကိုယ်တိုင် သူသိချင်တာကို ဆန္ဒကို မေးလိုက်ခြ ဖြစ်သည်။ လက်ျာက ရာဇကို တစ်ချက်လှမ်းကြည့်ပြီး ဆန္ဒမျက်နှာ





ကြည့်သည်။ ဆန္ဒထံမှ ရုတ်တရက် ဘာစကားသံမှ ပြန်မကြားဘဲ ငြိမ်ကျသွားပြီး သက်ပြင်းရှိုက်သံကို ကြားရသည်။

"ငါ့အဖေရဲ့ ကားကုမ္ပဏီမှာ ပိနေတဲ့အကြွေးကို ဒီနည်းနဲ့ပဲ ဖြေရှင်းလို့ရမှာ ရာဇ"

"မင်းကိုယ်မင်း ရောင်းစားတာလား၊ ဒါမှမဟုတ် မိန်းမ တစ် ယောက် ပိုင်ဆိုင်ရမည့် စည်းစိမ်ချမ်းသာတွေကို မက်ပြီး ယူတာလားလို့ မေးရင် မင်းဘယ်လိုဖြေမလဲ ဆန္ဒ"

ရာဇစကားအဆုံးမှာ ဆန္ဒ အကြာကြီး ငိုင်ကျသွားသည်။ ဘုရင်မ ဘာလို့ ယောကျ်ားတွေကို အထင်မကြီးတာလဲ။ ဘာကြောင့် ယောကျ်ားတွေအချစ်ကို မယုံကြည်တာလဲဆိုတာ ရာဇ ကိုယ်ချင်းစာနာ ခြင်းဖြင့် နှုတ်ခမ်းတွန့်ရုံ သဲ့သဲ့ပြုံးလိုက်သည်။

"မင်း မဖြေချင်ရင် မဖြေနဲ့ ဆန္ဒ၊ ငါသာ မင်းနေရာမှာဆိုရင် ဒီနှစ်ခုထဲက ဘာကိုမှ ရွေးမှာမဟုတ်ဘူး"

"ငါသွားတော့မယ်"

"ဟိတ်ကောင် ရာဇ၊ နေပါဦးကွ"

လက်ျာလှမ်းတားပေမဲ့ ရာဇ နောက်ကို လုံးဝလှည့်မကြည့်ဘဲ သူ့ကားကို နေရာက ခပ်ကြမ်းကြမ်းမောင်းထွက်ခဲ့သည်။ ယောကျ်ား တစ်ယောက်ဘဝမှာ အဆင်မပြေတာတွေ၊ ရှုံးနိမ့်တာတွေ ရှိတိုင်း သူတို့ကိုယ်သူတို့ မြင့်မြတ်လှပါပြီဆိုတဲ့ ယောကျ်ားတစ်ယောက်က မိန်းမတစ်ယောက်ဆီမှာ အနိမ့်ကျဆုံးပါလို့ သူတို့ပြောနေတဲ့ မိန်းမ တစ်ယောက်ဆီမှာ သူတို့ရဲ့ ဂုဏ်သိက္ခာ၊ ယောကျ်ားတစ်ယောက်ရဲ့ ကိုယ်ကျင့်တရားကို ရရာဈေးနဲ့ ထိုးအပ်ရောင်းချပစ်ဖို့လား။



www.burmeseclassic.com

www.burmeseclassic.com



အတွေးနှင့်အတူ ရာဇမျက်နှာမှာ ထူးခြားလေးနက်သော ခံစား
ချက် တစ်မျိုးဖြင့် ငြိမ်သက်သွားသည်။ အိမ်ရောက်တာနှင့် သူ ပထမ
ဆုံး ဖေဖေ့ဆီကို ဖုန်းဆက်ရန် ဆုံးဖြတ်လိုက်သည်။ ထို့နောက်
ဆုံးဖြတ်ချက်တွေ တစ်ခုပြီးတစ်ခု သူဖြစ်ချင်တာတွေကို သူ့ဒိုင်ယာရီ
ချရေးသည်။

"ကျွန်တော် ဒယ်ဒီဆီ ခဏသွားဦးမယ် ဦးကြီးဒေဝ"

ဘာကိစ္စလဲဟု ဦးကြီးဒေဝက ရာဇကို မမေး၊ သူလိုချင်တာ
သူဖြစ်ချင်တာတွေအားလုံး ဟိုးငယ်စဉ် ကလေးဘဝကတည်းက
အခုချိန်ထိ ဖြည့်ဆည်းပေးနေကြအတိုင်း ရာဇဖြစ်ချင်တာ၊ လုပ်ချင်
တာတွေအားလုံး ဦးကြီးဒေဝကပဲ လိုက်လုပ်ပေးသည်။

ရာဇဘဝမှာ အလေးနက်ဆုံးဖြစ်သည့် ဆုံးဖြတ်ချက်များဖြင့်
ပထမဆုံး ထွက်လာခဲ့သည့် ဒီခရီးက အရင့်အရင်တုန်းက ပေါ့ပေါ့
လွတ်လပ်စွာ သွားလာခဲ့သည့် တခြားခရီးတွေနှင့်မတူ၊ သူ့ဘဝရဲ့ ရည်မှန်း
ချက်၊ သူ့ဘဝရဲ့ ဦးတည်ရာ အနေအထားအားလုံး သူနှင့်အတူ တစ်ထပ်
တည်းပါလာသည်။

လေဆိပ်အဆောက်အဦထဲမှာ သားအဖနှစ်ယောက် တစ်ယောက်
ကိုတစ်ယောက် တင်းကျပ်စွာ ပွေ့ဖက်လိုက်ကြပြီးမှ တစ်ယောက်ကို
တစ်ယောက် ပြုံးကြည့်လိုက်ကြသည်။

■



## တစ်နှစ်ကြာပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"ဒါက ဘယ်လိုဖြစ်တာလဲ ဦးတင်ဖော်၊ ကျွန်မတို့ ကုမ္ပဏီ အလုပ် လုပ်မယ့်လူတွေက ဘယ်လိုဖြစ်ပြီး တခြားကုမ္ပဏီလက် ရောက်သွားရတာလဲ"

ဘုရင်မမျက်နှာ လှလှလေး တင်းမာနေသလို သူမလုပ်ငန်းကို အဆင်မပြေမှုများ ကြုံနေသည့်အတွက် စိတ်အနှောင့်အယှက် ဖြစ်နေ ခြင်းကြောင့်လည်း စိတ်ရှုပ်ထွေးစွာ အာရုံနှောက်နေသည်။

"ကျွန်တော်လည်း အဲဒီကိစ္စ ဘော့စ်ကို ပြောမလို့ပါပဲ၊ ဒီ ကိစ္စမျိုး ကြုံနေရတာ ကျွန်တော်တို့ ကုမ္ပဏီတစ်ခုတည်း မဟုတ် ဗျာ့"

"တခြားကုမ္ပဏီတွေလည်း ကင်းပါဝါကုမ္ပဏီကြောင့် ကျွန် တို့လို စိတ်အနှောင့်အယှက် ကြုံနေရတယ်လို့ သိရပါတယ်"

"ကင်းပါဝါ… ဟုတ်လား၊ ဒီနာမည်မျိုး ကျွန်မ တစ်ခါ မကြားဖူးပါလား"





"ဒီကုမ္ပဏီဖွင့်တာ သိပ်မကြာသေးဘူးဗျာ၊ ဒါပေမယ့် လုပ်ကိုင်းနှုတ်ဖျားမှာ ရောက်နေတာ ဒီကုမ္ပဏီရဲ့ အောင်မြင်တိုးတက်မှုပဲလို့ ကျွန်တော်ထင်တယ်"

"ပိုင်ရှင်က ဘယ်သူလဲ"

"ကျွန်တော် သိရသလောက်တော့ သူဌေးက နိုင်ငံခြားသား လိုလို ဘာလိုလို ပြောနေကြတာပဲ၊ ဘော့စ်သိချင်ရင် ကျွန်တော် အတိအကျ စုံစမ်းပေးလိုက်ပါ့မယ်"

"မမ… ညှို့သည်လာနေပါတယ်"

အတွင်းရေးမှူးမလေး စကားကြောင့် ဦးတင်ဖော်နှင့် ပြောလက်စ စကားက ထိုနေရာမှာ ရပ်သွားသည်။

"ကျွန်တော့်ကို ခွင့်ပြုပါဦး ဘော့စ်"

"ကောင်းပါပြီ"

ဦးတင်ဖော် ဘုရင်မအခန်းထဲက ထွက်သွားသည်။

"ညှို့သည်ကို လွှတ်လိုက် ကေသီ"

"ဟုတ်ကဲ့"

အလုပ်ကိစ္စနှင့် ညှို့သည်များဖြစ်၍ စကားက တော်တော်နှင့် မပြတ်၊ ညှိနှိုင်းတိုင်ပင်ရ၊ ဆွေးနွေးရနှင့်ဆိုတော့ အလုပ်အာရုံထဲ နစ်သွား ပြီး ကင်းပါဝါကုမ္ပဏီအကြောင်း ဘုရင်မ ခဏမေ့သွားသည်။ ညှို့ခံပွဲ တစ်ခု ညဘက်ကို သွားမှ ဆေးနှင့်ဆေးပစ္စည်းကုမ္ပဏီပိုင်ရှင် ဒေါ်မူယာ နှင့်တွေ့ပြီး ကင်းပါဝါကုမ္ပဏီအကြောင်း ပြန်သတိရလာသည်။ လုပ်ကိုင်း နှုတ်ဖျားမှာ စိတ်ဝင်စားစွာ ပြောနေသည်က ကင်းပါဝါကုမ္ပဏီ အကြောင်း။



www.burmeseclassic.com

www.burmeseclassic.com



"ဘုရင်မ သိပြီးပြီလား မသိဘူး"

"ဘာကိုလဲ မူယာ"

"ကင်းက ပိုင်ရှင်မရှိသေးဘူးဆိုတာကိုလေ"

"ဟုတ်လား"

အေးစက်စက် မထိတရီ ဘုရင်မပုံစံကိုကြည့်ပြီး မမူယာက ရယ်သည်။

"ကင်းကို ကွင်း စိတ်မဝင်စားဘူးဆိုတာ မမူယာ သိပါတယ် ဒါပေမယ့် ကိုယ်က သိထားသမျှ ရင်ထဲချန်မထားတတ်ဘဲ ပြောကို ပြောရမှ စားဝင်အိပ်ပျော်တာဆိုတော့ ကိုယ်ရထားတဲ့ သတင်းထူးလေး ကို ကွင်းကို ပြောပြတာ"

"အဲဒီအတွက် မမူယာကို ကွင်းဘယ်တော့မှ ကျေးဇူးမတင် ဘူးနော်"

"သိပါတယ်ရှင်၊ ကွင်းဆိုတာ နာမည်တစ်လုံးနဲ့ နေတဲ့သူပဲ ဟော... ဟိုမှာ ဒီဘက်ကို လာနေတာ ဦးဘရင်ရဲ့ နံပါတ်ရှစ်လေး ကောင်မလေးက အခုမှ ဆယ့်ခြောက်နှစ်ပဲ ရှိသေးတယ်"

မမူယာက သတင်းစုံသလို အတင်းလည်း စုံသည်။ ဒီလိုမျိုးနဲ့ အပေါင်းအသင်း မလုပ်ချင်ပေမယ့် မရ။ စီးပွားရေးလောကထဲမှာ ငွေဘယ်လောက် ချမ်းသာချမ်းသာ လူတစ်ယောက်မှာ အကျင့်စရိုက် တစ်မျိုး စွဲနေတတ်တာတွေ အများကြီးဆိုတော့ မတင်းပြတ်နိုင်သည့် အလုပ်သဘောကို လိုက်၍ ကြိုက်ကြိုက် မကြိုက်ကြိုက် အဆင်ပြေ အောင် ကြည့်ပေါင်းနေရတာတွေလည်း ရှိသည်။

ထိုသူတွေထဲမှာ မမူယာလို အမျိုးသမီးက ထိပ်ဆုံးက ဖြစ်သည်။





သူတစ်ကိုယ်လုံး စိန်တွေဖွေးလက်နေသော မမူယာက စီးပွားအကြမ်း ဖျဉ်းသည့်နေရာမှာ နာမည်ကြီးသည်။

"ခဏနော် ညီမ၊ မမူယာ အသိတစ်ယောက်တွေ့လို့ နှုတ်ဆက် လိုက်ဦးမယ်"

မမူယာ ဘုရင်မနားမှ ထွက်သွားတော့မှ အသက်ရှူနည်းနည်း ချောင်သွားခိုက် သူမရှေ့ကို လူရိပ်တစ်ရိပ် လာရပ်သည်။

"ကွင်း"

သူမနာမည်ကို သူစိမ်းယောက်ျားတစ်ယောက် နှုတ်ဖျားမှ ရင်းရင်း နှီးနှီး ပြောဆိုနှုတ်ဆက်လာ၍ ကွင်းအကြည့်တွေ သူ့မျက်နှာပေါ်တည့်တည့်ကို ရောက်သွား၏။ တစ်ဖက်လူကလည်း ကွင်းမျက်နှာကို တည့်တည့် ပြန်လည် စူးစိုက်ကြည့်နေ၍ ကွင်းနှင့်သူ အကြည့်ချင်း ဆုံသွားသည်။

"ကိုယ့်ကို မှတ်မိပါတယ်နော်"

ချောမောသော ရုပ်သွင်၊ အောင်မြင်ခန့်ညားသော ဥပဓိရုပ်၊ ကြည်ရွှင်မြူးသော အသံဩဇာနှင့် လူတစ်ယောက်။ သားနားသပ်ရပ်ခြင်း၊ ဆိုင်ကျခြင်းတွေအပြင် သူ့ဆီမှာ အရှိန်အဝါတစ်မျိုး လင်းလက် တောက်ပနေတာကိုပါ သတိထားလိုက်မိပေမယ့် သူ ဘယ်သူဆိုတာ ချက်ချင်း ကွင်း မမှတ်မိ။

"ဆောရီး... ရှင့်ကို ကျွန်မ မသိဘူး"

အေးစက်တည်ငြိမ်စွာ ပြောလိုက်သည့် ဘုရင်မစကားအဆုံးမှာ သူက နူးညံ့သိမ်မွေ့စွာ ပြုံးသည်။

"ကျွန်တော် ရာဇပါ ကွင်း"



www.burmeseclassic.com

www.burmeseclassic.com



"သြော်..."

ကွင်းက အခုမှ ရာဇကို မှတ်မိသွားဟန်ဖြင့် သူ့မျက်နှာကို ကြည့်ပြီး ခေါင်းတချက် ဆတ်သည်။

"ကျွန်တော် ဒီမှာ ထိုင်လို့ ဖြစ်ပါတယ်နော်"

"အဲဒါ မင်းကိုယ်မင်း မေးရမယ့်မေးခွန်းပါ"

"ကိုယ် အခုပဲ ပြန်တော့မှာ"

ပြောပြောဆိုဆို ကွင်း နေရာမှ ထရပ်တော့ ရာဇက ကွင်းနှင့်အတူ ပါလာသည်။

"မင်း နေခဲ့လေ"

"ကျွန်တော့်ကို မတွေ့လို့ ချက်ချင်း ထပြန်တာတော့ မဟုတ်ဘူးနော်"

"မင်းကိုယ်မင်း သိပ်လည်း အထင်မကြီးစမ်းပါနဲ့"

"နည်းနည်းလောက်ပဲဖြစ်ဖြစ် အထင်မကြီးရဘူးလား"

စူးလက်တောက်ပသော ကွင်းအကြည့်က ရာဇထံ ဖျတ်ခနဲ ရောက်လာပြီး ချက်ချင်းလို အကြည့်လွှဲ ကျောခိုင်းသွား၍ သူမနောက်သို့ သူ လိုက်ခဲ့သည်။ အချိန်တစ်နှစ်ကျော်ကြာပေမယ့် သူမအလှအပက ဘာမှ မပြောင်းလဲ။ ပိုလှလာသည်။ ပို၍ ချစ်စရာကောင်းလာသည်။ ပို၍ မာနကြီးလာသည်။

"ကွင်း"

"မင်း နေခဲ့တော့ ရာဇ"

"ဘာဖြစ်လို့လဲ"

"မင်းလိုက်လာတာ မကြိုက်လို့"





"ကျွန်တော်က ကြိုက်တယ်ဆိုရင်ရော"

"မင်း ဘယ်လိုလူလဲ"

"အမှန်ကို ပြောရမလား"

ကားရပ်ထားသည့်နေရာမှ ရာဇနှင့်ကွင်း မျက်နှာချင်းဆိုင်ဖြစ်သွားတော့ ရှည်လျားမြင့်မားလှပါပြီဆိုသည့် ဘုရင်မဆိုသည့် မြင့်မိုးအုပ်ဆိုင်းသွား၍ သူမခြေအစုံကို နောက်သို့ လှမ်းဆုတ်လိုက်ရသည်။

"မင်း ကိုယ့်ကို ဒီထက်မနှောင့်ယှက်သင့်တော့ဘူး ထင်တယ်"

"နှောင့်ယှက်တယ် ဟုတ်လား"

"ဟုတ်တယ်"

"ကွင်း ပြောတာ ကျွန်တော်နားမလည်ဘူး၊ ကျွန်တော့်အထင်ပြောရရင် အခုချိန်ထိ ကွင်းကို ကျွန်တော် ဘာမှမနှောင့်ယှက်ရသေးဘူးထင်တယ်"

"မင်း အခုလို ကိုယ် မကြားချင်တဲ့ စကားတွေကို ဆက်ပြောနေတာကိုက နှောင့်ယှက်နေတာပဲ"

"သြော်... ဒီလိုလား"

"ဟုတ်တယ်"

ဘုရင်မ စကားအဆုံးမှာ ရာဇနှုတ်ခမ်းက နှစ်လိုဖွယ်အပြုံးတစ်ခုသစ်ခနဲ ဖြတ်ပြေးသွားပြီး လှပသော သူမမျက်နှာလေးကို နူးညံ့ရှုန်းလဲ့သော အကြည့်စူးစူးဖြင့် ခပ်ရဲရဲ စိုက်ကြည့်သည်။

"ကျွန်တော့်ကို ကွင်းက မေ့သွားပေမယ့် ကျွန်တော်က ကွင်းကို တစ်ရက်မှ မမေ့ခဲ့ဘူးဆိုတာ ကွင်းသိလား"

"မင်း တော်တော့နော်"



www.burmeseclassic.com

www.burmeseclassic.com



"နေဦး၊ ကျွန်တော်ပြောတာတဲ့စကား မဆုံးသေးဘူး"

"နေစမ်းပါဦး၊ မင်းက ကိုယ့်ကို အမိန့်ပေးနေတာလား"

"တောင်းဆိုနေတာ"

"ကိုယ့်မှာ မင်းလို အချိန့်ပိုမရှိတာ ဆောရီးပဲ"

"ကိုယ်သွားမယ်"

"သွားလို့ရရင် သွားလေ"

"ကြည့်စမ်း… မင်း"

ရာဇက ဘုရင်မကားကိုပိတ်ပြီး သူ့ကိုယ်ကြီးကို မှီရပ်လိုက်၍ ဘုရင်မ ဘယ်လိုမှ ရှေ့ဆက်တိုးခွင့်မရဘဲ ဖြစ်သွားသည်။

"မင်း သိပ်လွန်နေပြီနော် ရာဇ"

"ကျွန်တော်တို့ ခွဲလိုက်ရတာ အချိန်အတော်ကြာနေတယ်လို့ မထင်ဘူးလား ကွင်း"

"မင်း အပိုတွေမပြောနဲ့၊ ကိုယ့်ကားရှေ့က အခုဖယ်မလား မဖယ်ဘူးလား ဒါပဲပြော"

"မဖယ်ဘူးဆိုရင် ကွင်းက ကျွန်တော့်ကို ဘယ်လိုအပြစ် ပေးမှာလဲ"

စိန်ခေါ်သည့်လူက စိန်ခေါ်နေပြီ။

ကွင်းရင်ထဲက ဒေါသလှိုင်းထန်နေပေမယ့် သူမ မျက်စိရှေ့မှာ ရှိနေသည့် ရာဇဆိုသည့်လူကို သူမ ဘယ်လိုနည်းနှင့် လက်တုံ့ပြန် အပြစ်ပေးရမှန်းမသိ ဖြစ်နေ၏။ ဒီလူနှင့်မတွေ့တာ ကြာပြီဆိုပေမယ့် အချိန်တွေ ဘယ်လောက်ကြာသွားသည်ဆိုတာကို သူမကိုယ်တိုင် ဘာဆိုဘာမှမမှတ်မိ။





သူမဘဝမှာ အလေးထားပြီး စဉ်းစားနေရလောက်အောင် အရေးပါသည့် လူလည်းမဟုတ်။ ဒါပေမယ့် တစ်ခါတစ်ရံတော့ အကြောင်းတိုင်ဆိုင်မှု တစ်စုံတစ်ရာရှိခဲ့ရင်တော့ ရာဇဆိုသည့်လူကို ဖြုံးခနဲ ဖျတ်ခနဲ သတိရတတ်တာကိုတော့ ဝန်ခံသည်။

ကွင်းတို့ပတ်ဝန်းကျင်မှာ လူရှင်းနေတာကိုက သူ့အတွက် အခွင့်အရေးတစ်ခု ဖြစ်နေသလား မပြောတတ်။ အခုတစ်လော ကွင်း စိတ်အနှောင့်အယှက် ဖြစ်နေရသည့်အထဲ အခု သူမ မေ့ထားသည့် ရာဇဆိုသည့် လူတစ်ယောက်ကြောင့် ကွင်းမှာ နောက်ထပ်စိတ်ညစ်စရာ ထပ်ကြုံနေရပြန်သည်။

ရာဇပုံစံက တွင်းနှင့် တော်တော်တူသည်။ အေးစက်စက် ချက်နှာပေး၊ ထုံပေပေ အမူအယာနှင့် တစ်ဖက်လူကို ဂရုစိုက်သလိုလို ခထိတရိ သရော်မော်ကား လုပ်ပြချင်တာကအစ ကိုယ့်စိတ်ထဲရှိရင် ရှိသည့်အတိုင်း တစ်ဖက်လူကို ပြောဆို လက်တုံ့ပြန်တာအစ အကျင့်စရိုက်ချင်း အတော်ဆင်သည်။

"မင်း ဘာဖြစ်ချင်နေတာလဲ ရာဇ"

"စကားပြောခွင့်ရချင်တယ်"

"ဒါပဲလား"

"ဟုတ်တယ်"

"အခု ကိုယ်မအားဘူး"

"အားတဲ့အချိန်ပြော"

"မနက်ဖြန်၊ ဒါပေမယ့် အချိန်အများကြီး မရဘူး၊ နာရီဝက်ပဲ"

"ရတယ်၊ နာရီဝက်အတွင်းဆို ကျွန်တော်… "



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ၊ နာရီဝက်အချိန်ပေးမယ်၊ ဒါကိုမှ မကျေနပ်ရင် ဆောရီး"

ရာဇ ဘာမှမတတ်နိုင်တော့။

ရသမျှအခွင့်အရေးနှင့် ကျေနပ်ရမည့် အနေအထားကိုပဲ သူ လက်ခံလိုက်ရ၏။

"ဘယ်ကိုလာရမှာလဲ"

"ကိုယ့်ရုံး"

"အာ… ဒါတော့ မဖြစ်ဘူး"

"ဘာဖြစ်လို့လဲ"

"ကျွန်တော်ပြောမယ့် စကားတွေ ကွင်းတို့ တစ်ရုံးလုံး သိမှ ဖြစ်မှာလား"

"မင်းစကားက ဘာစကားလဲ"

"အချစ်စကား"

ကွင်းမျက်နှာလှလှလေး ညမီးရောင်အောက်မှာ ရဲခနဲ တောက် နီထွေးသွားတာကို ရာဇ မသိ။

"တော်ပြီ၊ မင်း ကိုယ့်ရှေ့က ဖယ်တော့"

"ကွင်းနဲ့ကျွန်တော် ဆီဒိုးနားမှာ တွေ့မယ်"

ဘုရင်မက သူ့စကားကို မည်သို့မျှ မတုံ့ပြန်။

ကားရှေ့မှာ ပိတ်ရပ်ထားတာ ဖယ်လိုက်သည်နှင့် ကွင်းက ရာဇကို တစ်ချက်မကြည့်။ သူမကားပေါ်တက်ပြီး နှုတ်မဆက်ပဲ ရာဇ နားက ကားကို ဝေါခနဲ မောင်းထွက်သွားပုံကို ကြည့်၍ ရာဇ သက်ပြင်း ချလိုက်သည်။





ကွင်းဆိုတာ ဒါပဲလား။

အခုချိန်ထိ ဘာတစ်ခုမှ မပြောင်းလဲနိုင်တာကိုက သူမရဲ့ အညှို့ ...င်ဆုံးစွမ်းအားဆိုရင် ထိုစွမ်းအားထဲမှာ အရည်ပျော်ချင်နေတဲ့ ရာဇ ...လုံးသားကလည်း အံ့ဩစရာအတိ ဖြစ်တော့မည်။

ဘယ်လိုအကြောင်းနဲ့ပဲ ဖြစ်ဖြစ်…

ခင်ဗျားကို ကျွန်တော်ပိုင်ဆိုင်မှ ဖြစ်မယ် ကွင်း။

"ဒီလောကဆို တော်သင့်ပြီထင်တယ်"

အမှောင်ရိပ်ထဲက ထွက်လာသည့် အောင်မြင်ဩရှသော အသံ ...င်ရှင်ကြောင့် ဘုရင်မကားထွက်သွားရာ လမ်းအတိုင်း မတုန်မလှုပ် ...ငေးနေရာက ရာဇ ကိုယ်ကြီး တွန့်ခနဲ ဖြစ်သွားသည်။

"ဦးကြီးဒေဝ"

"အေး"

"မင်းကောင်မလေးက တော်တော်လှတာပဲကွ၊ မင်းထက်လည်း ...နကြီးတယ်၊ အဆိုးဆုံးက သူ့ကိုယ်သူကလွဲပြီး ဘယ်ယောကျ်ားကိုမှ ...ထင်မကြီးတာက အဆိုးဆုံးပဲ"

"အဲဒီလူတွေထဲမှာ ကျွန်တော်မပါဘူးနော် ဦးကြီးဒေဝ"

"သူ့အတွက် မင်းက ထိပ်ဆုံးကပဲ ရာဇ"

"အဟွန်း… ဟွန်း… ဟွန်း"

"အဟတ်… ဟား… ဟား"

ဦးကြီးဒေဝစကားကို သူ မရယ်ဘဲ မနေနိုင်သည့်အဆုံးမှာ ...တ်နှာကို လှန်မော့ပြီး အားပါးတရ ရယ်လိုက်မိသူက ရယ်သည်။ ဦးကြီးဒေဝကို သူ သဘောကျသည်။ ချစ်သည်။ လေးစားအထင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ရသည့် အကြောင်းထဲမှာ ဒါတွေလည်းပါသည်။ လူတစ်ယောက်
အကဲခတ်သည့်နေရာမှာ ဦးကြီးဒေဝက အနီးစပ်ဆုံးဖြစ်အောင် ကြ
တတ် မြင်တတ်သူဖြစ်တာ သူသိသည်။

ဦးကြီးဒေဝ အကဲဖြတ် အမှတ်ပေးလိုက်သူတွေအားလုံး ဦးကြ
ပြောသည့်အတိုင်း မှန်နေတာ သူ တွေ့ဖူးသည်။

"သူ့ကို ကျွန်တော်ချစ်တယ် ဦးကြီးဒေဝ"

"မင်းလိုပဲ တခြားကောင်လေးတွေလည်း သူ့ကို ချစ်နေ
မှာပဲ"

ဒါကို သူလက်ခံသည်။ လက်မခံလို့လည်း မရ။ ဘုရင်မ
နုနယ်ငယ်ရွယ်လှပြီး ချမ်းသာအောင်မြင်မှုအပေါင်းနှင့် ပြည့်စုံနေသ
အမျိုးသမီးတစ်ယောက်ကို ဘယ်ယောကျ်ားပဲဖြစ်ဖြစ် ရယူသိမ်းပိုက်
ကြမှာ မဆန်းပါ။ ဆန်းတာက ဘုရင်မအချစ်ကို ရယူပိုင်ဆိုင်ခွင့်ရသ
ယောကျ်ားဖြစ်သည်။

"သူ ကျွန်တော့်ကို ချစ်လာမှာပါ၊ ဒါကို ကျွန်တော်သိတယ်"

ထိုစကားကို သူ့ကိုသူ ယုံကြည်စိတ်ချစွာ ရဲရဲကြီးပြောလိုက်
နောင်တမရ။ ဦးကြီးဒေဝက အမှောင်ရိပ်ထဲမှာ လှမ်းမြင်နေရသေ
တလက်လက် တောက်ပနေသည့် မျက်ဝန်းများဖြင့် ရာဇမျက်နှာ
ဘာမှမပြောဘဲ လှမ်းကြည့်သည်။ ပြီးမှ…

"မင်းအဖေတင် မြေးချီချင်တာ မဟုတ်ဘူး ရာဇ၊ ငါလည်
ကိုယ့်တူ၊ တူမလေးတွေနဲ့ မသေခင် ပျော်ပျော်ပါးပါး နေချင်သေးတယ်"

ရာဇမိသားစုဘဝအကြောင်း ဦးကြီးဒေဝနှုတ်မှ ဒါပထမ
ကြားဖူးခြင်း ဖြစ်သည်။ ဦးကြီးက ပခုံးကို တစ်ချက်လှမ်းပုတ်





သူ့နားက ထွက်ခွာသွားသည်။ သူ့ရင်တွေ ထူးဆန်းစွာ နွေးထွေး
လှုပ်ခတ်ကျန်ခဲ့သည်။ ထိုညက တစ်ညလုံး သူ အိပ်မပျော်။ သူ့
အတွေးထဲမှာ လှပသည့် ဘုရင်မပုံတွေချည်း စုဝေးလှည့်လည်နေ၏။

အချစ်ဆိုသည့်အရာက ဆန်းကြယ်သည်။

ရာဇ ခံယူထားသည့် အချစ်ဆိုတာ ကိုယ်ချစ်တဲ့သူကို ပိုင်ဆိုင်ရမှ
အချစ်စစ်ဟု သတ်မှတ်သည်။ ဘုရင်မ စိတ်ခံစားချက်၊ အချစ်အပေါ်
ထားရှိသည့် သဘောထား၊ ယောကျ်ားတွေအပေါ် မြင်ထားသည့်
အတွေးအမြင်တွေအားလုံး သူသိထားသည်။ နားလည်သဘောပေါက်
ထားသည့်အတွက် လျော့ပေါ့ထားခြင်းမရှိ။ သူမအတွေးအမြင်တွေ
အားလုံး သူ့ဘက်က ပြောင်းလဲဖြစ်နိုင်အောင် ကြိုးစားဖို့ပဲ လိုသည်။
ထိုတာဝန်က ရာဇတာဝန်ဖြစ်သည်။

ချိန်းသည့်အချိန်၊ ချိန်းသည့်နေရာကို ရာဇ ရောက်သွားသည့်အချိန်
အထိ ကွင်းက ရောက်မလာသေး။ လက်က နာရီကို ငုံ့ကြည့်လိုက်
တော့ အချိန်ငါးမိနစ်ခန့် လိုသေးတာ တွေ့ရ၏။ စိတ်ကိုလျှော့ပြီး
အချိန်ကို လေးစားသည့် သူမအလာကို ဆက်စောင့်သည်။ အချိန်ကို
လေးစားသည့် သူမကို ချိန်းဆိုသည့်အချိန်မှာ အတိအကျ လာရောက်
နိုင်မည်ဟု ထင်ခဲ့ပေမယ့် လက်တွေ့မှာ ရာဇထင်သလို ဖြစ်မလာ၍
ရာဇ မျက်ခုံးအစုံ တွန့်ကုတ်လာသည်။

ဒါက ဘယ်လိုဖြစ်တာလဲ။

သူ့ကို ကလေးတစ်ယောက်လို သူကြိုက် စကားတွေပေးပြီး
လိမ်ညာလှည့်ဖျားခြင်းလား။ ရာဇဆိုတာ သူမကြိုက်သလို ဆော့ကစား
၍ရသော အရုပ်မဟုတ်တာ သိစေချင်၏။ သူ ဘုရင်မလက်ကိုင်ဖုန်းကို



www.burmeseclassic.com

www.burmeseclassic.com



လှမ်းခေါ်လိုက်တော့ လူကြီးမင်းနှင့်တိုးနေ၍ ပိုအခံရခက်လာ၏။

သူ့ကို လုပ်စွာ ပညာပေးသွားပြီပဲ။

နောက်ထပ် နာရီဝက်ပြည့်အောင် စိတ်ကို အရှည်ဆုံးဆွဲဆန့်ပြီး စောင့်ပေမယ့် အကြောင်းမထူး။ သူမြင်ချင်တွေ့ချင်သော ဘုရင်မ၏ မျက်နှာကို မမြင်ရသလို သူမအသံကိုလည်း မကြားရပါ။ သည်းခံနိုင်သည့် အတိုင်းအတာအဆုံးမှာ သူ နေရာက ထရပ်လိုက်သည့်အချိန်မှာပဲ တိုက်ဆိုင်စွာ ရာဇဖုန်းက အသံမြည်လာသည်။

"ဟဲလို"

"ဆောရီး... ရာဇ၊ ကိုယ် မင်းဆီကို မလာနိုင်တော့တဲ့ အကြောင်း ဖုန်းလှမ်းဆက်တာ၊ ဒါပဲနော်"

"ဘုရင်မ"

သူလှမ်းခေါ်ပေမယ့် တစ်ဖက်က ဖုန်းလိုင်းပြတ်သွားပြီးဖြစ်၍ သူ ဘာမှမတတ်နိုင်တော့ဘူး၊ ဘုရင်မဆိုတဲ့ မိန်းမက ဒီလိုပဲ၊ တခြား သူတွေကို မခံချိမခံသာဖြစ်အောင် အသည်းတယားယားဖြစ်အောင် လုပ်နေကြတာလား၊ ဘုရင်မဖုန်းကို သူ ပြန်ခေါ်ပေမယ့် ဖုန်း လုံးဝ မကိုင်တော့။

ကောင်းပြီ။

ခင်ဗျားစိတ်ကြိုက် လုပ်ချင်တာလုပ်ပြီးရင် ဒီတစ်ခါ ကျွန်တော် အလှည့်ပေါ့ ဟုတ်လား။ သူမလို မိန်းမတစ်ယောက်ကို ချစ်မိမှတော့ ဒီလောက်တော့ ရှိမည်။ ထိုအတွက် ကိစ္စမရှိ၊ ရာဇဆိုတာ ကိစ္စတစ်ခုကို အလွယ်လက်လျှော့ အရှုံးပေးတတ်သူထဲမှာ မပါ။

ခင်ဗျားကို ကျွန်တော် ချစ်ရတာ၊ မြတ်နိုးရတာတွေဟာ အဲဒါ





တွေပဲ ဘုရင်မ။

ခင်ဗျား မာနကြီးလေ ကျွန်တော်က ခင်ဗျားကို ချစ်လေပဲ။

ခင်ဗျားက ကျွန်တော့်ကို ဂရုမစိုက်လေ ကျွန်တော်က ခင်ဗျားကို ပိုပြီး ဂရုစိုက်တာ၊ မြတ်နိုးရလေဆိုတာ ခင်ဗျားသိစေချင်တယ်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

တစ်နေကုန် ဝင်ပန်းထားသမျှ ရေပူကန်ငွေးငွေးထဲ တစ်ကိုယ်လုံ
နှစ်စိမ်ထားလိုက်မှ လူက နေသာထိုင်သာ ရှိသွားသည်။ ပြောင်းလ
နေသည့် စီးပွားရေးဈေးကွက်တွေက တစ်နေ့နှင့်တစ်နေ့ မတူသလ
တစ်ချိန်နှင့်တစ်ချိန်လည်း ကွဲပြားခြားနားမှုတွေက မပြတ်။ စီးပွားရေ
လုပ်သည့်နေရာမှာ ကွဲပြားခြားနားမှုတွေထက် ခြေတစ်လှမ်း အမြဲသာနေ
ရန် လိုအပ်သလို ဆုံးဖြတ်ချက်ရဲသည့် သတ္တိရှိရန် လိုသည်။

ဘုရင်မလုပ်ငန်းစု၏ အောင်မြင်သည့် စီးပွားရေးကို ခြေတစ်လှမ်
အသာနှင့် အရယူထားနိုင်၍ ဤမျှ လူသိထင်ရှားနေခြင်းဖြစ်သည်
လုပသည့် ဘုရင်မခေါင်းထဲမှာ ကိန်းဂဏန်းတွေကလွဲပြီး ဘာမှမရှိ
တခြားအကြောင်းအရာတွေကိုလည်း ခေါင်းအလေးခံပြီး စဉ်းစားမနေနိုင်

မနက်ဖြန် သူမ အနိုင်တိုက်ရမည့် အလှည့်အပြောင်း စီးပွားရေ
တိုက်ကွက်တွေသာ အချိန်ပြည့် တွေးနေဖြစ်သည်။ ဘာတစ်ခုမှ အေ
ခံ၍ မဖြစ်။ တစ်ကိုယ်လုံး လန်းဆန်းပေါ့ပါးသွားမှ ရေကန်ထဲက





ထွက်လိုက်သည်။ မွေးပွတဘက်နှင့် တစ်ကိုယ်လုံး သုတ်ပြီး လိုးရှင်းလူးနေချိန်မှာ ဘုရင်မဖုန်းက အသံမြည်လာသည်။

နံပါတ်ကိုကြည့်လိုက်တော့ ဘုရင်မ တစ်ခါမှ မမြင်ဖူးသည့် ဖုန်းနံပါတ်ဖြစ်သည်။

"ဟဲလို"

"ကွင်းလား"

သူမအမည်ကို ရင်နှီးစွာ ခေါ်လိုက်သည့် ယောကျ်ားတစ်ယောက် အသံကြောင့် ဘုရင်မမျက်ခုံးတစ်ချက် ပင့်သွားသည်။

"ဘယ်သူလဲ"

"ကျွန်တော်ပါ"

"ရာဇ"

တစ်ဖက်မှ အဖြေကြောင့် ဘုရင်မ အသံတိတ်သွားသည်။ ရာဇဆိုတဲ့ ကောင်လေးပဲ။ သူနဲ့တွေ့ဖို့ ချိန်းပြီးမှ ဘုရင်မဘက် အလုပ်ကိစ္စကြောင့် ချိန်းထားတာကို ဖျက်ပစ်လိုက်တာ ဖျတ်ခနဲ သတိရသွားသည်။

"ဘယ်လိုလဲ၊ ကျွန်တော့်နာမည် ကြားတာနဲ့ စကားမပြောတော့ဘူးလား"

"ဘာကိစ္စလဲ ပြောပါ"

"အချစ်ကိစ္စ"

ဘုရင်မလက်ထဲဖုန်းကို ပိတ်ပစ်လိုက်သည်။

ထင်သည့်အတိုင်း ရာဇထံမှ ဖုန်းခေါ်သံက ချက်ချင်းမြည်လာ လေမယ့် သူမ မကိုင်တော့။ မှန်တင်ခုံရှေ့မှာ ထိုင်ပြီး ညဝတ်အင်္ကျီ



www.burmeseclassic.com

www.burmeseclassic.com



ဂါဝန်ဖြူလေးကို ပေါ့ပါးစွာ ဝတ်ဆင်လိုက်သည်။ ရာဇထံမှ ဖုန်းက ဖွဲကောင်းကောင်းနှင့် အဆက်မပြတ် ခေါ်နေဆဲဖြစ်ပေမယ့် သူမ လုံးဝ လှည့်မကြည့်သလို ဂရုလည်း မစိုက်။

"ခေါက်... ခေါက်"

"မမ"

"ခေါ်ဥလား၊ ဝင်ခဲ့ပါ"

အခန်းတံခါး ဖွင့်သံနှင့်အတူ ခေါ်ဥ ဘုရင်မအခန်းထဲ ရောက်လာသည်။ ရိုးရိုးရောက်လာခြင်း မဟုတ်။ ခေါ်ဥလက်ထဲမှာ အလွှမ်းအင်မတန် လှပ၍ လက်ရာမြောက်သော ဘုရင်မ၏ ပုံတူပန်းချီကား တစ်ချပ်ကို လက်နှစ်ဖက်နှင့် တရိုတသေကိုင်၍ ရောက်လာခြင်း ဖြစ်သည်။

"ဒါက ဘယ်လိုဖြစ်တာလဲ ခေါ်ဥ၊ မမပုံတူပန်းချီကားကို ဘယ်က ယူလာတာလဲ"

ဘုရင်မ အံ့ဩစွာ မေးလိုက်ခြင်းဖြစ်သည်။

သူမ ပုံတူဆွဲရန် မည်သည့်ပန်းချီဆရာကိုမှ ပုံတူအပ်ထားခြင်းလည်း မရှိပါ။ အခု ခေါ်ဥ ယူလာသည့် ပန်းချီကားထဲမှ သူမပုံက ပီပြင် အသက်ဝင်လှသလို သူမတစ်ခါမှ မဝတ်ဖူးသည့် မြန်မာဆန်ဆန် ဝတ်စုံ ဆံပင်ရှည်ကြီး ကနွဲ့ကလျနှင့် ကျက်သရေရှိရှိ လှပစွာ ရယ်မောနေပုံ ဖြစ်သည်။

"အိမ်ရှေ့က ညွှိသည်က မမကို ပေးပေးပါဆိုလို့ ခေါ်ဥ ယူလာတာပါကွယ်၊ မမ မကြိုက်ရင် ပြန်ပေးလိုက်ပါ့မယ်"

"ညွှိသည်က ဘယ်က ညွှိသည်လဲ"





"မမမိတ်ဆွေ ရာဇလို့ ပြောပါတယ်"

"ရာဇ"

"ဟုတ်ပါတယ် မမ"

လုံးဝထင်မှတ်မထားသည် အမည်ကြောင့် ဘုရင်မမျက်နှာမှာ လေးနက်တည်ငြိမ်သွားသည်။ သူ ဖုန်းဆက်တာကို သူမအိမ်ရှေ့က ဆက်နေလိမ့်မည်ဟု မထင်ခဲ့။ အခုတော့ ရာဇက ဘုရင်မအိမ်ရှေ့က သူမဆီ ဖုန်းလှမ်းဆက်နေမှန်း သိလိုက်ရ၍ ဘာဆက်လုပ်မလဲဆိုတာ စဉ်းစားလိုက်သည်။

"ဒီထဲက မမပုံကို သူကိုယ်တိုင် ဆွဲတာလို့ ရာဇဆိုတဲ့ သူငယ်လေးက မမကို သေချာပြောဖို့ ခေါ်ဥကို သေချာမှာလိုက်သေးတယ်"

ဘုရင်ဂ၊အကြည့်က ရာဇကိုယ်တိုင် ဆွဲထားသည်ဆိုသော သူမပုံတူပန်းချီကားကြီးထဲ ရောက်သွားသည်။ ပန်းချီကားနာမည်က ချစ်သူ။ ရေးဆွဲသူအမည်က ရာဇ။ ပန်းချီကား ညာဘက်ထောင့်မှာ ရာဇလက်မှတ်နှင့် ရက်စွဲကို ရေးထားသည်။

ပြသနာက သူမထင်သလောက် မလွယ်မှန်း သိလိုက်သည်။ ပုံက ဘုရင်မပုံဖြစ်သည်။ ရာဇကိုယ်တိုင် ဆွဲထားသည့် ပန်းချီကား ဖြစ်နေ၍ လက်မခံချင်ပေမယ့် ပုံက ဘုရင်မပုံဖြစ်နေတော့ ခက်သည်။ ခင်းဆွဲတဲ့ပုံ မင်းဘာသာ ပြန်ယူသွားဆိုပြီး အလွယ်တကူ ပြန်မပေးနိုင်အောင် ပန်းချီကားထဲမှာ ရယ်မောနေသည့် ဘုရင်မပုံက ဘုရင်မကို လှောင်နေ၏။

"သူ အခုဘယ်မှာလဲ ခေါ်ဥ"

"ခြံရှေ့မှာပါ မမ"



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကာစကို အသာဟပြီး ခြံရှေ့ကို ကြည့်လိုက်တော့ ဘုရင်မကို လက်တစ်ဖက်မြှောက်ပြီး နှုတ်ဆက်လိုက်သည့် ရာဇနှင့်ဆုံသည်။ ဘုရင်မခြံရှေ့က တံခါးပေါက်တည့်တည့်မှာ သူ့ကားကြီးကို ရပ်ပြီး ကားဘော်ဒီကို မှီနေပုံက သက်သက်သာသာဖြစ်သည်။ ဘုရင်မ အချစ်ကို တောင်းခံကြသူများနှင့် ကြုံဖူးဆုံဖူးပေမယ့် ဘယ်သူမှ ရာဇလို ဣန္ဒြေမဲ့ သိက္ခာမဲ့ မလုပ်ခဲ့ကြပါ။

အားလုံး ပညာတတ် လူယဉ်ကျေးများပီသစွာ ကိုယ့်အဆင့်အတန်း ကိုယ့်သိက္ခာကို ထိန်းကြသူများ ဖြစ်၍ ဘုရင်မ အရှက်ရမည့် ဂုဏ် သိက္ခာကို သူတို့ဘာသာ တန်ဖိုးထားတတ်ကြသူများ ဖြစ်သည့်အတိုင်း တစ်ယောက်ကိုတစ်ယောက် စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်ကြ

ရာဇ လုပ်နေပုံတွေနှင့်တော့ လုံးဝတခြားစီ ဆန့်ကျင်ဘက်တွေ ဖြစ်သည်။

"ဒေါ်ဥ သွားလို့ရပြီ"

"မမယန်းချိကားကို မမအခန်းထဲမှာ ထားခဲ့ရမှာလား၊ ဟိုရာဇဆို တဲ့ သူငယ်လေးကို ပြန်ပေးလိုက်ရမှာလား မမ"

ခဏတော့ ဘုရင်မ ငြိမ်သွားသည်။

သူမ ပုံတူယန်းချိကားကြီးကို ဘယ်လိုနည်းနဲ့မှ သူမနှင့် လုံးဝ မသက်ဆိုင်သည့် သူစိမ်းယောကျ်ားတစ်ယောက်ထံ ပြန်မပေးသင့်ဟု ဆုံးဖြတ်လိုက်သည်။

"ဒီမှာပဲ ထားခဲ့ ဒေါ်ဥ"

"ဟုတ်ကဲ့ မမ"

ဒေါ်ဥက သူမယန်းချိကားကြီးကို အိပ်ရာဘေးက စားပွဲမှာ လှ





န့်ညားစွာထားပြီး အခန်းထဲမှ ထွက်သွားသည့်အခိုက်မှာ သူမဖုန်း အသံမြည်လာ၏။ ဖုန်းခေါ်သူက ရာဇ။ ဒီတစ်ခါ ငြိမ်နေလို့မရတော့ သည့်အတူ ဖုန်းကို ဖွင့်ပြီး နားထောင်လိုက်သည်။

"ကျွန်တော့်ဖုန်းကို မကိုင်ဘဲ ဘာလို့ ပစ်ထားတာလဲ ကွင်း"

"အပိုတွေ ပြောမနေနဲ့ ရာဇ၊ ကိုယ့်ဆီက ခွင့်ပြုချက်မရဘဲ ဘာကိစ္စ မင်း ကိုယ့်ပုံတွေ လျှောက်ဆွဲရတာလဲ"

"ချစ်လို့"

"မင်းစကားပြောတာ မမိုက်ရိုင်းနဲ့နော်"

"ကိုယ့်ချစ်သူကို ချစ်တယ်လို့ပြောတာ မိုက်ရိုင်းတယ်တဲ့လား ဗျာ"

"ကျွန်တော် ကွင်းကို ချစ်တယ်"

"မင်း ပြန်တော့ ရာဇ"

"ကွင်းက ချစ်တယ်ဆိုရင် ပြန်မယ်"

"မင်းပြောတာတွေ တစ်ခုမှ ဖြစ်မှာမဟုတ်ဘူး ရာဇ၊ ကိုယ် အခန်းကို ဖုန်းမဆက်ချင်ဘူး၊ မင်း အသိတရားနဲ့ မင်းအိမ် မင်းပြန်ပါ"

"အချစ်က လူကို ရူးသွပ်စေသလို အသိတရားတွေကိုလည်း ဆောက်ဆုံးစေတယ်ဆိုတာ ကွင်း ယုံလား၊ ကြိုက်တဲ့ ရဲစခန်းကို ဖုန်းဆက်လိုက်ပါ။ သူတို့ ရောက်လာရင် ကျွန်တော်ကွင်းကို ဘယ် လောက်ချစ်တယ်ဆိုတာ အားလုံးသိအောင် ပြောပြခွင့်ရသွားတာပေါ့"

"ရာဇ"

"ဗျာ"

"မင်း သိပ်လွန်နေပြီနော်"



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မအသံထဲမှာ ဒေါသအသံက အပြည့်ဝါဝင်နေပေမဲ့ ရာဇ ဂရုမစိုက်။

"ကျွန်တော်ချည်း လွှန်တာမဟုတ်ပါဘူးဗျာ၊ ကွင်းလည်း လွှန် တာပဲ"

"မင်း ဘာစကားပြောတာလဲ"

"ဗမာစကား"

"ကျွန်တော့်ကိုချိန်းပြီး ပျက်ကွက်တဲ့ကွင်းကြောင့် ကျွန်တော် အခုလို ကွင်းရှေ့ ရောက်လာရတာပေါ့ဗျာ၊ ကျွန်တော့်ကို ကွင်း လာတွေ့ ပါ၊ ကွင်းမလာရင် ကျွန်တော် ကွင်းအိမ်ရှေ့က လုံးဝမပြန်ဘူး"

"ရာဇ"

ဘုရင်မလှမ်းခေါ်ပေမယ့် တစ်ဖက်က ဖုန်းချသွားပြီဆိုတော့ ဘုရင်မနှုတ်ဖျားက ကျစ်ခနဲ အသံထွက်သွားသည်။ သူမ အိမ်ရှေ့လာ ပြီး ဒီကောင်လေး ဘာအချိုးချိုးနေသည်မသိ။ သူ ခြိမ်းခြောက်ချင်တိုင်း ခြိမ်းခြောက်ရအောင် ဘုရင်မဆိုသည့် သူမက ဘာမဟုတ်တဲ့ ယောက်ျား ကို ကြောက်ရွံ့ပြီး အရှုံးပေးလိုက်ရမှာလား။

သွားစမ်းပါ။

ဘုရင်မဆိုတာ ဘယ်ယောက်ျားကိုမှ အထင်မကြီးတတ်သလို သူတို့ ခြိမ်းခြောက်တာကို ကြောက်တတ်သည့် မိန်းမစားမှမဟုတ်ဘဲ။

ကောင်းပြီ။

မင်းကိုယ့်ကို သတ္တိရှိရှိ စိန်ခေါ်မှတော့ ကိုယ်ကလည်း မင်း စိန်ခေါ်မှုကို လက်ခံရုံရှိတာပေါ့။

မင်းနဲ့ကိုယ် ဘယ်သူက ပိုပြီး သတ္တိရှိလဲ၊ ဘယ်သူက ပိုအသည်း





နိုင်သလဲ။ ဘယ်သူက ပိုစွဲကောင်းလဲဆိုတာ စောင့်ကြည့်ရမယ်။ တ်ထဲကဖုန်းကို အိပ်ရာပေါ် ပစ်တင်ပြီး ဘုရင်မခေါင်းက ရေစိုနေ ည့် ဆံပင်တွေကို ဟဲဒရိုင်ယာနှင့် အခြောက်ခံလိုက်သည်။

ဘုရင်မ အိပ်ရာပေါ် အသာအယာ လှဲချလိုက်ချိန်မှာတော့ ခွင်မှာ မိုးတဖွဲဖွဲရွာစ ပြုလာ၏။ အချိန်ကြာလေ မိုးက ပိုသည်းထန် ်ခေ လေပါပြင်းလာ၍ ဘုရင်မအကြည့်တွေက တီဗီဖန်သားပြင်မှ င်သွားကာ အိမ်ရှေ့ခြံဝမှာ ရှိနေသည့် ရာဇထံ စိတ်က ဖျတ်ခနဲ က်သွားသည်။

မိုးရွာပုံက ကြောက်စရာ။

ပြန်သွားပြီလား။

ဘယ်လိုပုံစံ ဖြစ်နေပြီလဲဆိုသည့် အတွေးက သူမအာရုံမှာ ခဏ လာလာငြိတော့ ကိုယ့်ကိုကိုယ် ဒေါသဖြစ်လာသည်။

တကယ်ဆို ရာဇဆိုတာ သူမနဲ့ ဘာမှသက်ဆိုင်တာလည်း တ်။ သူ့ဘာသာ မိုက်ရူးရဲလုပ်ရပ်နဲ့ သူမကို စိတ်ရှုပ်အောင် လုပ်နေသည့် လူအဖြစ်ထက် ဘာမှမပို။

အို… သူ့ဘာသာ ဘာဖြစ်ဖြစ်။

ဘုရင်မနဲ့ ဘာဆိုင်လို့ သူ့အကြောင်း သူမက လျှောက်တွေးနေ လဲ။

သွားစမ်းပါ။

ဒီလို ယောက်ျားမျိုးတွေ ဘုရင်မဘဝမှာ မရေမတွက်နိုင်အောင် တွေ့ခဲ့ဖူးပြီးသားမို့ သူမအတွက် မဆန်းပါ။ ခက်နေတာက ရာဇမို ်ယောက်ျားမှ မိုးရေထဲ ဇွဲကောင်းကောင်းနှင့် ပေရပ်ပြီး သူမကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့ခွင့်တောင်းဆိုဖူးသော ယောကျာ်းမျိုးမရှိ။

မိုးရေထဲ သူ တစ်ခုခုဖြစ်သွားလျှင် ဘုရင်မအပြစ် မကောင်းသလို သူမမှာ တာဝန်ရှိသလို အိပ်ရာမှ ထလိုက်သည်။ ထို့နောက် ပြတင်း ပေါက် ခန်းဆီးလိုက်ကာအကွယ်မှ ခြံရှေ့ကို အသာကြည့်လိုက်သည်။

"အို"

ဘုရင်မနှုတ်ဖျားမှ အသံတိုးတိုးလေး ထွက်သွားသည်။ ခြံရှေ့ မီးရောင်အောက်က ကားပေါ်မှာ မလှုပ်မယှက် ထိုင်နေသည့် သဏ္ဌာ တစ်ခု။ ပြီးတော့ သူ့နားမှ လွှင့်နေသည့် ထီးတစ်ချောင်း။ ဘယ်အချိ က ဘယ်သူများ ရာဇကို ထီးလာပေးသွားတာပါလိမ့်။

ရာဇက ထိုထီးကို မဆောင်း။

မိုးရေထဲ လွှင့်ပစ်ထားပုံကြောင့် ထီးက မိုးရေထဲမှာ ရာဇနှ အပြိုင် ဟိုဘက်ဒီဘက် လွှန့်လူးလျက်။ လက်ထဲက ခန်းဆီးစ အသာပြန်ချပြီး ဒေါ်ဉကို ဖုန်းနှင့်လှမ်းခေါ်လိုက်သည်။

"လာပါပြီ မမလေး"

ဒေါ်ဉအသံက အိပ်ချင်မူးတူးအသံ မဟုတ်။

ကြည့်ရတာ ဘုရင်မလိုပဲ ရာဇကို မိုးရေထဲမှာ တွေ့မြင်နေ ဖြစ်သည်။ သိပ်မကြာလိုက်။ ဒေါ်ဉ ဘုရင်မရှေ့ ရောက်လာ၏။

"မအိပ်သေးဘူးလား ဒေါ်ဉ"

"ဘယ်လိုလုပ် အိပ်နိုင်မှာလဲ မမရယ်၊ ဟိုသူငယ်လေး အိမ်ရှေ့က ပြန်မှမပြန်သေးတာ၊ မိုးစရွာကတည်းက ပြန်ပါလို့ပြောလ မရဘူး၊ မမလာမှ ပြန်မယ်ချည်း ပြောနေတာကွဲ့"

"အခု ဒေါ်ဉ ဘာလုပ်ပေးရမလဲ"





"ဒီစာလေး သွားပေးပေးပါ"

"ဟုတ်ကဲ့"

ဒေါ်ဉက ဘုရင်မပေးသော စာခေါက်လေးကို ယူပြီး ခြေလှမ်း သွက်သွက်နှင့် ရာဇထံ ထီးတစ်ချောင်းဆွဲပြီး မိုးရေထဲ လျှောက်ဝင် သွားသည်။

"ဒီမှာကွဲ့… သူငယ်"

ဒေါ်ဉက ရာဇကို ခေါ်နေပေမယ့် ရာဇက မလှုပ်။ အနီးကပ် ကြည့်မှ ရာဇတစ်ကိုယ်လုံး မိုးရေကြောင့် အေးစက်စိုရွှဲ ပြာနှမ်းနေမှန်း သိလိုက်ရ၍ ဒေါ်ဉ စိတ်ပူသွားသည်။

"မောင်ရာဇ"

"ကလေး"

"ပြောပါ"

ရာဇအသံက မိုးရေထဲက ပြေးလာသလို ထင်ရသော အသံမျိုး ဖြစ်ကာ သူ့နားရပ်နေသည့် ဒေါ်ဉကို မလှုပ်မယှက် အနေအထားအတိုင်း တစ်ချက် လှမ်းကြည့်သည်။

"မင်းကို မမက ဒီစာလေး ပေးခိုင်းလိုက်လို့"

"ရော့… ဒီမှာ"

"သင့်ခ်ယူး"

ရာဇထံမှ ကျေးဇူးတင်စကားဆိုသံနှင့်အတူ မြောက်တက်လာ သည့် လက်တစ်ဖက်က ဘုရင်မပေးလိုက်သည်ဆိုသော စာကို လှမ်း အယူ…

"ဟဲ့… ကလေး"



www.burmeseclassic.com

www.burmeseclassic.com



"အို… ဟဲ့… လုပ်ပါဦး"

"မောင်ရာဇ… သတိထားလေ၊ ဒေါ်ကြီး ခေါ်နေတာ ကြားရဲ့လား"

"အမယ်လေး… လုပ်ကြပါဦး၊ ဒီမှာ မောင်ရာဇ မေ့သွားပြီ"

လက်ထဲက ထီးကို ပစ်ချပြီး အေးစက်နေသည့် ရာဇကိုယ်ကြီးကို ကိုင်လှုပ်ရင်း စိုးရိမ်တကြီး ဟစ်အော်နေသော ဒေါ်ဥကို ဘုရင်မ အိမ်ပေါ်ထပ်မှ အစအဆုံး တွေ့မြင်နေရသည်။

သူ့ကား ဘောနက်ပေါ်မှ ခွေခွေလေး လဲကျသွားသည့် ရာဇကြောင့် ဘုရင်မ စိတ်ရှုပ်သွားသည်။ အခုမှတော့ သူမ ဘာလုပ်ရမှန်းမသိ။ အပြင်မှာ မိုးက သည်းထန်စွာ ရွာနေဆဲဖြစ်သည်။ ဘုရင်မ ကြည့်နေဆဲ ခြံထဲကို ဒေါ်ဥ ပြန်ပြေးဝင်လာ၏။ သူ့ပုံက ထိတ်လန့်ချောက်ချားမှုအပြည့်။ ဘာလုပ်၍ ဘာကိုင်ရမှန်းမသိ ဖြစ်နေသည့်ပုံစံဖြစ်သည်။

ဒေါ်ဥက အသက်ကြီးပြီ။

ဒီကြားထဲ လူကလည်း ဝသေးသည်။

ဘုရင်မအိမ်ထဲမှာ မိန်းမဖော်တွေပဲ ရှိသည်။

ဘယ်ယောက်ျားကိုမှ ညအိပ်ညနေ မထား။ အခုလို အရေးကိစ္စကြုံလာသည့်အချိန်မှာ ရာဇလို လူကောင်ထွားထွား၊ အရပ်မြင့်မြင့် လူငယ်ယောက်ျားတစ်ယောက် သူ့ကားဘောနက်ပေါ် ခွေခွေလေး လဲကျသတိလစ်နေချိန်မှာ သူမတို့မှာ တိုးတိုးဖော် တိုင်ပင်စရာ ယောက်ျားသားမရှိ။

"မမ… မမ"





"ကျွန်မ ဒီမှာ ဒေါ်ဥ"

အမောတကောပုံစံနှင့် အိမ်ထဲပြေးဝင်လာသည့် ဒေါ်ဥကို အိမ်ရှေ့ဧည့်ခန်းမှာ မားမတ်ခန့်ညားစွာ ရပ်ပြီး ကြိုဆိုလိုက်သည့် ဘုရင်မကြောင့် လှမ်းလက်စ ခြေလှမ်းအစုံ တွန့်သွားပြီး တည်ငြိမ်စွာ လှပနေသည့် ဘုရင်မမျက်နှာကို မိုးရေစိုနေသည့် မျက်နှာနှင့် မော့ကြည့်သည်။

"အိမ်ရှေ့မှာ ဟိုသူငယ် မောင်ရာဇဆိုသည့်ကလေး မိုးရေထဲမှာ သတိမေ့နေတယ် မမရဲ့။ မိုးကလည်း တအားရွာနေတုန်းဆိုတော့ အခု ဘယ့်နှယ့်လုပ်ကြမလဲ"

"သူ့အိမ်ကို ဖုန်းဆက်အကြောင်းကြားလိုက်ပါ"

"ဟင်"

"ရော့ ဒီမှာ ဖုန်းနံပါတ်"

ဒေါ်ဥက ဘုရင်မပေးသည့် ဖုန်းနံပါတ်ရေးထားသည့် စာရွက်ကို ဆုပ်ကိုင်နေသည့်လက်ဖြင့် လှမ်းယူရင်း ဘုရင်မမျက်နှာကို နားမလည်သလို ကြည့်သည်။ အေးစက်စွာ တုံ့ပြန်လာသည့် ဘုရင်မအကြည့်တွေကို သိပေမယ့် ဒေါ်ဥ ဒီတစ်ခါတော့ ဂရုမစိုက်နိုင်ဘဲ လူသားတစ်ယောက်၏ အသက်ကို အရဲစွန့်ကယ်တင်ရန် စိတ်ဆန္ဒပြင်းထန်နေသည်။

ရာဇဆိုသည့် ကလေးသာ ဒေါ်ဥသားလေးဖြစ်ရင်ဆိုသည့် အတွေးက တစ်ချိန်က သားတစ်ယောက်ရှိခဲ့ဖူးသော မုဆိုးမအမေ၏ နှလုံးသားကို အနိုင်ယူသွားသည်။

"ကလေးက မိုးရေထဲမှာ သတိလစ်နေတာ မမ"

"ကျွန်မ သိတယ်၊ သိလို့ သူ့အုပ်ထိန်းသူတွေဆီ ဖုန်းဆက်



www.burmeseclassic.com

www.burmeseclassic.com



နိုင်းနေတာ"

"ဒေါ်ဥ သူ့ကို လောလောဆယ် အိမ်ထဲခေါ်ပြီး နွေးနွေးထွေး ထွေး ထားချင်တယ်ကွယ်၊ တော်ကြာ မိုးရေထဲ တစ်ခုခုဖြစ်သွားရင် မကောင်းဘူး၊ ဒေါ်ဥ သားလေးတုန်းကလဲ… "

"တော်ပြီ ဒေါ်ဥ"

ဒေါ်ဥစကားကို ထိုနေရာမှာပဲ တိခနဲ ဖြတ်ချပစ်လိုက်သည်။ သားသမီးချင်း ကိုယ်ချင်းစာနာသော ဒေါ်ဥစိတ်သဘောကို ဘုရင်မ သိသည်။ နားလည်သည်။ ဒေါ်ဥနားမလည်တာ မသိတာက ဘုရင်မ သဘောထားကို ဖြစ်သည်။

"သူ့ကိုယ်ကြီးကို အိမ်ထဲရောက်အောင် ဘယ်လိုသယ်မကြမှာ လဲ ဒေါ်ဥ"

ဒေါ်ဥ မဖြေနိုင်ဘဲ ငိုင်တွေသွားသည်။

ရာဇကိုယ်ကြီးက သူတစ်ယောက်တည်း ဘယ်လိုမှ မနိုင်။ အိမ်အကူ ကောင်မလေးကလည်း ပိန်ပိန်သေးသေးဆိုတော့ မဖြစ်။ ဘုရင်မကိုယ်တိုင် ရာဇအိမ်ကို ဖုန်းခေါ်လိုက်သည်။

"ဟဲလို"

ယောက်ျားတစ်ယောက်အသံကို ကြားရသည်။

"ရာဇတို့အိမ်က ဟုတ်ပါသလားရှင်"

"ဟုတ်ပါတယ်"

"ကျွန်မတို့အိမ်ရှေ့မှာ ရာဇရောက်နေပါတယ်၊ မိုးရေထဲမှာ သတိ လစ်ပြီး လဲနေတာပါ"

"ဟာ…"





တစ်ဖက်က အလန့်တကြား အသံထွက်လာ၏။

"နေရာကို ပြောပါ ကလေးမ"

"ကျွန်မနာမည် ဘုရင်မပါ"

"သြော်… ဟုတ်ပြီ နားလည်ပြီ မင်းဆီကို သူလာတာပဲ၊ နေကောင်း တာလည်း မဟုတ်ဘဲနဲ့ ဒီကောင်ကွာ၊ ကျုပ်က သူ့ဦးကြီးပါ"

"ဟုတ်ကဲ့"

ဘုရင်မက သူ့အိမ်လိပ်စာကို ပြောပြလိုက်သည်။ သူမပြောသမျှ လိုက်မှတ်ရင်း အန်ကယ်ဒေဝရင်ထဲ သူ့တူအတွက် စိုးရိမ်စိတ်နှင့် အတော် ပူထူသွားသည်။

"ကျုပ် အခုထွက်လာပြီ၊ အခုလို အကြောင်းကြားပေးတဲ့အတွက် ကျေးဇူး"

သူ့စကားအဆုံးမှာ တစ်ဖက်မှ ဘာမှမပြောဘဲ ဖုန်းချသွားသည်။ ဘုရင်မပဲ ဒီလောက်တော့ ရှိမှာပေါ့ဆိုသည့် အတွေးနှင့် ကားသော့ကို ဆွဲပြီး ဘုရင်မပေးထားသည့် လိပ်စာအတိုင်း သူ့ကားကို အကြမ်းမောင်း ထွက်ခဲ့သည်။ အရှိန်ကို လုံးဝမလျှော့။

မိုးရေထဲမှာပါလားဆိုတာလည်း မတွေး။ မြန်နှုန်းမြင့်ထားသည့် ကားက လေးညှိုမှ လွှတ်လိုက်သည့် မြားတစ်စင်းပမာ ရာဇရှိသည့် နေရာ အပြေးရောက်သွားတော့ မိုးရေထဲမှာ ထီးတစ်ချောင်းနှင့် သူ့အလာ ကို စောင့်နေသည့် ဒေါ်ကြီးတစ်ယောက်၏ စိုးရိမ်မျက်နှာကို ကားမီး ရောင်အောင်မှာ အရင်ဦးဆုံး တွေ့လိုက်ရသည်။

"ကျွီး"

"ဒုန်း"



www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း"

ကားလည်းအရပ်၊ ကားတံခါးကို ဝုန်းခနဲ ဆွဲဖွင့်ပြီး လူငယ်လေး တစ်ယောက်လို ပေါ့ပါးစွာ မိုးရေထဲ ပြေးဆင်းလာသည့် ဦးဒေဝက ဘယ်သူ့ကိုမှ နောက်ထပ်မကြည့်နိုင်ဘဲ ကားဘောနက်ပေါ် လဲကျ သတိလစ်နေသည့် ရာဇထံ အပြေးရောက်သွား၏။

"ရာဇ"

"ဟိတ်ကောင်... တူလေး"

"ဖတ်... ဖတ်"

တစ်ကိုယ်လုံး မိုးရေတွေ စိုရွှဲအေးစက်နေသည့် ရာဇကိုယ်လေး ကို ဆွဲယူထူမတ်ရင်း ရာဇအမည်ကို အဆက်မပြတ်ခေါ်၊ ရာဇပါးကို တဖတ်ဖတ် ပုတ်ရိုက်နေသူ၏ မျက်နှာမှာ စိုးရိမ်သောကကို ထင်ရှားစွာ တွေ့မြင်နေရသည်။

"သူ အခုလိုဖြစ်တာ ဘယ်လောက်ကြာပြီလဲ အဒေါ်ကြီး"

"နာရီအတိအကျဆိုရင် ရှင် ရောက်လာတဲ့အချိန်နဲ့ပါ ပေါင်းရင် နာရီဝက်တိတိ ရှိပြီ"

"မင်းက ဘုရင်မလား"

"ဟုတ်ပါတယ်"

ဘုရင်မမျက်နှာကို ဦးဒေဝ တစ်ချက်စိုက်ကြည့်ပြီး သူ့တူ ကိုယ်ကြီးကို ကလေးတစ်ယောက်လို ပွေ့ယူပြီး သူ့ကားထဲ ထည့် လိုက်သည်။

"ကားကို နောက်မှ လာယူမယ်"

"သွားပြီ"





"ကျိုး"

ဦးဒေဝ မောင်းသည့်ကားက ဝေါခနဲ ချိုးကွေ့ပြီး မိုးရေစက်တွေ အကြား ဝင်ရောက်သွားမှ ဘုရင်အိမ်ဘက်သို့ ခြေဦးလှည့်လိုက်သည်။

ရာဇအတွက် သူမတွင် တာဝန်ကင်းရဲ့လားဆိုသည့် အတွေးက သူမအိမ်ရှေ့တည့်တည့်တွင် သခင်မရှိဘဲ ရပ်ထားသည့် ရာဇကားကို မြင်လိုက်ရချိန်မှာ ပထမဆုံး ဘုရင်မထံ ရောက်လာသော အတွေးဖြစ် သော်လည်း ထိုအတွေးကို လက်မခံဘဲ ချက်ချင်း မောင်းထုတ်ပစ် လိုက်၏။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

နွေးထွေးသော နေခြည်နုက ရာဇမျက်နှာပေါ် ညင်သာ
ထိတွေ့ရောက်ရှိလာ၏။ တစ်ပြိုင်နက်တည်းမှာ ရာဇနားထဲ တိုးဝင်
သည့်အသံက ကျေးငှက်တို့၏ တီတီတာတာ အော်မြည်သံဖြစ်သည်
ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေပုံက နားထောင်ရင်း မျက်ဝန်း
ကို အသာပြန်မှိတ်လိုက်သည်။

နူးညံ့သော အိပ်ရာထက်မှာ လူက ငြိမ်သက်နေပေမယ့် အ
တွေက ပျံ့လွင့်နေ၏။ အထူးသဖြင့် သူဘာကြောင့် အခုလို အိ
ထက်မှာ ငြိမ်သက်နေရလဲဆိုသည့်အကြောင်း ဖြစ်သည်။ အရုံအသိ
ဘုရင်မပုံရိပ်က ဖျတ်ခနဲ တိုးဝင်လာတော့ ရာဇနှလုံးသားထဲ ဘယ်
မှန်းမသိ လှိုက်ဖိုနွေးထွေးသွား၏။

ဘယ်လိုအချိန်ကြမှ အသည်းနှလုံးမရှိတဲ့ ဘုရင်မကို သူ မု
မေ့နိုင်မည် မသိ။ လောလောဆယ်တော့ ဘုရင်မအပေါ် ဘယ်လော
ဥပေက္ခာပြုပြု သူ့ဘက်က သူမအပေါ် မရက်စက်နိုင်ဘဲ ဖြစ်နေသည





ဦးကြီးဒေဝသာ သူ့ထံ အချိန်မီ ရောက်မလာရင် ဘုရင်မကိုယ်ပဲ ရာဇက
ပြန်ပြီး ကျေးဇူးတင်ရမလိုဖြစ်နေ၏။

ခပ်ဖွဖွနင်းလျှောက်လာသည့် ခြေသံပါးရှပ်ရှပ်ကို နားထောင်ရင်း ရာဇမျက်ဝန်းကို ဖြည်းဖြည်းချင်းအဖွင့်မှာ သူ့ရင်းနှီးနေကြ ကိုယ်သင်းနံ့နှင့် ယောကျ်ားပီသစွာ ခန့်ညားချောမောဆဲဖြစ်သည့် ဦးကြီးဒေဝကို နံနက်ခင်းနှင့်အပြိုင် လန်းဆန်းတက်ကြွစွာ မြင်လိုက်ရသည်။

"မောနင်း ဦးကြီး"

"မောနင်း၊ ဘယ်လိုလဲ ရာဇ၊ နေရတာ ခေါင်းထဲ ကြည်ရဲ့လား"

"ကြည်ပါတယ်"

"ကျွန်တော် နေကောင်းပါပြီ"

ရာဇစကားအဆုံးမှာ ဦးကြီးဒေဝက ရယ်တော့ ရာဇမျက်နှာပေါ် အလိုလို ပြုံးလာ၏။ သူ့ကို ဦးကြီး ဘာကြောင့် ရယ်လဲဆိုတာ သူ သိသည်။

"မင်း တကယ်ချစ်တတ်လာပြီ ရာဇ၊ အဲဒါအတွက် ဂုဏ်ယူပါတယ်"

"ကျွန်တော် ဂုဏ်မယူပါဘူး"

"ဘာဖြစ်လို့လဲ"

"ချစ်ရတာ ခက်ခဲလွန်းလို့"

"အဟား… ဟား… ဟား"

"အချစ်စစ်ဆိုတာ ဒါပဲကွ၊ နောက်ဆို မင်း အခုထက်ပိုပြီး ခက်ခဲတာတွေ တွေ့ရဦးမယ်၊ မင်းကိုယ်တိုင်က ခက်ခက်ကိုမှ လိုချင်တာကိုး၊ ဒီလောက်တော့ ရှိမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဦးကြီးက ရယ်မောရင်း ဦးကြီးမျက်နှာကို စိတ်ဝင်စားစွာ ကြည့်လိုက်၏။

"ဦးကြီးရော ချစ်ဖူးလား"

"ဘာဖြစ်လို့ မချစ်ဖူးရမှာလဲ၊ ယောကျ်ားကွ၊ အချစ်မရှိရင် လောကကြီးက ဘယ်ပျော်စရာကောင်းတော့မှာလဲ"

"မဟုတ်ဘူးလေ၊ ကျွန်တော်ပြောတာက မိန်းမတစ်ယောက်ကို အပိုင်လိုချင်လာတဲ့အထိ ပြင်းပြတဲ့စိတ်နဲ့ ချစ်ခဲ့တဲ့ အချစ်မျိုးကို ပြောတာ"

"ဥပမာပြောရရင် မင်း ဘုရင်မကို ချစ်တဲ့အချစ်မျိုးလား ရာဇ"

"ဟုတ်တယ်"

ဦးကြီးဒေဝက ချက်ချင်းမဖြေဘဲ စဉ်းစားသလို ဦးခေါင်းကို တဆတ်ဆတ် ညိတ်သည်။ ဦးကြီးဒေဝ အနုအရွယ်ရောက်သည့် အချိန်မှာတောင် သူ့နားမှာ ဝိုင်းဝိုင်းလည်ရှိနေနိုင်သေးလျှင် ဦးကြီး ငယ်ရွယ်နုနယ်စဉ်ကဆို ပြောနေစရာပင် လိုမည်မထင်ပါ။

ဦးဒေဝဆိုတာ ဖူိုတိုင်းကြိုက်တဲ့ နှင်းဆီဖြစ်ပါလျက် ဘယ်မိန်းမနှင့်မှ အိမ်ထောင်မကျတာလည်း အံ့ဩမယုံနိုင်စရာ ဖြစ်သည်။

"ပြောရရင်တော့ တစ်ချိန်တစ်ခါက မင်းလိုပဲ မိန်းမတစ်ယောက်ကို မချစ်ရရင် မနေနိုင်တဲ့အထိ အရူးအမူး အသဲအသန် ချစ်ခဲ့ဖူးတယ် ရာဇ"

"အဲဒီမိန်းမ ဘယ်ရောက်သွားလို့လဲ"

"သူ့မှာ ချစ်သူရှိပြီးသားကွ၊ သူ့ချစ်သူကလွဲပြီး သူက တခြားဘယ်သူကိုမှ မချစ်နိုင်ဘူးတဲ့လေ"





"ဦးကြီးထက် သူ့ချစ်သူက ပိုချောလို့လား"

"အဲဒီလို ဖြစ်မှာပေါ့"

တည်ငြိမ်သော ဦးကြီးမျက်နှာက အပြုံးမပျက်။

"နောက်တော့ သူ့ချစ်သူနဲ့ လက်ထပ်၊ ဦးကြီးလည်း ကိုယ့်ဘာသာ ပျော်သလိုနေပေါ့၊ သူ့လို နောက်ထပ်တခြား ဘယ်မိန်းမကိုမှ ရတော့တာ ဒီနေ့အထိပဲ"

"True Love ပေါ့နော်"

"အေး… အဲဒါ ဦးကြီးဘဝရဲ့ အချစ်စစ် အချစ်မှန်ပဲ၊ ကိုယ်ကယ်ချစ်တဲ့သူနဲ့ ဝေးပြီးမှတော့ ကိုယ်တကယ် မချစ်တဲ့သူနဲ့ ယ်လိုလုပ် လက်ထပ်ဖြစ်တော့မှာလဲ"

"နေဦး… မင်းကြရင်တော့ ငါ လုပ်သလုဖ် လိုက်လုပ်လို့မရဘူး ာ် ရာဇ၊ သမိုင်းပေးတာဝန်က မင်းအပေါ် ရောက်သွားပြီ၊ ဘုရင်မချစ်ကို မင်းရရ၊ မရရ ငါတို့မျိုးဆက်အတွက် အမွေဆက်ခံမယ့်သူ ာင် ကြိုးစားပေးရမှာ မင်း တာဝန်"

ဦးကြီးစကားအဆုံးမှာ ရာဇ ရယ်လိုက်သည်။

"ပူးတွဲတာဝန်ကို ဦးကြီးလည်းယူ"

"ဟာ… ဘာလဲ၊ ငါ့အသက်အရွယ်က မြေးချီရမှာကွ"

"ကြီးမှ ဝက်သက်ပေါက်ရင် ဘယ်လိုလုပ်မလဲ"

"အဲဒီလို ဖြစ်စရာအကြောင်း မရှိတော့ပါဘူးကွာ၊ ရှိလာခဲ့ည်း မင်း ပြောသလိုပေါ့"

ပြောပြီး ဦးကြီးဒေဝက ရယ်သည်။

သူ့တူပျော်လျှင် သူလည်း ပျော်သည်။



www.burmeseclassic.com

www.burmeseclassic.com



အလွန်မာနကြီး၍ အလွန်အသည်းမာသော ဘုရင်မလို မိန်းကလေးမျိုးကိုမှ ရွေးချစ်မိသော ရာဇနှလုံးသားကို သဘောကျသည်။ အချစ်ဆိုတာကိုသိမှ အချစ်တန်ဖိုးကို ရာဇ ကိုယ်ချင်းစာတတ်လာမည်။ ချစ်တင်းကစားနေရတာတွေက အစစ်အမှန်မဟုတ်၊ ကြာတော့ ငြီးငွေ့စိတ်ပျက်လာတာ ဦးဒေဝကိုယ်တွေ့ဖြစ်သည်။

ရာဇကို သူ့လို မဖြစ်စေချင်။

အချစ်အတွက်နဲ့ ရှုံးမိုက်ရမည့် အရွယ်လည်းမဟုတ်ဘဲနဲ့ ရာဇအချစ်အတွက် အရူးထပုံကို ပြန်တွေးရင်း ဦးဒေဝ ကြက်သီးထမိသည်။ ကံကောင်း၍ ဘာမှမဖြစ်ခြင်းဖြစ်သည်။ ဘုရင်မဆိုသည့် မိန်းကလေးဘက်က ပြတ်သည်။ ဘာတစ်ခုမှ အဆက်အသွယ်မလုပ်။ ရာဇအခုလိုဖြစ်ရသည့်ကိစ္စမှာ သူနှင့်မဆိုင်သလို ဖြစ်သည်။

"ကျွန်တော် သူ့ကို ချစ်တယ် ဦးကြီး"

"ချစ်ပေါ့"

"သူ ဂရုစိုက်လာအောင် ကျွန်တော် ဘာလုပ်ရမလဲ"

"အခု လုပ်ခဲ့ပြီပဲ"

"ဗျာ..."

"သူ့စိတ်ထဲ မင်းကို တစ်နည်းနည်းနဲ့ ရောက်စေချင်တာဆိုရင် အခုနည်းကလည်း အနည်းနဲ့အများဆိုသလို သူ့စိတ်ကို သွားထိမှာပဲကွ"

"မထင်ပါဘူးဗျာ၊ ဘုရင်မအသည်းက တော်တော်မာတာ"

"အချစ်နဲ့ မတွေ့သေးလို့ပါ"

ဦးဒေဝမျက်နှာက တည်ငြိမ်ရင့်ကျက်ခြင်းတွေနှင့် တူဖြစ်သူကို ကြည့်သည်။





"အချစ် ထိတွေ့မိပြီဆိုရင် ရသေ့ရဟန်းတောင် ဈာန်လျှောရသေးတာ မင်း ဘုရင်မက ဘာသားနဲ့ ထုတာမို့လို့လဲ"

ဦးကြီးစကားကို ရာဇ ထောက်ခံသည်။ လူသားတိုင်းမှာ အချစ်ကြတာ သူ လက်ခံသည်။ တချို့အချစ်တွေက လှပသိမ်မွေ့စွာ နူးညံ့ညံ့ ကဗျာဆန်ဆန် ချစ်ကြသည်။ တချို့အချစ်တွေကြတော့ ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်း ဖူးကြပွင့်ကြသည်။ တချို့အချစ်တွေကြတော့ ဖူးခွင့်ပွင့်ခွင့် မရ။ ရင်မှာ အမြတ်တနိုး သိမ်းဆည်းထားရသည့် အရာများအဖြစ် ပြောင်းလဲသွားကြသည်။

သူနဲ့ဘုရင်မကြားက အချစ်က ဘယ်လိုအချစ်မျိုး ဖြစ်လာမလဲဆိုတာ ရာဇ စိတ်လှုပ်ရှားစွာ စိတ်ဝင်စားနေသည်။

"မင်း ဘုရင်မ ချစ်တတ်လာမှာပါ"

"ကျွန်တော်လည်း အဲဒီလိုဖြစ်ပါစေလို့ ဆုတောင်းနေရတာပဲ၊ တစ်ခုပဲ ကျွန်တော်စိုးရိမ်တာ"

"ဘာကိုလဲ"

"သူ ရှာဖွေတွေ့ရှိလာမယ့် အချစ်ကို ရင်ဖွင့်မပြဘဲ သိမ်းဆည်းထားလိုက်မှာကို"

"ဒါက လွယ်ပါတယ်၊ သူ သိမ်းထားတဲ့နေရာကို မင်း သိရင် သူ ပေးပေးမပေးပေး မင်း ဘာသာ ဖွင့်ယူလိုက်"

"ဟား... ဟား... ဦးကြီးက အရမ်းမိုက်တယ်"

"မိုက်ဆို ငါက မင်းဦးကြီးဖြစ်နေတာကိုး"

နှစ်ယောက်အတူ သဘောကျစွာ ရယ်မိကြသည်။

"ငါ အပြင်သွားဦးမယ်၊ မင်း ဘာမှာဦးမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်မလေးချောချောတစ်ယောက် ရှာယူခဲ့"

"ဘာလုပ်ဖို့လဲ"

"ဦးကြီးနဲ့ ချစ်တမ်းကစားခိုင်းမလို့"

"မင်းကွာ"

ရယ်မောပြီး သူ့အခန်းထဲက ဦးကြီးဒေဝ ထွက်သွားသည်။ သိပ်မကြာလိုက်၊ ရာဇ ဖုန်းအသံမြည်လာ၍ ကြည့်လိုက်တော့ ဦးကြီးဒေဝဖုန်း။

"ဘာပြောမလို့လဲ ဦးကြီးဒေဝ"

"ငါ ပြောမှာမဟုတ်ဘူး၊ ကေရီက မင်းနဲ့ စကားပြောချင်လို့တဲ့၊ မင်းအခန်းကို အခု တက်လာနေပြီ"

"ဟာ..."

"ကျွန်တော်တစ်ယောက်တည်း သူနဲ့..."

"လုပ်မနေနဲ့ ရာဇ၊ မင်းကိစ္စ မင်းဘာသာ ကြည့်ရှင်း၊ ငါသွားပြီ"

ဦးကြီးဒေဝဘက်က ဖုန်းပိတ်သွား၍ သူ့လက်ထဲက ဖုန်းကို စိတ်ပျက်လက်ပျက် အိပ်ရာပေါ် ပစ်အချမှာ သူ့အိပ်ခန်း တံခါးခေါက်သံကို ကြားလိုက်ရသည်။

"ခေါက်... ခေါက်"

"ရာဇ"

"ကျွန်မ ကေရီပါ၊ ဝင်ခဲ့ပြီနော်"

ပြောတာကမှ နောက်ကျနေဦးမယ်။

စကားပြောသံ ခွင့်တောင်းသံကို နောက်မှာထားပြီး ရာဇ လူမျိုး အိပ်ခန်းကို သူမပိုင်အိပ်ခန်းလို သဘောထားပြီး ရဲတင်းစွာ ဝင်ရောက်





ာသူက ကေရီဖြစ်သည်။

"ဘယ်လိုလဲ၊ မိုးမိပြီး ဖျားလို့ဆို"

"မင်းကို ဘယ်သူပြောလဲ"

"ရှင့်ဦးကြီးပြောတာ"

"ဘယ်တုန်းက ပြောတာလဲ"

"အခု"

ကျစ်ခနဲ ရာဇနှုတ်ခမ်းက အသံထွက်မသွားအောင် သတိထားလိုက်ရသည်။

"တာဝန်အရ လူမမာ လာမေးတာနော်။ လူကို တလွဲမထင်လိုက်နဲ့"

"ဟုတ်ကဲ့၊ မတာဝန်ကျေ"

"ယူက အဲဒါတွေချစ်ဖို့ကောင်းတာ သိလား"

"ခစ်... ခစ်"

မိန်းကလေးတဲ့...

စကားပြောပုံက တစ်စက်မှ ယောင့်မကျိုး။

ဝတ်ထားသည့် အဝတ်အစားတွေက ဟိုမလုံ၊ ဒီမလုံဆိုတော့ ကြည့်လည်း မြင်နေရတာနှင့် မျက်နှာမလွှဲဘဲ နေလိုက်ရသည်။

"လာရင်းကိစ္စပြော"

"အိမ်မှာပါတီပွဲလုပ်မှာလေ၊ ရှင် မလာရင် မျှော်နေရမှာစိုးလို့ ကိုယ်တိုင် လာဖိတ်တာ"

"ကျေးဇူးအနန္တပါ၊ အခုကတည်းက ကြိုပြောရရင် ဆောရီး ရှေ့ကုရွာပဲ၊ မင်းရဲ့ပွဲကို ငါ ရောက်လာနိုင်မှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သိပါတယ်၊ ရှင် ဖျားနေလို့ မဟုတ်လား"

"နိုး"

သူ ခေါင်းခါလိုက်တော့ မချော်က သူ့ကို မျက်လုံးဝိုင်းကြီးတွေနှင့် စူးစမ်းအဖြေရှာသလို ကြည့်သည်။

"ငါ နေကောင်းလည်း လာမှာမဟုတ်ဘူး ကေရီ၊ ငါ့မှာ တခြားကိစ္စတွေ ရှိသေးတယ်"

"ရတယ်၊ ရှင်မလာရင် ကျွန်မ လာမယ်"

"မင်းက ဘယ်လိုလာမှာလဲ"

"ရှင့်ဆီကို"

ရာဇ မျက်ခုံးတွန့်သွားသလို ကေရီမျက်နှာကို သဘောမကျသလို မကျေနပ်သည့် မျက်နှာပေးနှင့် ရာဇမျက်နှာကို ခပ်ရဲရဲ တုံ့ပြန်စူးစိုက်ကြည့်နေ၍ အကြည့်ချင်း ဆုံသွားသည်။

"မင်းကို ဘယ်သူက လာခွင့်ပြုလို့လဲ"

"ခွင့်ပြုရအောင် ကျွန်မက ရှင့်ဆီက ခွင့်တောင်းနေလို့လား"

ဘယ်လိုဟာလေးလဲဆိုသည့် အကြည့်နှင့် ကေရီကို ရာဇ ကြည့်လိုက်သည်။

"မင်းကို ငါစိတ်မဝင်စားဘူးနော် ကေရီ"

"ရှင့်ကိုရော ဘယ်သူက စိတ်ဝင်စားခိုင်းနေလို့လဲ"

"ကဲ... လူနာသတင်းမေးပြီးပြီဆိုမှတော့ ကျွန်မပြန်မယ် ဗွတ်လပ်(ခ်)"

သူ ဘာမှမပြောနိုင်ခင် ကေရီက ရာဇကို နှုတ်ဆက်ပြီး၊ သူ့အိပ်ခန်းထဲမှ ထွက်သွားကာ အိပ်ခန်းတံခါးကို ပြန်ပိတ်ပေးခဲ့သည်။





ဘယ်လိုသတ္တဝါလေးမှန်းမသိသော ကေရီက ရာဇဆီလာပြီး စိတ်ရှုပ်အောင် လုပ်သွားသည်။

သူ အမေရိကားကို ရောက်နေသည့်အချိန်မှာ တိုက်ဆိုင်စွာ ကေရီကလည်း သူရှိသည့်မြို့သို့ တည့်မတ်စွာ ရောက်လာသည်။ မိုးရိုးရောက်လာခြင်း မဟုတ်။ သူ့မအဖေနှင့် ရန်ဖြစ်စကားများပြီး သူ့မအဒေါ်ရှိရာ ရောက်လာခြင်းဖြစ်သည်။ ကေရီအမေ ကင်ဆာရောဂါနှင့် ဆုံးသွားပြီး သိပ်မကြာ၊ သူ့မအဖေက နောက်အိမ်ထောင်ပြုလိုက်သည်။ ကေရီအဖေ ယူလိုက်သည့် မိန်းမမှာ ဘာအပြစ်မှ ပြောစရာမရှိပေမယ့် ကေရီအဖေကို ယူလိုက်ခြင်းက ကေရီအတွက် အလွန်ကြီးလေးသော အပြစ်ဖြစ်၍ ကေရီက နှစ်ယောက်စလုံးကို ခွင့်မလွှတ်။

မိခင်ကွယ်လွန်သွားသည်မှာလည်း မကြာသေး။ ဘယ်သူ့မျက်နှာကိုမှ မထောက်။ ရက်စက်လွန်းသည့်အဖေနှင့် မိထွေးကို ရွံရင်း အမေရိကရှိ သူ့မအဒေါ်ထံ ရောက်လာခြင်းဖြစ်သည်။ အစပိုင်းတုန်းက အရောတဝင်မရှိဘဲ နေခဲ့ကြပေမယ့် ကေရီအဒေါ်နှင့် ရာဇ ဒယ်ဒီက ဟိုးတုန်းကတည်းက ရင်းနှီးကျွမ်းဝင်ခဲ့ကြသူတွေဆိုတော့ ရာဇနှင့် ကေရီလည်း မရင်းနှီးချင်ဘဲ ရင်းနှီးခဲ့ရသည်။

ရာဇ ကိုယ့်အလုပ်ကိုယ်လုပ်နေချိန်မှာ ကေရီက ရည်းစားတွေ တစ်ယောက်ပြီးတစ်ယောက် ထား၍ စိတ်လေချင်တိုင်း လေနေသည်။ ဘယ်သူ ဘာပြောပြော ဂရုမစိုက်။ သူ့မ စိတ်ထင်ရာ လုပ်သည်။ အဒေါ်က သူ့တစ်ဦးတည်းသော တူမကို အပြစ်မယူ။ ကေရီ အခုလိုဖြစ်ရတာ သူ့အဖေ နောက်အိမ်ထောင်ပြုလို့ဆိုသည့် ဒေါသနှင့် ကေရီအဖေကို လှမ်းရန်တွေ့သည်။ ပြစ်တင်ရှုံ့ချသည်။ ဝေဖန်တိုက်ခိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

ကေရီ ဖြစ်ပျက်နေပုံတွေကို အဖေဖြစ်သူ ကြားရလျှင် စိတ်ဆင်းရဲပြီး သေစေနိုင်သည်အထိ ကေရီအဒေါ်က ဟုတ်တာရော၊ မဟုတ်တာပါ အကုန်သာသာထိုးထိုး ပြောပစ်လိုက်သည်။ ဒီလို ပြောအောင်လည်း သေဆုံးသွားသူ ကေရီအမေက သူ့အစ်မအရင်းခေါက်ခေါက်ကြီးဆိုတော့ လက်သည်းဆိတ်တော့ လက်ထိပ်နာခြင်း ဖြစ်သည်။

လူဆိုတာ ကိုယ့်အတွက်ကို ပိုချစ်တတ်ကြသူတွေ၊ ကေရီအဖေကြီး ဇော်တော်စိတ်ဆင်းရဲကာ သူ့သမီးကို အမြန်ဆုံးပြန်လာခိုင်းသည်။ သူ့သမီးမကြိုက်တာ လုပ်မိ၍ သူ့ကို ခွင့်လွှတ်ပါဟု ကေရီအဖေကြီးက သူ့သမီးရှေ့မှာ လက်နက်ချသည်။ နှစ်ဦးနှစ်ဖက် ငြိမ်းချမ်းရေးရ အလဲအလှယ်လုပ်ပေးရသည်က ကေရီနာမည်နှင့် သူပိုင်ဆိုင်သမျှ ဥ ပစ္စည်းများကို စာချုပ်စာတမ်းနှင့် လွှဲပေးခြင်းဖြစ်သည်။

ဒါတောင် ကေရီက ချက်ချင်း လက်မခံသေး။ ဒယ်ဒီမိန်းမကြီး ကိုပါ ကွာပေးဆိုတာမျိုး အဆစ်တောင်းလိုက်သေးသည်။ ဒါကိုတော့ ကေရီဒယ်ဒီက မလိုက်လျောတော့။ ကေရီအဒေါ်က သူ့တူမဘက်က အသာစီးလည်းရ၊ သူဖြစ်ချင်တာတွေလည်း ဖြစ်ခွင့်ရပြီဆိုတော့ သူ တူမနဲ့ ပြန်လိုက်လာပြီး ကေရီအုပ်ထိန်းသူအဖြစ် ရပ်တည်သည်။

အခု ကေရီဒယ်ဒီက သူ့မိန်းမအိမ်မှာ လိုက်နေရပြီး ကေရီ သူမအဒေါ်နှင့် အရင်က သူမတို့မိသားစု အတူနေခဲ့သည့် အိမ်ကြီးမှာ နေသည်။ ရာဇကို ကေရီက ဂရုမစိုက်သလို ရာဇကလည်း ကေရီ အရှုပ်ထုပ်ကို လှည့်၍ပင်မကြည့်။

ဒီလိုအနေအထားက ကေရီဆိုသည့် သူမကို လာပတ်သက်ဖြ





အောင် လာပတ်သက်နေ၍ စိတ်ထဲက သိပ်မကြည်။ ဦးကြီးဒေဝနှင့် ရာဇဒယ်ဒီက အစကတည်းက ကေရီနှင့်ရာဇကို သဘောတူကြသူ တွေဆိုတော့ အခုကိစ္စမှာလည်း သူတို့က ဘာမှဝင်မပြော။ သူတို့ သဘောက ရာဇ ဘယ်သူနဲ့ အိမ်ထောင်ကျကျ၊ သူတို့လိုချင်တဲ့ မြေး၊ သူတို့လို ချင်တဲ့ တူ၊ တူမလေးတွေ အမြန်ဆုံး ရရှိရေးဖြစ်သည်။ ကေရီကလည်း ရာဇဘက်က လူကြီးတွေ သဘောထားကို သိသည်။ မသိလို့မဖြစ်။ ရာဇဒယ်ဒီကိုယ်တိုင်က ကေရီကို သူမြေးချီချင်သည့် အကြောင်း မကြာခဏ ပြောပြောနေတတ်သည်ကိုး။

သူ အိပ်ရာမှထပြီး မှန်ထဲရှိ သူ့ပုံရိပ်ကို ကြည့်လိုက်သည်။ မှန်ထဲမှ လူချောလေးတစ်ယောက်က သူ့ကိုခပ်တည်တည် ပြန်ကြည့် နေတာ တွေ့လိုက်ရတော့ ရာဇမျက်ခုံးထူထူတွေ တွန့်ကုတ်သွားသည်။ သူ့လို ချောချောလေးတစ်ယောက်ကို ပြန်မချစ်နိုင်ဘဲ ဒီလောက် ရက်စက်နေရတာလဲ။

မင်းအသည်း ဘယ်လောက်ထိ မာကျောအေးစက်နေလဲ ဘုရင်မ။

အချစ်ဆိုတာ ဘာလဲ။

ဘယ်လိုအရာလည်းဆိုတာ သိပ်မကြာခင် မင်းသိကို သိလာစေ ရမယ်လို့ ကိုယ် သံစ္စာပြုလိုက်မယ်။

မင်း ကို့ကို ချစ်ကို ချစ်ရမယ် ဘုရင်မ။

■



www.burmeseclassic.com

## အခန်း (၁၂)

ဘယ်တုန်းကမှ မတွေးဖူးသော အတွေးတစ်ခုက ဘုရင်မ စိတ်အာရုံကို မကြာခဏ ရောက်ရောက်လာသည်။

သို့သော် ထိုအတွေးဝင်လာတိုင်း ဘုရင်မထံမှာ ချက်ချင်း ဖြင်း ပယ်ပစ်တတ်သည်ကလည်း ဘုရင်မထံမှာ တစ်သက်တာလုံး ကပ်ငြိ လာသည့် ဥပေက္ခာတရားဖြစ်သည်။

ရာဇအပေါ်မှာ ပြုမူဆက်ဆံလိုက်သည့် ပုံစံကို သူမကိုယ်တိုင် နှောင်တတော့ မရ။ အနည်းငယ် ဥက္ကကျူကျူနိုင်ကာ ရက်စက်လွန်းသူဟု အထင်ရောက်စရာရှိသော်လည်း သူမကိုယ်သူမ ကာကွယ်သည့် နေရာ မှာတော့ သူမနည်းသည်သာ စိတ်အချရဆုံး၊ အယုံကြည်ရဆုံးဟု နားလည်သဘောပေါက်ထားသည်။

ဘယ်ယောက်ျားကိုမှ သနားငဲ့ညှာစရာ အကြောင်းမရှိ၊ ယောက်ျား တိုင်း ဒီပုပ်ထဲက ဒီပဲတွေချည်းသာဖြစ်၍ ထိုထက်ဘာမှမပို၊ လျော့ လည်း မလျော့။ ဒါကို ဘုရင်မ သိရှိနားလည်ခဲ့သည်မှာ ကြာပါပြီး





ဘုရင်မတစ်သက်ရှိပြီဖြစ်သော ထိုခံစားချက်က ဘုရင်မနှလုံးသားမှာ အနက်ရှိုင်းဆုံး ရခဲ့သော ဒဏ်ရာအဖြစ် ဘယ်သောအခါမှ ပျောက်ပျက် သွား။ သူမအသက်နှင့် ခန္ဓာကိုယ် တည်နေသ၍ ထိုခံစားချက်က ဘုရင်မနှင့်အတူ ပါသွားမည့်ဝေဒနာ ဖြစ်သည်။

"ယောက်ျားတွေအချစ်ကို ဘယ်တော့မှ မယုံလိုက်နဲ့ သမီး၊ သူတို့အချစ်ကို ယုံကြည်လိုက်မိပြီဆိုတာနဲ့ သမီးဘဝတစ်ခုလုံး မာမီ ခံစားရသလို ခံစားနာကျင်ရမှာပဲ၊ အရှင်လတ်လတ် ငရဲကျသလို ဖြစ်နေ ရမှာပဲ။ မာမီပြောတာကို သမီး ယုံ"

ယုံပါတယ် မာမီရယ်။

မာမီ့ဘဝ၊ မာမီနှလုံးသားနဲ့ ရင်းပြသွားသည့် အချစ်ဆိုသည့် ဝေဒနာက ခါးသီးမှုတွေနှင့်အတူ အဘယ်မျှ ပြင်းထန်ဆိုးရွားခဲ့သည် ဆိုတာကို မာမီနှင့်ထပ်တူ ခံစားယုံကြည်ခဲ့ရသူက ဘုရင်မဖြစ်သည်။ ဒယ်ဒီကိုချစ်သည့် အချစ်တစ်ခုတည်းနှင့် မာမီဘဝတစ်ခုလုံး ကြောက် စရာကောင်းသည့် အပြောင်းအလဲများအောက်မှာ မရှုမလှ ကျဆုံးရှုံးနိမ့် ခဲ့ရသည့် အဖြစ်တွေ။

ပြန်မတွေးဘဲနှင့် အမြဲသတိရနေစေသည်အထိ အဖြစ်အပျက် တွေက သွေးပျက်တုန်လှုပ်စရာ အကြောင်းအရာတွေနှင့် ပြည့်နှက်နေခဲ့ သည်။ မာမီသိပ်ချစ်သည့် ဒယ်ဒီက ဘုရင်မကို မွေးပြီးသည့်အချိန်မှ စ၍ ဒယ်ဒီတစ်ယောက်ပြီးတစ်ယောက် ခေါ်လာသည့် မိန်းမတွေ ကြောင့် မာမီအသည်းတွေ ကြေမွနာကျင်ခဲ့ရသည်။

အချစ်ဆိုတာ ဘယ်လိုအရာလဲ ဘုရင်မ သေချာမသိ။

ဘုရင်မ သိတာ အချစ်ဆိုတာ အလွန်ကြောက်စရာကောင်းသော



www.burmeseclassic.com

www.burmeseclassic.com



လက်နက်တစ်မျိုးဟူ၍သာ။ အချစ်ကြောင့် အသိစိတ်ပျောက်သွားသည်အထိ ရူးသွပ်ခဲ့ရသည့် မာမီ့ကို ဒယ်ဒီကိုယ်တိုင်က သနားညှာတာ ကောင်းမှန်းမသိ။ မာမီ့ကိုပင် ရိုက်နှက်သည်အထိ ရက်စက်မှုအပေါင်းကို ကျူးလွန်ခဲ့သည်။

မာမီက ဒယ်ဒီ မတရားနှိပ်စက်တာ ငြိမ်ခံမနေဘဲ ပြန်ခုခံ ဟစ်အော်တော့ ဒယ်ဒီက မာမီ့ကို ခုံတစ်ခုံမှာ ကြိုးနှင့်အထပ်ထပ် တုပ်နှောင်ပြီး ဘာအစာရေစာမှ မကျွေးဘဲ ဒီအတိုင်းပစ်ထားတာလည်း ရှိသည်။ မာမီ့အဖြစ်ကို မကြည့်ရက်သည့် အိမ်ဖော်တွေက ဒယ်ဒီ အလစ်မှာ မာမီ့ကို ရေတိုက်ကြ၊ အစာကျွေးကြ၊ ဒဏ်ရာတွေကို ဆေးထည့်ပေးကြသည်။

ဘုရင်မကတော့ ကလေးပီပီ မာမီ့ကိုကြည့်ပြီး တသိမ့်သိမ့် ကျိတ်ငိုသည်။ အသံကျယ်ကြီးနှင့် အော်မငိုရဲ။ ဒယ်ဒီက ဘုရင်မငိုသံကြားပြီး မာမီနားရောက်လာမှာ စိုးရိမ်ကြောက်လန့်၍ ဖြစ်သည်။ သားအမိနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ဖက်ပြီး ငိုခဲ့ရသည်။ နောက်တော့ ဘယ်နှစ်ယောက်မြောက်မှန်း မသိသော မိန်းမနှင့်ဒယ်ဒီက တရားဝင် လက်ထပ်ပြီး တစ်အိုးတစ်အိမ် ထူထောင်သည်။

မာမီ့ကိုတော့ ကွာရှင်းခွင့်မပေး။

မာမီက သူပိုင်ဆိုင်သမျှအားလုံး ဘုရင်မနာမည်နှင့် အပြီးအပိုင် လွှဲပြောင်းပေးပြီးသည့် စာချုပ်စာတမ်းတွေ တရားဝင်ချုပ်ဆိုပြီး ဒယ်ဒီနှင့်သူ ဘယ်လိုမှ သက်ဆိုင်ပတ်သက်ခြင်းမရှိကြောင်း သတင်းစာမှာ ကြေညာသည့်နေ့က ဒယ်ဒီ အိမ်ကိုရောက်လာပြီး စိတ်ထင်တိုင်း သောင်းကျန်းပေါက်ကွဲပေမယ့် မာမီက ဂရုမစိုက်တော့။





ဒယ်ဒီ ဘာလုပ်လုပ် ဒီအတိုင်း ထိုင်ကြည့်နေသည်။ ဒယ်ဒီ ပြန်သွားမှ ဘုရင်မကိုခေါ်ပြီး သူ့သူငယ်ချင်းအိမ်မှာ သွားနေသည်။ အန့်တီကရေစ့်ကိုဖက်ပြီး အားရအောင် ငိုသည်။ ထို့နောက်မှာ မာမီနှင့် ဒယ်ဒီ တရားဝင် ကွာရှင်းပြတ်စဲကြသည်။

'ဘယ်ယောကျ်ားကိုမှ မချစ်မိစေနဲ့နော် သမီး၊ ယောကျ်ားတစ်ယောက်ကို ချစ်မိပြီဆိုရင် အဲဒီချစ်မိတဲ့လူဟာ သူ့ဘဝရော၊ သူ့နှလုံးသားရော အရာအားလုံးကိုရော ကိုယ်ချစ်မိတဲ့လူ ခြေထောက်အောက် ရောက်ရတာပဲ။

သူ့ကို အမြဲအရှုံးပေး၊ ဒူးထောက် အညံ့ခံနေရလိမ့်မယ်။

မာမီ့လို မဖြစ်ချင်ရင် မာမီ့လို မခံစားစေချင်ရင် သမီးဘယ်သူ့ကိုမှ မချစ်နဲ့။

သမီးနှလုံးသားကို ဘယ်ယောကျ်ားကိုမှ မချစ်မိအောင် အခုကတည်းက လေ့ကျင့်ထားရင် မာမီ့သမီးဘဝကို ဘယ်လိုလူမှ ဒုက္ခပေးနိုင်တော့မှာ မဟုတ်ဘူး။

ဘယ်သူ့ကိုမှ အညံ့ခံ အရှုံးမပေးရတော့ဘူး။

မာမီအမြဲသွန်သင် ဆုံးမခဲ့သလို ဘုရင်မ လိုက်နာကျင့်သုံးခဲ့သည်။ ယောကျ်ားတွေအပေါ် သွေးအေးရက်စက်ခဲ့သည်။ ဘယ်လိုလူမှ ဘုရင်မ ဂရုမစိုက်။ ရဲရင့်ပြတ်သားသော ဘုရင်မနှလုံးသားမှာ ပြတ်ပြတ်ထင်ထင် ရှိနေဆဲဖြစ်သည့် မာမီ့ကို နှိပ်စက်ညှဉ်းပန်းနေသည့် ဒယ်ဒီပုံရိပ်တွေ ပြန်မြင်လာတိုင်း ဘုရင်မအလှ ဘုရင်မဘဝကို လိုချင်၍ ချဉ်းကပ်လာသည့် ယောကျ်ားတိုင်းအပေါ်မှာ ဘုရင်မ တုံ့ပြန်မှုတွေက ခံစားချက်မဲ့စွာ လက်စားချေသည့်ဘက်သို့ ကူးပြောင်းခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမကို အရှုံးလုပ်ပြီး ချစ်တမ်းကစားတတ်သည့် ယောကျ်ားမျိုး ဘုရင်မလက်တွင်း သက်ဆင်းရောက်ရှိလာသည်နှင့် ထိုယောကျ်ားကို ဘုရင်မက ပြန်ပြီး အရှုံးလုပ်ပစ်သည်။ ဘုရင်မလက်ပေါ်မှာ မာမီဆုံးသွားသည်။ ဒယ်ဒီကို အကြောင်းကြားပေမယ့် တာဝန်မဲ့စွာ ရောက်လာခြင်း မရှိ။ နောက်မိန်းမနှင့် သားတစ်ယောက်၊ သမီးတစ်ယောက် ရနေသော ဒယ်ဒီ့ဘဝမှာ မာမီဆိုတာ ရှိကို မရှိခဲ့သည့်ပုံစံအဖြည့် နေနိုင်ရက်သူ ဖြစ်သည်။ ဒယ်ဒီ့သမီးဖြစ်သော ဘုရင်မလည်း ဒယ်ဒီ့ကို သူမဘဝထဲက အပြီးအပိုင် ဖယ်ထုတ်ပစ်လိုက်သည်။

ယောကျ်ားတစ်ယောက်ရဲ့ အချစ်ဆိုသည်က ဘုရင်မအတွက် အလွန်ခါးသက်သော အဆိပ်လက်နက်တစ်မျိုး ဖြစ်လာအောင် ဖန်တီးပို့ဆောင်ပေးခဲ့သည့် အဓိက တရားခံမှာလည်း တခြားသူမဟုတ်။

သူမ ဒယ်ဒီနှင့် မာမီတို့၏ ခါးသီးဖွယ်ရာ အဖြစ်အပျက်များက ဘုရင်မဘဝ ခံယူချက်နှင့် ဘုရင်မနှလုံးသားကို သွန်းလောင်းပြုပြင်ပုံသွင်းခဲ့ခြင်းဖြစ်သည်။ ဤမျှ မာကျောအေးစက်သော ဘုရင်မနှလုံးသားကို ဘယ်လိုယောကျ်ားမှ မလုပ်ဆောင်ခဲ့ဖူးသည့် နည်းလမ်းတွေနှင့် ညှို့ယူဖမ်းစားရန် ကြိုးစားနေသော ရာဇအပေါ်မှာ သူမအာရုံတွေက ဘာကြောင့် မကြာခဏ ရောက်ရောက်သွားမှန်းမသိ။

မိုးတွေရွာတိုင်း ရာဇပုံရိပ်က သူမ အတွေးထဲ ဖျတ်ခနဲ ဖျတ်ခနဲ ဝင်လာတတ်တာကို သူမ မုန်းနေသည်။ သတိလစ်နေသည့် ရာဇကို သူ့ဦးလေး လာခေါ်သွားပြီးနောက်မှာ ရာဇ သူမမျက်စိရှေ့ ရောက်မလာတော့သည်မှာ ဘုရင်မအတွက် ဝမ်းသာစရာဖြစ်သော်လည်း သူမ ဝမ်းမသာနိုင်ခဲ့ပါ။





ရာဇ ဘာဖြစ်သွားလဲဆိုသည့် အတွေးနှင့် သူ တစ်ခုခုဖြစ်သွားရင်ဆိုတာမျိုး ဘုရင်မဘဝမှာ တစ်ကြိမ်တစ်ခါမှ သူစိမ်းယောကျ်ားအကြောင်း ဦး‌စား ‌ပေး မတွေးတတ်တာမျိုး တွေးမိလာသည့်အထိ မိုးရေထဲ သတိလစ်မေ့မျောနေသည့် ရာဇပုံစံက ဘုရင်မအာရုံမှာ လာလာငြိနေ၏။

"ကျွန်မ ဘာလုပ်ပေးရမလဲ မမ"

"ရပြီ၊ ဘာမှမလိုတော့ဘူး တင်ဇာ၊ စာရင်းတွေသာ စားပွဲပေါ်တင်ထားခဲ့"

"ဟုတ်ကဲ့ မမ"

အခန်းထဲက တင်ဇာ ပြန်ထွက်သွားသည်။ ရုံးခန်းထဲ သူမတစ်ယောက်တည်း ကျန်ခဲ့သည့်အချိန်အထိ ဘုရင်မ ကွန်ပျူတာရှေ့က ရှိနေသည့် စာရင်းဇယားတစ်ခုအပေါ် သူမ ဘဝင်မကျတိုင်း သေချာပြန်လှန် စစ်ဆေးခြင်းအပေါ်မှာ စိတ်ဝင်စားနေသည်။

"ဒေါက်... ဒေါက်"

"ဝင်ခဲ့ပါ"

"နေကောင်းလား ကွင်း"

ကြားဖူးနေကြ အသံကြောင့် ဦးခေါင်းကို ဖျတ်ခနဲ မော့အကြည့် သူမကို ပြုံးပြီးစိုက်ကြည့်နေသော ရာဇ မျက်ဝန်းလက်လက်များနှင့် ဆုံလိုက်ရ၍ တည်ကြည်သော ဘုရင်မမျက်နှာ ပို၍ အေးစက်သွားသည်။

"မင်း ဒီကို ဘာလာလုပ်တာလဲ"

"ကွင်းကို လာကြည့်တာ"



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မပုံစံက မတုန်မလှုပ်။

သိသာစွာ ပိန်သွယ်သွားသည့် နာလန်ထူစ လူမမာမျက်နှာနှင့် ရာဇပုံစံကို စိတ်မဝင်စားသလို ကြည့်သည်။

"ကျေးဇူးပြုပြီး ကိုယ့်အလုပ်ချိန်ကို လေးစားပေးပါ၊ တခြားကိစ္စ မရှိရင် မင်းပြန်လို့ရပြီ"

"ကျွန်တော် နေကောင်းရဲ့လားလို့ ဘာလို့ မမေးတာလဲ"

"အဲဒီလို အမေးခံချင်လို့ ကိုယ့်ဆီကို မင်းလာတာလား"

"ဟုတ်တယ်"

သူနှင့်မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်လိုက်သော ရာဇ မျက်နှာကို အေးစက်စွာ သူမ စိုက်ကြည့်လိုက်သည်။ ရာဇကလည်း သူ့အကြည့်ကို မလွှဲ။ နှစ်ယောက်စလုံး တစ်ယောက်ကိုတစ်ယောက် အားပြိုင်သလို ကြည့်နေပြီးမှ ဘုရင်မထံမှ စကားသံထွက်လာ၏။

"ကောင်းပြီ"

"မင်း မေးစေချင်တဲ့အတိုင်း ကိုယ် မေးမယ်၊ အခု မင်း နေကောင်းလား"

"မကောင်းဘူး"

"အခု ကျွန်တော် ဒီကို ဆေးရုံက လာတာ"

"သြော်..."

သူမအသံက စိတ်ဝင်စားမှု မရှိသည့်အသံ။

မျက်လုံးအကြည့်က သူမအလုပ်ကို ပြန်ရောက်သွား၏။

"ကျွန်တော် ဘာရောဂါဖြစ်နေလဲဆိုတာ ပြောပြရမလား"

ရာဇ အမေးကို သူမက မဖြေ။





ဖိုင်တစ်ခုကို ဆွဲယူစစ်ဆေးပြီး လက်မှတ်ထိုးလိုက်တာကြည့်ပြီး ရာဇ ပြုံးလိုက်သည်။

"အသည်း‌ .၂င်ဆာ"

ဘုရင်မ မော့မကြည့်ခင် ရာဇ နေရာက ထရပ်လိုက်သည်။

"ကျွန်တော် ပြန်မယ်"

ရာဇဟု လှမ်းခေါ်မည်လားဟု တိတ်တဆိတ် မျှော်လင့်ရင်း ုရင်မကို ကျောခိုင်းလိုက်ပေမယ့် ရာဇထင်သလို ဘာတစ်ခုမှ ဖြစ် ာခြင်းမရှိ။ တိတ်ဆိတ်နေသော အခန်းမှာ သူ့ခြေသံမှတပါး အရာ ားလုံး ငြိမ်သက်လျှက်။

ဘုရင်မလို မိန်းမတစ်ယောက်အတွက် ရာဇလို လူတစ်ယောက် သွားလည်း ဘာမှမဖြစ်ဘူးလို့ အသံတိတ် ပြောလိုက်သလိုပါလား။ ုရင်မအချစ်ကို ရအောင်ယူပြရန် ကြိုးစားနေမိသော သူ့ကိုယ်သူ ုရင်မထံမှ စိမ်းရင့်ပြတ်သားသော အပြုအမူများအောက်မှာ နည်းနည်း ာ့ စိတ်ပျက်အားလျော့သလို ဖြစ်မိသည်။

ဒါပေမယ့် ရာဇဘက်က သူမကို အလျှော့ပေးရန် အကြောင်း ရှိ။ လူဆိုတာ တစ်ယောက်အကြောင်း တစ်ယောက်မသိသည့် အချိန် ာ ပေါင်းရသင်းရ ခက်ချင်ခက်မယ်၊ တစ်ယောက်သဘောထား စ်ယောက်နားလည်သွားသည့် အချိန်မှာတော့ ဘာပြဿနာမှ မရှိတော့။ ားကို နေရာက ခပ်ကြမ်းကြမ်း မောင်းထွက်ခဲ့သည်။ ရာဇ အတွေး ာရုံတစ်ခုလုံး ဘုရင်မ အကြောင်းအရာတွေ ပြည့်လျှမ်းနေ၏။

အချစ်ဆိုသည့် အရာထက် ဘဝမှာ အရေးကြီးတာတွေ အများကြီး ာ ရာဇ သိသည်။ နားလည်သည်။ သူမနဲ့ ပတ်သက်သည့်



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းအရာတွေ သူ့ခေါင်းထဲက ထုတ်ပစ်ဖို့ ကြိုးစားပေမယ့် မလွယ်။ ခေတ္တခဏသာ အလုပ်များ၍ မေ့ချင်မေ့သွားမည်။ အချိန်တန်တော့ ဘုရင်မကပဲ ရာဇကို လွှမ်းမိုးအနိုင်ယူသွားပြန်သည်။

အချစ်ဆိုတာ ဒီလိုလားလို့ တွေးမိတိုင်း သူ့ရင်တွေ ပူလောင်ရမြဲ။ ဝေးနေတုန်းက ချစ်သူကို တမင်မေ့ထားနိုင်ခဲ့ပေမယ့် ချစ်သူမျက်နှာကို မြင်လိုက်ရသည့် အချိန်မှစ၍ ဘုရင်မရဲ့ အသံ၊ ဘုရင်မရဲ့ လှုပ်ရှားဟန်၊ နောက်ဆုံး ဘုရင်မရှိနေသည့် ဝန်းကျင်နေရာ၊ သူမနှင့် ပတ်သက်သည့် အသိုင်းအဝိုင်းအားလုံး၊ ချစ်သူရှိနေသည်ဆိုသော အသိလေးတစ်ခု ရာဇအာရုံကို ဖျတ်ခနဲ လာထိတာနဲ့တင် ရာဇနှလုံးသားမှာ အမျိုးအမည် ဖော်ပြရန် ခက်ခဲလှသည့် ခံစားချက် ဝေဒနာတစ်မျိုး ပြင်းထန်စွာ လှုပ်ခတ်သွားတတ်တာကို သူကိုယ်တိုင်လည်း မဖြေရှင်းတတ်သော ခက်ခဲလွန်းသည့် ပုစ္ဆာတစ်ပုဒ် ဖြစ်လာ၏။ သူ့ ကားအထွက်မှာ မှန်ပြတင်းပေါက်က ရပ်ပြီးကြည့်နေသော ပုံရိပ်တစ်ခုကို ရာဇ မမြင်လိုက်ပါ။ ရင်မောဟန်းလျှစွာ သက်ပြင်းချသံသာ ရာဇဝန်းကျင်မှာ စိုးမိုးကျန်ခဲ့သည်။

မကြာခင် သေရမည့် လူတစ်ယောက် လုပ်သင့်လုပ်ထိုက်တဲ့ အရာက ဘာတွေဖြစ်မလဲ။

ဘယ်တုန်းကမှ မစဉ်းစားကြည့်ဖူးသော အတွေးသစ်တစ်ခု ရာဇအသိမှာ လာပြီး တွယ်ငြိတော့ လူက ငြိမ်သွားသည်။ လုပ်သင့်လုပ်ထိုက်တာတွေ တန်းစီပြီး စဉ်းစားကြည့်သည်။

တချို့ကို စာရွက်ပေါ်မှာ ချရေးသည်။

သူ ဘာလုပ်ချင်လဲ။





သူ ဘာဖြစ်ချင်လဲ။

သူ့ ဘဝအတွက် အလိုအပ်ဆုံးအရာဟာ ဘာလဲ။ အိမ်ထဲက အိမ်ပြင်မထွက်၊ အခန်းတံခါးပိတ်ပြီး ငြိမ်နေသော ရာဇအိပ်ခန်းကို ဦးကြီးဒေဝက တခုန်းခုန်း လာထုသည်။

"တစ်ယောက်တည်း ငြိမ်လှချည်လား ရာဇ၊ ဘာဖြစ်နေတာလဲ၊ နေမကောင်းလို့လား"

ထုံးစံအတိုင်း ဦးကြီးဒေဝပုံစံက တက်ကြွလန်းဆန်းလျက်၊ တည်ငြိမ် ချောမွေ့လျက်။ ရာဇ တစ်ကိုယ်လုံး ခြေဆုံးခေါင်းဆုံး ကြည့်သည်။

"ဘာမှ မဖြစ်ပါဘူး၊ နေကောင်းပါတယ်"

"ဒါဖြင့် ရှုပ်စားပူမိနေတာ ဒီပုံထင်တယ်၊ ဟုတ်လား"

"ဟုတ်မယ် ထင်တာပဲ"

ရာဇ အဖြေစကားကို ဦးကြီးဒေဝက အသံထွက်ပြီး ခပ်ကျယ်ကျယ်ရယ်သည်။

"ရာဇ… ရာဇ… မင်း ငယ်ပါသေးတယ်ကွာ၊ ဘဝဆိုတာ ဒါပဲကွ၊ ရတာမလို လိုတာမရ ဆိုတာလေ"

"မင်းဖုန်း စက်ပိတ်ထားတာလား ရာဇ"

"ပိတ်ထားတယ်"

"သြော်… ဒါကြောင့်ကိုး"

ဦးကြီးဒေဝထံမှ မှတ်ချက်ချသံနှင့်အတူ ဦးကြီးနှုတ်ခမ်းမှာ အပြုံးသဲ့သဲ့ ထင်လာ၏။

"မိန်းကလေးတစ်ယောက် ဖုန်းဆက်တယ်၊ မင်း ဆေးကုနေတဲ့



www.burmeseclassic.com

ဆေးခန်းနဲ့ ဆရာဝန် နာမည်ကို သိချင်လို့တဲ့"

"ဆေးခန်းနဲ့ ဆရာဝန်နာမည်"

"အေး"

ရာဇ ရင်တွေ ဒိတ်ခနဲ ဆောင့်ခုန်သွားကာ ဘုရင်မမျက်နှာကို ဖျတ်ခနဲ ပြေးမြင်လိုက်သည်။ သူ နေမကောင်းတဲ့အကြောင်း ပြောဖြစ်ခဲ့တာ ဘုရင်မတစ်ယောက်တည်းပါ။ ဒါဆို အခုဖုန်းဆက်တဲ့ မိန်းကလေးဟာလည်း သူ အင်မတန် အသည်းမာလှပြီဆို့ ထင်နေတဲ့ ဘုရင်မများလား။

"ဦးကြီး ဘာပြောလိုက်လဲ"

"မင်းက ဘယ်သူ့ကို ဘာတွေပြောထားမှန်းမှ မသိတာ၊ ဦးကြီးလည်း မသိဘူး၊ နိုးပေါ့"

ဦးကြီးပြောတာ မှန်နေ၍ သူ လက်ခံလိုက်သည်။

"သူ့နာမည်ကို မေးလိုက်သေးလား ဦးကြီး"

"မေးတယ်၊ မပြောဘူး ဖုန်းချသွားတယ်"

"မင်းက ဘယ်သူလို့ထင်လဲ"

ဘုရင်မဆိုသည့် နာမည်ကို စိတ်ထဲကပဲ မယုံရဲစွာ ရွတ်ဆိုကြည့်သည်။ အပြင်မှာတော့ ထိုအမည်ကို ဦးကြီးဒေဝကို ထုတ်မပြောဖြစ်။

မိုးရေထဲ သတိလစ်နေသည့် ရာဇကို ရက်စက်စွာ ဒီအတိုင်းပစ်ထားနိုင်သော နှလုံးသားပိုင်ရှင်တစ်ယောက်က ရာဇကိုယ်တိုင်ပါးစပ်က ထုတ်ပြောခဲ့သည့် အသည်းကင်ဆာဆိုသည့် စကားအပေါ်မှာ စိတ်ဝင်စားနိုင်မည်မထင်။





သူမကို လိုက်ရှုပ်နေသည့် အရှုပ်ထုပ်တစ်ထုပ် ရှင်းသွားပြီးလို့တွေးပြီး ဝမ်းသာချင် ဝမ်းသာနေနိုင်တာ သူ မမေ့။ ဦးကြီးဒေဝစကားကို ရင်နာစွာ သူခေါင်းခါလိုက်သည်။

"ကျွန်တော် မသိဘူး ဦးကြီး"

"ဦးကြီးကတော့ ဧကရီလို့ပဲ ထင်တယ်"

"ဧကရီ"

ရာဇ နှုတ်ဖျားက ဧကရီအမည်ကို ခပ်တိုးတိုး ရေရွတ်လိုက်၏။

"မင်းဖုန်းကို စက်ပွင့်ထားလိုက် ရာဇ၊ တခြားကောင်မလေးတွေ အခင်းဆီကို ဖုန်းဆက်ရင် ဆက်နေကြမှာ"

"ဘယ်သူ့မှ စိတ်မဝင်စားပါဘူးဗျာ၊ အာရုံနောက်လွန်းလို့"

"ဘုရင်မဆိုရင်ရော..."

ဦးကြီးက ရာဇမျက်နှာကို တည့်တည့်စိုက်ကြည့်ပြီး သူအကြားခွင်ဆုံး အမည်ကို ထုတ်ဖော်ပြောလိုက်၍ ရာဇက ပြောရမှန်းမသိကြောင်အသွားပုံကို ကြည့်ကာ ဦးကြီးက သဘောကျစွာ ရယ်မောလျက်ရာဇပခုံးကို တစ်ချက်ပုတ်လိုက်၏။

"ဦးကြီး သိပါတယ်ကွာ၊ မင်းလိုချင်တာ ဘုရင်မဖုန်း မဟုတ်လား၊ မိန်းမဆိုတာ ဒီလိုပဲကွ၊ ကိုယ်က လိုက်ရင် သူက ပြေးတယ်၊ ကိုယ်ကပြေးတော့ သူက လိုက်ပြန်ရော"

"နောက်တော့ မင်းနားလည်လာမှာပါ၊ ခု ဦးကြီးနဲ့ ဘရိတ်ဖက်အတူစားရင်း စကားလေးဘာလေး ပြောရအောင်"

"လာ"

ဦးကြီးဒေဝက ရာဇပခုံးကိုဖက်ပြီး ထမင်းစားခန်းရှိရာဘက်



www.burmeseclassic.com

www.burmeseclassic.com



ဆွဲခေါ်လာတာကို သူ မငြင်းနိုင်။ သူက ဦးကြီးဒေဝနှင့် အတူရှိနေပေမယ့် ရာဇာစိတ်တွေက ဘုရင်မ ရှိရာသို့သာ ပျံဝဲရောက်ရှိသွားသည်။

■





## အခန်း (၁၃)

အပြင်မှာ မိုးက တစိမ့်စိမ့် ရွာနေ၏။

ရေနှင့်ပြည့်နေသော ကမ်းရိုးရာသို့ မျှော်ကြည့်မိတိုင်း ဘုရင်မ အတွေးပုံရိပ်ထဲ ရာဇမျက်နှာက ဘယ်ကနေမှန်းမသိ၊ ဖြိုးခနဲ ဖျတ်ခနဲ ရောက်ရောက်လာတတ်တာကို မုန်းသော်လည်း မတတ်နိုင်။

ဦးခေါင်းကို ဖျတ်ခနဲ ခါထုတ်ပြီး အာရုံကို တခြားအလုပ်တစ်ခုရှိရာ ချက်ချင်း လွှဲပြောင်းပစ်လိုက်တတ်ပေမယ့် ဒီတစ်ခါတော့ ထူးဆန်းစွာ ရာဇအကြောင်း ဘုရင်မ ခေါင်းထဲက ထုတ်မရအောင် လာငြိနေတော့ခက်သည်။

တခြား အာရုံကို ပြောင်းကြည့်သည်။ မရ။

ဘုရင်မ လှုပ်ရှားမှုတိုင်းမှာ ရာဇက အတူလိုက်ပါလာ၍ ဘုရင်မ ကိုယ်တိုင် ကိုယ့်ကိုကိုယ် အတော်မကျေမနပ် ဖြစ်သွား၏။

ဒါက ဘာလဲ။

မတွေးဘဲနဲ့ ရာဇအကြောင်း ဘုရင်မခေါင်းထဲ ရောက်ရောက်လာရအောင် ရာဇဆိုတဲ့ ပုဂ္ဂိုလ်မှာ ဘယ်လိုစွမ်းအားတွေ ရှိနေလို့လဲ။



www.burmeseclassic.com

www.burmeseclassic.com



ရှိနေတော့ရော ဘုရင်မက သူ့လိုလူကို ဂရုစိုက်နေစရာလား။ သွားစမ်းပါ . . .

ဘုရင်မဆိုတာ ဒီလောက် ပျော့ညံ့နေသူဆိုရင် ကြည့်ရေမှန်းလွန်းလို့ ရာဇကို သူမအာရုံထဲက အဝေးတကာ့ အဝေးဆုံးကို တွန်းထုတ် ဖယ်ရှားပစ်ဖို့ ရွတ်အတင်း ကြိုးစားသည်။

အရေးမပါတာတွေကို မေ့ပစ်လိုက်စမ်း ဘုရင်မ။ ဒီလို ခပ်ညံ့ညံ့ အတွေးအခေါ်တွေဆိုတာ ဘုရင်မဆိုတဲ့ သူမနဲ့ လုံးဝမသက်ဆိုင်တဲ့ ကိစ္စပဲ။ ရာဇဆိုတာ ဘုရင်မ ဘဝနဲ့ ဘာမှမသက်ဆိုင် လူတစ်ယောက်ကို ဘာကိစ္စ ဘုရင်မ နေရာပေးရမှာလဲ။

မျက်နှာကို ရေအေးအေးနှင့် လောင်းချပစ်လိုက်သည်။ ရေသီးရေစက်တို့ စိုလက်နေသည့် ဘုရင်မမျက်နှာကို မှန်ထဲမှာ ပြန်ကြည့်လိုက်တော့ ဘုရင်မကို စူးရှထက်မြက်သည့် မျက်လုံးလက်လက်တွေ ပြန်လည်စူးစိုက်ကြည့်နေသော အလွန်လှပသည့် မျက်နှာတစ်ခုကို တွေ့လိုက်ရမှ သူ့ကိုယ်သူ ဘုရင်မ ကျေနပ်သွား၏။

ဒီလိုပဲ ဖြစ်ရမယ်လေ။

ဘုရင်မဆိုတာ တခြားမိန်းမတွေလို ခံစားချက်ကို ဦးစားပေးပြီး စိတ်နောက်ကိုယ်ပါ ဖြစ်ချင်ရာဖြစ်ဆိုတဲ့ ခပ်ညံ့ညံ့လူသားမန်မိန်းမမှ မဟုတ်ဘဲ။ ကိုယ့်ကိုကိုယ် အမြဲတင်းကျပ်မှုတွေနဲ့ သတိမပြတ် စောင့်ကြည့်နေတတ်သူ တစ်ယောက်နဲ့ဘဝမှာ နေသားကျနေခဲ့တာ ဘယ်လောက်ကြာပြီလဲ။

နူးညံ့သိမ့်မွေ့သော အလှ။

ကျက်သရေရှိသော ကိုယ်နေဟန်။





ချစ်စရာ အကောင်းဆုံး လှပ်ရှားမှုတွေနဲ့ အလှပအခမ်းနားဆုံး ဖွဲ့စည်းတည်ဆောက်ထားသည့် လူက မိန်းမတစ်ယောက်အဖြစ်။ အများအမြင်မှာ အားကျအထင်ကြီးစရာ။ လိုချင်တပ်မက်စရာ။ မြတ်နိုးဆုံးမက်ရာ ဖြစ်ခဲ့ပေမယ့် ဘုရင်မရဲ့ဘဝ အတွေးအမြင်နဲ့ နှလုံးသားခံစားချက်တွေက တခြားသူတွေနဲ့မတူ တစ်မူထူးခြားခဲ့ခြင်းကို သူမပဲ သိသည်။

ရေစိုမျက်နှာကို နူးညံ့သော မျက်နှာသုတ်ပဝါစနဲ့ အသာအယာ တို့သုတ်နေချိန်မှာ သူမအိမ်ရှေ့က ကားဟွန်းသံကို ကြားလိုက်သည်။

"တီ . . ."

ဒီအချိန်ကြီး ဘုရင်မအိမ်ကို ရောက်လာတဲ့ကား။ ဘယ်သူ့ကားလဲ။ ဘုရင်မအကြောင်း ကောင်းစွာသိနားလည်ထားသူတိုင်း ဘယ်လိုလူမှ ဘုရင်မဆီက ကြိုတင်အကြောင်းမကြားဘဲ သူမအိမ်ကို ညပိုင်းလာခွင့်မရှိ။ လာလေ့လည်း မရှိပါ။ သူတို့သဘောနှင့် သူတို့လာလျှင် ဘယ်လိုပုဂ္ဂိုလ်ကိုမှ ဘုရင်မကို တွေ့ခွင့်ရမည်မဟုတ်။

ဒါကို ဘုရင်မနှင့် ရင်းနှီးသူတိုင်း သိသည်။ နားလည်သည်။

ဒါဆို အခု ဘုရင်မအိမ်ရှေ့ကို ရောက်လာသည်။ ကားက ဘယ်သူ့ကားလဲ . . .။

ဘုရင်မ သတ်မှတ်ထားသည့် စည်းဘောင်ထက် ကျော်လွန်ကြသူများကို ဘယ်သောအခါမှ ဘုရင်မဘက်က ခွင့်လွှတ်သည်းခံလေ့မရှိ။ အသိမိတ်ဆွေ၊ လုပ်ဖော်ကိုင်ဘက် ဘာဖြစ်ဖြစ်၊ ဘုရင်မ ဂရုမစိုက်။ ပြတ်သားစွာ တုံ့ပြန်ဆက်ဆံတက်၍ ဘုရင်မကို အားလုံးက လန့်ကြသည်။ တစ်ယောက်ကိုတစ်ယောက် စိတ်အနှောင့်ယှက် မဖြစ်အောင်



www.burmeseclassic.com

www.burmeseclassic.com



အထူးသတိထား ဆက်ဆံနေကြသူတွေထဲမှာ ရာဇလို သူလာချင်သည့် အချိန်လာ၍ သူပြန်ချင်သည့်အချိန် ပြန်တတ်သူမျိုးတော့ မပါ။

မိုးရေထဲမှာ ဖြစ်ချင်ရာဖြစ် ရာဇကို ပစ်ထားသည့် ဘုရင်မ ရာဇက စိတ်မနာ။ ဒေါသမဖြစ်။ မမုန်းတီးနိုင်ဘဲ အလွန်ရက်စ သွေးအေးသော သူမထံ နောက်ထပ်တစ်ကြိမ် ထပ်ရောက်လာတာ သသောမကျ။ အမှတ်မရှိသော ယောကျ်ားကို စိတ်ပျက်သည်။ ဘုရင် ဖြစ်ချင်တာ ထိုသို့မဟုတ်။

ဘုရင်မရဲ့ ရက်စက်မှုကို နာကြည်းခါးသီးပြီး သူမထံ ရာ ဘယ်တော့မှ ပြန်မလာစေရန် ဖြစ်သည်။

"အိမ်ရှေ့မှာ ဧည့်သည်ရောက်နေတယ်"

"ဒီအချိန် ကျွန်မဘယ်ဧည့်သည်မှ လက်မခံတာ ဒေါ် သိတယ်မဟုတ်လား"

"သိပါတယ်... အခုရောက်လာတဲ့ ဧည့်သည်က သူ့နာမည် ပြောလိုက်ပါဆိုလို့"

"သူက ဘယ်သူမို့လို့လဲ"

"မိုးသားလို့ ပြောပါတယ်"

"ဟင်"

ဘုရင်မရင်ထဲ ဒိန်းခနဲ ဖြစ်သွားကာ အိမ်ရှေ့မှာ ရပ်ထားသည့် ကားရှိရာသို့ စူးလက်သောအကြည့်တွေက ဖျတ်ခနဲရောက်သွားသည်

"ဒေါ်စု သူ့ကို ဘာပြောလိုက်ရမလဲ"

"တံခါးဖွင့်ပေးလိုက် ဒေါ်စု"

"ကောင်းပါပြီ"





အော်တိုခလုတ်ကို နှိပ်ချလိုက်တာနှင့် ခြံတံခါး သူ့အလိုလို ပွင့်သွားတာကြည့်ပြီး ဘုရင်မ စိတ်လှုပ်ရှားနေချိန်မှာပဲ မိုးသားရဲ့ကားက သူမခြံဝန်းကျယ်ကြီးကိုဖြတ်၍ ဘုရင်မနေသည့် အဆောက်အဦရှိရာသို့ ဦးတည်မောင်းနှင်လာတာ မြင်ရသည်။

မိုးသား ပြန်လာပြီပဲ။

မေ့ကွယ်ထားသည့် အတိတ်ခရီးက ဘုရင်မထံ ပြေးဝင်လာကာ သူမ မသိချင်။ မကြားချင်သော အကြောင်းအရာများရှိရာ အရှိန်ပြင်း ပြင်း တွန်းပို့ကြသည်။

"နေကောင်းတယ်နော် ကွင်း"

"မိုးသား"

"ဟုတ်ပါတယ် ကိုယ်ပါ၊ ကွင်းရှေ့ကို ရုတ်တရက် ကိုယ်ရောက်လာတာ ကွင်းသိပ်အံ့သြသွားလား"

"အံ့သြတာထက် မယုံနိုင်တာက ပိုတာပါ။ ကွင်းရှိတဲ့ နေရာကို မိုးသား ဘယ်တော့မှ ပြန်မလာတော့ဘူးလို့ ပြောခဲ့တာ မဟုတ်လား"

ဘုရင်မ စကားအဆုံးမှာ မိုးသားက ခပ်ဖွဖွရယ်သည်။ ခွက်ဝင်သွားသည့် ပါးချိုင့်ရှည်ရှည်ကြားတွေက ယောကျ်ားတာဝန်မဲ့ မိန်းမချော ချောသော မိုးသားမျက်နှာပြင်နှင့် လိုက်ဖက်စွာ လင်းလက်တောက်ပ သွားပုံက ဟိုတုန်းကအတိုင်း ဘာတစ်ခုမှ မပြောင်းလဲ။

"ကိုယ်မှားခဲ့တာပါ၊ ကွင်းကို အဲဒီအချိန်တုန်းက မခံချင်စိတ်နဲ့ ပြောခဲ့တာကလွဲပြီး ကိုယ် ဘယ်တုန်းကမှ ကွင်းကိုမမေ့ဘူးဆိုတာယုံ"

ပြုံးနေသည့် မိုးသားမျက်နှာမှာ ချစ်ချင်းမေတ္တာတို့ဖြင့် ရှည့် သိမ်မွေ့လျက်။ ဘုရင်မ မျက်နှာကို ကြည့်နေသည့် သူ့အကြည့်တွေ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း ရွှန်းမြစိုလက်စွာ အပြစ်ကင်းစင် ရိုးသားလို့နေပြန်သည်။

"ကိုယ်ကျွင်းဆီကို ပြန်လာတာ"

ဘာတစ်ခုမှ အမွဲ့အနွဲ့မပါ။

သို့သော် မိုးသားနဲ့ ဘုရင်မတို့နှစ်ယောက်အတွက် ထိုစကားစုက ပြီးပြည့်စုံပါသည်။

"ကိုယ် နောက်မကျသေးဘူး မဟုတ်လား ကျွင်း"

"ကျွင်း မသိဘူး မိုးသား"

"နောက်တော့ သိလာမှာပါ"

မိုးသားမျက်နှာ ခပ်ပြုံးပြုံး။ ကျွင်းမျက်နှာကို ကြည့်ပုံကလည်း သက်သောင့်သက်သာပါ။ သူနဲ့ဘုရင်မကြားမှာ ဘာမှမဖြစ်ခဲ့သည့်ပုံဆိုတော့ ဘုရင်မ မိုးသားကိုကြည့်ပြီး ဖခုံးတွန့်လိုက်သည်။ မိုးသားကျူးဆိုတာ အစစ်က ဒီလိုစံပဲလေ။ ဘုရင်မဘက်က သူ့ကိုဘယ်လိုထပ်ဖြစ်စေချင်သေးလို့လဲ။

"ကျွင်းက အရင်အတိုင်းပဲ ဘာတစ်ခုမှ မပြောင်းလဲဘူး"

"ထင်လို့ပါ"

"တွေ့လား၊ စကားပြောပုံကအစ ဒီအတိုင်းပဲ"

မိုးသားက ဘုရင်မကိုကြည့်ပြီး ကြည်လင်ရွှန်းလက်စွာ ရယ်သည်။ ဘုရင်မက သူနှင့်အတူ လိုက်မရယ်။ မိုးသားကျူး မျက်နှာကို တစ်ခါမှ မမြင်ဖူးသလို ငေးကြည့်နေ၏။

"ကိုယ် အရင်အိမ်မှာပဲ ပြန်နေတယ်"

"မိုးသားက ဒီကိုအပြီး ပြန်လာတာလား"

"ကျွင်းက ဘယ်လိုဖြစ်စေချင်လဲ"





"ဟင့်အင်း၊ ဘယ်လိုမှ မဖြစ်စေချင်ဘူး"

ဘုရင်မစကားအဆုံးမှာ မိုးသားက ရယ်သည်။

"ကိုယ်သိပါတယ်၊ ကျွင်း ဖြစ်စေချင်တဲ့အတိုင်း ဖြစ်မှာပါ"

မိုးသား ဘာကိုသိတာလဲဟု ဘုရင်မ မမေးချင်။ မေးချင်စိတ်လည်း မရှိ။

မိုးသား ပြန်ရောက်လာပြီဆိုကတည်းက တစ်ခုခု ဖြစ်လာတော့မည်ဆိုတာ ဘယ်သူ့ကိုမှ မေးနေစရာမလို။ ဘုရင်မ သိသလို မိုးသားလည်း သိပြီးသားဟု နားလည်ထားသည်။

"အေရီရယ်ဆိုလား"

"ထုံးစံအတိုင်းပဲ သူ့အဘွားနဲ့ပေါ့"

တနေ့ဒါမှာ သူ့အဘွားနဲ့ အေရီရယ် ကျန်ခဲ့ပြီဟု သိလိုက်သည်။

"မနက်ဖြန် မာမီ ဒီကိုလာလိမ့်မယ်"

မိုးသားမာမီပါ လာသည်ဆိုရင် ဘုရင်မ ရင်မောသွားသည်။ အန်တီမာရီပါ လာပြီဆိုမှတော့ ဘုရင်မဘက်က ဘာမှပြောစရာစကား မရှိတော့။

"ညည့်ခန်းမှာ ခဏစောင့် မိုးသား"

"အိုကေ"

အိပ်ခန်းထဲဝင်ပြီး အခန်းတံခါးကို ပိတ်လိုက်ပေမယ့် အရင်လို စိတ်လုံခြုံမှုကို မခံစားရတော့။ အန်တီမာရီနှင့် မိုးသားအရိပ်တွေက ဘုရင်မတစ်ကိုယ်လုံး လွှမ်းခြုံရစ်ပတ်လာ၏။ အလှည့်အပြောင်းများလှသော လူ့ဘဝကြီးက ဘုရင်မ၏ တည်ငြိမ်အေးဆေးနေသော ဘဝကို လှုပ်ရှားဖို့ ဖြစ်လာခြင်းကို ဝန်မခံလို့မဖြစ်။

www.burmeseclassic.com



အဝတ်လဲရင်း ကိုယ့်အကြောင်းကိုယ် အရင်ဦးဆုံး စဉ်းစားရမှာပါလားဟု တွေးမိလာသည်။ အလှည့်အပြောင်းများစွာထဲ အလိုက်သင့်စီးမျောခဲ့ရသော ဘုရင်မ၏ ငယ်ဘဝက ပြီးဆုံးခဲ့သည်မှာ ကြာပါပြီ။ ဘုရင်မကိုယ်တိုင် ငယ်ရွယ်နုနယ်သူ ဆယ်ကျော်သက်အရွယ်လေး မဟုတ်သလို အားကိုးရာမဲ့ ကလေးမလေးလည်း မဟုတ်တော့။

ဆုံးဖြတ်ချက် ခိုင်ခိုင်မာမာနှင့် သူမ ဖြစ်ချင်သည့်ဘဝ သူမ ရောက်ချင်သည့် အနေအထားကို ရဲရင့်ပြတ်သားစွာ ဆုံးဖြတ်တက်လှမ်းခဲ့သူ။ မရည်ရွယ်ပဲ မိုးသားနှင့်အတူ ညစာ စားဖြစ်သွားသည်။ နှစ်ယောက်ကြားမှာ ပြောစရာစကားများစွာ ရှိသော်လည်း ဘယ်သူမှ အတိတ်ကအကြောင်းအရာကို ပြောလိုစိတ်မရှိ။ ပေါ့ပါးလွယ်ကူသော စကားတွေကို ရွေးပြောဖြစ်ကြသည်ကလည်း အတူတူဖြစ်သည်။ ညဉ့်နက်အောင်နေပြီးမှ ဘုရင်မကို နှုတ်ဆက်ပြီး မိုးသား ပြန်သွားသည်။

အိပ်ရာထဲမှာ လူက ငြိမ်နေပေမယ့် ဘုရင်မ ဘယ်လိုမှ အိပ်မရ။ နောက်ဆုံး ဝရံတာမှာ တစ်ယောက်တည်းထွက်ပြီး မိုးကောင်းကင်ကြီးကို မော့ကြည့်မိသည်။ လွတ်လပ်ခြင်းဆိုတာ ဒီလိုနေရာမျိုးကို ဆိုလိုခြင်းလား။ လူသားဘဝနှင့် လူမှုဆက်ဆံရေးအပိုင်းက မမြင်ရသော ကြိုးများစွာဖြင့် ရှုပ်ထွေးနက်ရှိုင်းလှတာတွေးပြီး သက်ပြင်းချမိသည်။

ထို့နောက် ဘုရင်မအတွေးတွေက နက်ရှိုင်းပြာလွင်သော ကောင်းကင်ထုကို ဖြတ်သန်းလျက် ကျန်ရစ်ပြီးဆုံးခဲ့ပြီဖြစ်သော အတိတ်ခရီးရှိရာသို့ သူမစိတ်ဝိဉာဉ်ကို ညင်သာစွာ ဆောင်ယူသွားသည်နှင့် ဘုရင်မ၏ နုနယ်ငယ်ရွယ်သော ကလေးဘဝက သူမအာရုံထဲ တိုးဖောက်ဝင်ရောက်လာသည်။



ဘုရင်မရဲ့ ငယ်ဘဝ။

နောက်ဆယ်ကျော်သက်အရွယ် လှပနုငယ်သော ချစ်စရာ ဖူးငုံ သစ်ဦးတို့ဖြင့် စိတ် ဦးယဉ်၍ အကောင်းဆုံးအချိန်တွေကို ဖြတ်သန်းနေသည့် ကာလများသို့အရောက် ဘုရင်မဘဝထဲကို မိုးသားနှင့် အန်တီမာရီတို့ ရောက်လာခဲ့သည်။

မိုးသားက ဘုရင်မ စိတ်ညစ်နေသည့် အချိန်တွေမှာ ဘုရင်မကို ပျော်စရာများ ဖန်တီးပေးသည့် ပထမဆုံး သူစိမ်းယောကျ်ား တစ်ယောက်ဖြစ် ဘုရင်မဘဝထဲကို မေတ္တာစေတနာ၊ အနစ်နာများစွာဖြင့် ဝင်ရောက်လာပုံက သိမ်မွေ့ညင်သာသည်။ ထူးခြားဆန်းကျယ်သည်။ ရှုပ်ထွေးနက်ရှိုင်းသည်။ မိုးသားနှင့်ဘုရင်မကြားက သံယောဇဉ် အတိမ်အနက်ကို အခုချိန်ထိ ဘုရင်မကိုယ်တိုင် နားမလည်နိုင်သေး။

မာမီသူငယ်ချင်း အန်တီမာရီက မာမီနှင့် ဘဝတူ ခံစားချက်တူ တင်သေမုဆိုးမ ဖြစ်သည်။ ယောကျ်ားဖြစ်သူ မသေမချင်း အန်တီမာရီတို့ သားအမိက လှူရောစိတ်ရော တစ်နေ့တစ်ရက်မှ ဒုက္ခရာမရသည့် နေ့ရက်မရှိ။ အန်တီမာရီတို့ သားအမိကို တရိရိနှင့် အားရအောင် နှိပ်စက်ပြီးမှ လူ့လောက လူ့ဘဝကြီးကို ကျောခိုင်းထွက်ခွာသွားသည့် ယောကျ်ားကို အန်တီမာရီ မျက်ရည်တစ်စက်မကျသလို သားဖြစ်သူ မိုးသားကလည်း တစ်ချက်မငို၊ သားအမိနှစ်ယောက် ဝဋ်ကျွတ်သွားသဖြင့် အခုမှ လွတ်လွတ်ပြုံးရယ်နိုင်ကြသည့် ဘဝ။

ဘဝတူ ခံစားချက်ချင်းတူသူ နှစ်ယောက်ပေါင်းကြခြင်းက စိတ်ထိခိုက်စရာပြင်းပြင်းရခဲ့သော ဘုရင်မကို မိုးသားဘက် အကြင်နာမေတ္တာတွေ သွန်းလောင်းအနစ်နာခံပြီး ချစ်ခဲ့၊ သံယောဇဉ်ဖြစ်စေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မကိုယ်တိုင်လည်း မိုးသားနှင့်ထပ်တူ ဖြစ်သည်။

တစ်ယောက်ကိုတစ်ယောက် ချစ်ကြသည်။ တစ်ယောက်စိတ်ဆင်းရဲမှုကို တစ်ယောက်မလုပ်။ စိတ်ညစ်စရာ အကြောင်းအရာတွေကို တိုင်ပင်ထားသလို ဘယ်တော့မှ မပြောဖြစ်ခဲ့ကြ။ စိတ်ချမ်းသာစရာ၊ စိတ်ကြည်နူးစရာ အကြောင်းအရာတွေကို ရွေးပြောလာခဲ့တာလည်း ဒီနေ့မှမဟုတ်။ ဟိုးအရင်ကာလ အချိန်များစွာကတည်းက တစ်ယောက်နှလုံးသားကို တစ်ယောက်ခံစား ‌‌‌နားလည်ခဲ့ကြသူတွေအဖြစ် အချိန်အကြာကြီး အတူတူရှိခဲ့ကြသည့် နှစ်ရှိနေ့ရက်တွေ။

လမ်းခွဲကြဖို့ ဖြစ်လာတော့လည်း မိုးသားက ဘုရင်မကို ထားရစ်ကျောခိုင်းခဲ့သည်။ ပြန်လည်ဆုံတွေ့ခွင့်ပင် မပေးတော့။ အန်တီမာရီနောက်အိမ်ထောင်နှင့် မိုးသားကာ အဆင်မပြေ။ စိတ်လေနေချိန်မှာ အေရီရယ်မာမီ ဂျက်စမင်နှင့်တွေ့သည်။ နိုင်ငံခြား သွေးနှောသည့် ကပြားမလေးက မိုးသားကို ချစ်သည်။ အလိုလိုက်သည်။ သူတို့နှစ်ယောက် မှားကြတော့ အရွယ်လေးတွေ ငယ်ငယ်၊ အသိဉာဏ်တွေကလည်း နုနု၊ နောက်ဆုံး မိုးသားက ယောကျ်ားပီသစွာ သူ့တာဝန်သူယူပြီး ဂျက်စမင်နှင့် လက်ထပ်လိုက်သည်။ အေရီရယ်လေးကိုရပြီး နိုင်ငံခြားကို အန်တီမာရီတို့ အပြီးထွက်သွားတော့ သူတို့ လင်မယားပါ လိုက်သွားသည်။ ဘာတစ်ခုမှ အဆက်အသွယ်မရတော့ နှစ်တွေအကြာကြီး တိတ်တဆိတ် ကွဲပြောင်းနေပြီးမှ မိုးသားက ဘုရင်မမျက်စိရှေ့ ဘွားခနဲ ပြန်ရောက်လာသည်။ ဂျက်စမင်နှင့် ကွာရှင်းပြီး မိုးသားတစ်ယောက်တည်း မြန်မာပြည်ကို သူ့မာမီနှင့် ပြန်လာသည့်ခရီးမှာ ဘုရင်မက ဘယ်လိုအခန်းကဏ္ဍက ပါဝင်ရမည်မသိ။ မိုးသား





အကြောင်းတွေးရင်း ဘုရင်မအာရုံထဲ ဖျတ်ခနဲ ဝင်ရောက်လာသူက ရာဇ။

အသည်း ‌‌ ‌င်ဆာ။

ဘုရင်မရင်ထဲ အသည်းထဲက ထိုရောဂါအမည်ကို ခါးသီးနေသည်။ ရောဂါဆိုး၏ အမည်က ဘုရင်မဘဝထဲကို နောက်တစ်ကြိမ်ဝင်ရောက်လာပြန်သည်။ ဘာကြောင့်မှန်းမသိ။ ဘုရင်မရင်ထဲ စို့နစ်ဆကျင်သော ခံစားချက်တစ်မျိုး ဝင်ရောက်လာသည်။

မာမီရယ်။

မိခင်ဖြစ်သူကို တမ်းတစိတ်ဖြင့် ဘုရင်မရင်ထဲ ဆွတ်ပျံ့လွမ်းဆွေးဖွယ် ပုံရိပ်များ အပြေးဝင်လာသည်။ သူမဘဝရဲ့ တစ်ဦးတည်းသော ချစ်ခင်မြတ်နိုးရသော မိခင်ကြီး၏ ဘဝနေဝင်ချိန်ကို ဘုရင်မ ကြောက်ရွံ့လှပ်စွာ၊ ရှိုက်နင့်ခါးသီးစွာ၊ ထိတ်လန့်အားငယ်စွာ သူမတစ်ယောက်တည်း ရင်ဆိုင်ဖြတ်သန်းခဲ့ရသည့် အချိန်တွေ။

ရာဇ။

မင်းအတွက် ကိုယ်တကယ် စိတ်မကောင်းဖြစ်မိတယ်ဆိုရင် ယုံပါ့မလား။

ရာဇကို မိုးရေထဲ ရက်စက်စွာ ပစ်ထားခဲ့သည့် မိန်းမတစ်ယောက်က ချစ်မေတ္တာကိုမှ ဘာကြောင့် လိုချင်သူက လိုချင်နေမှန်းမသိ။ ဒီကို သတိရစိတ်ပိုမိုပြင်းထန်လာလေ ရာဇကို ဘုရင်မ အတွေးအာရုံ ပို၍ ရောက်ရှိလာလေ ဖြစ်သည်။ ရာဇသာ ထိုရောဂါဝေဒနာကို တကယ် ခံစားနေသည်ဆိုလျှင် သူ့အတွက် အချိန်ပိုများများ တော့တာကို ဘုရင်မ သိသည်။ နားလည်သည်။ ထိုညက အိပ်မပျော်



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ရာဇကို အဝတ်သစ်တွေနဲ့ ခန့်ညားချောမောစွာ သူမရှိရာ ရောက်လာသည်ဟု အိပ်မက်မက်သည့်အတွက် ဘုရင်မ သက်ပြင်း ချလိုက်သည်။

မနက်စောစော အန့်တီမာရီ ဘုရင်မထံ ရောက်လာသည်။

"ကွင်း"

"အန့်တီ"

အန့်တီမာရီ ရင်ခွင်ထဲ ပြေးဝင်ပြီး တစ်ယောက်ကိုတစ်ယော တင်းကျပ်စွာ ဖက်ထားချိန်မှာ ဘုရင်မစိတ်ထဲ မာမီကို မျက်လုံးထဲ ပြေးမြင်ကာ ရင်ထဲလှိုက်စို့တက်လာ၏။ မာမီသာရှိရင်ဆိုသည့်အတွေ ကြောင့် ရစ်ဝဲလာသည့် မျက်ရည်တွေကို ကြိုးစားသိမ်းဖယ်ပေမေ မရ။

"သမီးရဲ့ မာမီကို သတိရလိုက်တာကွယ်"

အန့်တီမာရီကိုယ်တိုင်လည်း မျက်ရည်တွေနဲ့ဆိုတော့ ဘုရင်မ ပြောစရာစကား မရှိဖြစ်သွားကာ မျက်ရည်ဝေသော မျက်ဝန်းအစုံဖြ အန့်တီမာရီ မျက်နှာကို စေ့စေ့ကြည့်ပြီး ခေါင်းညိတ်လိုက်သည်။

"အန့်တီမာရီကတော့ အရင်အတိုင်းပဲနော်"

"သမီးလည်း ဘာတစ်ခုမှ မပြောင်းလဲပါဘူးကွယ်၊ ဟိုအရင်အ အတိုင်း သိမ်လှပြီး သိပ်ချစ်စရာကောင်းနေတုန်းပါပဲ"

"မိုးသားရော အန့်တီ"

"သား လာပါလိမ့်မယ်"

မိုးသားအကြောင်းပြောရင်း မျက်နှာညှိုးသွားသည့် အန့်တီမာရီ ကြည့်ပြီး မိုးသားနှင့်ပတ်သက်သည့် အန့်တီမာရီ စိတ်မကောင်းဖြစ်





နိုး သိလိုက်သည်။

"ဂျက်စမင်နဲ့သူ ကွာရှင်းလိုက်ကြပြီဆို"

"ကလေးမလေးက သားနဲ့ မကွာရှင်းချင်ပါဘူးကွယ်၊ သား ကိုယ်တိုင်က ဂျက်စမင်ရှေ့ရေးအတွက်ဆိုပြီး သူ့ဘာသာသူ ဆုံးဖြတ် ာပါ"

"သားအကြောင်း သမီး သိပြီးပြီလား"

"ဘာကိုလဲ အန့်တီမာရီ"

"သားမှာက..."

"မာမီ"

"ဟော... သားလာပြီ"

မိုးသားရောက်လာ၍ အန့်တီမာရီ ပြောလက်စ စကားရပ်သွား သလို မျက်ဝန်းမှာ သီဝေ့နေသော မျက်ရည်တွေကို မိုးသားမမြင် အောင် ကမန်းကတမ်း တို့သုတ်ဖယ်ရှားလိုက်တာ မြင်ရသည်။ မိုးသား ဘယ်အချိန် ဘုရင်မတို့နား ရောက်လာမှန်းမသိ။ သူ့လက်ထဲမှာ က်စာအတွက် ဝယ်လာသည့် အစားအသောက် မြန်မာမုန့်မျိုးစုံ လာသည်။

"ဒီမှာလေ ကိုယ်စားချင်တဲ့ အစားအသောက်တွေ အကုန်ဝယ် ာတယ်၊ မာမီ့အကြိုက် ကောက်ညှင်းငချိတ်ပေါင်း ပါတယ်"

"ခေါ်ဦကိုပေးလိုက် မိုးသား သူပြင်ပေးလိမ့်မယ်"

"ခေါ်ဦ"

"လာပါပြီ"

မိုးသားလက်ထဲက စားစရာတွေကို ခေါ်ဦလာယူပြီး ထမင်း

စားခန်းထဲ အသင့်ပြင်ဆင်ပေးသည်။

"ကိုယ်တို့ကို ကွင်းရဲ့လက်ရာ မြန်မာဟင်းကောင်းကော

ချက်ကျွေးစမ်းပါကွ၊ တခြားသူချက်တာ ကိုယ်မစားချင်ဘူး ဟုတ်တ

မဟုတ်လား မာမီ"

"ဟုတ်ပါတယ် သားရယ်၊ သားပြောသလို မာမီကိုယ်တ

လည်း သမီးလက်ရာကို စားချင်နေတာ ကြာပါပြီ၊ တစ်ရက်လော

မာမီတို့ကို အပင်ပန်းခံပေးပါဦး သမီးရယ်နော်"

"အန်တီမာရီတို့အတွက်ဆိုရင် ကွင်းမပင်ပန်းပါဘူး၊ အန်

မာရီ စိတ်ချ၊ ဈေးဝယ်ပြီး ကွင်းတို့မိသားစုအတူ ချက်ပြုတ်စားကြ

ပေါ့ ဟုတ်တယ်မဟုတ်လား မိုးသား"

"သိပ်ဟုတ်တာပေါ့ ဘယ်နေ့ဈေးဝယ်ထွက်ရမလဲဆိုတာ

ပြော"

"ဒီနေ့ဆိုရင်ရော"

"အား… တကယ်ပြောတာလား"

"တကယ်ပါဆို"

"ဟေး… ပျော်လိုက်တာ၊ မာမီ ကွင်းပြောတာ ကြားတယ်

ကျွန်တော်တို့ကို ကွင်းဘယ်လောက် ဂရုစိုက်အလေးထားတယ်ဆိုတ

မာမီကိုယ်တွေ့ပဲ"

"ဟုတ်ပါတယ် သားရယ်၊ ဟုတ်ပါတယ်"

မိုးသားပျော်နေသလို အန်တီမာရီလည်း ပျော်နေ၍ ကွင်းမျက်

လုလုလေးထက်မှာလည်း အပြုံးတွေဝေနေသည်။ အပြုံးအရယ် နှ

ပါးလှသော ကွင်းကို ရယ်စေပြုံးစေနိုင်သူက မိုးသားနှင့်အန်တီမ





ဖြစ်သည်။ မိုးသားထံမှ ထူးခြားစွာ တောင်းဆိုမှုကို လိုက်လျောပြီး

နောက်မှာ ကွင်း သူမအလုပ်ကို မသွားတော့ဘဲ တစ်ရက်အနားယူလိုက်

သည်။ လိုအပ်တာတွေကို သူမအတွင်းရေးမှူး မှူယာကို လွှဲထားပြီး

မိုးသားတို့ သားအမိနှင့်အတူ ဈေးဝယ်ထွက်ဖြစ်သည်။

အဓိက ဦးဆောင်ဈေးဝယ်သူက မိုးသားဖြစ်သည်။ သူအကြိုက်

အစားအသောက်များအပြင် ဘုရင်မကြိုက်နှစ်သက်တတ်သည့် အသီး

အနှံ အစားအသောက်များ၊ အန်တီမာရီစိတ်ကြိုက် ရွေးဝယ်လာသည့်

ပစ္စည်းများကိုကြည့်ပြီး ကွင်း အံ့သြနေသည်။

"ဒီလောက် အများကြီး ဘာလုပ်မလို့လဲ မိုးသားရယ်၊ နင်ဝယ်

လာတာ ဆိုင်တစ်ဆိုင် ဖွင့်လို့ရတယ်သိလား"

"ပိုတော့လည်း ရေခဲသေတ္တာထဲ သိမ်းထားလိုက်ပေါ့ သမီး

ရယ်၊ သားဝယ်ချင်တာရှိရင် ဝယ်ပါစေ"

"တွေ့လား၊ မာမီကွ အဲဒါတွေ ချစ်စရာကောင်းတာ သူ့သား

အတွက်ဆို ဘာပဲလုပ်ပေးရ လုပ်ပေးရဆိုတဲ့ မာမီကွ"

မိုးသားက ဈေးဝယ်ကောင်းနေတုန်းဖြစ်သည့် သူ့မာမီကို ငေး

ကြည့်ရင်း ကျေနပ်ကြည်နူးစွာ ပြောနေချိန်မှာ ဘုရင်မမျက်လုံးထဲသို့

လူရိပ်တစ်ရိပ် ဝင်လာသည်။ ထိုသူက တခြားသူမဟုတ်။ ရာဇဆိုသည့်

လူ။ သူက ဘုရင်မကို မမြင်။ ဖုန်းတစ်လုံးနှင့် စကားပြောရင်း

တခြားထောင့်ချိုးတစ်ခုအတွင်းသို့ ချိုးကွေ့ဝင်ရောက် ပျောက်ကွယ်

သွား၏။

သူ့ပုံစံက နုပျိုလန်းဆန်းနေပြီး မကျန်းမာသူတစ်ယောက်၏

သွင်ပြင်အနေအထားမျိုး မဟုတ်တာ သတိထားလိုက်မိသည်။ နောက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စဆို ဒီလိုပဲ ဘာမှသိသာထင်ရှားခြင်းမရှိတာ ပြန်သတိရလိုက်တော
ဘုရင်မ မာမီက သူမအတွေးပုံရိပ်ထဲ ဖျတ်ခနဲရောက်လာသည်။

မာမီတုန်းကလည်း ရာဇလိုပဲ လှလှပပ လန်းလန်းဆန်းဆန်း
အနေအထားက တဖြည်းဖြည်း ပြောင်းလဲညှိုးလျော့လာတာကို ဖြ
သတိရပြီး သူမဦးခေါင်းကို တစ်ချက်ခါယမ်း ပစ်လိုက်သည်။

ဘာမှမတွေးနဲ့ ဘုရင်မ။

သူ့မာမီကိစ္စနှင့် ရာဇ ဘာမှမဆိုင်ဘူး။

"ဘာဖြစ်တာလဲ ကွင်း၊ နေမကောင်းဘူးလား"

မိုးသားအသံကို အနီးကပ်ကြားလိုက်ရမှ ဘုရင်မ သူမကို
သူမ သတိလွှတ်သွားပြီဟု သိလိုက်သည်။

"ဆောရီး၊ မိုးသား... အလုပ်ကိစ္စတွေအကြောင်း ကွင်း စဉ်း
လိုက်မိလို့ပါ"

ဘုရင်မစကားအဆုံးမှာ မိုးသားက သူမမျက်နှာကို တစ်ခါ
မမြင်ဘူးသလို စိုက်ကြည့်သည်။ ထိုအကြည့်ထဲမှာ အကြင်နာနွေးထွေး
ချစ်ခြင်းမေတ္တာတွေကို တွေ့မြင်လိုက်ရသည်။

"ကွင်း"

"ဟင်"

"ကွင်း ဘာလို့ ဒီလောက်အလုပ်တွေ လုပ်နေရတာလဲ"

"မိုးသားက ဘယ်လိုထင်လဲ"

သူမေးတာကို မဖြေဘဲ ဘုရင်မကို ပြန်မေးလိုက်၍ သူ
ဘုရင်မမျက်နှာကို ငုံ့ကြည့်သည်။ ပြီးမှ သူပြောချင်တာကို တဖြ
ဖြည်း ပြောသည်။





"ကွင်း လုပ်နေတာ ငွေအတွက် မဟုတ်တာတော့ ကိုယ်သိ
တယ်"

မိုးသားစကားအဆုံးမှာ ကွင်း မရယ်ချင်ရယ်ချင် တစ်ချက်ရယ်
လိုက်သည်။ ပြုံးရယ်လိုက်တိုင်း ကလေးလေးတစ်ယောက်လို ချစ်စရာ၊
မြတ်နိုးစရာကောင်းသည့် ကွင်းမျက်နှာလေးကို ငေးစိုက်ကြည့်နေမိသူက
မိုးသား။ အလွန်လှပ၍ ချစ်စရာကောင်းသည့် ကွင်းဆိုသည့် မိန်းမလှ
လေးက အခုချိန်ထိ အိမ်ထောင်မပြုသလို ချစ်သူရည်းစားမရှိတာကိုလည်း
မိုးသား လက်မခံချင်။

ကွင်း၏ ထူးခြားဆန်းကြယ်သော အတွေးအခေါ် အယူအဆ
တွေကို မိုးသားဘယ်တုန်းကမှ လိုက်မမီခဲ့။ ကွင်းစိတ်ခံစားမှုက တခြား
မိန်းကလေးတွေနှင့်မတူသလို ဘဝအပေါ်ထားရှိသည့် ကွင်းရဲ့အမြင်၊
ကွင်းရဲ့စိတ်ကူးတွေကလည်းမတူ။ သေချာတာကတော့ ကွင်းကို သူ
သနားသည်။

ချစ်သည်၊ မြတ်နိုးသည်။

ဖြစ်နိုင်လျှင် ကွင်းကိုယ်လေးကို သူရင်ခွင်ထဲ ထာဝရထွေးပွေ့
ထားချင်ပေမယ့် မိုးသားဖြစ်စေချင်သလို ဘာတစ်ခုမှ ဖြစ်မလာခဲ့။
မျက်စမင်နှင့်သူ လက်ထပ်ခဲ့ရသည်။ သမီးအေရီရယ် သူ့ဘဝထဲ
ရောက်လာတော့ ပိုဆိုးသည်။

ကွင်းက သူ့နဲ့အနီးဆုံးအရပ်မှာ ရှိနေပေမဲ့ လူချင်းက ဝေးကွာ
သည်။ သူတို့ကြားမှာ ဘာအဆက်အသွယ်မှ မလုပ်တော့။ တစ်ခုတော့
ပြောစရာရှိသည်။ ဘုရင်မနှင့် ဘယ်လောက်ပဲဝေးဝေး၊ ဘယ်နေရာကိုပဲ
ရောက်ရောက် သူ့နှလုံးသားထဲမှာ ဘုရင်မ အမြဲရှိနေသည်။ နေရာ



www.burmeseclassic.com

www.burmeseclassic.com



အပြည့်ယူထားသည်။ ဘုရင်မဆိုသည့် အမည်ကပင် မိုးသား နှလုံးသားကို အချိန်မရွေး နွေးထွေးမှုအပြည့်ပေးနိုင်သော တစ်ခုတည်း အရာဖြစ်သည်။

"ကွင်း"

"ဟင်"

"ကိုယ်မေးတာ မဖြေသေးဘူးနော်"

"ဘာကိုလဲ"

"ဘာလို့ အလုပ်တွေ ဒီလောက်လုပ်နေလဲဆိုတာ"

"မေ့ချင်လို့"

"ဘယ်လို"

ဘုရင်မစကားကို မိုးသား ရုတ်တရက် နားမလည်။ ဒါကိုပဲ ဘုရင်မက သဘောကျသလို ခပ်တိုးတိုး ရယ်သည်။ ပြီးမှ မမြင်မတွေ့နိုင်တော့ အတိတ်ခရီးလမ်းကို လှမ်းမျှော်ကြည့်ရင်း မိုးသားနှင့် မျက်နှာချင်းဆိုင်လိုက်သည်။

"ကွင်းဘဝရဲ့ အမှတ်တရတိုင်းဟာ လွမ်းမောနာကျင်စရာ ကြေကွဲဆွေးမြေ့ချင်စရာ အတိတ်တွေကို ကွင်း ပြန်မတွေးချင်ဘူး။ ပြန်လည်း သတိမရချင်ဘူး။ ဒါကြောင့် ကွင်းအလုပ်ထဲမှာ ကွင်းစိတ်အာရုံကို စူးနစ်ထားတယ်"

"ကွင်းပြောတာကို ကိုယ်လက်ခံပါတယ်၊ နားလည်လိုက်ပါတယ်။ ဒါပေမဲ့ ကွင်းအယူအဆတွေက ဆိပ်ပြင်းထန်လွန်းသလို ဖြစ်နေပြီ"

"ကွင်း အယူအဆတွေက သိပ်ပြင်းထန်တယ် ဟုတ်လား"





မိုးသားပြောသည့် စကားကို လိုက်ရေရွတ်ရင်း နှုတ်ခမ်းမှာ ပြုံးသဲ့သဲ့ ထင်လာသည်။

"ကိုယ်ဆိုလိုတာက ကွင်းကိုယ်ကွင်း ဘောင်ခတ်ထားတာမျိုး ိုယ်မကြိုက်ဘူး"

"လူတစ်ယောက်ရဲ့ လွတ်လပ်မှု၊ ပျော်ရွှင်မှုတွေကို နာကျည်းမှု မ်းနည်းကြေကွဲစရာ အတိတ်ခန်းထဲမှာ နှစ်မြှုပ်ထားတာ သဘာဝ ရားကို ဆန့်ကျင်ရာရောက်သလို ကိုယ့်ရဲ့နှလုံး ငယ်ရွယ်မှုတွေကို ည်း အလကားဖြုန်းတီး ဖြစ်တာနဲ့ အတူတူပဲ"

"မိုးသား ကြိုက်သလိုထင်ပါ ကွင်းကတော့ ကွင်းဘဝနဲ့ ကွင်း သားကျနေပါပြီ"

"သားနဲ့သမီးရေ… အန်တီမာရီတို့ သွားရအောင်"

"ဟုတ်ကဲ့ အန်တီမာရီ"

ကားပေါ် အထုပ်အပိုးတွေ အပြည့်တင်ပြီး မောင်းထွက်လာခဲ့ အမယ့် မိုးသားစကားတွေက ဘုရင်မနှလုံးသားကို လာရောက်ထိပါး က်ခတ်နေ၏။

တကယ်ပဲ ကွင်းဆိုတဲ့လူဟာ အဓိပ္ပာယ်မရှိ နေထိုင်နေသူလား။ ဘဝရဲ့နုပျိုမှုအချိန်တွေကို နာကြည်းဝမ်းနည်းခြင်း အကြောင်းအရာ တွေနဲ့ ပိတ်ပုံးပြီး အလကားဖြုန်းတီးနေတာလား။

သဘာဝကို ဆန့်ကျင်နေသူ တစ်ယောက်အဖြစ် မိုးသားက မကို စွပ်စွဲပြောကြားသွားသည့်အပေါ်မှာ သူမဘာက်က ဘာတစ်ခုမှ ပြန်မချေပနိုင်တာ မိုးသားပြောသော စကားတွေ မှန်နေပြီဟု ယူဆ င်စရာ ဖြစ်နေသည်။ အိမ်ကိုပြန်ရောက်သည်အထိ သူမအတွေး



www.burmeseclassic.com

www.burmeseclassic.com



တွေက မိုးသားစကားတွေအပေါ်မှာ အတိုင်းအတာတစ်ခုအထိ ထိန်းနာကျင်နေသလို ထင်ရသည်။

"ဒီနေ့ ကွင်း ဘာမှမလုပ်နဲ့ ကိုယ့်လက်ရာတွေကို အားပေးရင်း ထိုင်ကြည့်နေ ဟုတ်လား"

မိုးသားက ကွင်းအခြေအနေကို သိသလို ကွင်းကို ဘာတစ်ခုမှ မလုပ်ပါနှင့်ဟု တားမြစ်တာကိုတော့ သူ ... ကမခံချင်။

"ကွင်းလက်ရာတွေကို မိုးသား စားမျှင်တာဆို"

"ဟုတ်တယ်၊ အဲဒါ နောက်မှ အခု ကိုယ့်လက်ရာတွေကို ကွင်း အရင်မြည်းကြည့်"

"သား ပြောသလိုပဲ လုပ်လိုက်ပါကွယ်၊ သားက သမီးကို သူ့ဟင်းချက်လက်ရာ ဘယ်လောက်ကောင်းလဲဆိုတာ ကြွားချင်လို့နေမှာ"

"ဒါဆိုလည်း မိုးသားသဘောကျလုပ်ပါ၊ ကွင်းက အန်တီမာရို့ အကဲဖြတ်ဒိုင် လုပ်ပေးမယ်"

"သင့်ခ်ယူး"

ဟင်းချက်ပြုတ်ရေး အစီအစဉ်က ရယ်ရယ်မောမော ပျော်ပျော်ရွှင်ရွှင်နှင့် မိုးသားဆီ ရောက်သွားသည်။ ရယ်မောစရာ စကားတွေဆိုရင်း အရသာရှိရှိနှင့် လှပကျွမ်းကျင်စွာ ချက်ပြုတ်သွားသည့် မိုးသား၏ မီးဖိုချောင်ကိစ္စ ကျွမ်းကျင်ပုံကို ဘုရင်မ အုံ့ညြချီးကျူးစကားဆိုတော့ သူက ရယ်သည်။

"သိပ်လည်း ချီးကျူးမနေနဲ့ ကွင်း၊ ကိုယ်က ဟိုမှာ စားဖိုမှူး သင်တန်းတက်ထားတာ"





"ဪ... ဒီလိုကိုး"

အားလုံးအတူ ရယ်မောကြသည့်အခါ ရင်ထဲက တင်းကျပ်မှုတွေ ပေါ့ပါးသွားသလို ခံစားရသည်။

မိသားစု ထမင်းဝိုင်းလေး စိုပြည်သလို ဆွတ်ပျံ့လွမ်းမောဖွယ်ရာ အတိတ်ကြောင်းတွေနဲ့လည်း ပြည့်နှက်နေသည်။ ဘာကိစ္စနှင့် သူတို့ ဒီကို ပြန်လာခြင်းကို မသိရသေး။ ဘယ်သူကမှလည်း ထိုအကြောင်းကို မပြော။ စိတ်ချမ်းသာစရာ အကြောင်းအရာတွေကြားထဲမှာ စိတ်ညစ်စရာစကား မပြောတတ်ကြသည့် သူများဖြစ်သည့်အတိုင်း သူတို့မပြောလည်း ဘာတစ်ခုမှ သူမဘက်က စမေးမည်သူမဟုတ်၍ နှုတ်ဆိတ်နေလိုက်သည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"အဲဒါပါပဲ သမီးရယ်၊ သားက ဒီအကြောင်းတွေ ဘယ်သူ့ကိုမှ မပြောရဘူးလို့ အန့်တိကို တားထားပေမယ့် သမီးကိုတော့ မပြောပဲ မနေနိုင်ဘူး၊ ပြီးတော့ သားနဲ့ပတ်သက်ပြီး အသိသင့်ဆုံးလူဟာ သမီးလို့ အန့်တီမာရီ ယုံကြည်တယ်၊ တစ်ခုပဲ တောင်းဆိုစရာရှိတယ်"

"ဘာများလဲ အန့်တီ"

"သမီးကို ဒီကိစ္စ အန့်တီဖွင့်ပြောထားတယ်ဆိုတာ သား မသိစေပါနဲ့ကွယ်၊ သားဖြစ်စေချင်တဲ့ ဆန္ဒအတိုင်း အန့်တီတို့ ဖြစ်ပေးလိုက်ကြရအောင်ပါကွယ်... နော်"

စကားအဆုံးမှာ အန့်တီမာရီ ပါးပြင်ပေါ် စီးကျလာသည့် မျက်ရည်တွေက တားဆီး၍မရ။ တစ်ဦးတည်းသောသား။ အန့်တီမာရီ ၏ အချစ်မြတ်နိုးဆုံး လူသားတစ်ယောက်ရဲ့ ဘဝနောက်ဆုံးခရီးကို ဘာမှမဖြစ်သလို သားဖြစ်သူရှေ့မှာ ဟန်ဆောင်နေရသော မိခင်





တစ်ယောက်၏ နှလုံးသားဒဏ်ရာ ခံစားချက်ကို ဘုရင်မ ကိုယ်ချင်းစာမှာ နားလည်နိုင်ပါသည်။

အန့်တီမာရီကို မငိုပါနဲ့ဟု မတားပါ။

အားရအောင် ငိုပါစေ။

စိတ်တိုင်းကျ ဝမ်းနည်းစွာ ကြေကွဲခွင့် လူသားတိုင်းမှာ ရှိသည်။ ဒီလိုအချိန်။ ဒီလိုနေ့ရက် နာရီတွေကို ဘုရင်မကိုယ်တိုင် ကိုယ်အချစ်ဆုံး မိခင်အတွက် ဖြေဆည်နိုင်အောင် ခံစားနာကျင် ကြေကွဲခဲ့ရတာတွေ ပြန်သတိရလာတော့ အန့်တီမာရီကိုယ်ကြီးကို သူမလက်အစုံဖြင့် တင်းကျပ်စွာ ပြန်လည်ထွေးဖက်ထားမိသည်။

"စိတ်ချပါ အန့်တီမာရီရယ်၊ မိုးသား ဖြစ်စေချင်တဲ့အတိုင်း ဖြစ်ရပါစေမယ်လို့ ကွင်း ကတိပေးပါတယ်"

"ကွင်း ငိုနေလားကွယ်"

မျက်ရည်တွေနှင့် ကွင်းခေါင်းဆိုက်လိုက်တော့ အန့်တီမာရီထံမှ ကျိတ်၍ ရှိုက်ငိုသံက မချိမဆန့် ထွက်လာသည်။

မိုးသားရယ်။

ဘာဖြစ်လို့ ကွင်းတို့ကို ဒီလိုပုံစံနဲ့ လမ်းခွဲထားရစ်ခဲ့ချင်တာလဲ။

ကွင်းအနားက ကွင်းရဲ့အချစ်ဆုံး ချစ်ရသူတွေ တစ်ယောက်ပြီး တစ်ယောက် ထွက်ခွာသွားအောင် ပြုရက်သည့် ကံတရားကိုပဲ ကွင်း အပြစ်တင်ရမည်လား။ စောစီးစွာ ကွင်းနားက ထွက်သွားသူတွေကိုပဲ အပြစ်တင်ရမည်လား။ ကွင်း ရင်ထဲမှာ မိုးသားကြောင့် နာကျင်နေသည်။

"တကယ်တော့ မိုးသားဆိုတာ ကွင်းရဲ့အချစ်ဆုံး သူငယ်ချင်း။



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆုံးမိတ်ဆွေ။ အချစ်ဆုံးအစ်ကို။ အချစ်ဆုံး မိသားစုဝင်တစ်ယောက်။ တစ်ယောက်ကိုတစ်ယောက် အမြင့်ဆုံး ခံစားနားလည်ပေးဆပ်နိုင်ကြသူတွေဘဝက ထာဝရလမ်းခွဲပြီး ဘယ်တော့မှ မမြင်မတွေ့နိုင်သည့်နေရာကို ထွက်ခွာကျောခိုင်းသွားတော့မယ်ဆိုတာ ဖြစ်သင့်လို့လား။ ကွင်း သူ့ကို ဒီအတိုင်း မလွှတ်နိုင်ဘူး အန့်တီ"

"ကွင်းက ဘာလုပ်ချင်သေးလို့လဲ"

မျက်ရည်တွေ နှင်းဝေသီမှုန်မှိုင်းနေသော မျက်ဝန်းနှစ်စုံက ပြင်းစွာဆုံမိကြသည်။

"ကွင်း သူ့ကို ဆေးကုမယ် အန့်တီ"

"သမီးလိုပဲ အန့်တီလုပ်ခဲ့ပြီးပါပြီကွယ်၊ အတော်ဆုံး အကောင်းဆုံးသမားတော်တွေကိုယ်တိုင် လက်လျှော့ခဲ့ပြီးမှတော့ အန့်တီတို့ ဘာဆက်လုပ်ကြမလဲ သမီးရယ်"

ပြောပြီး အန့်တီမာရီက စိတ်မထိန်းနိုင်တော့သလို အီးခနဲငိုချသည်။ အန့်တီမာရီ ပြောသလို ဘုရင်မ ဘာမှမတတ်နိုင်ပါ။ ဘုရင်မ မျက်စိရှေ့မှာလည်း တစ်ယောက်ပြီးတစ်ယောက် ထွက်သွားတာကို ဒီအတိုင်း လက်ပိုက်ကြည့်နေခဲ့ရသည့် ခရီးမှာ သူမဘက်က ဘာဆိုဘာမှ ပြောစရာမရှိ။

ဘရိန်းကျူမာဆိုသည့် ရောဂါဆိုးက မိုးသားဦးနှောက်မှာ အကျိတ်အခဲအဖြစ် နောက်ဆုံးအခြေအနေနှင့် တည်နေခဲ့လေပြီ။ နည်းပေါင်းစုံနှင့် ကုသသည်။ သို့သော် ရွှေငွေတွေက မိုးသားအသက်ကို ကယ်နိုင်တော့။

"သားက သူ့ဘဝရဲ့ နောက်ဆုံးအချိန်ကို ဒီမှာပဲ ခေါင်းချချင်





ဘယ်ဆိုလို့ . . ."

ရှိုက်သံနှင့် ရောထွေးနေသည့် အန့်တီမာရီ့ စကားသံတွေက မသည်းကွဲပေမင့် ဘုရင်မ ခံစားနားလည်လို့ ရပါသည်။

"ကွင်းတို့ မိုးသားအတွက် အကောင်းဆုံးဖြစ်အောင် လုပ်ပေးကြရုံကလွဲပြီး ဘာတတ်နိုင်တော့မှာလည်း အန့်တီမာရီရယ် . . . မိုးသားကို ကွင်းနားလည်ပါတယ်"

ထိုစကားကို ပြောလိုက်သည့် ကွင်းအသံက ခြောက်သွေ့အက်ကွဲလျက်။ မိုးသားကို ကွင်းဘယ်လို နားလည်သည်ဆိုတာကို သူမကိုယ်တိုင် တိကျရေရာစွာ မပြောနိုင်။ ကိုယ်ကိုတိုင် လူ့လောကကြီးထဲက မကြာမီ ထွက်ခွာသွားရတော့မည့် လူတစ်ယောက်အဖြစ် ခံစားကြည့်တော့ လောကကြီးက ဘာတစ်ခုမှ အဓိပ္ပာယ်မရှိ။

မျက်ဝန်းအစုံကို မှေးမှိတ်လိုက်တော့ ပူနွေးသော ပါးပြင်ပေါ် မျက်ရည်တွေ စီးမျောလာ၏။

မာမီ။

ပြီးတော့ မိုးသား။

နောက် . . . ရာစဆိုသည့်လူ။

အန့်တီမာရီ ပြန်သွားသည့်အချိန်အထိ ဘုရင်မတစ်ယောက်တည်း ငြိမ်သက်တိတ်ဆိတ်နေမိသည်။ ရှေ့ဆက် ဘာတွေဖြစ်လာဦးမှာလည်း ဟု မေးနေစရာမလိုသလို မိုးသား၏ ဟန်ဆောင်ဖုံးကွယ်မှုကလည်း ကြာရှည်ခြင်းမရှိ။ မိုးသားကို ဆေးရုံတင်လိုက်ရသည်။ အထူးကြပ်မတ်ဆောင်ထဲက မိုးသားမျက်နှာကိုကြည့်ရင်း တင်းမာခိုင်မြဲလာပြီဟု သူမထင်ထားသော ဘုရင်မစိတ်တွေက ယိုင်နဲ့လဲပြိုချင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးသား ခံစားနေတာကို မကြည့်ရက်ဘဲ ဒီအတိုင်း ကြည့်နေသည်။

"ကွင်းလက်ထဲမှာပဲ ကိုယ့်ရဲ့နောက်ဆုံးအငွေ့အသက်တွေကို ကုန်ဆုံးချင်တယ်။ တိုယ့်နားမှာ ကွင်းရှိနေတယ်ဆိုတဲ့ အသိနဲ့ ကိုယ်..."

"တော်ပါတော့ မိုးသားရယ်၊ မိုးသား ဖြစ်စေချင်တဲ့အတိုင်း မိုးသားနားမှာပဲ ကွင်းနေမှာပါ... စိတ်ချနေနော်"

"သင့်ခ်ယူး"

မိုးသားဆီက နောက်ဆုံးတောင်းဆိုခဲ့သည့် စကားတွေ ဘုရင်မနားမှာ အထပ်ထပ်ပြန့်လွင့်နေပေမယ့် မိုးသားက သူပြောသည့်စကားတွေ။ သူ့ဆန္ဒတွေကို မေ့လျော့လျက် ဆေးခုတင်ထက်မှာ တိတ်ဆိတ်ငြိမ်သက်စွာ မလှုပ်မယှက် အသံမဲ့စွာ မျောလွင့်နေပုံကို အံကြိတ်မျက်ရည်ဝဲရင်း စိတ်မချမ်းမသာစွာ ကြည့်နေရတာ ဘယ်ဘဝက ဝဋ်ကြွေးများလည်း မိုးသားရယ်။

"ကွင်း"

ဆေးရုံက အထွက်မှာ ဘုရင်မရှေ့ကို မားမတ်စွာ ရောက်လာသူကို မော့အကြည့်မှာ ရာဇမျက်နှာကို ရှင်းသန့်ကြည်လင်စွာ တွေ့လိုက်ရသည်။

"ရာဇ"

ထိုအမည်ကို မရည်ရွယ်ပဲ ဘုရင်မနှုတ်များက သူ့အလိုလိုခေါ်မိသွားတာကို ဘုရင်မလည်း မတတ်နိုင်။

"ဘာဖြစ်တာလဲဟင်၊ ကွင်းပုံစံကြည့်ရတာ နေမကောင်းသလိုပဲ"

ရာဇအသံက စိုးရိမ်ခြင်းများစွာ ပါနေသလို သူ့မျက်ဝန်းအကြည့်





တွေကလည်း လူမမာတစ်ယောက်လို ဖြူဖွေးဖျော့တော့နေသည့် ဘုရင်မမျက်နှာကိုကြည့်တော့ ထိတ်လန့်နေသည်။ ဘုရင်မကို အခုလိုပုံစံမျိုးနှင့် ရာဇတစ်ခါမှ မငွေ့ဖူး။ ဘုရင်မ-

"ကွင်း"

"ဟင့်အင်း၊ ကိုယ်ဘာမှမဖြစ်ဘူး ကိုယ်နေကောင်းပါတယ်"

ဘုရင်မအသံက ပျော့ပျောင်းနူးညံ့သိမ်မွေ့နေသလို သူမမျက်ဝန်းအကြည့်တွေက ရာဇကိုမမြင်ဘဲ ဟိုးအဝေးတစ်နေရာကို မျှော်ကြည့်နေသလို ထင်ရသည်။ ဒီရက်ပိုင်းအတွင်း ဘုရင်မကို ဘယ်မှာမှ ရှာမတွေ့၍ ရာဇနေလို့မရအောင် ဖြစ်ခဲ့ရသည်။ စုံစမ်းကြည့်လိုက်တော့ ဘုရင်မဆွေမျိုးတစ်ယောက် ဆေးရုံတက်နေရသည့်အတွက် ဘုရင်မကိုယ်တိုင် လူမမာနားမှာ အချိန်ပြည့်နေပေးနေတာကို သိခဲ့ရသည်။

ရာဇသိရသလောက် ဘုရင်မမှာ ဆွေမျိုးသားချင်း အရင်းအချာ သိပ်မရှိ။ တစ်ဦးတည်းသောသမီး ဘုရင်မမှာ မိဘနှစ်ပါးစလုံး မရှိဘဲနှင့် ဘယ်လိုလူကို ဤမျှကိုယ်ဖိရင်ဖိ ပြုစုစောင့်ရှောက်နေရတာလည်း ဟု သိချင်လာသည်။ အဖြစ်အပျက်အားလုံးကို တိကျသေချာစွာ မသိရသေးသော်လည်း ဘုရင်မကိုယ်တိုင် ဆေးပိုက်များစွာ ရှုပ်ထွေးနေသော လူမမာအမျိုးသားတစ်ယောက်ကို သူမကိုယ်တိုင် အနားကမခွာဘဲ ပြုစုနေတာကို သိခဲ့ရသည်။

ထိုလူနာမည်က မိုးသား။

ဘုရင်မနှင့် သွေးသားတော်စပ်မှုမရှိဟု သိလိုက်ရတော့ ရာဇရင်ထဲ နာချင်လာသည်။

ဒီလူ ဘယ်သူလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့ ဘုရင်မလို မိန်းမတစ်ယောက်ရဲ့ဘဝနဲ့ နှလုံးသားကို ရင်းပြီး ပေးဆပ်နေရလောက်အောင် ဘယ်လိုရင်းနှီးပတ်သတ်မှုမျိုးလဲ။ မေးခွန်းပေါင်းများစွာ ရာဇရင်ထဲ လျှံနေပေမယ့် ဘုရင်မ မျက်နှာကို မြင်လိုက်ရချိန်မှာ ဘာစကားမှ ပြောမထွက်။ ရင်ထဲက ခံစားချက်တွေ လွှင့်ပျယ်ပြီး ဘုရင်မတစ်ခုခု ဖြစ်သွားမှာကိုသာ စိုးရိမ်ကြီးနေသည်။ သူမ ဘာမှမဖြစ်ဖူးဆိုတာကိုက သူမတစ်ခုခုဖြစ်နေခြင်းဟု ပြောနေတာနှင့် အတူတူဖြစ်သည်။

"ကွင်း"

"ကိုယ်သွားတော့မယ်"

"ကွင်းကို ကျွန်တော် လိုက်ပို့မယ်"

"မပို့ပါနဲ့"

ဘုရင်မထံမှ တားမြစ်စကားကို ရာဇ ဂရုမစိုက်။ သူမနှင့်အတူ ခြေလှမ်းကျဲကြီးတွေနှင့် လိုက်ခဲ့သော ရာဇမျက်နှာကို တစ်ချက်ကြည့်ပြီး ခြေလှမ်းမှန်မှန်နှင့် ဆက်လျှောက်သွားသည့်အတွက် ရာဇလည်း ဆက်လိုက်ခဲ့သည်။

အရင်လို တင်းမာခက်ထန်သော မျက်နှာထားမျိုး ဘုရင်မမျက်နှာမှာ မတွေ့ရ၍ ဘုရင်မမျက်နှာက ပိုလှနေသလို ထင်မိသည်။ မာန်မာနတွေ တင်းစင်နေသည့် ပကတိအလှတရားက ရာဇနှလုံးသားမှာ အနူးညံ့အသိမ်မွေ့ဆုံး ချစ်ခြင်းမေတ္တာအဖြစ် စွဲထင်သွားသည်။

ဘုရင်မသာ ဒီလိုအမြဲတမ်း နူးညံ့သိမ်မွေ့နေခဲ့ရင် ကမ္ဘာပေါ်မှာ အပျော်ဆုံးလူဟာ ကျွန်တော်ပဲ ဖြစ်မယ်ထင်တယ် ကွင်းရယ်။

ကွင်းကို ကျွန်တော် ချစ်တယ်။





ကျွန်တော်ချစ်တဲ့ ကွင်းကို ပိုင်ဆိုင်ခွင့်ရမယ်ဆိုရင် ရာဇ အပြေး မဆုံးခင် ဘုရင်မဖုန်းက အသံမြည်လာ၍ လှမ်းလက်စ သူမ ခြေအစုံက ရပ်တန့်သွားသည်။

"သမီး"

"အန်တီ မာရီ"

"သားကြီးဆီကို အခု အမြန်ဆုံးလာပါ"

"ရှင်… ဟုတ်ကဲ့… ဟုတ်တဲ့"

"ဘာဖြစ်လို့လဲ ကွင်း"

"ဟင့်အင်း"

ဘာကို ဟင့်အင်းမှန်းမသိ။

ဘုရင်မ ခြေလှမ်းတွေက ဆေးရုံရှိရာဘက်သို့ ဦးတည်ပြေးလွှားသွား၍ ရာဇလည်း သူမနှင့်အတူ ပါသွားသည်။ သွေးဆုတ်သလို ဖြူဖျော့သွားသည့် ဘုရင်မပုံစံလေးက သိသာစွာ သွယ်ဆင်းသွားသလို သူမမျက်နှာပေါ်က စိုးရိမ်သောကကြောင့် သူမလှုနာ အခြေအနေ မကောင်းမှန်း သိလိုက်သည်။

ရာဇ ထင်ထားသည့်အတိုင်း လူနာနားရောက်သွားတော့ အီးခနဲ ငိုရှိုက်သံနှင့်အတူ အန်တီကြီးတစ်ယောက် ဘုရင်မကို ပြေးဖက်လိုက်တာ မြင်ရသည်။

"အန်တီမာရီ"

"သား မရှိတော့ဘူး သမီး၊ သားထွက်သွားပြီ"

"မိုးသား"

ဘုရင်မ နှုတ်ဖျားက မိုးသားအမည်ကို ခပ်တိုးတိုး ရေရွတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး လူမမာထားသည့် ခုတင်ရှိရာ အိပ်မက်ထဲက လူတစ်ယောက်လို လျှောက်သွားသည်။ အန့်တီမာရီဆိုသည့် အန့်တီကြီးက သူ့သားမျက်နှာကို မျက်ရည်တွေကြားက မချိတင်ဘဲကြည့်ပြီး အသည်းကြွေမတတ် ရှိုက်ငိုနေ၏။

"မိုးသား"

ဘုရင်မက မိုးသားမျက်နှာကိုကြည့်ပြီး ငိုချင်လျက်နှင့် မငိုနိုင် ဒီလိုအနေအထား။ ဒီလိုပုံစံမျိုးနှင့် သူမ မိခင်ကို ဆုံးရှုံးခဲ့ရတာ ပြန်မြင် ယောင်လာသည်။

"မာမီ"

"ကွင်း"

"ငိုချင်ရင်ငိုလိုက်လေ"

ပူဆွေးသောကကြီးစွာ ခံစားလိုက်ရသူအဖြစ် ဘုရင်မမျက်နှာ လေးကို မကြည့်ရက်သလို ရာဇ ဆိုလိုက်ပေမယ့် ဘုရင်မက မငိုပါ။

"သမီး"

"သားမျက်နှာကို ကြည့်ပါဦးကွယ် အိပ်ပျော်နေတဲ့အတိုင်းပဲ"

"ဟုတ်တယ် မိုးသား အိပ်ပျော်နေတယ် အန့်တီ"

ထိုအိပ်ပျော်ခြင်းက ဘယ်တော့မှ ပြန်လည်နိုးထလာခြင်း မရှိ သော ထာဝရအိပ်ပျော်ခြင်း မရှိသည်ကိုက လူသားတိုင်း သိနားလည် ထားပြီးသား ဖြစ်သည်။

"သား... မာမီ့သားလေးရယ်"

"ဟာ... အန့်တီကြီး သတိလစ်သွားပြီ"

"အန့်တီ... အန့်တီ"





အနီးအနားမှာ ကူညီမည့်သူ မရှိ။

ရာဇကလည်း သားဇောဖြင့် သတိလစ်မေ့မျောသွားသည့် ဒေါ် မာရီကို ပွေ့ချီပြီး အကူသူနာပြုဆရာမများလက် အပ်လိုက်ရသည်။ ဘုရင်မက မိုးသားမျက်နှာကို မျက်တောင်မခတ် ကြည့်နေချိန်မှာ ရာဇက ဖုန်းဆက်ပြီး စီစဉ်ညွှန်ကြားစရာရှိတာတွေ ညွှန်ကြားပြီး ဘုရင်မ လုပ်ရမည့်အလုပ်တွေကို သူကပဲ တာဝန်ယူလုပ်ပေးနေ၏။

ဧည့်သည်တွေ ရောက်လာသည်။

မိုးသား၏ ဆွေမျိုးသားချင်းများထံ ဘုရင်မထံမှ ဖုန်းနံပါတ် တောင်းဆက်ပေး၍ မိုးသားဆွေမျိုးတွေ ရောက်လာသည်။ ရာဇက ဘုရင်မနားကမသွား။ အရိပ်တကြည့်ကြည့် သူမ လိုအပ်တာတွေ လုပ်ပေးသည်။

ဘုရင်မကိုယ်တိုင်လည်း ရာဇကို သူမနားမှ ထွက်သွားအောင် မောင်းထုတ်နိုင်စွမ်း မရှိတော့သော အခြေအနေမှာ ရာဇက သူမနား အလိုလို နေခွင့်ရနေသည်။ ချစ်ခင်မြတ်နိုးသောအကြည့်၊ ချစ်သူ တစ်ယောက်၏ ယုယကြင်နာမှုများ၊ ဂရုစိုက်ဖေးမမှုများနှင့် ဘုရင်မကို မျက်စိအောက်က အပျောက်မခံနိုင်အောင် ဖြစ်နေသော ရာဇကို တာသမျှ ဧည့်သည်အားလုံးက သတိထားမိသည်။

တီးတိုး ဝေဖန်ကြသည်။

ဂရုစိုက်အလေးထား ဆက်ဆံကြသည်။ သူတို့ဝန်းကျင် အသိုင်း အဝိုင်းမှာ ဘုရင်မက ရာဇ ချစ်သူအဖြစ် နေချင်းညချင်း သတင်းကြီး သွားကာ သူတို့နှစ်ယောက်ပုံတွေ ဖေ့ဘွတ်ခ်စာမျက်နှာအထိ ရောက် သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းပြန်တော့ ရာဇ၊ နောက်ဘယ်တော့မှ ကိုယ့်ဆီမလာနဲ့"

ကွင်းအသံက အေးစက်စက်။

ရာဇမျက်နှာကို ကြည့်ပုံက ခံစားချက်မဲ့။ သူမ ဘာပြောပြော ရာဇက ဂရုမစိုက်။ ဖြူဖျော့နေသည့် သူမအသွင်က ရာဇက အရှုံး စွဲထင်နေသည်။ အလွန်တရာ စိတ်မာတတ်မာကျောသူ။ နှလုံးသား စက်သူအဖြစ် လူသိများသော ကွင်းကိုယ်တိုင် မိုးသားကို သူမ မျက် ရှေ့မှာ စွန့်လွှတ်ဆုံးရှုံးလိုက်ရသည့်ပွဲမှာ ဟန်မဆောင်နိုင်အောင် အ အလဲခံစားရသည့် အပိုင်းတွေက ရာဇ ကိုယ်တွေ့ဖြစ်သည်။

ဒီကြားထဲ မိုးသားမာမီ ဒေါ်မာရီက အိမ်ရာထဲလဲပြီး လူ လုံးလုံးဖြစ်သွား၍ ဘယ်သူနှင့်မှ စကားဟဟ မပြောနိုင်။ ဘုရ ကိုယ်တိုင် ဂရုစိုက်နေရသည့် အနေအထားမှာ သူမနားမှာ မား မတ်မတ်ရပ်တည်ပေးမည့် ယောကျ်ားသား မရှိ။

"မင်း ကိုယ်ပြောနေတာကြားလား ရာဇ"

"ကြားတယ်"

"ဒါဆို ပြန်တော့လို့ ပြောနေတယ်"

ဘုရင်မအသံက ပိုတင်းလာသလို မျက်နှာကလည်း သွေး တော့သလို ပိုဖြူဖွေးဖျော့တော့လာသည်။ ဒီပုံနဲ့မကြာခင် သူမကိုယ်တို အိပ်ရာထဲ လဲတော့မည့် အနေအထားဆိုတာ ဘေးက မြင်နေရသ

ရာဇကသိပေမယ့် ကာယကံရှင်ဖြစ်သော သူမကတော့ သူ့အခြေအ သူရိပ်မိပုံမရ။ ရာဇက သူ့ကို အမိန့်ပေးနေသည့် သူချစ်သော မိန် တစ်ယောက်နှင့် မျက်နှာချင်းဆိုင် နီးကပ်စွာ ရပ်လိုက်သည်။

"ကျွန်တော် မပြန်ဘူး"





"ဘာ..."

"ရက်လည်တဲ့အထိ ဒီမှာနေဦးမယ်လို့ ပြောတာ"

နူးညံ့သိမ်မွေ့ခြင်းတွေနှင့် နွေးထွေးနေသည့် မျက်ဝန်းအစုံက ရင်မမျက်နှာကို ချစ်မြတ်နိုးစွာ ငုံ့မိုးစူးစိုက်ကြည့်နေ၍ ဘုရင်မရင်ထဲ ရှသွားသည်။ သူမလိုချင်တာ ဒီလိုအကြည့်အပြောတွေမှ မဟုတ်ပဲ။

"မင်းကို ကိုယ်ကိုယ်တိုင်က ပြန်ခိုင်းနေတာ ရာဇ၊ မင်းကူညီ းခဲ့တာတွေအတွက် ကိုယ်ကျေးဇူးတင်တယ်"

"ကျေးဇူးအတင်ခံချင်လို့ လုပ်ပေးနေတာ မဟုတ်ဖူးကွင်း၊ အပ်တယ်ထင်လို့ ကူညီနေတာ..."

"မင်းအကူအညီကို အခုကိုယ်မလိုအပ်တော့ဘူးလို့ ပြောနေပြီပဲ"

"ထင်လို့ပါ"

"မင်း ဘာပြောတာလဲ"

အလိုမကျဟန် အကြည့်တွေကို ဂရုမစိုက်ဘဲ ရာဇ သူမနားကို တိုးကပ်လိုက်တော့ ဘုရင်မမျက်နှာ သွေးရောင်လွှမ်းပြီး ချက်ချင်း က်ဆုတ်သွားသည်။

"မင်းဘာလုပ်တာလဲ"

"ဘာမှမလုပ်ဘူး ဒါပေမဲ့ ကျွန်တော့်မျက်စိရှေ့မှာပဲ ကွင်းနေ ယ်"

"ဘာဆိုင်လို့လဲ မင်းစကားတွေ သိပ်လွန်နေပြီနော် ရာဇ၊ အခု ကိုယ်ဘယ်သူနဲ့မှ စကားမများချင်ဘူး"

"ကျွန်တော်က ပိုတောင်စကားမပြောချင်သေးတယ်၊ အခု ပ်ရှုး ဘာဖြစ်နေလဲသိလား"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ဘာဖြစ်နေလို့လဲ"

"ဒီပုံအတိုင်းဆို ခင်ဗျား မကြာခင် အိပ်ရာထဲ လဲတော့မယ်"

"အိုး . . . ဘာကိစ္စ အိပ်ရာထဲ လဲရမှာလဲ၊ အမိပွာယ်မရှိတာ"

ရာဇစကားကို ချက်ချင်းတုံ့ပြန် ငြင်းလိုက်ပေမယ့် ဘုရင်မ ဖျားနေတာ သူမဘာသာပဲ သိသည်။ ဆေးသောက်ထားပေမယ့် အဖျား က မကျ။ မိုးသားကို တစ်ချိန်လုံး နေ့မအနား ညမအိပ် အနီးကပ်ပြုစု ခဲ့သည့်ဒဏ်နှင့် အန်တီမာရီနှားမှာ လူမမာ စောင့်ဝေးနေရသည့် အချိန် တွေက ဘုရင်မခန္ဓာကိုယ်ကို စွဲချုပ်လိုက်သလို ကျသွားတာ သူမသိ သလို ရာဇလည်း သိနေသည် ထင်ပါရဲ့။

မိုးသားတို့ သားအမိတာဝန်က သူမတာဝန် သူမကိစ္စ။

မိုးသားဖြစ်စေချင်တဲ့အတိုင်း မိုးသားဆန္ဒကို ဖြည့်ဆည်းပေးလိုက် တာကို နောင်တမရ။ မိုးသားတစ်ယောက် ငြိမ်းချမ်းစွာ ကောင်းကင် ဘုံကို တက်လှမ်းသွားနိုင်အောင် မိုးသားနားမှာ အချိန်ပြည့်နေပေးခဲ့ သည်။ အန်တီမာရီကိုတော့ အသက်လည်းကြီး အပင်ပန်းလည်း မခံနိုင် ၍ တတ်နိုင်သမျှ အနားယူအားဖြည့်ပေးရင်း သားအမိနှစ်ယောက် အေးမှာ ဘုရင်မတစ်ယောက်တည်း ရဲဝံ့စွာ ရပ်တည်ပေးခဲ့သည့် အချိန်တွေ။

အခုထိလည်း အန်တီမာရီ အခြေအနေက စိတ်မချရသေး။ တစ်ဦးတည်းသော သားကို စွန့်လွှတ်ဆုံးရှုံးလိုက်ရသော မိခင်တစ်ယောက် လုံးကို ဘာတစ်ခုမှ မကူညီနိုင် လက်လွှတ်ဆုံးရှုံးလိုက်ရသည့် သမီး တစ်ယောက်၏ ခံစားချက်ချင်း အတူတူဖြစ်၍ အန်တီမာရီကို မိုးသား နှင့် မာမီကိုယ်စား ပိုဂရုစိုက်မိတာ သူမ အပြစ်လား။





"ကွင်း သိပ်ပိန်သွားတယ်"

"ကိုယ်ဘာမှမဖြစ်ဘူး"

"ဘာပဲဖြစ်ဖြစ် ကွင်းကို ကိုယ်စိတ်မချဘူး။ ကွင်းတစ်ခုခုဖြစ်ရင် ကျွန်တော်ပဲ ရင်ကျိုးရမယ်ဆိုတာ ကွင်း စဉ်းစားမိရဲ့လား"

ရာဇအသံက ခံစားချက်အပြည့်နှင့် တုန်ယင်လှိုက်မောနေသလို သူ့အကြည့်တွေကလည်း ဘုရင်မမျက်ဝန်းကတစ်ဆင့် ဘုရင်မနှလုံးသား ကို ထွင်းဖောက်သွားသည့်အလား နက်ရှိုင်းလေးနက်မှုတွေ ပြည့်သိပ် နေသည့်အတွက် သူ့အကြည့်တွေကို ရင်မဆိုင်ချင်သူက ဘုရင်မ။

သူမအပေါ်မှာ အချိန်ပြည့် ဂရုစိုက်နေသည့် ရာဇအပြုအမူတွေ။ ဇအကြင်နာတွေကို ဘုရင်မ အသိအမှတ်ပြုပါသည်။ ဘာ အခွင့် ရေးမှ မယူဘဲ သူမကိုအဖြူစင်ဆုံး အရိုးသားဆုံး ကူညီခဲ့သည် သိပေမယ့် ဘုရင်မနှင့် ရာဇကြားမှာ ဘယ်လိုရင်းနှီးပတ်သက်မှုမျိုးမှ ရှိ။ ရာဇက ဘုရင်မအပေါ်မှာ တကယ်ချစ်သူတစ်ယောက်လို ကြင်နာမေတ္တာတွေ သွန်ချနေသည်ကိုလည်း သဘောမကျ။

အများအမြင်မှာလည်း မတင့်တယ်။ သက်ပြင်းချသံနှင့်အတူ ဘုရင်မအကြည့်က သူမမျက်နှာကို ငုံ့မိုးစူးစိုက်ကြည့်နေသည့် ရာဇ မျက်နှာကို မော့ကြည့်လိုက်သည်။

"ကိုယ် မင်းကိုကျေးဇူးတင်ပါတယ် ဒါပေမဲ့ . . . ကိုယ့်ကို ခြားသူတွေ ပြောစရာဖြစ်လာမှမျိုး ကိုယ်လက်မခံနိုင်ဘူး။ ဒါကို မင်းနားလည်မှာပါ"

"ကျွန်တော် ဘယ်သူဘာပြောပြော ဂရုမစိုက်ဘူး၊ ကျွန်တော် ဂရုစိုက်တာ ကွင်းတစ်ယောက်တည်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ကွင်းကို ဘယ်လောက်ချစ်တယ်၊ ဘယ်လောက် မြတ်နိုးတယ်ဆိုတာ ကွင်းသိပါတယ်။ ကျွန်တော့်အချစ်ကို ကွင်းလက်ခံသင့်ပြီလို့ ကျွန်တော် ထင်တယ်"

"ကျွန်တော် ကွင်းကိုချစ်တယ်၊ ကွင်းသာ ကျွန်တော့်အချစ်ကို လက်ခံမယ်ဆိုရင် ကွင်းကို လက်ထပ်ဖို့ ကျွန်တော့်ဘက်က အသင့်ပဲ"

"ကျွန်တော့်အချစ်ကို ကွင်းအနုထိ [illegible] နိုင်သေးဘူးလားဟင် ကျွန်တော့်အချစ်တွေ ကျွန်တော်မေတ္တာစေတနာတွေကို ကွင်းယုံအောင် ကျွန်တော် ဘာလုပ်ပြရမလဲ… ပြော"

ပြောမိပြီဆိုတော့လည်း ရာဇဘက်က တစ်ခုမှမလျှော့။ ကွင်းဘက်က အခုချိန်ထိ သူ့အချစ်ကို အသိအမှတ်မပြုတာကို ရင်နာနာနှင့် သုံ့ပြောချင်တဲ့ဘက်ကိုကြီး ပြောချပစ်လိုက်သည်။

"မင်းဘာပြောပြော ကိုယ်မင်းအချစ်ကို လက်ခံမှာမဟုတ်ဘူး ရာဇ"

"ကောင်းပြီ ကွင်းလက်ခံလာတဲ့အထိ ကျွန်တော် ကြိုးစားမယ်"

"မင်းဆုံးဖြတ်ချက်အပေါ် ကိုယ့်ကိုကိုယ် နှောင့်တာမရဖို့ပဲ အရေးကြီးပါတယ်"

သွေးအေးရက်စက်လွန်းသည့် ကွင်းမျက်နှာကိုကြည့်ပြီး ရာဇရင်ထဲက သည်းခံနိုင်စိတ်တွေ ကုန်ဆုံးသွားသည့်အတွက် ဘုရင်မပခုံးနှစ်ဖက်ကို သူ့လက်တွေနှင့် တင်းကျပ်စွာ ဆုပ်ကိုင်လိုက်သည်။

"မင်း ဒါဘာလုပ်တာလဲ ရာဇ၊ မင်းလက်တွေကို ကိုယ့်ပခုံးပေါ်က ဖယ်စမ်း"

"မဖယ်ဘူး"





"ခင်ဗျား ဘာလို့ ဒီလောက်သွေးအေးပြနေရတာလဲ၊ ခင်ဗျားမှာ ချစ်တတ်ခံစားတတ်တဲ့ နှလုံးသားမရှိဘူးလား ကွင်း"

ရင်နာသံနှင့် သူမေးပေမယ့် ဘုရင်မက ရာဇရင်ထဲက ခံစားချက်ကို ဂရုမစိုက်ဘဲ ရာဇမျက်နှာကို ခံစားချက်မဲ့ ပြန်ကြည့်သည်။ အကြည့်ချင်း ဆုံမိကြပေမယ့် ထိုအကြည့်များက ဆန့်ကျင်ဘက် ခံစားချက်များ ထိုဦးတည်နေခြင်းကို ရာဇ ပိုအခံရခက်သည်။

"ဟုတ်တယ်၊ ကိုယ့်ဆီမှာ မင်းမျှော်လင့်နေတဲ့အရာ ဘာတစ်ခုမှ မရှိဘူးရာဇ၊ ကိုယ့်ဆီမှာ အချိန်ကုန်ခံနေမယ်အစား တခြားတစ်ယောက်ဆီ မင်းသွားလိုက်တာကမှ ပိုပြီး နေပျော်ဦးမယ်"

"ခင်ဗျားစကားတွေ သိပ်လွန်နေပြီ ကွင်း၊ ကျွန်တော့်ကို ဘယ်လိုကောင်းထင်နေလဲ"

"မင်း ဘယ်လိုလူဖြစ်ဖြစ် ကိုယ်စိတ်မဝင်စားဘူး"

"ခင်ဗျား စိတ်ဝင်စားရမှာပဲ"

"မင်း ဘာလုပ်တာလဲ လွှတ်"

"မလွှတ်ဘူး"

ရာဇက သူမကိုယ်လေးကို ရင်ခွင်ထဲ ခပ်ကြမ်းကြမ်းဆွဲယူလိုက်၍ ဘုရင်မ ထိတ်လန့်အံ့သြသွားကာ ရာဇလက်ထဲ ရုန်းထွက်ဖို့ ကြိုးစားပေမယ့် သူက မလွှတ်။

"ခင်ဗျားရဲ့ အေးစက်နေတဲ့ နှလုံးသားက အခုချိန်ကစပြီး ကျွန်တော့်အချစ်တွေနဲ့ သက်ဝင်လာစေရမယ်လို့ သစ္စာဆိုလိုက်ပြီ"

"ကိုယ်မကြိုက်တာကို မင်းမလုပ်နဲ့နော် ရာဇ"

"ခင်ဗျားမကြိုက်ပေမယ့် ကျွန်တော်က ကြိုက်နေပြီပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းနော်"

"အို"

"အသက်မဲ့အေးစက်နေသည့် မိန်းမတစ်ယောက် နှလုံးသားကို ပူနွေးဆူပွက်အောင် ဖမ်းစားညှို့ငင်နိုင်တဲ့ ယောကျာ်းတစ်ယောက် ခင်ဗျားအတွက် လိုအပ်နေပြီ ကွင်း"

"အဲဒီလူဟာ တခြားသူ မဟုတ်ဘူး"

"ရာဇဆိုတဲ့ ကျွန်တော်ကိုယ်တိုင်ပဲဆိုတာ ခင်ဗျားယုံလိုက်တော့ ကွင်း"

ချစ်ခြင်းက ဖြစ်ထွန်းလာသည့် စစ်မှန်သည့် ချစ်အနမ်းတွေက အတားအဆီးမဲ့ ပြုဆင်းလာတာကို ဘယ်သူမှ မတားဆီးနိုင်။ ဘုရင်မ ရှန်းဖယ်လေ ရာဇက တိုးဖက်လေနှင့် သူမတစ်ကိုယ်လုံး ရာဇရင်ခွင်ထဲ နစ်မြုပ်သွားပုံက လှိုက်လှဲနက်ရှိုင်းမှုတွေနဲ့ အပြည့်။

"မင်းကိုယ့်ကို လွှတ်စမ်း ရာဇ"

"ခင်ဗျားအမိန့်ကို ကျွန်တော့် နှလုံးသားက မနာခံနိုင်တာ ဆောရီး"

"ကြည့်စမ်း... မင်း..."

"ဟင့်အင်းဆို... အို"

ဘုရင်မက အတင်းရုန်းနေ၍ နှုတ်မလေးတွေကို သူဖမ်းလို့ မမိ။ အစကတည်းက ဖွတ်တရွတ်ဆန်တတ်ခဲ့သည့်စိတ်က သူမကို အတင်း ဖိချုပ်ပြီး ဖွတ်နမ်းပစ်လိုက်တော့ သူမကိုယ်လေး သူ့ရင်ခွင်ထဲ အရှိန်နှင့် ပစ်ကျနစ်ဝင်သွားသည်။

ဘယ်အချိန်ထိ သူ့အချစ်တွေ မျောလွင့်ဖမ်းစားခံရသည် မသိ။





သူ ကွင်းကို လွှတ်လိုက်တော့ သူမကိုယ်လေးက ရာဇရင်ခွင်ထဲ ယိုင်နဲ့လို့ ပြိုလာတာနှင့် အကျင့်ပါနေသော လက်တွေက သူမကိုယ် လေးကို သိမ်းပွေ့ပြီးသား ဖြစ်သွားသည်။

"ကွင်း"

"ဟာ..."

ကွင်း သတိမေ့မျောလျက်။ ရာဇရင်ခွင်ထဲ ပဝါစတစ်ခုလို အိခွေ ပြိုဆင်းသွား၍ သူမကိုယ်လေးကို သူ့ရင်ခွင်မှာ တင်းနေအောင် ထွေးဖက်ထားလိုက်သည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

ဆရာဝန်ပြန်သွားသည့်အထိ ကွင်းမျက်နှာလှလှလေးကို မျက်တောင်မခတ် စူးနစ်စွာ စိုက်ကြည့်ငေးမောနေမိသူက ရာဇ။ လှပသည့်မျက်နှာလေးပေါ်က အစိတ်အပိုင်းအားလုံး ချစ်မြတ်နိုးစွာ စူးစိုက်ကြည့်နေချိန်မှာ ဆေးအရှိန်ဖြင့် နှစ်ခြိုက်စွာ အိပ်ပျော်နေသည့် ကွင်းကနူးညံ့လျက်။ အပြစ်ကင်းစင်သော ကလေးတစ်ယောက်ပမာ သူ့ရင်အစုံက နွေးထွေးလှုပ်ခပ်စေသည့် ချစ်သူ။

"လူနာက သိပ်အားနည်းနေတယ်၊ ဂရုစိုက်ပါ၊ ဖြစ်နိုင်ရင်သူ့ကို ဆေးရုံမှာ ခဏဖြစ်ဖြစ် ထားစေချင်တယ်။ သူ့ကို ကြည့်ရတာကျွန်တော် သိပ်အားမရဘူး"

"ဆေးရုံမှာမထားဘဲ ဒေါက်တာနဲ့ပဲ အိမ်မှာ ကုချင်ပါတယ်ကြိုးစားပေးပါလား ဒေါက်တာ"

ရာဇစကားကို ဆရာဝန်က ဘာတစ်ခုမှ ရုတ်တရက် တုံ့ပြန်ခြင်းမပြု။ ကွင်းမျက်နှာကို တစ်ချက်ကြည့်ပြီး တည်ငြိမ်သော မျက်နှာဖြင့်ရာဇမျက်နှာကို တစ်ချက်လှမ်းကြည့်သည်။





"တစ်ရက်နှစ်ရက်လောက် အခြေအနေ စောင့်ကြည့်ချင်တယ်ဆိုရင် စောင့်ကြည့်ပါ။ အခုထက် အခြေအနေလို ဆိုးလာရင်တော့သူ့ကို ဆေးရုံဝ လိုက်တာ အကောင်းဆုံးပဲလို့။ ကျွန်တော် အကြံပေးချင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ လူနာမှာ ပရက်ရှာ သိပ်ကျလွန်းရင် ဒီလိုသတိလစ်တာမျိုး ထပ်ဖြစ်နိုင်တဲ့အပြင် သူ့အသက်အန္တရာယ်ကိုစိုးရိမ်ရလို့ ကျွန်တော် ပြောနေတာပါ"

"ခင်ဗျား ပြောသလို ကျွန်တော် ဆေးမကုပေးချင်လို့ မဟုတ်ပါဘူး"

"ကျွန်တော် စဉ်းစားပြီး အကြောင်းပြန်လိုက်ပါ့မယ် ဒေါက်တာ"

"အချိန်သိပ်မကြာစေချင်ဘူးဗျာ၊ ကျွန်တော် သွားလိုက်ဦးမယ်"

"ဟုတ်ကဲ့ ဒေါက်တာ သင့်ခ်ယူးပါ"

ဆရာဝန်ကို ရာဇကိုယ်တိုင် ကားနှင့်လိုက်ပို့ပြီးကတည်းက ကွင်းမျက်နှာကို မမှိန်မသုန် မျက်ဝန်းတွေနဲ့ စူးစိုက်ကြည့်ငေးနေခဲ့တာဘယ်လောက်ကြာပြီလဲ။ ဖြူဖွေးဖျော့တော့နေသည့် ချစ်သူကို ရင်ခွင်ထဲမှာ ထွေးပွေ့ထားချင်ပေမယ့် ဆန္ဒအတိုင်း လုပ်ခွင့်မရှိ။

သူသက်ပြင်းချပြီး ကွင်းအခြေအနေကို ရင်တထိတ်ထိတ်နှင့်စောင့်ကြည့်နေသည်။

ကွင်း၊ ချစ်သူအမည်ကို မြတ်နိုးတပ်မက်စွာ တိုးဖွဖွာ ရေရွတ်ရင်းကွင်းလက်လေးကို သူ့လက်ထဲမှာ အတင်းကျပ်ဆုံး တွေးဆုတ်ရင်းဖွဖွရှိုက်နမ်းမိခိုက်မှာ ရာဇရင်ခွင်ထဲ ဖော်မပြနိုင်သော ခံစားချက်တွေနှင့်နင့်နင့်သည်းသည်း ထိခိုက်သွားသည်။

ကွင်း မာနကြီးတာ သူသိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကွင်း အသည်းမာတာကိုလည်း ရာဇ လက်ခံသည်။ ချစ်ခြင်းမေတ္တာပေါ်မှာထားသည့် ကွင်းစိတ်သဘောထား။ အကြောင်းအရာတွေကို အတွင်းကျကျ သူ မသိပေမယ့် ကွင်းရဲ့အပေါ်ယံမာကျောခက်ထန်သည့် အလွှာထုအောက်မှာ ဘယ်သူမှ မမြင်မတွေ့နိုင်သော နှလုံးသားတစ်စုံရှိနေခြင်းကို သူသိနေသည်။

နားလည်နေသည်။

"အင်း… အင်း… အင်း"

"ကွင်း"

တိုးသဲ့သော ညည်းညူသံနှင့်အတူ လူးလွန့်လာသည့် ကွင်းသဏ္ဌာန်လှလှလေးကိုကြည့်ပြီး ရာဇရင်တွေ ထိတ်ခုန်လှုပ်ရှားသွားသည်။ ဆရာဝန်သတ်မှတ်ပေးထားသည့် အချိန်မှာ ကွင်းသတိရလာသဖြင့် သူ့ရင်ထဲက စိုးရိမ်ခြင်းတို့ အနည်းငယ်သက်သာ လျော့ပါးသွားကာ ကွင်းမျက်နှာလေးကို စိုက်ကြည့်နေမိသည်။

"ကွင်း… ကျွန်တော်ခေါ်တာ ကြားလားဟင်"

"ရာဇ"

"ကွင်း သတိရပြီနော်"

ရုတ်တရက် သူမကိုယ်သူမ ဘာဖြစ်၍ ဖြစ်မှန်းမသိ။ နောက်မှ ကွင်းအာရုံထဲ ဖျတ်ခနဲ ပြေးဝင်လာသည့် အသိတရားကြောင့် အနားမှာရှိနေသည့် ရာဇမျက်နှာထံ သူမအကြည့်က ရောက်သွားသည်။

သူမကို ဘယ်အချိန်ကတည်းက စူးစိုက်ကြည့်နေမှန်း မသိသော ရာဇ မျက်ဝန်းတွေနှင့်အဆုံမှာ နူးညံ့သိမမွေ့စွာ လှုပ်ခပ်သွားသည့် အရာက ဘယ်လိုအရာပါလိမ့်။





"ကိုယ် ဘာဖြစ်သွားတာလဲ"

"သတိမေ့သွားတာ"

ရာဇအသံ၊ ၁ တိုးတိတ်စွာ ညင်သာနူးညံ့လျက် ဘုရင်မမျက်နှာကို တောက်ပလင်းလက်သော မျက်ဝန်းစူးစူးတွေနှင့် စိုက်ငေးကြည့်ပုံက တမ်းတမ်းမက်မက်။ ဘုရင်မ အခုလိုဖြစ်ရတာ ရာဇကြောင့်ဟု တွေးမိတော့ ရာဇမျက်နှာကို မကြည့်ချင်တာနှင့် မျက်ဝန်းအစုံကို အသာမှေးမှိတ်ပစ်လိုက်သည်။

"မင်းပြန်တော့ရာဇ"

လိုရင်းစကားကိုပဲ သူမ ပြောလိုက်ပေမယ့် ရာဇက မလှုပ်။

"ကွင်း အခုဘာယ်လိုနေလဲ"

"မင်းအလုပ် မဟုတ်ပါဘူး"

ပြောပြောဆိုဆို သူမလက်ဖဝါးကို ဆုပ်ကိုင်ထားသည့် ရာဇလက်ထဲက သူမလက်ကို ရုန်းလိုက်သည်။ သူက မလွှတ်။

"ကွင်းတစ်ခုခုဖြစ်ရင် ကျွန်တော့်ကို ပြောနော်"

"ကိုယ့်လက်ကိုလွှတ်"

နောက်တစ်ကြိမ် အရုန်းမှာ ရာဇက သူမလက်ကို အသာဖြေလွှတ်ပေးသည်။ သို့သော် သူမနားက မခွာ။

"မင်းပြန်လို့ ပြောနေတာ မကြားဘူးလား"

ခေါသနှင့်ဘုရင်မ မျက်ဝန်းအစုံပြန်အဖွင့်မှာ ရာဇမျက်နှာကို နီးကပ်စွာ မြင်လိုက်ရ၍ စိတ်အနှောင့်အယှက် ဖြစ်သွားကာ အိပ်ရာက ထလိုက်သည်နှင့် ခေါင်းထဲ မိုက်ခနဲ ဖြစ်သွားသည်။

"ကွင်း။"



www.burmeseclassic.com

www.burmeseclassic.com



"အား... မူးလိုက်တာ"

ဘုရင်မ မျက်လုံးထဲ ပြာပြာသွားသလို လူတစ်ကိုယ်လုံးလည်း ရာဇရင်ခွင်ထဲ ရောက်သွားသည်။

"ဘာဖြစ်လို့ ဖွတ်ထရတာလဲ ကွင်းရယ်၊ အခု ကွင်းနေမကောင်းဘူးဆိုတာ သိရဲ့လား"

"ရုတ်တရက်မို့ ခေါင်းထဲက မိုက်ခနဲဖြစ်သွားတာပါ၊ တခြား ဘာမှမဖြစ်ဘူး"

ရာဇအသံက စိုးရိမ်ပူပင်နေသောလည်း ဘုရင်မအသံက တိုးရှော ရှာ တင်းမာနေဆဲ။

"ကြည့်စမ်း... ကွင်းကိုယ်တွေပူနေပြီ"

"ဒီလောက်နဲ့ ကိုယ်ဘာမှမဖြစ်ဘူး၊ မင်းတိုယ့်ကို လွှတ်စမ်းပါ"

မျက်လုံးမဖွင့်နိုင်သည့်ကြားက ရာဇရင်ခွင်ထဲက ရုန်းထွက် ကြိုးစားနေသူကို ရာဇစိတ်ရှိသလောက် မွေ့ရမ်းနမ်းရှိုက်ပစ်ချင်ယ သည်။

"ဘာဖြစ်လို့ ဒီလောက်ခေါင်းမာနေရတာလဲ ကွင်း၊ ကွင်း ဘာမှမဖြစ်ဘူးဆိုရင် ကိုယ့်ကို မျက်လုံးအရင်ဖွင့်ကြည့်၊ ကွင်းမျက်လုံး ဖွင့်နိုင်ရင် ကွင်းကို ကိုယ်လွှတ်ပေးမယ်"

ရာဇစကားအဆုံးမှာ သူ့ရင်ခွင်ထဲ ပျော့ခွေနေသည့် သူ့ခေ ခေါင်းမာစွာ သူမမျက်ဝန်းအစုံကို ဖွတ်အတင်းဖွင့်ပြီး ရာဇကို ဧ ကြည့်သည်။

"ရာ... ဇ"

"ဟာ... တွင်း... ကွင်း"





ပဝါစလို ပျော့ကျသွားသည့် ကွင်းကိုယ်လေးကို ဖွတ်အတင်းကို လှုပ်သော်လည်း သူမက ရာဇခေါ်သံကို မကြားတော့။ ဆရာဝန် ပြောသည့်အတိုင်း ဖြစ်လာပြီမို့ ကွင်းကိုယ်လေးကို အသာချပြီး ဆရာဝန် ဆီချက်ချင်း ဖုန်းဆက်အကြောင်းကြားလိုက်သည်။

ကြိုတင်စီစဉ်ထားသည့်အတိုင်း ဆေးရုံပေါ် ကွင်းရောက်သွား သည်။ လူနာရှင်က ရာဇ။ တစ်ညလုံး ကွင်းနားမှာ တစ်ရေးမှမအိပ်။ ချစ်သူ့မျက်နှာကို တစိမ့်စိမ့်ကြည့်ပြီး ဆေးပိုက်တွေ ဆေးအပ်တွေ ရှုပ်ထွေးနေပုံကို ရင်ထဲမချို။ ကွင်းသာ တစ်ခုခုဖြစ်သွားရင်ဆိုသည့် အတွေးက ရာဇနှလုံးသားကို အမြင့်ဆုံး သောကဝေဒနာအဖြစ် ဖိစီးနှိပ် စက်သည်။

ကွင်း။ မောင့်ရဲ့အချစ်။ မောင့်ရဲ့အသက်ရယ်။

လိုအပ်သည့် ဆေးစစ်ဆေးမှုတွေ တစ်ခုပြီးတစ်ခု လုပ်အပြီး ရရှိလာသည့်အဖြေက လူကီးမီးယားခေါ် သွေးဖြူဥများပြီး သွေးနီဥ တွေကို တိုက်စားနေသည့် ရောဂါ။

"သိပ်လည်း မစိုးရိမ်ပါနဲ့ ကိုရာဇ၊ ရောဂါလက္ခဏာ အခုမှ အဆင့်တစ်အနေအထားပဲ ရှိပါသေးတယ်၊ သေချာဂရုစိုက် ကုပ်မတ် ကုရင် ပျောက်သွားမှာပါ"

"လူမမာကိုသာ သေချာဂရုစိုက်ပေးပါ။ လိုအပ်တဲ့ဆေးဝါးတွေ လည်း ဒီမှာအသင့်ရှိပြီးသားဆိုတော့ လူမမာကိုသာ စိတ်ချမ်းသာအောင် ဂရုစိုက်ပါ"

ဆရာဝန်ကြီးကိုယ်တိုင် ရောဂါအကြောင်း အသေးစိတ်ရှင်းပြ သလို လူမမာအခြေအနေကို ကြည့်ပြီး နိုင်ငံခြားကိုသွား၍ ဆေးကုသမှု



www.burmeseclassic.com

www.burmeseclassic.com



ပြုလုပ်ချင်လည်း ပြုလုပ်နိုင်သည်ဟု ပြောသွားသည်။ ဒီအကြောင်းတွေ ကွင်းသိရင် ဘာတွေ ဘယ်လိုဖြစ်လာမလဲ။

အမြဲရဲရင့်တက်ကြွနေသည့် ချစ်သူကို ဘာအတွက်နှင့်မှ ပြုလဲသွားတာမျိုး မမြင်ချင်။ မမြင်ရက်။ ချစ်သူမျက်နှာလေးကို စူးစိုက်ကြည့်ရင်း နူးညံ့သောပါးပြင်ကို အသာရှိုက်နမ်းလိုက်သည်။ မိဘနှစ်ပါးမရှိသော ချစ်သူ။ ဆွေမျိုးသားချင်း အရင်းအချာမရှိ။ ဝမ်းကွဲညီအစ်ကိုမောင်နှမဆွေမျိုးတွေ သူမ နေမကောင်းချိန်မှာ ရောက်လာပေမယ့် ကွင်းနှင့်အကျွမ်းတဝင် ခင်မင်ရင်းနှီးမှု မရှိတာကို သူမြင်တွေ့ရသည့်အတွက် တွယ်ရာမဲ့ချစ်သူကို ပိုသနားမိသည်။

ပို၍ချစ်မြတ်နိုးခဲ့ရသည်။

နုနုငယ်ငယ် မိန်းမသားတစ်ယောက်တည်း အခုလိုအခြေအနေရောက်အောင် ဘယ်လောက်ကြိုးစားအားထုတ်ခဲ့ရလဲ သူမဘဝရဲ့ လုံခြုံမှုအတွက်။ သူမအနာဂတ် လှပစေရန် ကွင်းစိတ်တိုင်းကျ ရွေးချယ်ခဲ့သည့် ဘဝပုံရိပ်က ဘာတစ်ခုမှ အမှားအယွင်းမရှိ။

အပြစ်ကင်းစင်သည့် သူမ ဆုံးဖြတ်ချက်က ဘာကြောင့် ကွင်းကို ဒီလိုပုံစံဖြစ်စေခဲ့လဲဆိုတာ ရာဇ တဖြည်းဖြည်း သဘောပေါက် နားလည်သွားပါပြီ။

“အန်တီတို့က ကွင်းရဲ့ဆွေမျိုးသားချင်းတွေ ဆိုပေမဲ့ မောင်ရာဇလောက်တော့ ဆုံးဖြတ်ပြောဆိုပိုင်ခွင့် မရှိဘူးကွယ်။ မင်းကတော့ ကွင်းရဲ့ချစ်သူ၊ ကွင်းရဲ့ခင်ပွန်းလောင်းဆိုတော့ ကွင်းအတွက် အကောင်းဆုံးရွေးချယ်ဆုံးဖြတ်နိုင်မယ်လို့ အန်တီ ယုံတယ် စိတ်လည်း ချတယ်”

“ဟုတ်တယ် မောင်ရာဇ၊ ကွင်းစိတ်၊ ကွင်းသဘောထားက





နားလည်ရခက်တာ မှန်ပေမယ့် အခုလို သူတစ်ယောက်တည်း ဖြစ်နေချိန်မှာ သူ့နားမှာ မောင်ရာဇ ရှိနေတာက ကွင်းအတွက် ကောင်းပါတယ်။ ဘယ်သူမှ မောင်ရာဇလောက် ကွင်းအပေါ် ချစ်နိုင်မှာမဟုတ်ဘူးလို့ အန်တီထင်တယ်”

ကွင်းဆွေမျိုး အစုအဝေး၏ အားကိုးရာ၊ တိုင်ပင်ရာ ဖြစ်မှန်းမသိဖြစ်နေသည့် ရာဇ အကြောင်းကို ဘယ်သူမှမသိ။ သူတို့က သူတို့အထင်နှင့် ပြောကြဆိုကြ၊ တိုင်ပင်ဆုံးဖြတ်နေကြပေမယ့် သူတို့ထင်သလို ကွင်းနှင့်ရာဇက ဘာမှမဆိုင်တော့ ခက်သည်။

သူမကို ပိုင်နိုင်စွာ ဆုံးဖြတ်ခွင့်၊ ကြင်နာယုယခွင့် ရှိမည့် ရာဇအခြေအနေကို ဘယ်သူ့ကိုမှ ဖွင့်မပြောဖြစ်။ အားလုံးရှေ့မှာ ချော်လဲရောထိုင် အသာငြိမ်နေရပေမယ့် စိတ်ထဲကတော့ ကွင်းကို အမြန်ဆုံးလက်ထပ်ရန် ဆုံးဖြတ်ဖြစ်သွားသည်။

မိုးလင်းခါနီးကျမှ ကွင်းလက်တစ်ဖက်ကို ဆုပ်ကိုင်ပြီး သူမနားမှာ မှေးခနဲ ရာဇ အိပ်ပျော်သွားချိန်မှာ အိပ်ရာက နိုးလာသူက ဘုရင်မ။ ရုတ်တရက် ကိုယ့်ကိုကိုယ် ဘယ်ရောက်နေမှန်းမသိ။ နောက်မှ သူမအဖြစ်ကို ရိပ်မိလာကာ ဆေးရုံတစ်ခုမှာ ရောက်နေမှန်း သိလိုက်သည်။ သူမ ခုတင်ဘေးမှာ သူ့မလက်ကို ဆုပ်ကိုင်ပြီး ခုတင်စွန်းမှာ ခေါင်းတင်မှေးအိပ်နေသည့် မျက်နှာကို မြင်လိုက်ရတော့ ဘုရင်မရင်ထဲ ဆွတ်ကျင်သွားသည်။

ရာဇမျက်နှာကို ဘုရင်မ အသာငေးကြည့်မိသည်။ ဘယ်တုန်းကမှ ရာဇမျက်နှာကို အခုလိုပုံစံနှင့် သူ မသိအောင် ကြည့်ငေးနေရလိမ့်မည်လို့ သူမ မထင်ခဲ့။ အခုတော့ ဘယ်လိုမှ ထင်မှတ်မထားသည့် ပုံစံ



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ သူမနှင့် ရာဇ နှစ်ယောက်တည်း ဆေးရုံတစ်ခုရဲ့ လူမမာအခန်းလေးထဲ တိတ်တဆိတ် အတူရှိနေခဲ့သည့် အဖြစ်ကလည်း အံ့သြမယုံနိုင်စရာပါ။

သူမလက်ကို ဆုပ်ကိုင်ထားသည့် ရာဇလက်ကို ဖယ်ရှားဖို့ မကြိုးစားဘဲ အသာငြိမ်နေလိုက်သည်။ သူမ လှုပ်လှုပ်ရှားရှား လုပ်တာနှင့် ရာဇ အိပ်ရာက နိုးသွားမှာကို ဘုရင်မ သိသည်။ ထို့ကြောင့် သူမကိုယ်လေးကို မလှုပ်။ ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်ပြီး ရာဇကို ငေးကြည့်ရင်း ဝေးအောင်ကြိုးစားမှ ပိုနီးကပ်လာသော အနေအထားအတွက် ရင်မောလာ၏။

ဘာဖြစ်လို့ ကိုယ့်ဘဝထဲကို ဇွတ်အတင်း တိုးဝင်နေချင်ရတာလဲ ရာဇရယ်။

ကြမ်းတမ်းခက်ခဲစွာ ဖြတ်သန်းခဲ့ရသည့် သူမဘဝထဲမှာ ယောကျ်ားတစ်ယောက်ရဲ့ အချစ်။ ယောကျ်ားတစ်ယောက်ရဲ့ အကြင်နာကို မယုံကြည်နိုင်ခဲ့တာ သူမအပြစ်လား။

အချစ်ဆိုတာ ကြောက်စရာကောင်းတဲ့ နာကျင်မှု။ ရွံမုန်းစရာကောင်းတဲ့ ခါးသီးမှုလို သူမကိုယ်တိုင် တွေ့ကြုံခံစားခဲ့စားရပြီး နောက်မှာ သူမ နှလုံးသားတွေ ခံစားချက်မဲ့။ နာကျင်အေးစက်စွာ သေဆုံးခဲ့ရသည်။

ဘယ်လိုသူမျိုးမှ ဘုရင်မရဲ့ နှလုံးသားထဲက အမုန်းတရားကို မဖြိုခွင်းနိုင်ပေမယ့် ရာဇကတော့ မာကျောအေးစက်သည့် သူမ နှလုံးသားကို ယိုင်နဲ့အောင် ပြုစားနိုင်ခဲ့သည့် ဘုရင်မဘဝရဲ့ တစ်ဦးတည်းသော ယောကျ်ားဖြစ်မှန်းမသိ ဖြစ်ခဲ့သည်။





နဖူးပြင်ပေါ် ကပိုကယိုဝဲကျသည့် ဆံပင်နက်နက်တွေအောက်က ဖြူဝင်းနေသည့် မျက်နှာက ယောကျ်ားတန်မဲ့ အဖုအစက် ကင်းစွာ ချောမွေ့နုဖတ်လျက်။ မျက်ခုံးထူထူ၊ နှတ်မြင့်မြင့်၊ မထူမပါး နှုတ်ခမ်းအစုံနှင့် သူမမျက်နှာကို ရှုန်းရှုန်းစက်စက် စူးစိုက်ကြည့်တတ်သည့် ရာဇ မျက်ဝန်းတွေအောက်မှာ ဘာကြောင့် ဘုရင်မ နှလုံးသားက အရောင်ပြောင်းချင်ရတာလဲ။

ဟင့်အင်း…

ဘုရင်မဆိုတာ ဘယ်တော့မှ အဲဒီလို မဖြစ်ရဘူး။

ခံစားချက်တွေ၊ အပြောင်းအလဲဆိုတာ သူမနဲ့ လုံးဝမသက်ဆိုင်တဲ့ အရာပဲ။

ကျေးဇူးပြုပြီး ကိုယ့်ဘဝနဲ့ ကိုယ်နေပါစေ။ သူမရဲ့ ကိုယ်ပိုင်ဘဝထဲကို ရာဇ အပါအဝင် တခြားဘယ်သူမှ ဝင်ရောက်ခွင့်မပြုဖို့ ဘုရင်မကိုယ်တိုင် အခိုင်အမာ ဆုံးဖြတ်ထားခဲ့တာကို သူမ မမေ့။

“ဟင်… ကွင်း အိပ်ရာက နိုးပြီလား”

“အင်း”

ဖျတ်ခနဲ အိပ်ရာက နိုးထလာသည့် ရာဇမျက်ဝန်းထဲ သူမမျက်နှာကို ဘယ်အချိန်ကတည်းက စိုက်ငေးကြည့်နေမှန်း မသိသော ဘုရင်မအကြည့်လေးများနှင့် ဆုံစည်းလိုက်ရ၍ ရာဇ နှလုံးသားထဲ ထူးခြားစွာ နွေးထွေးလှုပ်ခတ်သွားကာ သူမ မျက်နှာလေးကို ချစ်ခင်မြတ်နိုးစိတ်နဲ့ ငေးခနဲ ကြည့်ဖြစ်သွားသည်။

“ကိုယ် သတိမေ့သွားတာလား”

“ဟုတ်တယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဆရာဝန်က ဘာပြောလဲ"

"ကွင်း သိပ်အားနည်းနေတယ်တဲ့"

ရာဇ စကားအဆုံးမှာ ဘုရင်မက သူမလက်လေးကို သူ့လက်ထဲကနေ ရုန်းဖယ်လိုက်၍ သူ့ အသားလေး ဖြေလွှတ်ပေးလိုက်တော့ ဘုရင်မက သူမ မျက်နှာကို တစ်ဖက်သို့ လှည့်သွားသည်။

"အခု ကွင်း ခေါင်းမူးနေလား၊ ဘယ်လိုနေလဲ ဟင်"

"ကောင်းပါတယ်၊ ကိုယ် ဘာမှမဖြစ်ပါဘူး"

တိုးတိတ်သော ဘုရင်မအသံထဲမှာ ဝမ်းနည်းအားငယ်မှုတွေ ရှိနေမလားဟု အပြေးအလွှား ရှာကြည့်ပေမယ့် ဘာမှမတွေ့။

"ကိုယ် မနက်ဖြန် ဆေးရုံက ဆင်းမယ်"

တိကျပြတ်သားစွာ ဆိုလာသည့် ဘုရင်မ မျက်နှာကို ကြည့်ပြီး ရာဇ ပြောရမည့် စကားတွေကို စဉ်းစားရွေးချယ်နေသည်။

"ဆရာဝန်ကြီးက ကွင်းကို ဒီမှာ နှစ်ရက်သုံးရက်လောက် နေစေချင်တယ်"

"ရပါတယ်၊ ကိုယ် ဘာမှမဖြစ်ဘဲ၊ ဆရာဝန်ကြီးကို ကိုယ် ဆေးရုံက ဆင်းမယ့်အကြောင်း ကိုယ်ကိုယ်တိုင်ပဲ ပြောလိုက်မယ်"

"ပြောလို့ ရမှာမဟုတ်ဘူး"

"ဘာဖြစ်လို့ မရရမှာလဲ"

ဘုရင်မအသံက အေးစက်စက်။ ရာဇ မျက်နှာကို ကြည့်လာသည့် မျက်ဝန်းအစုံထဲမှာ သဘောမကျသည့်အရိပ်ကို မြင်ရသည့်အတွက် သူ သက်ပြင်းချလိုက်သည်။

"ကွင်း နေမကောင်းသေးဘူးဆိုတာ ကျွန်တော်သိတယ်"





"ထင်လို့ပါ"

"တစ်ခါတလေ ဒီလိုပဲ ကိုယ်က ဖြစ်တတ်တယ်၊ တစ်ရက်နှစ်ရက် အနားယူလိုက်ရင် ကောင်းသွားမှာပါ၊ ဘာမှမဖြစ်ဘူး"

သူမကိုယ် သူမ စိတ်ချယုံကြည်စွာ ပြောနေသည့် ချစ်သူကို ရာဇ ဘယ်လိုပြောရမှန်းမသိ။ အရင်ကလည်း ဒီလိုဖြစ်တတ်တယ်ဆိုသည့် စကားကိုသာ နားမှာ ပြန်ကြားယောင်ရင်း ဘုရင်မအတွက် သူ့ရင်တွေ ပူပူလာသည်။

"ကိုယ့်ကြောင့် မင်းလည်း တော်တော်ပင်ပန်းနေပြီ"

"ကျွန်တော် ဘာမှမဖြစ်ဘူး"

"မင်းမှာ ရောဂါနဲ့ မဟုတ်လား၊ ကိုယ့်ကို ဂရုမစိုက်နဲ့၊ မင်းကိုယ်မင်းသာ ဂရုစိုက်"

ပထမဆုံး ဘုရင်မထံမှ ကြားရသော အကြင်နာစကားအဖြစ် သူပြောခဲ့သည့် ရောဂါအပေါ်မှာ မှတ်မှတ်သားသား တုံ့ပြန်လာခြင်းဖြစ်ပေမယ့် သူ ဝမ်းမသာနိုင်။

"မင်းအခု ဘာဆေးတွေ သောက်နေလဲဟင်၊ ကိုယ် သတိထားမိသလောက်တော့ မင်းကိုယ့်ရှေ့မှာ ဘာဆေးမှ သောက်တာ မတွေ့ဘူး"

"သောက်စရာ မလိုလို့ပါ"

တိုးတိတ်ညင်သာစွာ သူဆိုလိုက်တော့ သူမအကြည့်တွေက ရာဇထံ ဖျတ်ခနဲ ရောက်လာသည်။ သူမ မျက်နှာကို ငေးကြည့်နေသည့် ရာဇ မျက်ဝန်းထဲ အသိရခက်သော အကြည့်တစ်မျိုးနှင့် လိုအပ်တာထက် နွေးထွေးနူးညံ့နေတာကို မြင်ရတော့ ဘုရင်ရင်ထဲ ခံစားချက်



www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုး ဖြတ်ပြေးသွားသည်။

"မင်း ရောဂါအခြေအနေကို ကိုယ်သိလို့ရမလား"

"ကျွန်တော် ဘာမှ မဖြစ်ပါဘူး"

တကယ်လည်း ရာဇမှာ ဘာရောဂါမှ မရှိ။ စိတ်ပေါက်ပေါက် နှင့် သူမရုံးခန်းကို သွားပြီး အသည်းရောဂါလို့ ပြောခဲ့တာကလည်း သူ့နှလုံးသားထဲ မခံမရပ်နိုင်အောင် ခံစားနေရသည့် သူ့ရင်ထဲက အချစ်ဝေဒနာတွေကို မတားဆီးနိုင်တာကို ရည်ရွယ်ခြင်းမျှသာ။ ထိုထက် ဘာမှ မပို။

အေးစက်နေသည့် ဘုရင်မနှလုံးသားကို ဤနည်းဖြင့် လှုပ်ကိုင် အပြစ်လား။ ရာဇရဲ့ ရူးမိုက်မှုလားဆိုတာ သူလည်း သေချာမသိ။ သူသိတာက သူမမှာ ရောဂါဝေဒနာ ခံစားနေရခြင်း ဖြစ်သည်။

"မင်းပြောတော့ မင်းမှာ အသည်းရောဂါ ရှိတယ်ဆို"

"ဟုတ်တယ်၊ ကျွန်တော့်အသည်းမှာ အပြင်းအထန်၊ အဆိုးရွား ဆုံး ရောဂါရှိတယ်၊ အဲဒီရောဂါက…"

"တော်ပြီ ရာဇ၊ ဆက်မပြောနဲ့တော့… ဒီလောက်ဆို ကိုယ် နားလည်ပြီ"

ဘာကိုနားလည်တာလဲဟု စိတ်ရှိလက်ရှိ အော်ဟစ်ပေါက်ကွဲ လိုက်ချင်ပေမယ့် သူ မပေါက်ကွဲပါ။ သူမျက်စိရှေ့မှာ အလှတရားတို့ စုဝေးနေသည့် မာန်မာနကင်းစင်နေသော နူးညံ့သိမ်မွေ့မှု အပေါင်းတို့ ပြည့်လျှမ်းနေသော ချစ်သူ မျက်နှာကိုသာ စိုက်ငေးကြည့်နေမိသည်။

"ကိုယ့်မာမီဆုံးတော့ ဒီအသည်းရောဂါနဲ့ပဲလေ။ တိုက်တိုက် ဆိုင်ဆိုင် မင်းမှာလာဖြစ်တဲ့ ရောဂါကလည်း ဒီရောဂါပဲဆိုတော့ မာမီကို





သတိရမိလို့ပါ"

"သြော်…"

အခုမှ သူ့ရောဂါကို ဘာဖြစ်လို့ စိတ်ဝင်စားတာလဲဆိုတာ ရာဇ သဘောပေါက်သွားသည်။

"မင်း ရောဂါနဲ့ ပတ်သက်ပြီး ကိုယ့်ကို မင်း ဘာမှမပြောချင် လည်းရတယ်၊ ကိုယ်မင်းကို ကိုယ်ချင်းစာနိုင်ပါတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ကိုယ့်မာမီကိုယ်တိုင် ဒီရောဂါကို ခံစားခဲ့ရလို့ပါ"

"မဟုတ်ဘူး"

ကွင်းထင်သလို မဟုတ်ဘူးဟု ရာဇ စိတ်ထဲက ပြောနေသံကို သူမ မကြားပါ။ မမြင်မတွေ့နိုင်သော နေရာတစ်ခုကို မှန်းဆမျှော် ငေးနေဟန် အကြည့်တွေနဲ့ ဘုရင်မက သူပြောချင်တာတွေ ပြောနေတာ ကို ရာဇ မခံစားနိုင်ဖြစ်လာသည်။

"အခုအချိန်မှာ ကိုယ့်အကြောင်းက ဘာတစ်ခုမှ အရေးမပါတော့ ဘူး ကွင်း"

"ဒါဖြင့် ဘာက အရေးပါနေလို့လဲ"

"ကွင်း"

သူ ကွင်းဆိုသည့်အမည်ကို အသည်းနာနာနှင့် ခေါ်လိုက်တော့ သူမက သူ့မျက်နှာကို မော့ကြည့်သည်။

"မင်း ဘာပြောချင်လို့လဲ ရာဇ၊ မင်းမှာ ကိုယ့်ကို ပြောစရာ တစ်ခုခု ရှိနေလား"

သူ့မျက်နှာကို ကြည့်ပြီး ဘုရင်မက တိုးဝင်စွာ မေးလာပေမယ့် ရာဇက မဖြေရဲ။ နှုတ်ဆွံ့အစွာ သူမ မျက်နှာလေးကို စိုက်ငေးကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သူ ပြောချင်သည့်စကားထက် အပြောသင့်ဆုံး စကားကိုသာ ရွေးလိုက်သည်။

"ကျွန်တော့်ကို ကွင်း လက်ထပ်ပါ"

"ကိုယ် အိပ်တော့မယ်"

"ကွင်း"

သူ ဘုရင်မနား ရောက်သွားပြီး သူမ မျက်နှာလှလှကို ငုံ့စိုးမိုးစိုက်ကြည့်လိုက်တော့ သူမက သူနှင့် အကြည့်ချင်းအဆုံမခံ။

"ကွင်း အိပ်ချင် အိပ်ပျော်အောင် အိပ်လိုက်ပါ။ ဒါပေမယ့် ကွင်း တစ်ခုသိထားရမှာက အခုချိန်ကစပြီး ကွင်းဆိုတာ ကျွန်တော့် ချစ်သူ၊ ကျွန်တော်နဲ့ လက်ထပ်ရမည့် ဇနီးလောင်းဆိုတာပဲ"

"နေပါဦး၊ မင်းက ဘာသဘောနဲ့ ဒီစကားတွေ အခုချိန်မှာ ပြောနေရတာလဲ"

သူတို့နှစ်ယောက် အကြည့်ချင်းဆုံသွားသည်။ ဘယ်သူမှ အကြည့်ကိုမလွှဲ။ ရာဇက သူ ပြောချင်သည့်စကားကို သူမ သိအောင် ဆက်ပြောလိုက်ရ၍ နှောင်တမရ။

"ကွင်း နားမှာ ကျွန်တော်အမြဲ ရှိနေချင်လို့"

"မင်းတို့ ယောကျ်ားတွေက အခွင့်အရေး နည်းနည်း ရလိုက်တာနဲ့ ရလိုက်တဲ့ အခွင့်အရေးအပေါ်မှာ အပြည့်အဝ အသုံးချချင်ကြတာ၊ အခုလက်တွေ့ပဲ"

သူမအသံထဲမှာ မကျေနပ်ခြင်းတွေ ရှိနေပေမယ့် ရာဇ ဂရုမစိုက်။

"ကွင်း ကြိုက်သလို ပြောပါ။ ဘာဖြစ်ဖြစ် ကျွန်တော်ခံမယ်"

"တော်ပြီ၊ ကိုယ် အိပ်တော့မယ်။ မနက်ဖြန် ကိုယ်ဆေးရုံက





ဆင်းပြီးတာနဲ့ မင်း ကိုယ့်ဆီ မလာနဲ့တော့။ မင်းဖြစ်ချင်သလို ဘာတစ်ခုမှ ဖြစ်လာမှာ မဟုတ်ဘူး"

ရာဇ နှုတ်ဖျားက ဘာသံမှ ထပ်ထွက်မလာတော့၍ အခန်းတစ်ခုလုံး တိတ်ဆိတ်စွာ ငြိမ်သက်သွားသည်။ သို့သော် ကိုယ်စီအတွေးက မငြိမ်သက်နိုင်စွာ လှုပ်ခတ်လျက် အချိန်တွေကို ညှို့ယူဖမ်းစားသွားသည်။

သိပ်မကြာလိုက်။

ဘုရင်မတစ်ယောက် နှစ်ခြိုက်စွာ အိပ်မောကျသွားဟန်ဖြင့် အသက်မှန်မှန်ရှူရင်း မျက်ဝန်းအစုံကို မှိတ်လျက် မလှုပ်မယှက် ငြိမ်သက်သွားတာ မြင်ရသည်။

မိုးစင်စင်လင်းသည်အထိ ရာဇ တစ်ရေးမှ မအိပ်ဘဲ ဘုရင်မမျက်နှာလေးကို စူးစိုက်ကြည့်ရင်း၊ မဆုံးနိုင်သော အတွေးတို့ ပွဲလွှင့်နေခြင်းကို ရာဇကလွဲပြီး ဘယ်သူမှ မသိ။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

မျက်စိတည့်ရာကို ကြည့်တော့လည်း ဘာကိုမှ သည်းကွဲစွာ မမြင်။ မြင်ရသည့်တိုင်အောင်လည်း ဘာခံစားချက်မှ မရှိ။ မျောလွင့်သွားသည့် စိတ်ဝိညဉ်ထဲ သူမ ဘယ်အချိန်ထိ လိုက်ပါနေမိသည်မသိ။ သူမ ရှေ့တည့်တည့်သို့ ပိတ်ကွယ်သူထံက သူမ အမည်ခေါ်သံကြားရမှ လက်ရှိလောကထဲ ပြန်ရောက်လာရသူက ဘုရင်မ။

"ကွင်း"

ရာဇ ခေါ်ပေမယ့် သူမ မထူး။ သူ့မျက်နှာကို တစ်ချက် မော့ကြည့်ပြီး ထိုအကြည့်ကို ပြန်လွှဲသွားသည်။

"ကျွန်တော့်ကို ဘာမှ မပြောတော့ဘူးလား ကွင်း"

အေးစက်မာကြော မာန်အပြည့်ပါသော ဘုရင်မ စကား၊ ဘုရင်မ အပြုအမူထဲမှာ ရာဇ ထူးပြီးခံစားမနေမိတော့ပါ။ အခုအချိန်မှာ သူအလိုချင်ဆုံးက သူ့အပေါ် တုံ့ပြန်မှု တစ်ခုခုပင်ဖြစ်သည်။



ဆရာဝန်ကြီးနှင့် ဘုရင်မ ထိပ်တိုက်တွေ့ကြသည့် ပွဲမှာ ရာဇက ပရိသတ်ဖြစ်သည်။ သူတို့အချင်းချင်း ပြောဆိုဆွေးနွေးကြသည့် စကားတွေထဲ သူ ဘာစ်ခုမှ မပါဝင်ဖြစ်။ ကိစ္စက ဘုရင်မ ထင်ထားသလို ရိုးရှင်းလွယ်ကူမှု မရှိတာကို သူမကိုယ်တိုင် နားလည် သဘောပေါက်ပြီးနောက်မှာ ဘုရင်မပုံစံက ပို၍ အေးစက်တည်ငြိမ်သွားခြင်းမှ တစ်ပါး ထူးခြားသည့် တုန့်လှုပ်မှုကို ရှာမရ။

ဆေးရုံက သူမသဘောနှင့်သူမ ဆင်းမည့် အစီအစဉ်ကို ဆရာဝန်ကြီး၏ စကားကြောင့် ဘုရင်မ လက်လျှော့လိုက်ရသည်။ သူမ ရောဂါက သာမာန်ရောဂါမဟုတ်။ အထူးဂရုစိုက် ကြပ်မတ်ကုသရမည့် ရောဂါဟု သိနားလည်သွားပြီးနောက်မှာ ဘုရင်မထံမှ ဘာသံမှ မကြားရဘဲ အကြာကြီး ငြိမ်သက်တိတ်ဆိတ်သွားခဲ့တာ ဆရာဝန်ကြီး ဦးမြတ်ဟန် ပြန်သွားပြီးကတည်းက ဖြစ်သည်။

ရာဇ သူမအမည်ကို သုံးလေးကြိမ် ခေါ်မှ အသိတရားနှင့်အတူ လူနှင့်ကပ်မိသော ဘုရင်မအခြေအနေက ရာဇ ရင်ကို ပူလောင်မှုတွေ၊ စိုးရိမ်စေသည့်အဖြစ်ကို သူမ မသိ။ သိလည်း ဂရုစိုက်မည့်သူထဲမှာ ဘုရင်မ မပါ။ ရာဇမှာသာ ဘုရင်မ နှုတ်ဖျားက ထွက်လာမည့် အဆုံးအဖြတ်စကားကို ရင်တထိတ်ထိတ် မျှော်လင့်နေခြင်း ဖြစ်သည်။

ပြောမယ့် ပြောတော့လည်း ရာဇ မျှော်လင့်သော စကားမဟုတ်၍ သူမအတွက် ရာဇ ပိုစိုးရိမ်သည်။ သူမ ရောဂါနဲ့ပတ်သက်ပြီး ဘုရင်မက ဘာမှ ပြောစရာမရှိပါတဲ့။

ရာဇ ခေါင်းခါလိုက်သည်။

ဘာဖြစ်လို့ ဘုရင်မ ဒီလောက်ခေါင်းမာနေရတာလဲဆိုတာ သူ



www.burmeseclassic.com

www.burmeseclassic.com



နှားမလည်။ ဖြစ်သင့်တာက သူမ ရောဂါကို တတ်ကျွမ်းနားလည်သည့် ဆရာဝန်တွေနဲ့ တိုင်ပင်ပြီး နိုင်ငံခြားထွက်၍ ဆေးကုသမှု ခံယူခြင်းဖြစ်သည်။

"ကျွန်တော့် သဘောအရဆိုရင် အမြန်ဆုံး ဆေးကုသမှု ခံယူသင့်တယ်လို့ ထင်တယ်"

"မင်း သဘောထားကို ကိုယ် မမေးဘူး ရာဇ"

"ကွင်း ဖြစ်ချင်ရာဖြစ်ဆိုပြီး ကျွန်တော့်ကို လက်ပိုက်ကြည့်နေစေချင်တာလား၊ မလိုအပ်ဘဲ ကျွန်တော် ကွင်းနဲ့ စကားမများချင်ဘူးဗျာ၊ အခုကိစ္စက ဒီအတိုင်း ငြိမ်နေရမယ့် ကိစ္စမဟုတ်ဘူး။ ကျွန်တော်တို့ တစ်ခုခုလုပ်မှ ဖြစ်မယ်"

"မင်းက ဘာလုပ်ချင်လို့လဲ"

"ကွင်း ကျွန်တော့်ကို လက်ထပ်ပါ၊ ဒါမှ ကျွန်တော် အနီးကပ် ကျွန်တော်ကိုယ်တိုင် ဆေးကုနိုင်မှာ"

"ကိုယ် သေသွားရင်ရော"

"ကွင်း မသေနိုင်ပါဘူး၊ ဆရာဝန်ကြီးကိုယ်တိုင် ဒီအတိုင်း ကွင်းကို သေချာပြောသွားတာပဲ"

"ကံတရားကို ကိုယ် မယုံဘူး ရာဇ"

"ကျွန်တော့်ကိုတော့ ကွင်း ယုံပါ"

မှန်သော စကားကို ဆိုခြင်းဖြစ်သည်။

ဘုရင်မက မလှုပ်။

ရာဇ သူမနား လျှောက်သွားပြီး ဘုရင်မ ပခုံးလေးကို သူ့လက်နှစ်ဖက်နှင့် တင်းကျပ်စွာ ဆုပ်ယူလိုက်သည်။





"ဖယ်ပါ၊ ကိုယ့်အသားကို မင်းမထိနဲ့"

"ဘာဖြစ်လို့လဲ"

"ကိုယ်တယောက်တည်း နေချင်တယ် ရာဇ"

"မရဘူး၊ အခုချိန်ကစပြီး ကွင်းနားမှာ အမြဲရှိနေမယ့်သူက ကျွန်တော်ပဲ။ ကွင်း ကျွန်တော့်ကို လက်ထပ်သည်ဖြစ်စေ၊ လက်မထပ်ဘူးဖြစ်စေ ကျွန်တော် ဂရုမစိုက်ဘူး"

"ကွင်းကို ကျွန်တော့် သဘောတစ်ခုတည်းနဲ့ လက်ထပ်လိုက်ပြီ၊ ကွင်းဟာ ကျွန်တော့်ဇနီး ကျွန်တော့်မိန်းမ ကွင်းကို ကျွန်တော်ပိုင်တယ်"

ရာဇထံမှ အမျှင်မပြတ်သော စကားများကို ဘုရင်မက ဂရုစိုက်။ စိတ်ပျက်သလို အမူအယာနှင့် သူမပခုံးပေါ်က ရာဇလက်တွေကို ဖယ်ထုတ်ဖို့ ကြိုးစားသည်။

"တော်ရုံပဲ ရူးစမ်း ရာဇ၊ မင်းရဲ့ အဓိပ္ပာယ်မရှိတဲ့ စကားတွေက သူများကြားရင် ရယ်စရာဖြစ်နေမယ်"

"ကွင်း မရယ်ရင် ပြီးတာပဲ… ရော့ ဒီမှာ ဘာလဲဖတ်ကြည့်"

ရာဇက ကွင်းကို သူအသင့်ယူလာသည့် သတင်းစာကို သူမမျက်စိရှေ့ အရောက်ပြလိုက်သည်။ ပထမတော့ ဘုရင်မက သူလုပ်တာကို နားမလည်။ နောက်တော့ သတင်းစာမှာ စာလုံးမည်းကြီးတွေပါလာသည့် နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးခြင်းဆိုသည့် စာလုံးတွေထဲ သူမအာရုံက စူးနစ်ရောက်ရှိသွားသည်။

"ကျွန်တော် မောင်ရာဇနှင့် ကျွန်မ ဘုရင်မတို့သည်… "

"မင်းဘာတွေ လျှောက်လုပ်နေတာလဲ ရာဇ၊ မင်း ရူးနေပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ကျွန်တော် ရှုံးနေပြီ"

ဘုရင်မလက်ထဲ သတင်းစာ လွတ်ကျသွားသည်။ ပြီးတော့ ရာဇ မျက်နှာကို တစ်ကြိမ်တစ်ခါမှ မမြင်ဖူး၊ မတွေ့ဖူးသလို ရှုံးရှုံး စိုက်စိုက် ကြည့်သည်။ သူမ မသိသော သတင်းစာတစ်ပုဒ်က လူအများ စိတ်ဝင်စားအောင် တိုင်းသိပြည်သိ ပါလာသည်။ ထို့အတွက် တုံ့ပြန် ဖြေရှင်းနေလည်း သူမ ဂုဏ်သိက္ခာကို ပြန်လည် ဆည်ယူ၍ရတော့မည် မဟုတ်။ သူမ မျက်နှာကို တုံ့ပြန်ရှုံးစိုက်ကြည့်နေသည့် ရာဇ မျက်ဝန်း အစုံက ရဲရင့်မှုက သူမကို စိန်ခေါ်နေမှန်း ဘုရင်မ သိသည်။

ရာဇကို နစ်နာအောင် ပြောချင်သော်လည်း သူမ နှုတ်ဖျားက ဘာစကားမှ ထွက်မလာ။ မျက်ဝန်းအစုံကို မှိတ်ချလိုက်တော့ ရာဇ သူ့နားရောက်လာပြီး သူမ ကိုယ်လေးကို သူ့ရင်ခွင်ထဲ အတင်းကျုံး ဆုံး ပွေ့ယူလိုက်သည်။

"ကွင်း"

"မင်း ကိုယ့်ကိုလွှတ်"

ရာဇက သူ့ကိုယ်လုံးကြီးကို ထုရိုက်လာသည့် လက်သီးဆုပ်လေး တွေကို ရှောင်ဖယ်ခြင်းမပြု။ အမြတ်တနိုးခံယူရင်း ချစ်သူကိုယ်လေးကို ရင်ခွင်မှာ အတင်းကျပ်ဆုံး ထွေးပွေ့ထားမိသည်။

"ချစ်တယ် ကွင်းရယ်"

နူးညံ့သိမ်မွေ့သော ချစ်ခြင်းက အပြစ်ကင်းစင်စွာ အေးစက်နေ သော ချစ်သူပါးပြင်ထက်သို့ အနမ်းပွင့်အဖြစ် ကြွေဆင်းဦးညွှတ်သည်။

"မင်းကို ကိုယ်မုန်းတယ် ရာဇ"

"နောက်တော့ ချစ်လာအောင် ကျွန်တော်ကြိုးစားမှာပါ"





"မင်းထင်သလို ဖြစ်လာမှာ မဟုတ်ဘူး"

"ဖြစ်လာနိုင်မယ့် အခြေအနေတွေ ရှိလာဦးမှာပါ။ အဲဒီနေ့ကို ကွင်းနားက ကျွန်တော် စောင့်နေမယ်"

"မင်းကိုယ်မင်း အထင်မကြီးမနေနဲ့ ရာဇ၊ အခုချက်ချင်း မင်း ကြော်ငြာကို ပြန်ရုပ်သိမ်းပါ"

"ဘယ်လို ရုပ်သိမ်းရမှာလဲ… ကွင်း၊ ပြောပြ"

"မင်း သိပ်လူလည်ကျတယ် သိလား"

"အဲဒါ… ကွင်းကို ချစ်လို့"

"မဖြစ်နိုင်ဘူး… လုံးဝ မဖြစ်နိုင်ဘူး၊ မင်းလုပ်ချင်တာတွေ ကိုယ်လုပ်ခွင့်မပြုဘူး"

ဦးခေါင်းကို ဘယ်ညာခါယမ်းလိုက်တော့ ပါးပြင်ပေါ် မျက်ရည် တစ်စ ကြွေကျလာတာ ဘာကြောင့်လဲ။

"ကွင်းရယ်"

ကွင်းဘာဖြစ်လို့ ဒီလောက် ပေါက်ကွဲချင်နေရတာလဲ။ သူ မမေးသလို သိလည်း မသိချင်။ ကွင်းဘက်က ဆွေမျိုးအုပ်စု ကိုယ်တိုင် ရာဇ ဘက်တော်သားဆိုတာ ကွင်းနားလည်လာသည့်နေ့မှာ ကွင်းက ရာဇ ရင်ခွင်ထဲ နွေးထွေးလုံခြုံမှုအပြည့်နှင့် ရှိနေရမည်ဆိုတာ ရာဇ နှလုံးသားရဲ့ သစ္စာတရားဖြစ်သည်။

ချစ်သူ့ မျက်ရည်စက်တွေကို နွေးထွေးသော ချစ်အနမ်းတွေက အုပ်စိုးသွားသည်။

"အခုချိန်ကစပြီး ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့နှစ်ယောက် အတူ လက်တွဲ ရင်ဆိုင်ဖြေရှင်းကြမယ်နော် ကွင်း"



www.burmeseclassic.com

www.burmeseclassic.com



နူးညံ့တိုးသက်သော ချစ်ခြင်းတို့ ပျော်ဝင်နေသူရဲ့ စကားအဆုံးမှာ သူမ ကိုယ်တိုင် ခေါင်းညိတ်လိုက်မိသလား၊ ခေါင်းခါလိုက်မိသလားဆိုတာ ဘုရင်မကိုယ်တိုင် မသဲကွဲ။ နှလုံးသားရဲ့ တစ်ခုသောနေရာမှာ ဝေဒနာတစ်မျိုးပြီးတစ်မျိုး ပြင်းထန်စွာ စုဆုံပေါက်ကွဲနေတာကိုပဲ သူမ သိသည်။

မာမီ။

မိခင်ဖြစ်သူကို တမ်းတစွာ ဆွတ်ဆွတ်ကျင်ကျင် သတိရမိတော့ မျက်ရည်တွေက တားမရ၊ ဆီးမရ။ ရာဇက သူမခံစားချက်ကို ဇာနာနားလည်စွာ သူ့ရင်ခွင်ထဲက ချစ်သူမျက်ရည်တွေကို အလိုက်တသိ ဖယ်ရှားပေးနေမိသည်။ အလွန်မာနကြီး၍ အလွန်အသည်းမာကျောသော မိန်းမတစ်ယောက်ရဲ့ မျက်ရည်က ဘယ်လောက်များ တန်ဖိုးကြီးဝါလိမ့်။ မိန်းမတစ်ယောက်ရဲ့ တော်တတ်ထက်မှုအားလုံး နောက်ဆုံး ယောကျ်ားတစ်ယောက်ရဲ့ ရင်ခွင်တစ်စုံပဲလား။

ခမ်းနားကြီးကျယ်စွာ ကျင်းပဖြစ်သော မင်္ဂလာပွဲမှာ သတို့သမီးလှလှလေးကို တစိမ့်စိမ့် ကြည့်မဝနိုင်သူက သတို့သား ရာဇ။ စစ်မှန်သော ချစ်ခြင်းမေတ္တာကြောင့် ဘုရင်မကို သူ ပိုင်ဆိုင်ခွင့်ရခဲ့သည်ဟု ယုံကြည်သည်။

"ဘာမှ စိတ်မပူနဲ့ သမီး။ ဟန်နီးမွန်းခရီးထွက်ရင်း သမီးရောဂါကို အကောင်းဆုံးသမားတော်ကြီးတွေနဲ့ ကုရင် ပျောက်သွားမှာပါ။ သမီးသာ ပျော်အောင်နေ၊ စိတ်ဆောင်ရင် ဘာဖြစ်ဖြစ် အောင်နိုင်တယ်ဆိုတာ သမီးလည်း သိမှာပါ"

"သမီးနားမှာ ဒယ်ဒီတို့အားလုံး ရှိနေမယ် ဟုတ်လား"





"ကျေးဇူးတင်ပါတယ် အန်ကယ်"

ဦးနေဇက အသစ်စက်စက် ချွေးမနှင့် ကျေနပ်နှစ်သိမ့်ခြင်းများဖြင့် တစ်ချိန်လုံး သတို့သမီးမျက်နှာကို ကြည့်ပြီး ပြုံးနေသည့် သားဖြစ်သူ မျက်နှာကို လှမ်းကြည့်သည်။ သားပျော်နေတာမြင်တော့ ဦးနေဇလည်း ပျော်သည်။ ဦးဒေဝလည်း ပျော်သည်။

ဒီလိုနေ့ကို ရောက်စေချင်လွန်းလို့ မင်္ဂလာပွဲ မထင်မှတ်ဘဲ ကျင်းပဖြစ်တော့ စိတ်ကြိုက်ငွေတွေ သွန်ချပြီး ဘယ်သူမှ လိုက်မမီနိုင်သည့် မင်္ဂလာပွဲဖြစ်အောင် ဖန်တီးဖြစ်သည်။ ရာဇပြောပြ၍ ဘုရင်မ မကျန်းမာသည်ကို သိသော်လည်း စိတ်မပူ။ ဦးနေဇကိုယ်တိုင် သူ့ချွေးမကို ပြာနေအောင် ဂရုစိုက်လွန်း၍ ဘုရင်မကိုယ်တိုင် အားနာယူရသည့်အထိ ဘုရင်မ မျက်နှာကို တစ်ချက်မညှိုးစေရ။

"မင်း ပေးထားတဲ့ ကတိအတိုင်း ဦးကြီးတို့ကို မြေးအချော အလှတွေ အများကြီးမွေးပေး ရာဇ"

ဦးကြီးဒေဝက ရာဇနားကပ်ပြီး သူဖြစ်ချင်တာကို တိုးတိုးတိတ်တိတ် ပြောလာတော့ သူရယ်လိုက်သည်။

"စိတ်ချ ဦးကြီးအတွက် အမွှာမောင်နှမ မွေးပေးမယ်"

"စကားနောက် တရားပါ မလုပ်နဲ့နော် ရာဇ။ တို့အမျိုးက အမွှာမျိုးကွ… မယုံရင် မွေးကြည့်"

"စိတ်ချ၊ မွေးကို မွေးဦးမှာ"

ဦးကြီးနဲ့ အတိုင်အဖောက်ညီစွာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ရယ်နေချိန်မှာ သူတို့နား ရောက်လာသည့် ဘုရင်မကြောင့် ဦးကြီးဒေဝက ရာဇကို ရယ်ရယ်မောမော နှုတ်ဆက်၍ [illegible]ကို



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားသည်။

"ဘာတွေ ရယ်နေတာလဲ ရာဇ"

"ကွင်းမေးလို့ ဖြေမှာနော်၊ ပြီးမှ ကျွန်တော့်ကို စိတ်မဆိုးရဘူး"

"ဘာစကားမို့လို့လဲ"

"ကလေးစကား"

"ဘယ်လို"

နားရှုပ်သွားသော ဘုရင်မမျက်နှာလေးကို ကြည့်ပြီး ချစ်စနိုး ရာဇ ပြုံးလိုက်သည်။

"ဦးကြီးက ကွင်းကို "

စကားကို ရှေ့မဆက်တဲ့ အပြုံးနှင့် ဘုရင်မမျက်နှာကို စိုက်ကြည့်နေသော ရာဇကို ဘုရင်မက မျက်ခုံးတွန့်ကြည့်သည်။

"ဘာဖြစ်လဲ... ဆက်ပြော"

"ကလေးအမွှာ မွေးပေးပါတဲ့"

ဘုရင်မက ရာဇစကားကို မကြားသလို လုပ်ပြီး တစ်ဘက်လှည့်သွား၍ ရာဇ အသည်းယားသွားသည်။

"ကွင်း"

"ပြော"

"မေးတုန်းက မေးပြီး အခုကြတော့ ကိုယ့်ကို ဘာမှမပြောတော့ဘူးလား"

"ဘာပြောရမှာလဲ"

"ကျွန်တော့်အတွက် ကွင်းနဲ့တူတဲ့ သားသားမီးမီးတွေ အများကြီး လက်ဆောင်မပေးချင်ဘူးလား"





"မင်းလိုချင်ရင် မွေးစားပေးမယ်"

"ကွင်း"

သူမထံမှ မထင်မှတ်သော အဖြေစကားအဆုံးမှာ ရာဇ သူမရှေ့က ပိတ်ရပ်ပစ်လိုက်သည်။

"မင်း ဘာလုပ်တာလဲ"

"ကွင်းက ဘာဖြစ်လို့ ကျွန်တော်မကြိုက်တာကို ပြောတာလဲ"

"မင်း ကိုယ့်ကို ပြဿနာမရှာနဲ့နော် ရာဇ၊ ကိုယ်က ကျန်းမာနေတာ မဟုတ်ဘူး"

အဖျားခတ် တုန်ယင်သွားသော သူမစကားသံကြောင့် ရာဇ သက်ပြင်းရှိုက်ပြီး ဘုရင်မမျက်နှာကို စိုက်ကြည့်ရင်း တိုးတိတ်နူးညံ့စွာ တောင်းပန်လိုက်သည်။

"ဆောရီး... ကိုယ့်စကားကြောင့် ကွင်း စိတ်အနှောင့်အယှက် ဖြစ်စရာ မလိုဘူးနော်။ ကျွန်တော်က ကွင်းကို သိပ်ချစ်တော့ ကွင်းနဲ့တူတဲ့ သားသားမီးမီးတွေ အရမ်းလိုချင်ဇောနဲ့ ပြောမိသွားတယ်"

"ဆရာတန်ကြီး ပေးလိုက်တဲ့ ဆေးမှတ်တမ်းစာအုပ် ဘယ်မှာ ထားမိမှန်းမသိလို့ မင်းကို လာမေးတာ ရာဇ"

"ရတယ်၊ ကျွန်တော် ရှာပေးမယ်"

ရာဇ သူမနားက ထွက်သွားမှ ဘုရင်မ သက်ပြင်းချလိုက်သည်။ လက်မထပ်ခင်က သူမ တောင်းဆိုထားသည့် ကတိတွေကို ဘာတစ်ခုမှ မချိုးဖောက်သေး။ တစ်မိုးအောက်မှာ အတူနေပေမယ့် တစ်ယောက်တစ်နေရာစီ နေရတာကိုလည်း ဘာတစ်ခုမှ စောဒက မတက်။



www.burmeseclassic.com

www.burmeseclassic.com



သူမ ဘာပြောပြော အပြုံးမပျက်နေနိုင်သူအဖြစ် ဘုရင်မ ဘာလုပ်လုပ်၊ ဘာပြောပြော ချစ်မြတ်နိုးသော မျက်ဝန်းလဲ့လဲ့များဖြင့် ရွှန်းရွှန်းစက်စက် စိုက်ငေးကြည့်တတ်သော အကြည့်တွေ မမြင်ဟန်ဆောင်နေခဲ့သည်။

"မင်း ရောဂါကရော ရာဇ"

"ကျွန်တော့်မှာ ဘာရောဂါမှ မရှိ ..."

သူမ ဘယ်အချိန်မေးမေး ရာဇအဖြေ(...)ဒါ့ထက်မပို၍ ဘုရင်မလည်း ရာဇကို နောက်ထပ်မမေးတော့။ လောလောဆယ်မှာ ရာဇရောဂါထက် သူမဝေဒနာက ပိုပြင်းထန်သည့်အနေအထားဖြင့် ရာဇက သူ့အတွက် ဘုရင်မ မစိုးရိမ်ရအောင် စိတ်မဆင်းရဲရအောင် ဖြေသည့်အဖြေတစ်မျိုးအဖြစ် သူမဘာသာ နားလည်ထားသည်။

ပြတင်းပေါက်မှာ ရပ်ပြီး မျက်စိတည့်ရာကို ကြည့်သည်။ ပြီးတော့ လူ့လောကကြီးထဲက မကြာခင် ထွက်ခွာကျောခိုင်းသွားရမည့် လူတစ်ယောက်အဖြစ် သူမကို သူမတွေးကြည့်တော့ ဘုရင်မကို သိပ်ချစ်၊ သိပ်မြတ်နိုးနေသည့် ရာဇ မျက်နှာက သူမ မတွေးဘဲ ခေါင်းထဲ အလိုလို ရောက်လာတော့ ရင်မောသွားသည်။

ဟိုတုန်းက သူမမှာ ဘာအနှောင်အဖွဲ့မှ မရှိ။ အခုတော့ ရာဇဆိုသည့် ကြိုးတစ်ချောင်းက ဘုရင်မကို ခိုင်ခိုင်မာမာ တုပ်နှောင်ထား၍ လွတ်လပ်မှုတွေ ပျောက်ဆုံးသွားသလို ထင်မိသည်။ လက်ထပ်ပြီးနောက်မှာ ရာဇက ဘုရင်မ အိမ်ပေါ်ရောက်လာသည်။ ဒါကလည်း ဘုရင်မတို့တွင် ယောက္ခမလက်ဖွဲ့ထားသည့် တိုက်မှာ သူမ သွားမနေနိုင်၍ ဖြစ်သည်။





လက်ရှိနေသည့် ရာဇအိမ်ကိုလည်း မသွား။ သူမ အိမ်ကလွဲပြီး တခြားဘယ်မှာမှ မနေချင်ပါဆိုသည့် ဘုရင်မဆန္ဒကို လိုက်လျောခြင်းဖြစ်သည်။ ဘာတစ်ခုမှ သူမကို အပြစ်မပြော။

"ကွင်း စိတ်ချမ်းသာရင် ပြီးတာပဲ၊ ကျွန်တော်က ဘယ်မှာနေရနေရပါ... ကျွန်တော့်နားမှာ ကွင်းရှိရင် ရပြီ"

ရာဇကုမ္ပဏီနှင့် သူမကုမ္ပဏီလုပ်ငန်း နှစ်ခုစလုံး ဦးကြီးဒေဝတာဝန်ယူသည့်အတွက် ဦးနေဇနှင့် ရာဇ အစီအစဉ်အတိုင်း စင်္ကာပူမှာ ဆေးသွားကုရမယ်။ အချိန်အကာန့်အသတ် မရှိ။ ဟိုမှာ ဦးနေဇပိုင်အိမ်ရှိ၍ ဘာတစ်ခုမှ ပူစရာမရှိ။ ဘုရင်မအလုပ်ကို မကြာခဏ ပြန်လာပြီး စီစဉ်တကျ ဆက်လုပ်သွားရုံအပြင် မရှိ။ အားလုံးအဆင်ပြေအောင် စနစ်တကျ စီမံမှုတွေကို ခန့်ခွဲသူက ရာဇ။

"အလုပ်အတွက် စိတ်အေးအေးထားပါ၊ ကျွန်တော်အားလုံးစီစဉ်ထားပြီးပြီ ကွင်း နေကောင်းပဲ ကြိုးစား"

သူမနှင့် အပြိုင် ကုမ္ပဏီပိုင်ရှင်အဖြစ် သူမလုပ်ငန်းတွေကို ဝင်ရောက်သိမ်းပိုက် နှောင့်ယှက်သူ ကင်းပါဝါပိုင်ရှင် သူဌေးက တခြားသူ မဟုတ်။ ရာဇဆိုတာ လက်ထပ်သည့်နေ့ကြမှ သိရသည့်အတွက် ထူးပြီး မအံ့ဩမိတော့။ ရာဇဆိုတာ သူမ ခင်ပွန်းဖြစ်နေသည် မဟုတ်လား။

ရာဇ။

မင်း ကိုယ့်ကို ဘယ်လောက်အထိ အခုလို ချစ်နေမှာလဲဆိုတာ ကိုယ်သိချင်တယ်"

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"ဟိတ် ရာဇ"

"ဩော် ကေရီ"

မမျှော်လင့်ဘဲ ကေရီနှင့် ဆုံလိုက်ရ၍ ရာဇ အလိုက်သင့် နှုတ်ဆက်လိုက်သည်။ သူတို့ မင်္ဂလာပွဲကို ကေရီအား ဖိတ်ကြားသော်လည်း ကေရီ ရောက်လာခြင်း မရှိပါ။ ထို့အတွက် ကေရီဘက်က ဘာအကြောင်းပြချက်မှ မပေးသလို ရာဇကလည်း မမေးဖြစ်။ အချိန်တော်တော်ကြာကြာ ကေရီ ပျောက်နေခဲ့ပြီး အခုလို မထင်မှတ်ဘဲ ပြန်ဆုံကြခြင်းဖြစ်သည်။

လောကကြီးကို စိန်ခေါ်သလို ထိမထင် ကြည့်တတ်ပြီးတတ်သော ကေရီပုံစံက အရင်ကအတိုင်း ဘာတစ်ခုမှ မပြောင်းလဲသလို ယောကျ်ားပီသစွာ ခန့်ညားချောမောသော ရာဇ အသွင်ကလည်း ဘာတစ်ခုမှ မပြောင်းလဲ။





"ဘာလို့လဲ ရာဇ… ယူ တစ်ယောက်တည်းလား… ယူ့အမျိုးသမီး မပါဘူးလား"

"သူ နေမကောင်းလို့"

လိုရင်းကို ခပ်တိုတိုပြောလိုက်တော့ ကေရီက ချိုလွင်စွာ ရယ်သည်။

"ဘာလဲ နောက်ထပ်မကြာခင် မင်းမင်္ဂလာသတင်း ထပ်ကြော်ငြာတော့မလို့လား"

ကေရီ ဘာကိုရည်ရွယ်ပြောမှန်းသိ၍ ရာဇ ပြုံးလိုက်သည်။

"အင်း… ဖြစ်နိုင်ရင် ကေရီပြောသလို ကိုယ့်မှာ သားသားမီးမီးတွေ ရတော့မယ်ဆိုတဲ့အကြောင်း ကြော်ငြာချင်ပေမယ့် အခုတော့ မကြော်ငြာနိုင်သေးဘူး ဖြစ်နေတယ်"

ကိုယ့်အကြောင်း ကိုယ်သာ အသိဆုံးမို့ ကေရီအမေးကို ပြောရင်း မျက်ဝန်းထဲမှာတော့ ကွင်းမျက်နှာလှလှလေးကိုသာ ပြေးမြင်နေသည်။ တရားဝင် လက်ထပ်ထားသော ချစ်သူဇနီးမယားဖြစ်သော်လည်း အခုချိန်ထိ ဘုရင်မအလိုကျ အတူနေခွင့်မရသဖြင့် သူ့အဖြစ်ကို ဘယ်သူ့မှ ရင်မဖွင့်နိုင်တာကို သဘောကျစွာ ချစ်စနိုး ပြုံးမိခြင်းပါ။

"ကိုယ်ကို မင်း တကယ်ချစ်တာဆိုရင် ကိုယ်ဖြစ်ချင်တာကို ဖြစ်ခွင့်ပေးရမယ်။ ဒီလိုမှမဟုတ်ဘဲ ကိုယ့်သဘောနဲ့ကိုယ် မင်းက ကိုယ့်ကို သိမ်းပိုက်ရင် မင်းလိုချင်တာ ကိုယ့်အချစ်မဟုတ်ဘူး၊ ကိုယ့်ခန္ဓာကိုယ်လို့ သတ်မှတ်လိုက်ရုံပဲ"

ကွင်းရယ်။

"အမယ်လေး… ကေရီပြောနေတာ မကြားဘဲ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တည်း ဘာတွေ သဘောကျပြီး ပြုံးနေတာလဲ''

''အိမ်က မိန်းမကို သတိရသွားလို့''

''ဟွန်း... တော်တော်ကို အဖြစ်သည်းနေ''

ကေရီနှုတ်ဖျားက မကျေမနပ် ရေရွတ်သံအဆုံးမှာ ရာဇ အသံ ထွက်၍ ရယ်လိုက်သည်။

''ကေရီကိုယ်တိုင် တကယ်ချစ်တဲ့သူနဲ့ မတွေ့သေးလို့ပါ၊ ကေရီ ချစ်တဲ့သူတွေ့ရင် ကိုယ့်ကို ကေရီ နားလည်လာလိမ့်မယ်''

''ကေရီမှာ နှလုံးသားနဲ့ ရင်းပြီး ချစ်ရမယ့် ချစ်သူရှိသားပဲ''

''တကယ်လား''

''တကယ်ပေါ့၊ ဒါညာရမယ့် ကိစ္စလား''

''ကေရီချစ်သူကို ကေရီသိပ်ချစ်လား''

''ချစ်တယ်''

ထိုစကားကို ကေရီက ရာဇ မျက်နှာကို စိုက်ကြည့်ရင်း ခပ်ပြုံးပြုံး ဖြေသည့်အတွက် အချစ်ဆိုတာ ဘယ်လိုအရာလဲဆိုတာ ကေရီ သိသွားပြီ၊ နားလည်သွားပြီဆိုသည့် အတွေးဖြင့် ရာဇက ခေါင်းကို ဆတ်ခနဲ ညိတ်သည်။

''အချစ်ဆိုတာ ကေရီ နားလည်သွားပြီပေါ့''

''ကေရီလည်း နှလုံးသားနဲ့လူပဲ ရာဇရယ်... လူတစ်ယောက်လို ချစ်တတ်၊ ခံစားတတ်ပါတယ်''

''အရင်တုန်းက ကေရီနဲ့ မတူတော့တာတော့ အမှန်ပဲ''

ရာဇထံမှ မှတ်ချက်ချသံအဆုံးမှာ ကေရီက ခပ်တိုးတိုး ရယ်သည်။





''ကေရီပုံစံက ရာဇ သတိထားမိလောက်အောင် အတော် ပြောင်းလဲသွားပြီလား''

''ဆိုပါတော့''

သူ ခေါင်းညိတ်လိုက်တော့ ကေရီက သူမျက်နှာကို တစ်ချက် ကြည့်ပြီး ချက်ချင်း အကြည့်လွှဲသွားသည်။

''ကေရီ ဒီကို ရောက်နေတာ ကြာပြီလား''

''ရာဇ မင်္ဂလာမဆောင်ခင်ကတည်းက ရောက်နေတာ''

''ဒါကြောင့် ကိုယ်တို့ မင်္ဂလာပွဲအတွက် လက်ဖွဲ့မပို့နိုင်တာကိုး''

''ရာဇ မင်္ဂလာပွဲအတွက် ကေရီ လက်ဖွဲ့က ပေးပြီးပါပြီ''

တိုးသက်သော ကေရီအသံက ခံစားချက်တစ်မျိုးဖြင့် တုန်ယင် သွားတာကို ရာဇ မသိအောင် ရယ်မောခြင်းဖြင့် ဖုံးအုပ်လိုက်သည်။

''ဘယ်တုန်းက ပေးတာလဲ ကေရီ၊ ကိုယ်လည်း မရပါလား''

''ရာဇ ရပြီးတာ ရာဇ ကိုယ်တိုင်မသိလို့ပါ''

''ကေရီဆိုလိုတာက...''

''ကေရီ နှလုံးသားကို ရာဇအတွက် လက်ဖွဲ့အဖြစ် ပေးပြီးပြီလို့ ပြောတာ''

''ကေရီ''

မယုံကြည်နိုင်သော မျက်ဝန်းအစုံဖြင့် ကေရီ မျက်နှာကို အလန့် တကြား ကြည့်လိုက်တော့ မျက်ရည်တွေ ပြည့်အိုင်သီဝဲနေသည့် မျက်ဝန်းအစုံဖြင့် ရာဇ မျက်နှာကို တုံ့ပြန်ကြည့်နေသော ကေရီ နှုတ်ခမ်း အပေါ် အပြုံးတစ်ခုကို စိတ်မချမ်းသာစရာ မြင်လိုက်ရသည်။

''သိပ် အံ့သြသွားလား ရာဇ''



www.burmeseclassic.com

www.burmeseclassic.com



ကေရီ့ အမေးကို ရာဇ မဖြေနိုင်။ ကေရီကိုသာ တစ်ခါမှ မမြင်ဖူးသလို ငေးကြည့်နေခိုက်မှာ ကေရီပါးပြင်ပေါ် စီးကျလာသည့် မျက်ရည်တွေကြောင့် ရာဇ နှုတ်ဆွံ့အသွားသည်။

"ကေရီကိုယ် ကေရီလည်း မယုံနိုင်ခဲ့ဘူး၊ ကေရီလို မိန်းကလေး တစ်ယောက်ဟာ ကေရီအချစ်ဆိုတဲ့ အရာကို ဘယ်တုန်းကမှ မယုံ အကြည် ရှိခဲ့တာ မဟုတ်တော့ ပိုဆိုးတယ်"

"ဒါပေမယ့် ကေရီ ယူ့ကို တကယ်ချစ်မိပြီလို့ သိလိုက်ရချိန်မှာ ကေရီ အသည်းကွဲရတော့မယ်ဆိုတာ သိလိုက်တယ်၊ ယူက ကေရီ့ကို ချစ်ဖို့မပြောနဲ့ စိတ်တောင် မဝင်စားဘူးလေ"

"ယူ ချစ်တာ ဘုရင်မပဲ"

"ယူ ချစ်တဲ့သူကို ယူ ရအောင် ယူနိုင်ပေမယ့် ကေရီကတော့ ကေရီချစ်သူကို ရအောင် မယူနိုင်ခဲ့တာ ဘယ်လောက်ဝမ်းနည်းဖို့ ကောင်းလဲ"

"ကေရီ"

ကေရီအမည်ကို ရာဇ အလန့်တကြား ခေါ်လိုက်တော့ ကေရီက သူ့မျက်နှာကို မျက်ရည်တွေကြားက လှမ်းကြည့်သည်။

"သိပ်လည်း မစိုးရိမ်ပါနဲ့ ရာဇ၊ ယူ့ဆီက ကေရီ ဘာတစ်ခုမှ မျှော်လင့်မထားဘူး၊ ကေရီ့ ရင်ထဲက ခံစားချက်ကို ရင်ဖွင့်ရုံ သက်သက်ပါ"

"ကိုယ် ကေရီကို ဘာပြောရမှန်း မသိဘူး"

"ယူ ဘာမှ ပြောဖို့မလိုပါဘူး။ ကေရီလည်း မကြာခင် လက်ထပ်တော့မှာပါ… အဲဒီအခါကျရင် ယူ့ဆီကို ဖိတ်စာပို့လိုက်မယ်…"





"ကေရီ သွားပြီ"

နားလည်ရခက်သော ကေရီ့နောက်ကျောပြင်ကို ငေးကြည့်ရင်း နေရာမှာရပ်လျက် ရာဇ ကျန်ခဲ့သည်အခိုက်မှာ ရာဇ နောက်က အသံတစ်သံ ပေါ်လာ၏။

"စိတ်မကောင်းဖြစ်နေလား"

"ကွင်း"

"ရာဇ ချစ်သူလား"

ဘုရင်မက ရာဇကို မကြည့်ဘဲ ကေရီ ထွက်သွားတာကို လိုက်ငေးရင်း တိုးတိတ်စွာ မေးခြင်းဖြစ်သည်။ သူမ မျက်နှာမှာ ဘာခံစားချက်မှ မရှိတာကို ရာဇ စိုက်ကြည့်နေမိသည်။ ဘာဖြစ်လို့ သူမ နှလုံးသားက ဒီလောက်အထိ မာကျောအေးစက်နေရတာလဲ။ ရာဇအပေါ်မှာ တကယ် ဘာခံစားချက်မှ မရှိတာ သေချာနေပြီလား။

"ဟုတ်တယ်ဆိုရင် ကွင်း သဝန်တိုမှာလား"

"သဝန်တိုတယ်၊ မနာလိုတယ်ဆိုတာ ချစ်သူတွေရဲ့အလုပ်ပါ။ ရာဇက ကိုယ့်ချစ်သူမှ မဟုတ်တဲ့ သဝန်တိုစရာအကြောင်း မရှိပါဘူး"

ရာဇကို သူမ မချစ်ကြောင်း ခံစားချက်မဲ့ ပြောလိုက်ပုံက သက်တောင့်သက်သာ။ ရာဇဆိုတာ သူမနဲ့ တရားဝင်လက်ထပ်ထားတဲ့ ခင်ပွန်းသည်တစ်ယောက် မဟုတ်သလို ပုံစံနဲ့။ အခုချိန်ထိ ရာဇ မေတ္တာကို လက်ခံအသိအမှတ်ပြုမထားတာ တွေးပြီး ရာဇရင်ထဲ ကျင်ခနဲ ဖြစ်သွားသည်။

"ကွင်း ကျွန်တော့်ကို တကယ်မချစ်တာ သေချာလား"

"အခုချိန်ထိတော့ ကိုယ့်ရင်ထဲမှာ မင်းနဲ့ ပတ်သက်ပြီး ဘာတစ်ခုမှ



www.burmeseclassic.com

www.burmeseclassic.com



မရှိသေးတာတော့ သေချာတယ်”

“ကောင်းပြီ။ ကွင်း ခံစားလို့ရတဲ့ အချိန်ကြမှ ကျွန်တော်တို့ စကားဆက်ပြောကြတာပေါ့ ဟုတ်လား”

“ကိစ္စလေးတစ်ခု ချိန်းထားတာရှိလို့ ကျွန်တော် သွားလိုက်ဦးမယ်”

ဒီတစ်ခါ ကျောခိုင်းသွားရသူက ရာဇ။ ရင်ထဲမှာ နာနေသည်။ အသည်းထဲမှာ နာနေသည်။ ရာဇအပေါ် တစ်ဖက်သတ် ချစ်ခဲ့၊ မေတ္တာရှိခဲ့သော ဧကရီကို ပထမဆုံး ကိုယ်ချင်းစာစိတ်နှင့် သနားမိသည်။ ဧကရီကို အပြစ်တင်လိုစိတ် မရှိ။ ရာဇကိုယ်တိုင် ဧကရီလို့ ဘဝမျိုးထဲက အခုချိန်ထိ မရုန်းထွက်နိုင်ဘဲ တဝဲဝဲလည်လည် ဖြစ်နေခြင်းကို ဧကရီသိအောင် ပြောပြချင်ပေမယ့် ကိုယ့်အဖြစ်ကို လူသိမခံဝံ့၍ အသာငြိမ်နေရသည်။

မင်းကို တစ်ခုမှ မကူညီနိုင်တဲ့ ကိုယ့်ကို ခွင့်လွှတ်ပါ ဧကရီ။

ကိုယ့်အပေါ်မှာ ဘာတစ်ခုမှ တုံ့ပြန်အသိအမှတ် မပြုနိုင်တဲ့ လူတစ်ယောက်ကို တစ်ဖက်သတ် ချစ်မိတာ အဲဒီလူအတွက် အကြီးမားဆုံး မိုက်မဲမှုဆိုတာ ကိုယ်သိသလို ဧကရီလည်း သိမှာပါ။

စက်ဘူရောက်သည့်သုံးလအတွင်း ဘုရင်မ ရောဂါက သိသာစွာ သက်သာပျောက်ကင်းလာသည်။ ရောဂါဖြစ်စမို့လည်း ထိရောက်သည့် ဆေးကုသမှုကို ရရှိခြင်းဖြစ်သည့်အတွက် အားတက်ဝမ်းသာရသည်။ ဦးနေဇကိုယ်တိုင် ချွေးမဖြစ်သူကို အရိပ်တကြည့်ကြည့် ကြည့်၏။

“အမြန်ဆုံး ကျန်းမာမှ ဒယ်ဒီအတွက် မြေးတွေ အများကြီး မွေးပေးနိုင်မှာကွ၊ မင်းမိန်းမကို သေချာဂရုစိုက် ရာဇ”





ဒယ်ဒီရှေ့မှာ ရာဇ ခေါင်းညိတ်ပြီး အလိုက်သင့် ရယ်မောနေပေမယ့် စိတ်ထဲမှ ဘော့ ရာဇဆိုတဲ့ ဒီသားက ဒယ်ဒီထင်သလို မဟုတ်ဘူး၊ ထီပေါက်ဖြုံး ထီလက်မှတ်ပျောက်နေသူပါဆိုရင် ညံ့လိုက်တဲ့ သားလို့ ရာဇကို အပြစ်တင်မည်လား။

ရာဇကတော့ သူ့ကိုယ်သူ လူညံ့ဟု မထင်ပါ။ သိပ်ချစ်လွန်းလို့ ကိုယ်ချစ်သူကို အနိုင်မယူရက်၍ တာမင်အရှုံးပေးထားခြင်းဟုသာ ယုံကြည်ပါသည်။ ဘုရင်မကို သိမ်းပိုက်ချင်လျှင် အလွယ်လေးဖြစ်သည်။ သို့သော် သူမ စိတ်ဆန္ဒမပါဘဲ ဘုရင်မကို ရယူသိမ်းပိုက်ချင်စိတ်မရှိ။

ဧကရီကိစ္စဖြစ်ပြီး နောက်မှာ ဘုရင်မနှင့် ရာဇဆက်ဆံရေးက တစ်မျိုးပြောင်းလဲသွား၍ အရင်ကလို ဘုရင်မကို ဂရုစိုက်သည်။ ယုယကြင်နာသည်ဆိုပေမယ့် ဘုရင်မနားမှာ အချိန်ပြည့်မနေတော့။ လုပ်စရာရှိတာ လုပ်ပေးပြီး တစ်နေကုန် ပျောက်သွားတတ်၍ ရာဇ မျက်နှာကို အရင်လို မမြင်မတွေ့ရကော့။

အစတုန်းက ထိုအနေအထားကို ဘုရင်မကိုယ်တိုင် သဘောကျသည်။ နှစ်ခြိုက်သည်။ တစ်ချိန်လုံး ဘုရင်မနောက်ကို အရိပ်လို လိုက်ပါနေသည့် အရိပ်လေးပျောက်သွား၍ လွတ်လပ်ပေါ့ပါးစွာ ကိုယ်နေချင်သလို နေခွင့်ရပြီဟု ထင်ခဲ့ပေမယ့် လက်တွေ့မှာ သူမ ထင်သလို ဖြစ်မလာတာ အတော်ထူးဆန်းသည်။

ရာဇက သူ့ဘာသာ အပြင်သွားပေမယ့် သူဘယ်သွားမည်၊ ဘာလုပ်မည်ဟု မပြော။ ဘုရင်မကလည်း မမေး။ အစကတည်းက စိတ်မဝင်စား၍ ရာဇက အပြင်ကို ဘာကိစ္စနှင့် သွားမည်၊ ဘယ်သူ့နဲ့ တွေ့မည် ပြောတုန်းကပင် ဘုရင်မ လက်မခံခဲ့။



www.burmeseclassic.com

"မင်းဘာသာ လွတ်လွတ်လပ်လပ် နေပါ။ မင်းဘာလုပ်တယ်၊ ဘယ်သွားတယ်ဆိုတာ ကိုယ့်ကို ပြောစရာမလိုပါဘူး၊ ကိုယ်လည်း မမေးဘူး"

သူမဘက်က ပြတ်သားစွာ ပြောခဲ့တုန်းက ရာဇ မျက်နှာပျက်သွားလား၊ ဘယ်လိုပုံစံ ဖြစ်သွားလဲဆိုတာ ဘုရင်မဘက်က စိတ်မဝင်စားခဲ့။ ကိုယ်လုပ်စရာရှိတာတွေ လုပ်ရင်း ရာဇ မျက်နှာကို မကြည့်ဘဲ ပြောခဲ့သည်။ ဘယ်လိုမှ မခံစားခဲ့။ အခု ရာဇက ဘုရင်မနားမှာ မရှိတော့ ဘုရင်မရင်ထဲ တစ်မျိုးဖြစ်လာသည်။ တစ်ရက် နှစ်ရက် ပျောက်သွားတုန်းက သူ ဘယ်သွားနေလဲ သိချင်လာသည်။

ဘုရင်မ မသိအောင် အပြင်မှာ သူ့ချစ်သူနဲ့များ ချိန်းတွေ့နေလေသလားဟု တစ်ခါမှ မတွေးဖူးသည့် အတွေးတွေပါ တွေးမိလာတော့ ကိုယ့်ကိုကိုယ် ဒေါသဖြစ်လာသည်။

သူ့ဘာသာ ဘယ်သူနဲ့ သွားတွေ့တွေ့ သူမနဲ့ ဘာဆိုင်လို့လဲ။ တကယ်ဆို ရာဇဆိုတာ ဘုရင်မနဲ့ တရားဝင်လက်ထပ်ထားတာက လွဲပြီး အခုချိန်ထိ ဘာပတ်သက်မှုမှ မရှိ။ ဒါကလည်း ဘုရင်မရဲ့ အတ္တနဲ့ မာန်မာနတွေကြောင့် ရာဇကို ပညာရှိနည်းနဲ့ နှိပ်စက်သလို ဖြစ်ခဲ့တာကို နောင်တမရ။

တကယ်ချစ်ရင် တကယ် အလိုလိုက်ရမည်။ ကိုယ့်ချစ်သူ စိတ်ချမ်းသာအောင် ထားနိုင်ရမည်ဆိုတာ ဘုရင်မ အတွေးဖြစ်သည်။

"ကွင်းကို ချစ်လို့ ပိုင်ဆိုင်ခွင့်ရအောင် ကြိုးစားခဲ့တာ၊ ကွင်း မချစ်ဘဲနဲ့ ကွင်းလက်မခံဘဲနဲ့ ကွင်းခန္ဓာကိုယ်ကို ကျူးကျော်သဘောနဲ့ ကျူးကျော် ဘယ်တော့မှ မသိမ်းပိုက်ဘူးဆိုတာ ယုံ"





ပြောသည့်အတိုင်းလည်း ကတိတည်ခဲ့သည်။ ရာဇက ကွင်းထံမှ စည်းကမ်းချက်တွေ တားမြစ်ကန့်ကွက်ချက်တွေ နားထောင်အပြီးမှာ ရာဇဘက်ကလည်း အာမခံရဲစွာ လက်တုံ့ပြန်ခဲ့တာ ယောကျ်ားတစ်ယောက်ရဲ့ မာန။ ယောကျ်ားတစ်ယောက်ရဲ့ အတ္တလား။ ဘုရင်မကို ချစ်သည့်စိတ်နှင့် သူမရှေ့မှာ ဒူးထောက်အရှုံးပေးခဲ့ပေမယ့် ရာဇဆိုတာ ဘယ်လိုမိန်းမကိုမှ ဂရုမစိုက်တတ်သည့် မာနအလွန်ကြီးသော ယောကျ်ားတစ်ယောက်အဖြစ် နားလည်ပြီး ထင်ရှားသူဆိုတာ ဘုရင်မ မမေ့။

လက်ထပ်ထားသည်ဆိုတာပဲ ရှိသည်။ ဘာမှ မပတ်သက်သလို သူစိမ်းဆန်ဆန် နေခဲ့ကြ၍ ရာဇဘက်က ဂရုစိုက်၊ ကြင်နာမှုတွေ တစ်နေ့တခြား လျော့ပါး ပျောက်ဆုံးလာချိန်မှာ ဘုရင်မဘက်က ဘာမှ မဖြစ်သလို ဆက်မနေနိုင်ဖြစ်လာသည်။

သူမအတွက် လိုအပ်တာ ဘာတစ်ခုမှ မရှိအောင် ပြင်ဆင်ဖြည့်ဆည်းပေးခဲ့တာ မှန်ပေမယ့် မနက်လင်းကတည်းက အပြင်ထွက်ပြီး မိုးစုန်းစုန်းချုပ်မှ အိမ်ပြန်လာ။ အိမ်ရောက်တာနှင့် ဘုရင်မကို စကားနည်းနည်းပါးပါး ပြောပြီး အိပ်ခန်းတံခါးပိတ် တိတ်ဆိတ်သွားသည့် နေ့ညတွေ များလာတော့ သူတို့အခြေအနေကို ဒီအတိုင်း ဆက်မကြည့်နိုင်တော့။

ရာဇ အိမ်အပြန်ကို ညဉ့်နက်သည်အထိ စောင့်နေလိုက်သည်။ ထုံးစံအတိုင်း ရာဇက သူ့သော့နှင့် သူဖွင့်ပြီး ညဉ့်နက်မှ ပြန်လာသည်။

ဧည့်ခန်းမှာ ထိုင်နေသည့် ဘုရင်မကို တွေ့လိုက်တော့ အံ့ဩဟန် မပြ။ မထူးဆန်းသလို တစ်ချက် လှမ်းကြည့်ပြီး နှုတ်ဆက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မအိပ်သေးဘူးလား ကွင်း"

"မင်းကို စောင့်နေတာ"

ရာဇက ဘုရင်မကို မကြည့်။ အိမ်ထဲ လှမ်းဝင်ပြီး ရေပုလင်း ယူလာကာ သူမနား လာထိုင်သည်။

"ဘာပြောစရာရှိလို့လဲ။ နေမကောင်းလို့လား"

ပြောရင်း ရေကို မော့သောက်လိုက် ဘုရင်မ စကားကို စိတ်မဝင်စားသလို၊ အရေးမစိုက်သလို လုပ်နေတာကြည့်ပြီး ဒေါသဖြစ်လာသည်။

"အခု မင်း ဘယ်ကပြန်လာတာလဲ"

"သူငယ်ချင်းတစ်ယောက်ဆီကပါ၊ ဘာဖြစ်လို့လဲ"

ဘယ်တုန်းကမှ သူ့အကြောင်း စိတ်ဝင်စားခြင်းမရှိသူထံက အမေး စကားက ရာဇကို အထူးအဆန်း ဖြစ်သွားစေဟန်ဖြင့် ဘုရင်မမျက်နှာကို နားမလည်သလို ကြည့်သည်။ သူ့အကြည့်ကို ဘုရင်မက ရှောင်လွှဲခြင်းမပြုဘဲ ရာဇမျက်လုံးတွေ သူမ မျက်ဝန်းအစုံဖြင့် စူးစူးနက်နက် ပြန်စိုက်ကြည့်သည်။

"မင်း သူငယ်ချင်းဆိုတာ ဟိုနေ့က တစ်ယောက်မဟုတ်လား"

"ဘယ်နေ့က တစ်ယောက်လဲ"

"မင်း ရည်းစားဟောင်းကို ပြောတာ"

"သြော်… ကေရီကို ပြောတာလား"

ရာဇအသံက အေးစက်စက်။

ဘုရင်မ စွဲချက်အပေါ် သူ့တုံ့ပြန်ပုံက ခံစားချက်မဲ့ အကြည့် တစ်မျိုးဖြင့် ဘုရင်မ မျက်နှာကို ကြည့်သည်။





"ဟုတ်တယ်၊ ကျွန်တော် သူနဲ့တွေ့ပြီး ပြန်လာတာ"

"ဘာ…"

"ကွင်းကို ကြည့်ရတာ တစ်ခုခု ဖြစ်နေသလိုပဲ၊ ဘာဖြစ်လို့လဲ နေမကောင်းလို့လား"

ဒေါသစိတ်ကို ကျိတ်ပြီး မျိုချလိုက်သည်။ ဘာဖြစ်လို့ ရာဇ ရှေ့မှာ သူမလို မိန်းမတစ်ယောက်က တုန်လှုပ်ပေါက်ကွဲ ပြရမှာလဲ။

"မင်းဟာ အိမ်ထောင်သည် ယောကျ်ားတစ်ယောက် ရာဇ"

"ကျွန်တော်က ဘာပြောနေလို့လဲ"

"အဓိပ္ပာယ်မရှိတဲ့ အလုပ်တွေ မင်းလုပ်နေလို့၊ ကိုယ် သတိ ပေးတာ"

"အဓိပ္ပာယ်မရှိတဲ့ အလုပ်ဟုတ်လား"

ဒီတစ်ခါတော့ ဘုရင်မမျက်နှာကို ရာဇ သေသေချာချာ စူးစိုက် ကြည့်ဖြစ်လိုက်သည်။ သူ့ကို တုံ့ပြန်စူးစိုက်ကြည့်နေသည့် ဘုရင်မ အသွင်သဏ္ဍာန် အပေါ်ယံလွှာက အေးစက်တည်ငြိမ်ဟန် ဆောင်နေပေ မယ့် သူ့ရင်ထဲ အသည်းထဲမှာ လိုက်မမီနိုင်သည့် ပေါက်ကွဲမှုတွေ ဖြစ်နေတာ ရာဇ မသိဘူးထင်လို့လား။

ဒီလိုအခြေအနေ ရောက်အောင် ကိုယ်တိုင်ဖန်တီးရေးဆွဲခဲ့တဲ့ မန်းချိုကားက အခုတော့ အသက်ဝင် ပီပြင်လာပြီး ထင်ရှားပြတ်သား လာပြီဟု သိလိုက်သည်။

"မင်း လုပ်ရပ်တွေကို ရပ်တန့်က ရပ်ပါ၊ ဒီလိုမှ မဟုတ်ရင် မင်းကိုယ့်ကို ကွာရှင်းပေး"

"ကေရီနဲ့ ကျွန်တော်တွေ့တာ ရိုးရိုးသားသားပါ"



www.burmeseclassic.com

www.burmeseclassic.com



"အို… မင်းတို့ချင်း ဘာဖြစ်ဖြစ် ကိုယ်စိတ်မဝင်စားဘူး၊ ကိုယ်စိတ်ဝင်စားတာ ကိုယ့် ဂုဏ်သိက္ခာ၊ ကိုယ့် အရှက်၊ ကိုယ့် မာနပဲ"

"ကွင်း ပြောသလိုဆို ကျွန်တော်က ဂုဏ်သိက္ခာမဲ့ အရှက်မာနမဲ့ဖြစ်နေပြီ"

"ဒါတော့ မင်းကိုယ်မင်း သိမှာပါ"

"ကျွန်တော်သိတာ ကွင်းကို ချစ်ပေးမှာဆိုတာပဲ"

"မင်းပြောတိုင်း ယုံမယ့်သူထဲမှာ ကိုယ်မပါဘူး ရာဇ"

"ကေရီကို ပြောတာလား"

"မင်း ကြိုက်သလို ထင်နိုင်တယ်"

ရာဇအသံက မထိတထိ။

ညဝတ်အင်္ကျီ အဖြူရောင်လေးနဲ့ သိပ်လှနေသည့် ဘုရင်မမျက်နှာကို စိုက်ကြည့်ရင်း သူ ရင်တွေ အခုန်မြန်လာသည်။

"ကျွန်တော် ကြိုက်သလို ထင်ရမယ်ဆိုရင် အခု ကွင်းကျွန်တော့်ကို သဝန်တိုနေတယ်"

"မင်း မဟုတ်တာ မပြောနဲ့နော်"

"ဟုတ်တာတွေပဲ ပြောမှာပါ၊ ကွင်း ကျွန်တော့်ကို ချစ်နေပြီ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်အိပ်ရာပေါ်က ကေရီ့ဓာတ်ပုံကို ကွင်းယူသွားလို့"

တိုးတိတ်သော ရာဇ စကားသံအဆုံးမှာ ဘုရင်မမျက်နှာ ယန်းသီးတစ်လုံးလို နီရဲသွားတာ သူ့ရှေ့က ထွက်ပြေးချင်သွားသည်။

"ကိုယ်မယူဘူး၊ မင်း အခန်းကို ဝင်ရှင်းပေးရင်း တစ်နေရာမှာ ထားလိုက်တာ"





"ကျွန်တော့်အခန်းကို ဝင်ရှင်းပေးတာ၊ ဟုတ်လား"

သွားပြီ။

ဘုရင်မ စကားမှားသွားပြီဟု သိလိုက်ပေမယ့် သူမစကားကို ပြန်ပြင်ဆင်ရန် အချိန်မရတော့။ ဘယ်တုန်းကမှ ရာဇအပေါ် စိတ်မဝင်စား။ အရေးမလုပ်ခဲ့တဲ့ သူမက ဘာလို့ ရာဇအခန်းကို ဝင်ရှင်းပေးရမှာလဲ။

ရာဇအခန်းဘက်ကို ယောင်လို့တောင် ခြေဦးမလှည့်တတ်တာ သူမ သိသလို ရာဇလည်း သိနေပြီးသားဆိုတော့ သူမစကားထဲမှာ ရာဇအခန်းထဲ ဘုရင်မ ဝင်သွားမိတာ အဖြေက ပါပြီးသား ဖြစ်နေတာကိုက ရှက်စရာ။

"ကွင်း"

"မင်း ကိုယ့်ရှေ့က ဖယ်နော်"

ရှက်လွန်း၍ သူ့မျက်စိရှေ့က အငွေ့ပျံ့သွားချင်ပေမယ့် မရ။ ရှန်းစက်ဝင်းလက်နေသည့် ရာဇ အပျော်မျက်လုံးတွေအောက်မှာ ရာဇအခန်းထဲဝင်ပြီး ကေရီဓာတ်ပုံကို ဝင်ယူလိုက်မိတာ အခုမှ နောင်တရနေသည်။

"ဘာဖြစ်လို့ ကိုယ့်ကိုကိုယ် လိမ်ညာဟန်ဆောင်ချင် နေရတာလဲ ကွင်းရယ်၊ ကျွန်တော် ကွင်းကို ဘယ်လောက်ထိ ချစ်တယ်ဆိုတာ သိရက်နဲ့ ကွင်းအချစ်ကို ကျွန်တော်သိသွားမှာ ဘာလို့ ကြောက်နေရတာလဲ"

"မင်းကို ကိုယ်မချစ်ဘူးနော် ရာဇ"

ရှက်ရှက်နှင့် ဇွတ်ငြင်းတော့ သူက မျက်ဝန်းလက်လက်တွေနှင့်



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာကို စိုက်ကြည့်၍ ခပ်သဲ့သဲ့ရယ်သည်။

"အခုမှ ငြင်းနေလည်း အပိုပဲ ကွင်း"

"ဇေကရီနဲ့ ပတ်သတ်ပြီး ကွင်း ကျွန်တော့်အပေါ်မှာ မနာလိုသဝန်တိုဖြစ်နေတာ၊ ကျွန်တော့်ကို ချစ်လို့ဆိုတာ မငြင်းနဲ့"

"မဟုတ်ဘူးဆို… မင်းနော်"

"ဟုတ်လိုက်ပါ အချစ်ရယ်"

"အို… လွှတ်ဆို"

ဘုရင်မ တစ်ကိုယ်လုံး ရာဇ ရင်ခွင်ထဲ သိပ်သည်းစွာ နစ်ဝင်သွားချိန်မှာ နွေးထွေးသော ချစ်အနမ်းတွေက အတားအဆီးမဲ့ ပြုဆင်းလာသည်။ သူမ ရွတ်ရုန်းပေမယ့် ရာဇက မလွှတ်။ သူမကိုယ်လေးကို ဖိချုပ်ပြီး သူ့စိတ်ကြိုက်နမ်းသည်။

"မင်း သိပ်လွန်နေပြီနော် ရာဇ"

"ထင်လို့ပါ"

"ကွင်းကို ချစ်လို့ ကွင်းပြောတဲ့အတိုင်း ကိုယ်နေခဲ့ပြီးပြီ။ အခု ကွင်းကလည်း ကိုယ့်ကို ချစ်နေပြီလို့ သိပြီးမှတော့ ကျွန်တော် လွှန်တာ အပြစ်လို့ ဆိုဦးမှာလား"

"မင်းနော့်… လွှတ်ဆို"

"အို"

တိတ်ဆိတ်ငြိမ်သက်သွားသည့် အိမ်ခန်းလေးထဲမှာ မှုတ်ခနဲငြိမ်းသွားသည့် မီးရောင်လေးကို ဘယ်သူမှ သတိမထားမိလိုက်။ တစ်ချိန်လုံး သူမကိုယ်သူမ တည်ငြိမ်အေးစက်သော နှလုံးသားပိုင်ရှင်အစစ်လို့ ယုံကြည်ထင်မှတ်ထားခဲ့ သူရဲ့ နှလုံးသားအစုံမှာ ရာဇ





ထွန်းညှိလိုက်သည့် အချစ်မီးတွေနဲ့ လှပစွာ ထွန်းလင်းတောက်ပလျက်။ နွေးထွေးစွာ သက်ဝင်လှုပ်ရှား နေမှန်းသိလိုက်ရပြီး နောက်မှာ ချစ်သူရင်ခွင်ထဲ အသာငြိမ်းဝင် ကျေနပ်ပစ်လိုက်ရသူက ဘုရင်မပါ။

နှလုံးစိတ်ဝမ်း ငြိမ်းချမ်းပါစေ။

ဆုအချူလီ



www.burmeseclassic.com